http://www.dhammadownload.com

## အလိမ္မာ စာမှာရှိသည်
## လူတော်လူကောင်းဖြစ်အောင်
## စာပေကို လေ့လာပါ – ဖတ်ပါ


၁။ အလင်္ကာရတ္ထမေဒနီ

၂။ ဆန္ဒမေဒနီကျမ်း

၃။ မအူပူ ပါရာဇိကဏ် အဋ္ဌကထာနိဿယ (ပထမတွဲ)

၄။ ။ ။ (ဒုတိယတွဲ)

၅။ ။ ။ (တတိယတွဲ)

၆။ ။ ။ (စတုတ္ထတွဲ)

၇။ ပါစိတ်အဋ္ဌကထာနိဿယ

၈။ မဟာဝါ အဋ္ဌကထာနိဿယ

၉။ နေတ္တိဟာရတ္ထဒီပနီ

၁၀။ နိယံရှစ်ကျမ်းတွဲ

၁၁။ လူမှုရေးရာပြဿနာ - နက္ခတ်ဗေဒင်ကျမ်းကြီး

၁၂။ မဟာဝေဒဗ္ဗ မန္တာန်တော်ကြီး

၁၃။ ဗုဒ္ဓယဉ်ကျေးမှု

၁၄။ တန်ခိုးထက်မြက်သော ဗုဒ္ဓ၏ ပရိတ်တော်များ၊ လက်ငင်းအကျိုး ခံစားရသော ပုဂ္ဂိုလ်ထူးများအကြောင်း ဖော်ပြထားပါသည်။


ဆရာတော် ဦးဗုဒ် မှု

# နေတ္တိဟာရတ္ထဒီပနီ

ဝိသုဒ္ဓါရုံမှု

# နေတ္တိဟာရတ္ထဒီပနီသစ်

နှင့်

သဲအင်းမှု

# ဥာဿကောက်ကျမ်း

၃–စောင်တွဲ

ဆရာလုံး
ကဝိလက္ခဏာစာအုပ်ဆိုင်
ဆိုင်နံပါတ် (၁၀) စီ-ရုံ၊ ဈေးချိုတော်
မန္တလေးမြို့။

၁၃၁၉-ခု။

http://www.dhammadownload.com

ဆရာတော် ဦးဖုဒ် မှု

# နေတ္တိပါဠိရတ္တဒီပနီ

ဝိသုဒ္ဓါရုံမှု

# နေတ္တိပါဠိရတ္တဒီပနီသစ်

နှင့်

သဲအင်းမှု

# ဉာသ်ကောက်ကျမ်း

၃–စောင်တွဲ

ဆရာလုံး
က ဝိ လ က္ခ ဏာ စာ အုပ် ဆိုင်
ဆိုင်နံပါတ် (၁၀) စီ-ရုံ၊ ဈေးချိုတော်
မန္တလေးမြို့။

၁၃၁၉-ခု။

http://www.dhammadownload.com

# နေတ္တိဟာရတ္ထဒီပနီ

## မာတိကာ


| အကြောင်းအရာ | ဦးဖုမ်မှ စာမျက်နှာ | ဝိသုဒ္ဓါရုံမှ စာမျက်နှာ |
|---|---|---|
| **၁-ပဌမကဏ္ဍ** | | |
| ပဏာမ | ၁ | |
| ၁-နေတ္တိမည်ခြင်းအကြောင်း | ၁ | |
| ၂-နေတ္တိအပြား | ၃ | |
| **၂-ဒုတိယကဏ္ဍ** | | |
| ၁-ဟာရအကြောင်း | ၃ | |
| ၂-ဟာရအပြား | ၅ | |
| ၁-ဒေသနာဟာရ | ၆ | ၁၀၉ |
| ၂-ဝိစယဟာရ | ၁၃ | ၁၁၄ |
| ၃-ယုတ္တိဟာရ | ၂၉ | ၁၁၉ |
| ၄-ပဒဋ္ဌာနဟာရ | ၃၂ | ၁၂၀ |
| ၅-လက္ခဏဟာရ | ၃၄ | ၁၂၂ |
| ၆-စတုဗျူဟဟာရ | ၃၆ | ၁၂၃ |
| ၇-အာဝတ္တဟာရ | ၅၂ | ၁၂၈ |
| ၈-ဝိဘတ္တိဟာရ | ၅၇ | ၁၃၀ |
| ၉-ပရိဝတ္တနဟာရ | ၆၂ | ၁၃၁ |
| ၁၀-ဝေဝစနဟာရ | ၆၄ | ၁၃၂ |
| ၁၁-ပညတ္တိဟာရ | ၆၅ | ၁၃၃ |

http://www.dhammadownload.com

## မာတိကာ


| အကြောင်းအရာ | ဦးဗုဓ်မူ စာမျက်နှာ | ဝိသုဒ္ဓါရုံမူ စာမျက်နှာ |
| --- | --- | --- |
| ၁၂-ဩတရဏဟာရ | ၆၈ | ၁၃၅ |
| ၁၃-သောဓနဟာရ | ၇၀ | ၁၃၆ |
| ၁၄-အဓိဋ္ဌာနဟာရ | ၇၂ | ၁၃၇ |
| ၁၅-ပရိက္ခာရဟာရ | ၇၅ | ၁၃၈ |
| ၁၆-သမာရောပနဟာရ | ၇၈ | ၁၄၀ |

## ၃-တတိယကဏ္ဍ

| | | |
| --- | --- | --- |
| ၁-နယကြောင်း သာမည | ၈၂ | |
| ၂-နယအပြား ဝိသေသ | ၈၆ | |
| ၁-နန္ဒိယာဝဋ္ဋနည်း | ၈၆ | ၁၄၂ |
| ၂-တိပုက္ခလနည်း | ၉၁ | ၁၄၆ |
| ၃-သီဟဝိက္ကီဠိတနည်း | ၉၄ | ၁၄၇ |
| ၄-ဒိသာလောစနနည်း | ၉၇ | ၁၄၉ |
| ၅-အင်္ကုသနည်း | ၉၈ | ၁၄၉ |
| နည်းတို့၏ ထွက်ခြင်း ဝင်ခြင်း | ၉၉ | |

## ၄-စတုတ္ထကဏ္ဍ

| | | |
| --- | --- | --- |
| သာသနပဋ္ဌာန | ၁၀၃ | ၁၅၁ |
| ပါဠိတော်အဋ္ဌကထာလာ ပဋ္ဌာနအပြား | ၁၀၃ | |
| မူလပဒပဋ္ဌာနတို့၏ အချင်းချင်း သင်္ဂဟိတဖြစ်ပုံ | ၁၀၄ | |
| နိဂုံး | ၁၀၈ | ၁၅၅ |

http://www.dhammadownload.com

# ညသ်ကောက်ကျမ်း
## မာတိကာ

အကြောင်းအရာ — စာမျက်နှာ


### က–သမာသ်ကောက်

(၁) သာမည အရကောက် ၁၅၇
(၂) ဝိသေသ အရကောက် ၁၅၇
(၃) မှတ်ကြောင်း လက္ခဏာ ၁၅၉
(၄) မှတ်အပ်သော လက္ခ ၁၆၀

### ခ–တဒ္ဓိတ်ကောက်

(၅) သာမည အရကောက် ၁၆၃
(၆) ဝိသေသ အရကောက် ၁၆၃
(၇) မှတ်ကြောင်း လက္ခဏာ ၁၆၄
(၈) မှတ်အပ်သော လက္ခ ၁၆၅

### ဂ–အာချာတ်ကောက်

(၉) မှတ်ကြောင်း လက္ခဏာ ၁၆၈
(၁၀) မှတ်အပ်သော လက္ခ ၁၆၉

### ဃ–ကိတ်အရကောက်

(၁၁) မှတ်ကြောင်း လက္ခဏာ ၁၇၁
(၁၂) မှတ်အပ်သော လက္ခ ၁၇၃

http://www.dhammadownload.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **င–ဝိဘတ်ကောက်** | |
| (၁၃) မှတ်ကြောင်းလက္ခဏာနှင့် မှတ်အပ်သော လင်္ကာ | ၁၇၈ |
| **စ–သဗ္ဗနာမ်ကောက်** | |
| (၁၄) မှတ်ကြောင်း လက္ခဏာ | ၁၈၀ |
| (၁၅) မှတ်အပ်သော လင်္ကာ | ၁၈၀ |
| **ဆ–ဥပသာရကောက်** | |
| (၁၆) မှတ်ကြောင်းလက္ခဏာနှင့် မှတ်အပ်သော လင်္ကာ | ၁၈၂ |
| **ဇ–နိပါတ်ကောက်** | |
| (၁၇) မှတ်ကြောင်း လက္ခဏာနှင့် မှတ်အပ်သော လင်္ကာ | ၁၈၃ |


မာတိကာ ပြီး၏

---

http://www.dhammadownload.com

ဆရာတော် ဦးဖုဝ်မှု

# နေတ္တိပကာရဏ္ဍဒီပနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ပဌမကဏ္ဍ

### ပဏာမ

သလောကပါလလောကေဟိ၊
သဒါ ပူဇံ နမဿိယံ။
တံ သာသနဝရံ နေတ္တိ၊
ဝန္ဒေ နရဝရံ ဝရံ။

သလောကပါလလောကေဟိ၊ လောကပါလနတ်နှင့် တကွသော သူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ ပူဇံ၊ ပူဇော်အပ်သော။ နမဿိယံ၊ ရှိခိုးအပ်သော။ သာသနဝရံ၊ မြတ်သော သာသနာတော်သို့။ နေတ္တိ၊ ဆောင်တတ်သော။ ဝရံ၊ တောင့်တအပ်သော။ တံ နရဝရံ၊ ထို မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ၊ ရှိခိုးပါ၏။

### ၁-နေတ္တိမည်ခြင်းအကြောင်း

“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာယနော”-

http://www.dhammadownload.com



မိန့်ဟောနည်းကျယ်၊ ငါးနိကာယ်တွင်၊ လေးသွယ်မြောက်စင်၊ အင်္ဂုတ္တရ၊ ကေနိပါတ်၊ ကျမ်းမြတ်အထွက်၊ တေဒဂ် ဟု၊ ဝဂ် စုဒ္ဒသ၊ သတ္တ ဒသမာ၊ ဒေသနာဖြင့်၊ ငါသည် နည်းကျဉ်း၊ ရုံးချဉ်း ဟောရွတ်၊ မုခပါဌ်၏၊ ခဲကပ် လျှို့ဝှက်၊ မိပ္ပါယ်နက်ကို၊ ထင်ပြက်ပြဲ့ပြဲ့၊ ဖွင့်ချဲ့ကုန်လည့်၊ ငါတပည့်သား၊ ရဟန်းများတွင်၊ ဤရှင်မထေရ်၊ ကစ္စည်းသည်ကား၊ ဉာဏ်ရည်ထူးချွန်၊ လွန်၏သူ့ထက်၊ တေဒဂ် ဟု၊ ဘဝဂ်မကန်၊ ဌာနန္တရ၊ ရာထူးရသား၊ ဝံသန္တယ်မည်၊ ကစ္စည်းထေရ်လျှင်၊ ဘုန်းစည်မြွက်ဟ၊ ရသ တခု၊ နှစ်ခု ဓမ္မ၊ ဝိနယနှင့်၊ ပိဋကသုံးလီ၊ ဂမ္ဘီလေးဝ၊ ပဥ္စနိကာယ်၊ ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာ၊ ပေစာအပေါင်း၊ ရှစ်သောင်းလေးထောင်၊ ကျမ်းကုန်အောင်၏ မြားမြောင်ဆန်းကျယ်၊ နက်မိပ္ပါယ်ကို၊ နည်းကျယ်၊ ဝဏ္ဏနာ၊ ဖွင့်အံ့ငှါလျှင်၊ ဟေမာစိမ့်စုံ ရဂုံရိပ်မြိုင် ဂနိုင်သာမော၊ သပြေတောဝယ်၊ ဟောအပ်သော သံဝဏ္ဏနာဝိသေသသည်–

"ဝေနေယျသတ္တေ အရိယဓမ္မံ နေတီတိ နေတ္တိ" –

ဟူသော ဝစနတ္ထနှင့်အညီ– ဝေနေယျသတ္တဝါ တို့ကို မဂ် ဖိုလ် နိဗ္ဗာန် တည်း ဟူသော အရိယဓမ္မသို့ ဆောင်တတ်သောကြောင့်၄င်း၊

"နယန္တိ ဧတာယာတိ နေတ္တိ" –

ဟူသော ဝစနတ္ထနှင့်အညီ–ဓမ္မကထိကပုဂ္ဂိုလ်တို့သည် ဝေနေယျသတ္တဝါ တို့ကို သောတာပတ္တိမဂ်သို့ ရောက်စေကြောင်း ဖြစ်သောကြောင့်၄င်း၊

" နိယန္တိ ဧတ္ထ န်ဗ္ဗာနံ သမ္ပာပိယန္တီတိ နေတ္တိ "–

ဟူသော ဝစနတ္ထနှင့်အညီ– ဤကျမ်း၌ တည်စေ၍ ဝေနေယျ သတ္တဝါ တို့ကို နိဗ္ဗာန်သို့ ရောက်စေရာ ဖြစ်သောကြောင့်၄င်း "နေတ္တိ" မည်၏၊

http://www.dhammadownload.com


## ၂–နေတ္တိအပြား

ဤနေတ္တိ မည်သော သံဝဏ္ဏနာဝိသေသသည် ဆိုအပ်ပြီးသော သာမညလက္ခဏာအားဖြင့် တပါးတည်းသာ။ ဝိသေသလက္ခဏာအားဖြင့်ကား (၁) **ဟာရ** (၂) **နယ**(၃) **သာသနပဋ္ဌာန** ဟူ၍ သုံးပါးအပြား ရှိ၏။

---

## ၂–ဒုတိယကဏ္ဍ

### ၁–ဟာရအကြောင်း

ထိုသုံးပါးတို့တွင် ဟာရသည်–

> "ဟရိယန္တိ ဧတေန ဧတ္ထ ဝါ သုတ္တဂေယျာဒိဝိသယာ
> အညာဏသံသယဝိပလ္လာသာသိ ဟာရော"–

ဟူသော ဝစနတ္ထနှင့်အညီ– သုတ္တ ဂေယျ စသည်လျှင် အာရုံရှိကုန်သော အညာဏ သံသယ ဝိပလ္လာသ ဟုဆိုအပ်သော မသိခြင်း ယုံမှားခြင်း ဖောက်ပြန်ခြင်းတို့ကို ပယ်ကြောင်း ပယ်ရာ ဖြစ်သောကြောင့်၄င်း၊

> "ဟရတီတိ ဝါ ဟာရော"–

ဟူသောဝစနတ္ထနှင့်အညီအညာဏစသည်တို့ကိုပယ်တတ်သောကြောင့်၄င်း၊

> "ဟရဏံ ဝါ ဟာရော"–

ဟူသော ဝစနတ္ထနှင့်အညီ– အညာဏ စသည်ကို ပယ်ခြင်းမျှ ဖြစ်သော ကြောင့်၄င်း။

http://www.dhammadownload.com



"ဟာရိယန္တိ ဝေါဟာရိယန္တိ ဓမ္မသံဝဏ္ဏကဓမ္မပဋိဂ္ဂါဟကေဟိ ဓမ္မသ ဒါနဂဟဏဝသေနာတိ ဝါဟာရော"–

ဟူသော ဝစနတ္ထနှင့်အညီ– တရားဟော ပုဂ္ဂိုလ်တို့သည် တရားကို ပေးခြင်း တရားနာ ပုဂ္ဂိုလ်တို့သည် တရားကို ယူခြင်း၏ အစွမ်းဖြင့် ခေါ်ဝေါ်အပ်သောကြောင့်၎င်း၊

"ဟာရေတိ ဝူပသမေတီတိ ဟာရော၊ ဟာရော ဝိယာတိ ဟာရော"–

ဟူသော ဝစနတ္ထနှင့်အညီ– ဟာရမည်သော ရတနာပုလဲသွယ်သည်မိမိကို သုံးဆောင်ကုန်သော သူတို့၏ ကိုယ်စိတ်၏ ပူပန်ခြင်းကို ငြိမ်းစေတတ်သကဲ့သို့၊ ထို့အတူ ပရမတ္ထရတနပဗန္ဓဖြစ်သောသံဝဏ္ဏနာဝိသေသသည်လည်း မိမိကို နာယူကုန်သော သူတို့၏ ကာမရာဂ စသည်လျှင်အကြောင်းရှိသောကိုယ်စိတ်၏ ပူပန်ခြင်းကို ငြိမ်းစေတတ်သောကြောင့်၎င်း၊

"ဟာယတိ အညာဏာဒီနံ ဟာရံ အပဂမံ ကရောတီ အာစိက္ခတီတိ ဝါ ဟာရော"–

ဟူသောဝစနတ္ထနှင့်အညီ–အညာဏ စသည်တို့၏ ကင်းခြင်းကိုပြုတတ် အညာဏ စသည်တို့၏ ကင်းခြင်းကို ကြားတတ်သောကြောင့်၎င်း၊

"သောတူနံ မနံ ဟရတီတိ မနောဟရော၊ သောတူနံ မနံ ရမေတီတိ မနောရမော။ မနောဟရော စသော မနောရမော စာတိ ဝါ ဟာရော"–

ဟူသော ဝစနတ္ထနှင့်အညီ– နာကုန်သောသူတို့၏ စိတ်ကို ဆောင်တတ် နာကုန်သောသူတို့၏စိတ်ကို မွေ့လျော်စေတတ်သောကြောင့် လည်းကောင်း "ဟာရ"မည်၏။

http://www.dhammadownload.com



## ၂-ဟာရအပြား

ဤ ဟာရ မည်သော သံဝဏ္ဏနာဝိသေသသည်ဆိုအပ်ခဲ့ပြီးသော သာမညလက္ခဏာအားဖြင့်တပါးသာ။ ဝိသေသလက္ခဏာအားဖြင့်ကား-

"ဒေသနာဝိစယော။ပ။ သမာရောပနော သောဠသော"

ဟူသော ဂါထာနှင့်အညီ-

၁- ဒေသနာဟာရ
၂- ဝိစယဟာရ
၃- ယုတ္တိဟာရ
၄- ပဒဋ္ဌာနဟာရ
၅- လက္ခဏဟာရ
၆- စတုဗျူဟဟာရ
၇- အာဝဋ္ဋဟာရ
၈- ဝိဘတ္တိဟာရ
၉- ပရိဝတ္တနဟာရ
၁၀- ဝေဝစနဟာရ
၁၁- ပညတ္တိဟာရ
၁၂- ဩတရဏဟာရ
၁၃- သောဓနဟာရ
၁၄- အဓိဋ္ဌာနဟာရ
၁၅- ပရိက္ခာရဟာရ
၁၆- သမာရောပနဟာရ-

အားဖြင့် တဆယ့်ခြောက်ပါး အပြားရှိ၏။

http://www.dhammadownload.com


## ၁-ဒေသနာဟာရ

ထို တဆယ့်ခြောက်ပါးတို့တွင်-

"တတ္ထ ကတမော ဒေသနာဟာရော၊ အဿာဒါ

ဒီနဝတာတိဂါထာ အယံ ဒေသနာဟာရော" -

ဟူသော ပါဠိနှင့်အညီ- အဿာဒစသည်ကို ထုတ်ခြင်း
လက္ခဏာရှိသော ဟာရသည်-

"ဒေသိယတိ သံဝဏ္ဏိယတိ သုတ္တတ္ထော ဧတာယာတိ

ဒေသနာ" -

ဟူသော ဝစနတ္ထကြောင့် ဒေသနာဟာရ မည်၏။

ထိုဒေသနာဟာရသည်-

"အယံ ဒေသနာဟာရော ကိံ ဒေသယတိ၊ အဿာဒံ

အာဒီနဝံ နိဿရဏံ ဖလံ ဥပါယံ အာဏတ္တိံ" -

ဟူသော ပါဠိနှင့်အညီ- သာယာအပ်သော သုခ သောမနဿလက္ခဏာရုံ၊ သာယာကြောင်းဖြစ်သော တဏှာဝိပလ္လာသတည်းဟူသော အဿာဒ။

ဒုက္ခဝေဒနာ ဒုက္ခတာသုံးပါး တေဘူမကသင်္ခါရ တရား တည်းဟူသော အာဒီနဝ။

ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်သော အရိယမဂ်, ထွက်မြောက်တတ်သော နိဗ္ဗာန် တည်းဟူသော နိဿရဏ။

သုတမယဉာဏ်, အတ္တဝေဒ, ဓမ္မဝေဒ, စသော ပစ္စုပ္ပန်အကျိုး၊ ဘဝ သမ္ပတ္တိ စသော သံသရာ အကျိုး တည်းဟူသော ဖလ။

အရိယမဂ်၏ ရှေးအဘို့၌ဖြစ်သော ပဋိပဒါ တည်းဟူသော ဥပါယ၊ ထိုထိုအကျိုးကို ရခြင်း၏ အကြောင်းဖြစ်သော ဥပါယ။

http://www.dhammadownload.com



ဝေနေယျတို့၏ဟိတသုခကို ပြီးစေခြင်းငှာ အာဏာထားခြင်းငှာ ထိုက်တော်မူသော မြတ်စွာဘုရား၏ "ဤကဲ့သို့ ကျင့်လေ" ဟု စေခိုင်းတိုက်တွန်း စီရင်ခြင်း တည်းဟူသော အာဏတ္တိ အားဖြင့် ခြောက်ပါးသော အနက်တို့ကို ဖွင့်ပြတတ်၏။

ယင်းသို့ ဒေသနာဟာရ မည်သော သဝဏ္ဏနာဝိသေသသည် အဿာဒစသည်ကို ဖွင့်ပြတတ်သော သဘောလက္ခဏာ ရှိငြားသော်လည်း–

"န တာဝ သုဋ္ဌု ဝိဘူတံ၊
လက္ခဏေယျံ ဘာသိတေ။
တသ္မာ ပယောဂ မေတေသံ၊
ဘာသိဿာမိ ယထာဗလံ။"

ဟူသော ပရာဘာသာနှင့် အညီ– လက္ခဏာကို ဆိုကာမျှဖြင့် လက္ခိတဗ္ဗဖြစ်သော ပြယုဂ် ဥဒါဟရဏ် မထင်ရှားသေးသောကြောင့် ပြယုဂ် ဥဒါဟရဏ်ကို ထုတ်အပ်၏။ ထိုသို့ ထုတ်အပ်သည်တွင် ဤဒေသနာဟာရ မည်သော သံဝဏ္ဏနာဝိသေသသည် "နဝဝိဓသုတ္တန္တပရိယေဋ္ဌိ" ဟူသော ပါဠ်နှင့်အညီ– အင်္ဂါကိုးပါး အပြားရှိသော ပိဋကတ်သုံးပုံ၏ အနက်ကို ဖွင့်ပြကြောင်း ဖြစ်သောကြောင့် အင်္ဂါကိုးပါး အပြားရှိသော ပိဋကတ် သုံးပုံကို ထုတ်အပ်သော်လည်း "ဓိဂေါပနီတ ဧကေဗိန္ဒု သိန္ဒုဒက ရသဇာနာနာ" ဥပမာဖြင့် များစွာမပြ အနည်းမျှသောပြယုဂ်ကို ထုတ်အပ်၏။ ယင်းသို့ ထုတ်အပ်သည်တွင်လည်း န စ အာသန္နံ ဝဇ္ဇေတွာ ဒူရဿ ဂဟဏေ ပယောဇနံ အတ္ထိ" ဟူသော ပါဠ်နှင့် အညီ– အနီးကို ကြဉ်၍ အဝေးကို ယူခြင်း၌ အကျိုးမရှိသောကြောင့် "ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒ ပဋိပတ္တိ" ဟူသော ပရိဘာသာနှင့် အညီ– ဝတ္တိစ္ဆာအားဖြင့် "ယံ လောကော ပူဇယတေ" ဟူသော သုတ်ပုဒ်ကို ထုတ်အပ်၏။

ဤ "ယံ လောကော ပူဇယတေ" ဟူသော သုတ်ပုဒ် ဒေသနာသည် "သာယံ ဒေသနာ ကိံ ဒေသယတိ စတ္တာရိ သစ္စာနိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ" ဟူသော ပါဠ်နှင့်အညီ– ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါးကို ဟောကြား

http://www.dhammadownload.com


အဘယ်သို့ ယောကြားသနည်း ဟူမူကား --- ပူဇယတော ၏ အရဖြစ်သော ပူဇာသည် အာမိသပူဇာ ဓမ္မပူဇာ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထို နှစ်ပါးတို့တွင် အာမိသပူဇာသည် ဝိနည်းဒေသနာတော် နည်းအားဖြင့် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းအားဖြင့် လေးပါး အပြားရှိ၏။ သုတ္တန်ဒေသနာတော် နည်းအားဖြင့် အန္န၊ ပါန၊ ဃရ၊ ဝတ္ထ၊ ယာန၊ မာလာ ဝိလေပန သေယျ၊ ဝသထ၊ ပဒီပေယျ ဟူသော ဝတ္ထုဒါနအားဖြင့် ဆယ်ပါး အပြားရှိ၏။ အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ ဟူသော အာရုံအားဖြင့် ခြောက်ပါး အပြားရှိ၏။ ဤသို့ လေးပါး၊ ဆယ်ပါး၊ ခြောက်ပါးသော အာမိသပူဇာသည် ဒါနမယ မည်၏။

ဓမ္မပူဇာသည်လည်း သီလမယ၊ ဘာဝနာမယ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထို နှစ်ပါးတို့တွင် ပဉ္စသီလ၊ ဒသင်္ဂသီလ၊ စတုပါရိသုဒ္ဓိသီလ စာရိတ္တ-ဝါရိတ္တသီလ၊ အာဒိဗြဟ္မစရိယက အာဘိသမာစာရိက သီလ စသောအားဖြင့် များစွာသော သီလသည် သီလမယ မည်၏။ ဘာဝ နာမယ သည် ပုဗ္ဗဘာဂပဋိပဒါအစ၊ မဂ်ဖိုလ်အလယ်၊ နိဗ္ဗာန်အဆုံးရှိသော အားဖြင့် များသော အပြားရှိ၏။ ထို ဒါန၊ သီလ၊ ဘာဝနာမယ၊ အာမိသ ဓမ္မပူဇာ သည် ကုသလတိက် အားဖြင့် ကုသိုလ်၊ အဗျာကတ ဟူ၍ နှစ်ပါး အပြား ရှိ၏။ ဝေဒနာတိက်အားဖြင့် သုခသမ္ပယုတ်၊ ဥပေက္ခာသမ္ပယုတ် ဟူ၍ နှစ်ပါး အပြားရှိ၏။ ဝိပါကတိက်အားဖြင့် ဝိပါကဓမ္မ၊ ဝိပါကဓမ္မဓမ္မ၊ နေဝဝိပါက နဝိပါကဓမ္မဓမ္မ ဟူ၍ သုံးပါး အပြားရှိ၏။ ဤသို့ စသည်ဖြင့် နှစ်ဆယ့် နှစ်ပါးသောတိက်၊ တရာသောဒုတ်တို့၌ ချအပ်၏။ ဘုံအားဖြင့် ကာမဘုံ ရူပဘုံ၊ အရူပဘုံ၊ လောကုတ္တရာဘုံ ဟူ၍ လေးပါးအပြားရှိ၏။ စိတ္တုပ္ပါဒ် အားဖြင့် ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာစိတ် ဟူ၍ လေးပါးတို့တွင် ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော တေဘူမက တရားသည်-

"ဒါနံ ဒတွာ သီလသမာဒိယိတွာ ဥပေါသထကမ္မံ
ကတွာ တံ အဿာဒေတိ"-

http://www.dhammadownload.com



အစရှိသော ပါဠိနှင့်အညီ- သာယာအပ်သောကြောင့် အဿာဒ မည်၏။ ထိုကို သာယာတတ်သော တဏှာသည်လည်း အဿာဒမည်၏။

သာယာအပ်, သာယာတတ်သော တရားသည်ပင် သင်္ခါရဒုက္ခ ဖြစ်၍ အာဒီနဝ မည်၏။

လောကုတ္တရာမဂ်, နိဗ္ဗာန်သည် နိဿရဏ မည်၏။

ဖိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း, ဒါနမယ စသော တရားသည်လည်းကောင်း "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ" ဟူသော ပါဠိနှင့်အညီ- မိမိကို စောင့်သောသူကို စောင့်တတ်သောကြောင့် ပစ္စုပ္ပန်၌ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး၊ သံသရာ၌ ဒုဂ္ဂတိဘေးမှ ထွက်ခြင်း စသော အထောင်မကန် သုတ္တန်ပါဠိတို့ဖြင့် ပြအပ်သော အကျိုးသည်လည်းကောင်း ဖလ မည်၏။

ထို ဖလကို ရခြင်း၏ အကြောင်းဖြစ်သော ဒါနမယသည် ဥပါယ မည်၏။

အတ္တာနုဝါဒဘေး စသည်မှ ကြောက်ကုန်သော သူတို့သည် ဒါနမယ စသည်ကို ပြုကြကုန်ဟု မဆိုသော်လည်း ဆိုသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိ မည်၏။ ဤသို့ ဒေသနာဟာရ မည်သော သံဝဏ္ဏနာဝိသေသသည် အဿာဒစသည်ကို ဖွင့်ပြတတ်၏။

ထို အဿာဒစသည်တို့တွင် "အာဒီနဝေါ ဖလဉ္စ ဒုက္ခံ" ဟူသော ပါဠိနှင့်အညီ- အာဒီနဝသည် လည်းကောင်း, ဖလသည် လည်းကောင်း, ဒုက္ခသစ္စာမည်၏။ "အဿာဒေါ သမုဒယော" ဟူသော ပါဠိနှင့်အညီ အဿာဒ သည် သမုဒယသစ္စာ မည်၏။ "နိဿရဏံ နိရောဓော" ဟူသော ပါဠိနှင့်အညီ- နိဿရဏသည် နိရောဓသစ္စာ မည်၏။ "ဥပါယော အာဏတ္တိစ မဂ္ဂေါ" ဟူသော ပါဠိနှင့်အညီ ဥပါယသည်လည်းကောင်း, အာဏတ္တိသည်လည်းကောင်း, မဂ္ဂသစ္စာ မည်၏။ ဤသို့ "ယံ လောကော ပူဇယတေ" ဟူသော သုတ်ပုဒ် ဒေသနာတော်သည် သစ္စာလေးပါးကို ဟောကြားတတ်၏။

http://www.dhammadownload.com



**တနည်းကား** - လောကော၏ အရဖြစ်သော လောကီခန္ဓာ ငါးပါးသည် "ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခံ အရိယသစ္စံ" ဟူသော ပါဠိနှင့်အညီ- ဒုက္ခ သစ္စာ မည်၏။ "တဿ မူလကာရဏဘာဝေန ပုရိမနိပ္ဖန္နာ တဏှာ သမုဒယသစ္စံ" ဟူသော ပါဠိနှင့်အညီ-ထိုခန္ဓာငါးပါး၏ အကြောင်းရင်း၏ အဖြစ်ဖြင့် ရှေးဘဝ၌ ဖြစ်ပြီးသော တဏှာသည် သမုဒယသစ္စာ မည်၏။ "ဥဘိန္နမ ပဝတ္တိ နိရောဓသစ္စံ" ဟူသော ပါဠိနှင့်အညီ- ဒုက္ခ, သမုဒယနှစ်ပါးတို့၏ မဖြစ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ "နိရောဓပဇာနနပဋိပဒါမဂ္ဂသစ္စံ" ဟူသော ပါဠိနှင့်အညီ နိဗ္ဗာန်ကို သိကြောင်းဖြစ်သော အကျင့်သည် မဂ္ဂသစ္စာ မည်၏။ ဤသို့ သစ္စာလေးပါးကို ဟောသတည်း။

ထို လေးပါးတို့တွင် သမုဒယဖြင့် အဿဒဖြစ်၏။ ဒုက္ခဖြင့် အာဒီနဝ ဖြစ်၏။ နိရောဓ, မဂ္ဂဖြင့် နိဿရဏ ဖြစ်၏။ ဣဒါနိ ဖလ ပဉ္စကသည် ဖလ မည်၏။ ဝါ-ယံ လောကော ပူဇယတေ အစရှိသည်ဖြင့် ပဏာမကို ပြုသော အရှင်မဟာကစ္စည်းဆရာ၏ အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုး, သူတပါးတို့၏ ပသာဒစသော အကျိုးသည် ဖလမည်၏။ အတီတေ ဟေတဝေါ ပဉ္စ, ဣဒါနိ ဟေတုပဉ္စကသည် ဥပါယ မည်၏။ ဝါ - "ယံ လောကော ပူဇယတေ" ဟူသော သဝိညတ္တိက ဝစီဘေဒသဒ္ဒ ၏ အကြောင်းဖြစ်သော စိတ္တုပ္ပါဒ်, ယောနိသော မနသိကာရ, သဒ္ဓမ္မဿ ဝန, စတုစက္ကသမ္ပတ္တိ စသော အကြောင်းသည် ဥပါယ မည်၏။ "အန္တရာယ် ပျောက်ခြင်း စသော အကျိုးကို အလိုရှိကုန်သော သူတို့သည် ငါကဲ့သို့ ရတနတ္တယပဏာမကို ပြုကြကုန်လတ်သော့" ဟု စေခိုင်း တိုက်တွန်းခြင်းသည် အာဏတ္တိ မည်၏။ ဝါ - "ခန္ဓာ ဟူသောလောကသည် အနိစ္စ စသည်ဖြင့် မပြတ်နှိပ်စက်၏။ ထို့ကြောင့် ခန္ဓာဟူသောလောက၌ ငြီးငွေ့သဖြင့် ဒါနမယ စသည်ကို ပြုကြလတ်သော့" ဟု စေခိုင်း တိုက်တွန်းခြင်းသည် အာဏတ္တိ မည်၏။ ဤသို့လျှင် "ယံ လောကောပူဇယတေ" ဟူသော ဒေသနာတော်သည် သစ္စာလေးပါးကို ဟော၏။ ထိုသစ္စာလေးပါးကို ဟောသော ဒေသနာတော်၌ အဿဒစသည်ကို ဖွင့်ပြခြင်းသည် ဒေသနာ ဟာရ မည်၏ ဟူလိုသော့။

http://www.dhammadownload.com



**တနည်းကား** – " ယံ လောကော ပူဇယတေ " ဟူသော သဝိညတ္တိက ၀စီဘေသဒ္ဒသည် ဥပါဒရုပ် ဖြစ်၍ နိဿိတတည်း။ ထိုနိဿိတ၏ နိဿိယနှင့် မကင်းရာသောကြောင့် နိဿိတဖြစ်သော ၀စီဘေဒသဒ္ဒ၏ မှီရာဖြစ်သော မဟာဘုတ်လေးပါးကို ယူအပ်၏။ ထို မဟာဘုတ် လေးပါးသည် နိဿယတည်း။ ထို နိဿယ၏လည်း နိဿိတနှင့် မကင်းရာသောကြောင့် နိဿိတဖြစ်သော ၀စီဘေဒသဒ္ဒမှ ကြွင်းသော စိတ္တဇဉပါဒါရုပ်ကို ယူအပ်၏။ ထို ရုပ်အပေါင်းသည် ရူပက္ခန္ဓာ မည်၏။ ထို ရူပက္ခန္ဓာကား အကျိုးတည်း။ အကျိုး၏လည်း အကြောင်းနှင့် မကင်းရာသောကြောင့် အကြောင်းဖြစ်သော ကစ္စည်းဆရာ၏ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူအပ်၏။ ထိုတွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။ သညာသည် သညာက္ခန္ဓာ မည်၏။ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် စေတသိကသည် သင်္ခါရက္ခန္ဓာ မည်၏။ မဟာကြိယာဉာဏ သမ္ပယုတ် စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ထိုခန္ဓာငါးပါးသည် ဒုက္ခသစ္စာ မည်၏။ ဤ ဒုက္ခသစ္စာကား အကျိုးတည်း။ အကျိုး၏လည်း အကြောင်း နှင့် မကင်းရာသောကြောင့် အကြောင်းဖြစ်သော သမုဒယသစ္စာကို ယူအပ် ၏။ ထိုနှစ်ပါးတို့တွင် ဒုက္ခ သစ္စာကား ပရိညေယျတည်း။ သမုဒယသစ္စာ ကား ပဟာတဗ္ဗတည်း။ ထို ပရိညေယျ, ပဟာတဗ္ဗ နှစ်ပါးတို့၏လည်း ပရိဇာနန, ပဟာယကနှင့် မကင်းရာသော ကြောင့် ပရိဇာနန, ပဟာယက ဖြစ်သော ပဂ္ဂသစ္စာ ကိုယူအပ်၏။ ဤ မဂ္ဂသစ္စာကား အာရမ္ဘကတည်း။ အာရမ္ဘက၏ လည်း အာရုံနှင့် မကင်းရာသောကြောင့် အာရုံဖြစ်သော နိဗ္ဗာန်ကိုလည်း ယူအပ်၏။

**တနည်းကား**– ထိုသစ္စာနှစ်ပါးတို့တွင် ဒုက္ခသစ္စာကား ပဝတ္တိ တည်း။ သမုဒယသစ္စာကား ပဝတ္တကတည်း။ ထိုပဝတ္တိ, ပဝတ္တက နှစ်ပါးကို ယူခြင်းကြောင့် နိဝတ္တိဖြစ်သော နိရောဓသစ္စာ, နိဝတ္တကဖြစ်သော မဂ္ဂသစ္စာ ကို ယူအပ်၏။

တနည်းကား – ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးကို ယူခြင်း ကြောင့် ထိုသစ္စာနှစ်ပါး၏ ချုပ်ရာဖြစ်သော နိရောဓသစ္စာကို ယူအပ်၏။

http://www.dhammadownload.com



ထို နိရောဓသစ္စာကား အာရုံတည်း။ အာရုံ၏လည်း အာရမ္မဏိက နှင့် မကင်းရာသောကြောင့် အာရမ္မဏိကဖြစ်သော မဂ္ဂသစ္စာကို ယူအပ်၏။ ဤသို့ သစ္စာလေးပါး ဖြစ်သတည်း။

ထိုတွင် သမုဒယသစ္စာသည် အဿာဒမည်၏။ ဒုက္ခသည် အာဒီနဝ မည်၏။ နိရောဓ, မဂ္ဂနှစ်ပါးသည် ဧကသေသနည်း, သာမညနိဒ္ဒေသနည်း အားဖြင့် နိဿရဏ မည်၏။ " ယံ လောကော ပူဇယေတေ " စသည်ဖြင့် ဤနေတ္တိကျမ်းကို စီရင်ခြင်းကြောင့် သောတုဇနတို့၏ သင်ကြားလေ့ကျက် ဆောင်ရွက်ဆွေးနွေးမေးမြန်း လျှောက်ထား မှတ်သားခြင်းဖြင့် ဟာရနယ စသော ကျမ်း၏ အနက်ကို သရုပ်လက္ခဏာ စသောအားဖြင့် မဖောက်မပြန် ဟုတ်မှန်တိုင်း သိ၏။ ထိုသို့ သိသဖြင့် ပဋိပတ္တိနည်းကို သိ၏။ ထိုသို့ သိသဖြင့် မြတ်စွာဘုရား မြစ်တော်မူသည်ကို ကြဉ်၍ ခွင့်ပြုတော်မူတိုင်း သာကျင့်၏။ ထို့ကြောင့် ပရိသုဒ္ဓသီလ ဖြစ်၏။ ထိုသို့ ဖြစ်သဖြင့် ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိဒါ, ဝိရာဂ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, အနုပါဒါပရိနိဗ္ဗာန် တိုင်အောင် အဆက်ဆက်သော အကျိုးသည် ဖလမည်၏။ ဤကျမ်း၏ အကြောင်းဖြစ်သော သတိ, ဝီရိယ, အဓိမောက္ခ ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်, ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝန, စတုစက္ကသမ္ပတ္တိ, ကမ္ဘာတစ်သိန်း ကာလ ပတ်လုံး ဖြည့်ကျင့် ဆည်းပူးတော်မူအပ်သော ပုညဉာဏသမ္ဘာရသည် ဥပါယ မည်၏။ ဤကျမ်းကို သင်ခြင်း စသည်ဖြင့် ဟာရ နယ စသော ကျမ်း၏ အနက်ကို သိခြင်းအစ အနုပါဒါပရိနိဗ္ဗာန် အဆုံးရှိသော အကျိုးကို ပြီးစေတတ်သောကြောင့် " ထို အကျိုးကို အလိုရှိကုန်သော သူတို့သည် ဤကျမ်းကို သင်ကြား လေ့ကျက် ဆောင်ရွက်ဆွေးနွေး မေးမြန်း လျှောက် ထား မှတ်သားကြကုန် " ဟု စေခိုင်းတိုက်တွန်းခြင်းသည် အာဏတ္တိ မည်၏။ ဤသို့လျှင် အဿာဒစသည်ကို ဖွင့်ပြခြင်းသည် ဒေသနာ ဟာရ မည်၏။ ဟူလိုသတ်။

( နောက်နည်းကား များစွာသော ဆရာတို့ ဆိုရိုး ဖြစ်သော်လည်း ဆင်ခြင်အပ်၏။)

ဒေသနာဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



ဝိစယဟာရ ဟူသော်ကား "ဝိစိနာတိ ဧတေန ပဒပဉှာဒယောတိ ဝိစယော" ဟူသော ဝစနတ္ထနှင့် အညီ– ပဒ, ပုစ္ဆာ, ဝိသဇ္ဇနာ, ပုဗ္ဗာပရ, အနုဂီတိ, အဿဒ, အာဒီနဝ, နိဿရဏ, ဖလ, ဥပါယ, အာဏတ္တိအားဖြင့် တဆယ့်တစ်ပါးသော အနက်ကို စိစစ်ကြောင်း ဖြစ်သောကြောင့် ဝိစယဟာရ မည်၏။ ထို တဆယ့်တပါးတို့တွင်–

၁–ပဒဝိစယ ဟူသော်ကား

ဤ "ယံ လောကော ပူဇယတေ" ၌ ယံ–ဟူသော ပုဒ်သည် "သပ္ပတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ" ဟူသော ဝစနတ္ထနှင့် အညီ– သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့် သဒ္ဒ မည်၏။ စိတ္တဇ, ဥတုဇ နှစ်ပါးတွင် စိတ္တဇ မည်၏။ စိတ္တဇ, စိတ္တပစ္စယ နှစ်ပါးတွင် ဥပ္ပါဒညဏ၌ စိတ္တဇ, ဌိတိညဏ၌ စိတ္တပစ္စယ မည်၏။ ကုသလာကုသလာ ဗျာကတ စိတ္တဇတွင် အဗျာကတစိတ္တဇ မည်၏။ ဝိပါက ကြိယာဗျာကတစိတ္တဇတွင် ကြိယာဗျာကတစိတ္တဇ မည်၏။ ကာမ ရူပါရူပ ကြိယာဗျာကတစိတ္တဇတွင် ကာမ ကြိယာဗျာကတ စိတ္တဇ မည်၏။ သဟိတ်, အဟိတ်တွင် သဟိတ်ကာမ ကြိယာဗျာကတ မည်၏။ သောမနဿ, ဥပေက္ခာတွင် သောမနဿသဟဂုတ်။ ဉာဏသမ္ပယုတ် ဝိပ္ပယုတ်တွင် ဉာဏသမ္ပယုတ်။ အသင်္ခါရိက, သသင်္ခါရိကတွင် အသင်္ခါရိက စိတ္တဇ မည်၏။ မာဂဓ, သက္ကဋ စသည်တွင် မာဂဓ။ အရိယာနရိယတွင် အရိယ။ သဘာဝါ သဘာဝ နိရုတ္တိတွင် သဘာဝနိရုတ္တိ။ ဆန္ဒာဆန္ဒ နိရုတ္တိတွင် ဆန္ဒနိရုတ္တိ။ သကာသက နိရုတ္တိတွင် သကနိရုတ္တိ။ မူလာမူလ ဘာသာတွင် မူလဘာသာ။ အာဒိကပ္ပိကာ နာဒိကပ္ပိကတွင် အာဒိကပ္ပိက။ ဗြဟ္မာဗြဟ္မဘာသာတွင် ဗြဟ္မဘာသာ။ သုတာလာပါသုတာလာပတွင် အသုတာလာပ။ ပရမတ္ထ,ပဏ္ဏတ္တိတွင် ပဌမ ဒုတိယ ဝီထိအာရုံကား ပရမတ္ထ၊ တတိယ ဝီထိအာရုံကား ပညတ္တိ။ နိစ္စာနိစ္စာတွင် ပရမတ္ထကား အနိစ္စ၊ ပညတ္တိကား နိစ္စ။ တဗ္ဗောပါဒါပညပ်တွင် တဇ္ဇပညပ်။ သဟာမူ, သန္တတိ ပညပ်တွင်

http://www.dhammadownload.com


နှစ်ပါးစုံ ပညပ်။ သဒ္ဒပညပ်, နာမပညပ်တွင် မနာသာ၀၀တ္တာပိတ အခိုက်၌ သဒ္ဒပညပ်၊ တတိယ ဝီထိအာရုံအခိုက်၌ နာမပညတ္တိ မည်၏။ အနွတ္တ, ရုဋ္ဌီတွင် ရုဋ္ဌီ။ ပသိဒ္ဓ, ဥပစာရတွင် ပသိဒ္ဓရုဋ္ဌီ မည်၏။ ဝါကျတ္တာနုလော မပညတ္တပသိဒ္ဓ, တဗ္ဗိရဟ ပသိဒ္ဓတွင် တဗ္ဗိရဟ ပသိဒ္ဓရုဋ္ဌီ မည်၏။ နိပ္ပန္နာ နိပ္ပန္နတွင် အနိပ္ပန္နသဒ္ဒါ မည်၏။

## ဆောင်ပုဒ်

စိတ်ကြောင့်ဖြစ်ထ၊ ပစ္စယနှင့်၊ ဗျာကတကြိယာ၊ ကာမာဒိက၊ မာဂဓရိယာ၊ သဘာဝ ဆန္ဒ၊ သက မူလာ၊ အာဒိ ကပ္ပ၊ ဖြဟ္မ သုတာ၊ ပရမာ ပညတ္တိ၊ မြဲဘိ နိစ္စာ၊ ဥပါဒါ သဏ္ဍ၊ သဒ္ဒနာမာ၊ ရုဋ္ဌာ ပသိဒ္ဓ၊ ဝိဟာရ၊ မည်ရ အနိပ္ပန်။

ဤ ယံ – သဒ္ဒါသည် "ပဇ္ဇတေ ဉာယတေ အတ္တော ဧတေနာတိ ပဒံ" ဟူသော ဝစနတ္ထနှင့်အညီ – အနက်ကို သိကြောင်း ဖြစ်သောကြောင့် ပုဒ်မည်၏။ ထိုပုဒ်သည်လည်း ဆိုအပ်ခဲ့ပြီးသော သာမည လက္ခဏာအား ဖြင့် တပါးသာ၊ ဝိသေသ လက္ခဏာကိုစွဲ၍ ခွဲသည်ရှိသော်ကား သျာဒျန္တ, တျာဒျန္တ ပုဒ်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထို နှစ်ပါးတို့တွင် သိ–အစ ရှိသော နာမ်ဝိဘတ် အဆုံးရှိသောကြောင့် သျာဒျန္တပုဒ် မည်၏။ ပဌမန္တ စသောအားဖြင့် ခုနစ်ပါးတို့တွင် ဒုတိယန္တပုဒ် မည်၏။ ကမ္မတ္တဒုတိယာ စသော ဆယ်ပါးတို့တွင် ကမ္မတ္တိ ဒုတိယန္တပုဒ် မည်၏။ ဧကဝစန ဗဟုဝ စန ဒုတိယန္တနှစ်ပါးတို့တွင် ဧကဝုစ် အဆုံးရှိသောကြောင့် ဧကဝစန ဒုတိယန္တ ပုဒ် မည်၏။ စယာသိတပုဒ် အင်္ဂါသိတပုဒ် နှစ်ပါးတို့တွင် အပေါင်းကိုမှီ၍ ဧကဝုစ် အဆုံးရှိသောကြောင့် စယာသိတပုဒ် မည်၏။ ဒဗ္ဗ ဂုဏ ကြိယာ စယာသိတ အားဖြင့် သုံးပါးတို့တွင် အနိယမသာမညာကာရ ဟောဂုဏ်ကို စွဲ၍ ဧကဝုစ်အဆုံးရှိသောကြောင့် ဂုဏစယာသိတပုဒ် မည်၏။ နာမ် အာချာတ်, နိပါတ်, ဥပသာရ အားဖြင့် လေးပါးတို့တွင် "အတ္ထေ နိမတီတိ နာမံ" ဟူသော ဝစနတ္ထနှင့်အညီ – အနက်၌ ညွတ်တတ် သောကြောင့်

http://www.dhammadownload.com



နာမ်ပုဒ် မည်၏။ နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ် အားဖြင့် ငါးပါးတို့တွင် "သဗ္ဗေသံ နာမံ သဗ္ဗနာမံ" ဟူသော ဝစနတ္ထနှင့် အညီ – လိင်သုံးပါးတို့၏ နာမ်ဖြစ်သောကြောင့် သဗ္ဗနာမ် မည်၏။

"ပယောဂဝန္တဝစနံ၊
ဂုဏာပုဇ္ဇာပမာဏိကံ။
သဗ္ဗသဗ္ဗံ ဒိသာ ဝတ္ထာ၊
သချာကလန္တိ ဒသဓာ။"

ဟူ၍ မိန့်အပ်သော သဗ္ဗနာမ် ဆယ်ပါးတို့တွင် ယှဉ်ဘက်အားဖြင့် အနက်သာမညကို ဟောသောကြောင့် ပယောဂဝန္တ သဗ္ဗနာမ် မည်၏။ အနိယမ, နိယမဝါစက စသော ပယောဂဝန္တ သဗ္ဗနာမ်တို့တွင် အနိယမဝါစက ပယောဂဝန္တ သဗ္ဗနာမ် မည်၏။ ဒဗ္ဗပယောဂဝန္တ, ဂုဏ, ကြိယာ, နာမ, ဇာတိ ပယောဂဝန္တ သဗ္ဗနာမ်အားဖြင့် ငါးပါးတို့တွင် ဗုဒ္ဓဝါစက ပုဒ်နှင့် ယှဉ်သောကြောင့် ဒဗ္ဗပယောဂဝန္တ သဗ္ဗနာမ် မည်၏။ ဒြဗ်အများတွင် ဘုရားဒြဗ်ကို ဟောသောပုဒ်နှင့် ယှဉ်သောကြောင့် ဗုဒ္ဓဒဗ္ဗဝါစက ပယောဂဝန္တ သဗ္ဗနာမ် မည်၏။ ဗုဒ္ဓဒဗ္ဗဝါစက ပုဒ်အများတွင် ဘုရားဒြဗ်တည်းဟူသော အနက်ကို ဟောသော နရဝရံ–ပုဒ်နှင့် ယှဉ်သောကြောင့် ဒဗ္ဗပယောဂဝန္တ သဗ္ဗနာမ် မည်၏။ ဧကက္ခရပုဒ်, အနေကက္ခရပုဒ်, အနေကပဒပုဒ် အားဖြင့် သုံးပါးတို့တွင် တလုံးတည်းသော အက္ခရာရှိသောကြောင့် ဝါ–တလုံးတည်းသော အက္ခရာဖြင့် အနက်ကို ဟောစွမ်းနိုင်သောကြောင့် ဧကက္ခရပုဒ် မည်၏။ သုဒ္ဓသရေကက္ခရ, သရန္တေကက္ခရ, ဗျဉ္ဇနန္တေကက္ခရ အားဖြင့် သုံးပါးတို့တွင်နိဂ္ဂဟိတ်အဆုံးရှိသောကြောင့် ဗျဉ္ဇနန္တေကက္ခရ ပုဒ်မည်၏။ သရာဒိ, သရမဇ္ဈသရန္တအားဖြင့်သုံးပါးတို့တွင် သရအလယ်ရှိသောကြောင့် သရမဇ္ဈပုဒ်မည်၏။

http://www.dhammadownload.com



## ဆောင်ပုဒ်

ပုဒ်သျာဒျန္တာ၊ ဒုတိယာကော၊ စယဂုဏာ၊ သဗ္ဗာပယောဂ၊
အနိယမာ၊ ဒဗ္ဗာဗုဒ္ဓ၊ နရဝရေ၊ ကေကုန္ဓရ၊ ဗျဥ္ဇနန္တာ၊ သရာမဇ္ဈ၊
ဤသို့စ၍၊ ပဒစိစစ်ရာသတည်း။

**လောကော**–သဒ္ဒါသည် ပဋ္ဌတေ စသော ဝစနတ္ထကြောင့် သျာဒျန္တပုဒ်မည်၏။ ပဌမန္တ စသော ခုနစ်ပါးတို့တွင် ပဌမန္တပုဒ်။ ကေဝစန, ဗဟုဝစန ပဌမန္တ နှစ်ပါးတို့တွင် ကေဝစန ပဌမန္တ မည်၏။ လင်္ဂတ္ထ ပဌမာ စသော တဆယ့်တပါးတို့တွင် လိင်္ဂတ္ထပဌမာ မည်၏။ သုဒ္ဓလိင်္ဂတ္ထ, သံသဋ္ဌလိင်္ဂတ္ထ နှစ်ပါးတို့တွင် ဝါစ္စနှင့် ရောသောကြောင့် သံသဋ္ဌလိင်္ဂတ္ထ မည်၏။ ကတ္တတ္ထသံသဋ္ဌ စသော ဝါစ္စအားဖြင့် ရှစ်ပါးတို့တွင် ကတ္တားနှင့် ရောသောကြောင့် ကတ္တတ္ထသံသဋ္ဌလိင်္ဂတ္ထ မည်၏။ စယာသိတ အင်္ဂါတိတ နှစ်ပါးတို့တွင် အပေါင်းကို စွဲ၍ ကေဝုစ် အဆုံးရှိသောကြောင့် စယာသိတပုဒ် မည်၏။ ဒဗ္ဗ, ဂုဏ, ကြိယာ, စယာသိတ သုံးပါးတို့တွင် ဒြဗ်ကိုစွဲ၍ ကေဝုစ် အဆုံးရှိသောကြောင့် ဒဗ္ဗစယာသိတမည်၏။ ဒဗ္ဗ, ဂုဏ, ကြိယာ, နာမ, ဇာတိ စယာသိတ အားဖြင့် ငါးပါးတို့တွင် ဇာတ်ကိုစွဲ၍ ကေဝုစ် အဆုံးရှိသောကြောင့် ဇာတိ စယာသိတ မည်၏။ ကေက္ခရ, အနေကက္ခရ, အနေကပဒ အားဖြင့် သုံးပါး တို့တွင် များသော အက္ခရာရှိသောကြောင့် အနေကက္ခရပုဒ် မည်၏။ သရန္တ, ဗျဥ္ဇနန္တ အနေကက္ခရ နှစ်ပါးတို့တွင် သရန္တ, နေကက္ခရပုဒ် မည်၏။ သရာဒိ စသည်တွင်လည်း သရန္တာနေကက္ခရပုဒ် မည်၏။ သလိင်္ဂ, အလိင်္ဂ နှစ်ပါးတို့တွင် သလိင်္ဂပုဒ် မည်၏။ ဣတ္ထိ, ပုမ, နပုံသက သုံးပါးတို့တွင် ပုလ္လိင်္ဂပုဒ် မည်၏။ နာမ်, အာချာတ်, နိပါတ်, ဥပသာရ အားဖြင့် လေးပါး တို့တွင် "အတ္တေ နမတိ"။ပ။ နာမ်ပုဒ် မည်၏။ ကိရိယာနာမ် စသော လေးပါးတို့တွင် ဇာတ်ကို အကြောင်းပဝတ္တ နိမိတ်ပြု၍ ဒြဗ်ကို ဟောသောကြောင့် ဇာတိနာမ် မည်၏။ သာမညာ နာမ် စသော လေးပါး တို့တွင် ဇာတ်ကိုစွဲ၍ ဖြစ်သောကြောင့် သာမညနာမ် မည်၏။ အာဝတ္တိကနာမ် စသော လေးပါးတို့တွင် ကုသိုလ်, အကုသိုလ်, ဝိပါက်၏

http://www.dhammadownload.com



တည်ရာဟူသော အကြောင်းကို စွဲ၍ ဖြစ်သောကြောင့် နေမိတ္တကနာမ် မည်၏။ နာမ နာမ် စသော အားဖြင့် ငါးပါးတို့တွင် ပုလ္လိင်တည်း ဟူသော လိင်ဝိသေသနှင့် ယှဉ်၍ လောကတည်း ဟူသော အနက်ဝိသေသကို ဟော သောကြောင့် နာမနာမ် မည်၏။ ထိုနာမနာမ်သည် သုဒ္ဓနာမ် မည်၏။ ထိုသုဒ္ဓနာမ်သည်လည်း ရုဠ္ဟီသုဒ္ဓနာမ် စသော လေးပါးတို့တွင် ဓာတ်နှင့် ပစ္စည်းချဉ်း၍ ကိတ်ပြီးလသော် တည်ရာဟူသော ဝါကျအနက် အတွင်း ငုပ်သောကြောင့် ကိတ်သုဒ္ဓနာမ် မည်၏။ ထိုကိတ်သည်လည်း ကိတကိတ်, ကိစ္စကိတ်အားဖြင့် နှစ်ပါးတို့တွင် ကိတ်ပစ္စည်း အဆုံးရှိသောကြောင့် ကိတကိတ် မည်၏။ ကတ္တုသာဓနကိတကိတ် စသော အားဖြင့် ခုနစ်ပါး တို့တွင် အဓိကရဏသာဓနကိတကိတ် မည်၏။ သာမူဟိကနာမ် စသော ခြောက်ပါးတို့တွင် အပေါင်းကိုစွဲ၍ ဖြစ်သောကြောင့် သာမူဟိကနာမ် မည်၏။ နိပ္ဖန္နာ နိပ္ဖန္န အားဖြင့် နှစ်ပါးတို့တွင် နပ္ဖန္န မည်၏။ သမာသ်, တဒ္ဓိတ် ကိတ် အားဖြင့်သုံးပါး တို့တွင် ကိတနိပ္ဖန္န မည်၏။ အန္ဝတ္ထနာမ်,ရုဠ္ဟီ နာမ် နှစ်ပါးတို့တွင် ဝါကျအနက်သို့ အစဉ်လိုက်သော ကြောင့် အန္ဝတ္ထနာမ် မည်၏။ ဝါ- ဝါကျအနက် အားလျော်သော လောက တစ်ပါးရှိလျက် သတ္တလောက၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် ရုဠ္ဟီနာမ် မည်၏။ အတွင်, အတင်, အထင် သုံးပါးတို့တွင် အထင်ရုဠ္ဟီနာမ် မည်၏။ မနောဂဏ ပရိယာပန္န,မနောဂဏာဒိပရိယာပန္န, အမနောဂဏ ပရိယာပန္န အားဖြင့် သုံးပါးတို့တွင် နာ-ဝိဘတ်နှောင်းရာ၌ သာ-အဆုံးရှိ ခြင်း စသော လက္ခဏာနှင့်မယှဉ်သောကြောင့် အမနောဂဏ ပရိယာပန္န မည်၏။ အမနောဂိုဏ်း တဆယ့်တပါးတို့တွင် သော-ဟူသော သုတ်ဖြင့် သိ- ဝိဘတ်ကို ဩ-ပြု၍ ပြီးသောကြောင့် ပုရိသာဒိဂဏ ပရိယာပန္န မည်၏။

**ဆောင်ပုဒ်**

> ပုဒ်သျှာဒျန္တာ၊ ပဋ္ဌမာဧကေ၊ လိင်္ဂံသင်္ချိ၊ ကတ္တုတ်စယာ၊ ဒဗ္ဗာ
> ဓာတျ၊ နေကာသရန္တာ၊ လိင်္ဂါပုမံ နာမ်ဓာတ်ဓာတိ၊ နိမိတ်နာမ
> နာမ်၊ သုဒ္ဓံကိတ၊ ဓိကရဏာ၊ သာမူဟိက၊ နိပ္ဖန္နနှင့်၊ နွတ္ထရုဠှော၊
> အမနောတွင်၊ ဂဏောပုရိသာဒိတည်း။

http://www.dhammadownload.com


ပူဇယေတ - သဒ္ဒါသည် ပဇ္ဇတေ စသော ဝစနတ္တကြောင့် ပုဒ် မည်၏။ တျာဒျန္တပုဒ် မည်၏။ စယာသိတ, အင်္ဂသိတ နှစ်ပါးတို့တွင် အပေါင်းကိုစွဲ၍ ကေဝုစ် အဆုံးရှိသောကြောင့် စယာသိတပုဒ် မည်၏။ ဒဗ္ဗ, ဂုဏ, ကြိယာစယာသိတ အားဖြင့် သုံးပါးတို့တွင် ကြိယာကိုစွဲ၍ ဖြစ်သောကြောင့် ကြိယာစယာသိတပုဒ် မည်၏။ ကေက္ခရ စသော သုံးပါး တို့တွင် များစွာသော အက္ခရာ ရှိသောကြောင့် အနေကက္ခရပုဒ် မည်၏။ နာမ်, အာချာတ်, နိပါတ်, ဥပသာရ အားဖြင့် လေးပါးတို့တွင် ကြိယာကို ဟောသောကြောင့် အာချာတ်ပုဒ် မည်၏။ ဝတ္တမာန် စသော ဝိဘတ် ရှစ်သွယ် တို့တွင် ဝတ္တမာန် အဆုံးရှိသောကြောင့် ဝတ္တမာနန္တပုဒ် မည်၏။ ပရဿပုဒ်, အတ္တနောပုဒ် နှစ်ပါးတို့တွင် အတ္တနောပုဒ် အဆုံးရှိသောကြောင့် အတ္တနော ပဒန္တပုဒ် မည်၏။ ပဌမပုရိသ် စသော သုံးပါးတို့တွင် ပဌမပုရိသန္တပုဒ် မည်၏။ နာမယောဂ စသော သုံးပါးတို့တွင်နာမယောဂ မည်၏။ ပယုဇ္ဇ မာနနာမ်, အပယုဇ္ဇမာနနာမ် အားဖြင့် နှစ်ပါးတို့တွင် လောကော ဟူသော ပုဒ်နှင့် ယှဉ်သောကြောင့် ပယုဇ္ဇမာနနာမ် မည်၏။ ကေဝစနန္တ, ဗဟုဝစနန္တ နှစ်ပါးတို့တွင် ကေဝုစ် အဆုံးရှိသောကြောင့် ကေဝစနန္တပုဒ် မည်၏။ ကတ္တုဝါစက စသော သုံးပါးတို့တွင် ကတ္တားကို ဟောသောကြောင့် ကတ္တုဝါစက ပုဒ် မည်၏။ သဗ္ဗဓာတုက, အသဗ္ဗဓာတုက နှစ်ပါးတို့တွင်သဗ္ဗဓာတုကပုဒ် မည်၏။ သဗ္ဗဓာတ်လေးပါးတို့တွင် ဝတ္တမာန် ဝိဘတ်အဆုံးရှိသော ပုဒ် မည်၏။ သဝိကရဏ, အဝိကရဏ နှစ်ပါးတို့တွင် ဝိကရဏပစ္စည်း ရှိသော ကြောင့် သဝိကရဏပုဒ် မည်၏။ ဝိကရဏပစ္စည်းသက်ရာ ဘူဝါဒိဂိုဏ်း စသောအားဖြင့် ရှစ်ပါးတို့တွင် စုရာဒိဂဏပရိယာပန္နပုဒ် မည်၏။ ကေဂဏိက စသော ပုဒ်လေးပါးတို့တွင် ဒွိဂဏိကပုဒ် မည်၏။ ဒွိဂဏိကပုဒ် တဆယ့်တပါးတို့တွင် ဒိဝါဒိ စုရာဒိ ဒွိဂဏိကပုဒ် မည်၏။ သကာရိတ, အကာရိတ, နှစ်ပါးတို့တွင် ကာရိက်ပစ္စည်းရှိသောကြောင့် သကာရိတပုဒ် မည်၏။ ကောနေက ကာရိတပုဒ်တို့တွင် ကေကာရိတပုဒ် မည်၏။ ကေန္တကာရိက်, ကာရိတာဒေသကာရိက် အားဖြင့် နှစ်ပါးတို့တွင် ကာရိက်ကို ကဲ့သို့ ငဲ့သောကြောင့် ကာရိတာဒေသ ကာရိက်မည်၏။ သဝုဒ္ဓိက, အဝုဒ္ဓိက နှစ်ပါးတို့တွင်ဝုဒ္ဓိမပြုသောကြောင့် အဝုဒ္ဓိကကာရိက် မည်၏။

http://www.dhammadownload.com



ပစ္စုပ္ပန္နကာလ စသော သုံးပါးတို့တွင် ပစ္စုပ္ပန်ကာလနှင့် ယှဉ်သောကြောင့် ပစ္စုပ္ပန္နကာလိကပုဒ် မည်၏။ ကေ, ဒွိ, တိ ကာလိက ဝိဘတျန္တ ပုဒ်အားဖြင့် သုံးပါးတို့တွင် ကေကာလိကဝိဘတျန္တပုဒ် မည်၏။ သဂမာ နာဂမ ဝိဘတျန္တ ပုဒ်အားဖြင့် နှစ်ပါးတို့တွင် နာဂမဝိဘတျန္တပုဒ် မည်၏။ သလိင်, အလိင် နှစ်ပါးတို့တွင် လိင်ကြောင့် ရုပ် အထူးမရှိသောကြောင့် အလိင်မည်၏။ သပုဗ္ဗက, အပုဗ္ဗက နှစ်ပါးတို့တွင် အပုဗ္ဗက မည်၏။ သုပပဒ, အနုပပဒ နှစ်ပါးတို့တွင် အနုပပဒပုဒ်မည်၏။ သောပသဂ္ဂ, နောပသဂ္ဂ နှစ်ပါးတို့တွင် နောပသဂ္ဂပုဒ် မည်၏။ ဤသို့ စသည်ဖြင့် ပုဒ်ကို စိစစ်ခြင်း သည် ပဒဝိစယ မည်၏ ဟူလိုသောဝ်။

**ဆောင်ပုဒ်**

တျာဒိစယာ၊ ကြိယာနေက၊ သရန္တချာတာ၊ ဝတ္တမာနတ္တနော၊ ပဋ္ဌမောနာမ၊ ပယုဇ္ဇကေဝုစ်၊ ကတ္တာဗ္ဗာစက၊ သဗ္ဗဓာတွန်၊ ဝတ္တမာန်တိ၊ သဝိကရဏာ၊ စုရာဒိက၊ ဒွိဂဏတွင်၊ ဒိဝစုရာ့၊ သကာရိတေ၊ ကောဒေသ၊ အဝုဒ္ဓိမှန်၊ ပစ္စုန်ကေ၊ နာဂမနှင့်၊ အလိင်ပုဗ္ဗ၊ နုပပဒေါ၊ နောပသဂ္ဂ၊ ဤသို့စ၍၊ ပဒစိစစ်ရာသတည်း။

၂-ပုစ္ဆာဝိစယ ဟူသော်ကား-

"ယတ္ထ ယတ္ထ ပဒေသေဝ၊
ဒိဋ္ဌေ ဝိသဇ္ဇနေ သတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊
ပုစ္ဆာ တာဝ ဝိဘာဝိနာ။"

ဟူသော ပရိဘာသာ "အဖြေမြင်လျှင်၊ အတင်ထုတ်မြဲ၊ မလွဲတံထွာ မေ့တာ" ဟူသော ပရိဘာသာနှင့်အညီ- အဖြေကိုမြင်၍ အတင်ကို "ယံ လောကော ပူဇယတေတိ ကိမတ္ထမိဒမုစ္စတေ "ဟု ထုတ်အပ်၏။

http://www.dhammadownload.com



ထိုပါဠိ၏ အဓိပ္ပာယ်ကား– အရှင်မဟာကစ္စည်းဆရာ ဆရာကား အဘယ်ငှာ, အဘယ်အကျိုးငှာ, အဘယ်အကျိုးရှိ၍, အဘယ်အကျိုးရှိသောကြောင့် ဤ "ယံ လောကော ပူဇယတေ" ဟူသော ပုဒ်ကို ဆိုအပ်သနည်း ဟူလိုသောဝ်။

ထိုပုစ္ဆာသည် သိခြင်းငှာ အလိုရှိအပ်သော သာမည လက္ခဏာအားဖြင့် တပါးသာ၊ ဝိသေသလက္ခဏာအားဖြင့် အဒိဋ္ဌဇောတနာပုစ္ဆာ စသောအားဖြင့် ငါးပါးတို့တွင် မသိမမြင်သည်ကို ပြလို၍ မေးသည်ရှိသော် အဒိဋ္ဌဇောတနာပုစ္ဆာ မည်၏။ သိမြင်သည်ကို ပြလို၍ မေးသည်ရှိသော် ဒိဋ္ဌသံသန္ဒနာပုစ္ဆာ မည်၏။ ယုံမှားသင်္ကာကို ဖြေဖျောက်လို၍ မေးသည်ရှိသော် ဝိမတိစ္ဆေဒနပုစ္ဆာ မည်၏။ အရှင်မဟာကစ္စည်းဆရာ၏ အလိုကို စုံစမ်းလို၍ မေးသည်ရှိသော် အနုမတိပုစ္ဆာ မည်၏။ ဖြေလို၍ မေးသည်ရှိသော် ကထေတုကမျတာပုစ္ဆာ မည်၏။ သတ္တာဓိဋ္ဌာန, ဓမ္မာဓိဋ္ဌာန ပုစ္ဆာအားဖြင့် နှစ်ပါးတို့တွင် နာမပညတ္တိသဒ္ဒါ ဝစီဘေဒသဒ္ဒါလျှင် တည်ရာရှိသောကြောင့် ဓမ္မာဓိဋ္ဌာန ပုစ္ဆာမည်၏။ ဧကာဓိဋ္ဌာန, အနေကာဓိ ဋ္ဌာနအားဖြင့် နှစ်ပါးတို့တွင် တစ်ခုသော ဝါကျလျှင် တည်ရာရှိသောကြောင့် ဧကာဓိဋ္ဌာနပုစ္ဆာ မည်၏။ ဝါ– များစွာသော ပုဒ်လျှင် တည်ရာရှိသောကြောင့် အနေကာဓိဋ္ဌာနပုစ္ဆာ မည်၏။ သမ္မုတိဝိသယ, ပရမတ္ထဝိသယ ပုစ္ဆာအားဖြင့် နှစ်ပါးတို့တွင် နာမပညတ္တိသဒ္ဒါလျှင် အရာရှိသောကြောင့် သမ္မုတိဝိသယပုစ္ဆာမည်၏။ ဝါ– ဝစီဘေဒသဒ္ဒါသာလျှင် အရာရှိသောကြောင့် ပရမတ္ထဝိသယပုစ္ဆာ မည်၏။ အတီတဝိသယ, အနာဂတဝိသယ, ပစ္စုပ္ပန္နဝိသယပုစ္ဆာ အားဖြင့် သုံးပါးတို့တွင် ဆိုအပ်ပြီးသည်ကို မေးသောကြောင့် အတီတဝိသယပုစ္ဆာ မည်၏။ ဝါ– ပူဇယတေ ဟု ပစ္စုပ္ပန်ဖြင့် ဆိုအပ်သည်ကို မေးသောကြောင့် ပစ္စုပ္ပန္နဝိသယပုစ္ဆာ မည်၏။ ဧကံသဗျာ ကရဏီယ, ဝိဘဇ္ဇဗျာ ကရဏီယ, ပဋိပုစ္ဆာဗျာကရဏီယ, ဌပနီယဗျာကရဏီယ အားဖြင့် လေးပါးတို့တွင် စင်စစ်ဖြေအပ်သောကြောင့် ဧကံသဗျာကရဏီယ ပုစ္ဆာမည်၏။ ဝါ– ဝေဘန်၍ ဖြေအပ်သောကြောင့် ဝိဘဇ္ဇဗျာကရဏီယ မည်၏။ သာဝသေသ, နိရဝသေသပုစ္ဆာ အားဖြင့် နှစ်ပါးတို့တွင် တဝါကျကိုသာ မေး၍ အကြွင်းရှိသေးသောကြောင့် သာဝသေသပုစ္ဆာ မည်၏။

http://www.dhammadownload.com



ဝါ-ု တဝါကျလုံးကို မေး၍ အကြွင်းမရှိသောကြောင့် နိရဝသေသပုစ္ဆာ မည်၏။ သဥတ္တရ အနုတ္တရပုစ္ဆာ အားဖြင့် နှစ်ပါးတို့တွင် အလွန်အမြတ်ရှိသော လောကီတရားကို မေးသောကြောင့် သဥတ္တရပုစ္ဆာ မည်၏။ လောကိယ, လောကုတ္တရ ပုစ္ဆာအားဖြင့် နှစ်ပါးတို့တွင် လောကီတရားကို မေးသောကြောင့် လောကိယပုစ္ဆာ မည်၏။ ပုရေပဉှာ, ပစ္ဆာပဉှာ, ပရိပုဏ္ဏပဉှာ, မောဃပဉှာ အားဖြင့် လေးပါးတို့တွင် ရှေးဦးစွာသော ဝါကျကို မေးခြင်းတည်းဟူသော အမြွက်အားဖြင့်ပုရေပဉှာ မည်၏။ အပြည့်အစုံ မေးခြင်းတည်းဟူသော အမြွက်အားဖြင့် ပရိပုဏ္ဏပဉှာ လည်း မည်၏။ ဝါ- အနုသန္ဓိ, အနနုသန္ဓိ ပုစ္ဆာအားဖြင့် နှစ်ပါးတို့တွင် မေးရင်းပုစ္ဆာကို ဖြေသောစကားနှင့် စပ်၍ မေးသည်ကား အနုသန္ဓိပုစ္ဆာ မည်၏။ ဤဒွိကား မိမိစိရင်မြဲ အတိုင်း မေးသောကြောင့် အနနုသန္ဓိ ပုစ္ဆာမည်၏။ ဤသို့လျှင် အဒိဋ္ဌဇောတနာ အစရှိသဖြင့် ပုစ္ဆာကို စိစစ်ခြင်းသည် ပုစ္ဆာဝိစယ မည်၏ ဟူလိုသောဝ်။

**ဆောင်ပုဒ်**

အဒိဋ္ဌသတ္တာ၊ ကောသမ္မု၊ လွန်မှု တီတံ၊ ဇကံသနှင့်၊
သာဝ ဥတ္တရာ၊ လောကိယာ ပုရေ၊ စိစစ်ဖွေ၍၊ ခွဲလေ သန္ဓိ
ပုစ္ဆာတည်း။

၃-**ဝိသဇ္ဇနာဝိစယ** ဟူသော်ကား

"ယထာ ယထာ ပဒေပုဋ္ဌေ
တထာ တထာ ဝိသဇ္ဇယေ"

ဟူသော ပရိဘာသာ၊ "အရေးထွက်လျှင် စေထိုက်သည်၊ အမေးခက်လျှင် ဖြေလိုက်မည်" ဟူသော ပရိဘာသာနှင့် အညီ- အကြင် အကြင်သို့သော အခြင်းအရာဖြင့် ပုဒ်ကို မေးအပ်သည်ရှိသော် ထိုထိုအခြင်းအရာဖြင့် ဖြေရာသောကြောင့် "ရတနတ္တယ ပူဇနတ္ထံ ဣဒံ ဝစနမုစ္စတေ "ဟူသော အဖြေကို ဆိုအပ်၏။

http://www.dhammadownload.com



ထိုပါဌ်၏ အဓိပ္ပာယ်ကား- ပုစ္ဆာအရာ တတ်လိမ္မာသော အို- စောဒကဆရာ --- ငါကား ရတနာတို့၏ သုံးပါးတို့၏ အပေါင်းအား ပူဇော်ခြင်းငှာ, ပူဇော်ခြင်းအကျိုးငှာ, ပူဇော်ခြင်း အကျိုးရှိ၍ ပူဇော်ခြင်း အကျိုးရှိသော ဤ "ယံ လောကော ပူဇယတေ" ဟူသော သုတ်ပုဒ်ကို ဆိုအပ်၏ ဟူလိုသောဝ်။

ထို ဝိသဇ္ဇနာသည်ဉ် အမေးကို ဖြေခြင်းတည်းဟူသော သာမည။ပ။ ခွဲသည်ရှိသော် မသိမမြင်၍ မေးသည်ကို ဖြေသောကြောင့် အဒိဋ္ဌဇောတနာ ဝိသဇ္ဇနာ မည်၏။ နှီးနှောလို၍ မေးသည်ကို ဖြေသောကြောင့်ဒိဋ္ဌသံသန္ဒနာ ဝိသဇ္ဇနာ မည်၏။ ယုံမှားကို ဖျောက်ခြင်းငှာ မေးသည်ကို ဖြေသောကြောင့် ဝိမတိ။ပ။မည်၏။ အလိုအားလျော်စွာ ဖြေသောကြောင့် အနုမတိ။ပ။ မည်၏။ မိမိမေး၍ မိမိဖြေသောကြောင့် ကထေတု။ ပ။ မည်၏။ ပညတ္တိ ပရမတ္ထ တရားတည်းဟူသော တည်ရာအားဖြင့် ဖြေသောကြောင့် ဓမ္မာဓိဋ္ဌာနဝိသဇ္ဇနာ မည်၏။ တဝါကျတည်းဖြင့် ဖြေသောကြောင့် ဧကာဓိဋ္ဌာနဝိသဇ္ဇနာ မည်၏။ ရတနာသုံးပါးတည်းဟူသော တည်ရာအားဖြင့် ဖြေသောကြောင့် အနေကာ။ပ။ မည်၏။ ရတနာသုံးပါးတည်း ဟူသော ပညတ်လျှင် အရာရှိသောအားဖြင့် ဖြေသောကြောင့်သမ္မုတိ။ပ။ မည်၏။ ရတနာသုံးပါးအား ပူဇော်ခြင်းတည်း ဟူသော ပရမတ္ထတရားလျှင် အရာရှိသောအားဖြင့် ဖြေအပ်သောကြောင့် ပရမတ္ထ။ပ။ မည်၏။ ပစ္စုပ္ပန်ဖြင့် မေး၍ ပစ္စုပ္ပန်ဖြင့် ဖြေသောကြောင့် ပစ္စုပ္ပန္နဝိသယဝိသဇ္ဇနာ မည်၏။ စင်စစ်အားဖြင့် ဖြေသောကြောင့် ဧကံသဗျာကရဏီ။ပ။မည်၏။ ဝါ-ဝေဘန်၍ ဖြေသောကြောင့် ဝိဘဇ္ဇ။ပ။မည်၏။ အကြွင်းမဲ့ဖြေသောကြောင့် နိရဝ။ပ။မည်၏။ အလွန်အကဲရှိသော လောကီတရားကို ဖြေသောကြောင့် သဥတ္တရဝိသဇ္ဇနာ မည်၏။ လောကီတရားကို ဖြေသောကြောင့် လောကိယဝိသဇ္ဇနာ မည်၏။ ပြည့်စုံစွာ ဖြေခြင်းတည်းဟူသော အမြွက်အားဖြင့် ပရိပုဏ္ဏဝိသဇ္ဇနာ မည်၏။ ပါဋိဂတိ, ပဋိဝစန, သရူပဒဿန, ပဋိကမ္မပ, ပဋိသေဓ, ဝိသဇ္ဇနာ အားဖြင့် ငါးပါးတို့တွင် ပုစ္ဆာအစဉ်နှင့် အလားတူ ဖြေခြင်း၊ အမြွက်အားဖြင့် ပါဋိဂတိဝိသဇ္ဇနာ မည်၏။ စကားတုံ့ ပေး၍ ဖြေခြင်း တည်းဟူသော အမြွက်အားဖြင့် ပဋိဝစန ။ပ။ မည်၏။

http://www.dhammadownload.com


သရုပ်ကိုပြ၍ ဖြေခြင်း အမြွက်အားဖြင့် သရူပဒဿန ဝိသဇ္ဇနာ မည်၏။ ဝိရောဓ, အဝိရောဓ, အဘျူပဂမအားဖြင့် သုံးပါးတို့တွင် မဆန့်ကျင်သော အားဖြင့် ဖြေသောကြောင့် အဝိရောဓ။ပ။မည်၏။ ရှေးရှုကပ်၍ သိစေခြင်း ၎ာ ဖြေသောကြောင့် အဘျူပဂမဝိသဇ္ဇနာ မည်၏။ ဤသို့ အဖြေကို စိစစ်ခြင်းသည် ဝိသဇ္ဇနာဝိစယ မည်၏ ဟူလိုသောဝ်။

**၄-ပုဗ္ဗာပရဝိစယ ဟူသော်ကား-**

အဘယ်၎ာ, အဘယ်အကျိုး၎ာ ဟူသော သမ္ဗဒါန်၊ အဘယ်အကျိုး ရှိ၍ ဟူသော ဟိတ်ဖြင့် မေးသည်ကို ပုစ္ဆာခြင်း၎ာ ပုစ္ဆာခြင်း အကျိုး၎ာ ဟူသော သမ္ဗဒါန်၊ ပုစ္ဆာခြင်းအကျိုးရှိ၍ ဟူသော ဟိတ်ဖြင့် ဖြေသော ကြောင့် ရှေ့ဖြစ်သော ပုစ္ဆာနှင့် နောက်ဖြစ်သောဝိသဇ္ဇနာသည် ညီညွတ် နိုးနှောကြ၏။ ဝါ- အနိယမနိဒ္ဒေသဖြစ်သော ယံ- ကား ရှေ့ပုဒ်တည်း၊ နိယမ နိဒ္ဒေသဖြစ်သော တဿ-ကား နောက်ပုဒ်တည်း။ပယောဂဝစ္စသဗ္ဗ နာမ်ဖြစ်သော ယံ-ကား ရှေ့ပုဒ်တည်း။ ပယောဂဖြစ်သော နရဝရံ သာသနာ ဝရံတို့ကား နောက်ပုဒ်တည်း။ ကတ္တုနိဒ္ဒေသ ဖြစ်သော လောကော-ကား ရှေ့ပုဒ်တည်း။ ကြိယာနိဒ္ဒေသ ဖြစ်သော ပူဇယတေ-ကား နောက်ပုဒ် တည်း။ လောကော- ဟူသော ဝုတ္တာဘိဟိတကထိက သယံကတ္တား, သုဒ္ဓ ပကတိပဌာန ဓာတ်ကတ္တားကား ရှေ့ပုဒ်တည်း။ ပူဇယတေ-ဟူသော ကတ္တိကား နောက်ပုဒ်တည်း။လောကော- ဟူသော ကာရကကြိယာဝန် ကား ရှေ့ပုဒ်တည်း။ ပူဇယတေ-ဟူသော ကြိယာကား နောက်ပုဒ်တည်း။ လောကော-ဟူသော နိပ္ဖါဒကသာဓနကား ရှေ့ပုဒ်တည်း၊ ပူဇယတေ- ဟူသော နိပ္ဖါဒေတဗ္ဗသာဓျကား နောက်ပုဒ်တည်း။ လောကော- ဟူသော ဂုဏ်, သတ္တိမာန်, တုလျတ်ကား ရှေ့ပုဒ်တည်း၊ ပူဇယတေ ဟူသော ဂုဏ်, သတ္တိ, လိင်္ဂတ်ကား နောက်ပုဒ်တည်း၊ လောကော- ဟူသောဝါစာဘာဝိ ကား ရှေ့ပုဒ်တည်း၊ ပူဇယတေ-ဟူသော ဝါစကဘာဝကား နောက်ပုဒ် တည်း။ လောကော- ဟူသော ဤပ်ဟာဝတ္ထု, ဓေဋ္ဌကဝတ္ထု ဗျာပရ ဝတ္ထုကား ရှေ့ပုဒ်တည်း၊ ပူဇယတေ-ဟူသော ဤပ်ဟာ, ဓေဋ္ဌက ကာရက ဗျာပါရကား

http://www.dhammadownload.com



နောက်ပုဒ်တည်း။ ဤသို့ ရှေ့နောက်ကို စိစစ်ခြင်းသည် ပုဗ္ဗာပရဝိစယ မည်၏ဟူလိုသော်။

## ဆောင်ပုဒ်

ဝုတ္တာဘိဟိ၊ ကထိသယံ၊ သုဒ္ဓံပကတိ၊ ထိုပြီ ပဋ္ဌာန၊ ဓာတ်မှတခြား၊
ကတ္တားကာရက၊ ဝန္တနိဗ္ဗာ၊ သာဓနာဂုဏီ၊ သတ္တိ တုလျ၊
ဝါစ္စဘာဝီ၊ ဤဟာဓေဋ္ဌက၊ ဗျာပါရ၊ ဝန္တ ပုဒ်ယှဉ်စေ။

၅–**အနုဂီတိဝိစယ** ဟူသော်ကား–

ဤ "ယံ လောကော ပူဇယတေ" ဟူသော သုတ်ပုဒ်သည်–

"ပူဇာရဟော ပူဇယတေ၊
ဗုဒ္ဓေ ဝါ ယဒိ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊
တိဏ္ဏသောက ပရိဒ္ဒဝေ။"

ဟူသော သုတ်တပါးနှင့် လျော်စွာဆိုအပ်သောကြောင့် လည်းကောင်း၊ လောကပါလ နှင့်တကွသော လောကသည် ပူဇော်သည်နှင့် လျော်စွာ ဆိုအပ်သောကြောင့်လည်းကောင်း "အနုရူပါ ဂီတိ အနုဂီတိ" ဟူသည်နှင့် အညီ– အနုဂီတိ မည်၏။ ဝါ– စိတ်တော်ဖြင့် မှတ်သား ပိုင်းခြားပြီးမှ ဆိုအပ်သောကြောင့် " အနုပစ္ဆာ ဂီတိ အနုဂီတိ " ဟူသည်နှင့်အညီ အနုဂီတိ မည်၏။ ထို အနုဂီတိဟူသော အမည်သည် သင်္ဂဟဂါထာ၏ အမည်တည်း။ ဤ " ယံ လောကော " စသော ဂါထာသည်လည်း သင်္ဂဟဝါရ၌ အတွင်း ဝင်သောကြောင့် သင်္ဂဟ ဂါထာ မည်၏။ ထို သင်္ဂဟမည်သော အနုဂီတိ သည် ဝုတ္တတ္ထသင်္ဂဟ, အဝုတ္တတ္ထသင်္ဂဟ, ဥဘယတ္ထသင်္ဂဟ အားဖြင့် သုံးပါး ။၏။ တွင် ကာလတ္တယဝါစက ဖြစ်သော သဒ္ဒါ– ဟူသော သဒ္ဒန္တရိက် နှင့် အညီ လောကပါလနှင့် တကွသော လောကသည် ပူဇော်ပြီးသော အနက်ကို ရည်၍ ဆိုအပ်သောကြောင့် ဝုတ္တတ္ထသင်္ဂဟ မည်၏။ ပူဇော်လတ္တံ့သော

http://www.dhammadownload.com


အနက်ကိုရည်၍ ဆိုအပ်သောကြောင့် အဝုတ္တတ္ထ။ပ။ မည်၏။ နှစ်ပါးစုံ ဟူသော အနက်အားဖြင့် တဒုဘယတ္ထ။ပ။ မည်၏။ ဤသို့ စသည်ဖြင့် စိစစ်ခြင်းသည် အနုဂီတိဝိစယ မည်၏ ဟူလိုသောဝ်။

**၆–အဿာဒဝိစယ** ဟူသော်ကား–

အဿာဒ–သည် သုခ သောမနဿ ဣဋ္ဌာရုံ, တဏှာဝိပလ္လာသ အားဖြင့် နှစ်ပါး။၏။ တွင် လောကော–၏ အရဖြစ်သော လောက–သည် ဝေါဟာရအားဖြင့် သတ္တပညတ်၊ ပရမတ္ထ အားဖြင့် ခန္ဓာငါးပါးတည်း။ ထိုတွင် ဝေဒနာက္ခန္ဓာသည် ဣန္ဒြိယဘေဒအားဖြင့် သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေဟူ၍ငါးပါး ။၏။ တွင် သုခိန္ဒြေသည် စိတ္တုပ္ပါဒ်, ဘုံ, အာရုံ, ဝတ္ထု, ဒွါရ, ကိစ္စ, ဌာန, ဇာတ်, ဣန္ဒြေအားဖြင့် တစ်ပါးသာတည်း။ သောမနဿိန္ဒြေသည် စိတ္တုပ္ပါဒ် အားဖြင့် ခြောက်ဆယ့် နှစ်ပါး အပြားရှိ၏။ ထိုခြောက်ဆယ့်နှစ်ပါးသော သုခသောမနဿကို ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သော အားဖြင့် ရအပ်၏။ ခန္ဓာငါးပါး၌ အကျုံး ဝင်သော တေဘူမကသင်္ခါရသည် သဘာဝအားဖြင့် လည်းကောင်း, ပရိကပ္ပအားဖြင့် လည်းကောင်း ဣဋ္ဌာရုံ မည်၏။ ထို ဣဋ္ဌာရုံကို ခန္ဓာငါးပါး၌ အကျုံးဝင်သောအားဖြင့် ရအပ်၏။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင် သော တဏှာသည် စိတ္တုပ္ပါဒ်အားဖြင့် ရှစ်ပါး, ဒုစရိုက်အားဖြင့် တရား ရှစ်ပါး အပြားရှိ၏။ ဝိပလ္လာသလည်း သညာဝိပလ္လာသ စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသအားဖြင့် သုံးပါး။၏ ။တွင် သညာဝိပလ္လာ, စိတ္တဝိပလ္လာသ သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်အားဖြင့် လေးပါး အပြားရှိ၏။ ဒိဋ္ဌိ ဝိပလ္လာသသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်အားဖြင့် လေးပါး၊ ဆယ်ပါး သော ဒိဋ္ဌိဝတ္ထု၊ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိ၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ အားဖြင့် များသော အပြားရှိ၏။ ထို ဝိပလ္လာသကို သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၌ အကျုံး ဝင်သောကြောင့် လောကော–ဟူ သော ပုဒ်၌ ရအပ်၏။ ဤသို့ လောကော– ဟူသောပုဒ်၌ ရအပ်သော အဿာဒကို စိစစ်ခြင်းသည် အဿာဒဝိစယ မည်၏ ဟူလိုသောဝ်။

http://www.dhammadownload.com



## ၇-အာဒီနဝ ဟူသော်ကား-

ဒုက္ခ, ဒေါမနဿဝေဒနာ, ဒုက္ခတာ သုံးပါး၊ တေဘူမကသင်္ခါရ အားဖြင့် သုံးပါး။၎။တွင် ဒုက္ခဝေဒနာသည် စိတ္တုပ္ပါဒ်, ဘုံ, အာရုံ, ဝတ္ထု, ဒွါရ, ကိစ္စ, ဌာန, ဇာတ်, ဣန္ဒြေအားဖြင့် တပါးသာ။ ဒေါမနဿဝေဒနာ သည် စိတ္တုပ္ပါဒ်အားဖြင့် နှစ်ပါး၊ အာရုံအားဖြင့် ခြောက်ပါး၊ ဘုံ, ဝတ္ထု, ဒွါရ, ကိစ္စ, ဌာန, ဇာတ်, ဣန္ဒြေ အားဖြင့် တပါးသာတည်း။ ဒုက္ခတာသည် ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ အားဖြင့် သုံးပါး။၎။တွင် ဒုက္ခ, ဒေါမနဿဝေဒနာ သည် ဒုက္ခဒုက္ခမည်၏။ သုခဝေဒနာ ခြောက်ဆယ့်သုံးခု သည် ဝိပရိဏာမဒုက္ခ မည်၏။ ဥပေက္ခာဝေဒနာ ငါးဆယ့်ငါးခုသည်၄င်း, တေဘူမကသင်္ခါရသည်၄င်း သင်္ခါရဒုက္ခမည်၏။ ထိုသို့ ဒုက္ခတ္တအားဖြင့် ရအပ်သော အာဒီနဝ၊ ထပနတ္တအားဖြင့် ရအပ်သော အာဒီနဝကို ခမ္ဘာငါးပါး၌ အကျုံးဝင်သောကြောင့် လောကော-ဟူသော ပုဒ်၌ ရအပ်၏။ ဤသို့ လောကော ဟူသောပုဒ်၌ ရအပ်သော အာဒီနဝကို စိစစ်ခြင်းသည် အာဒီနဝဝိစယမည်၏ ဟူလိုသောဝ်။

## ၈-နိဿရဏ ဟူသော်ကား-

မဂ်, နိဗ္ဗာန် အားဖြင့် နှစ်ပါး။၎။တွင် မဂ်သည် ထွက်မြောက် ကြောင်း ဖြစ်သော အနက်အားဖြင့် တစ်ပါးသာတည်း။ သဒ္ဓါစရ, ပညာစရ အားဖြင့် နှစ်ပါး၊ သုညတမဂ်, အနိမိတ္တမဂ်, အပ္ပဏိဟိတမဂ် အားဖြင့် သုံးပါး၊ သောတာပတ္တိမဂ် စသောအားဖြင့် လေးပါး၊ ဈာန်ငါးပါးနှင့် ယှဉ်သော မဂ်အားဖြင့် ငါးပါး၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသောအားဖြင့် ခုနစ်ပါး၊ မဂ္ဂင်အားဖြင့် ရှစ်ပါး၊ ဆန္ဒ, စိတ္တ စသောအားဖြင့် တဆယ့်လေးပါး၊ ကာယာနုပဿနာသတိပဋ္ဌာန် စသောအားဖြင့် သုံးဆယ့်ခုနစ်ပါး၊ နယ သဟဿ စသောအားဖြင့် များသောအပြားရှိ၏။ နိဗ္ဗာန်သည် သဘော အားဖြင့် တပါးသာတည်း။ ကာရဏပရိယာယ အားဖြင့် သောပါဒိသေသ. နိရုပါဒိသေသ ဟူ၍ နှစ်ပါး၊ အာကာရဘေဒ အားဖြင့် သုညတ,

http://www.dhammadownload.com



အနိမိတ္တ, အပ္ပဏိဟိတ ဟူ၍ သုံးပါး၊ မောက္ခ, နိရောဓ စသော အဘိဓာန်နည်းအားဖြင့် လေးဆယ့်ခုနစ်ပါး၊ သတိပဋ္ဌာန်ဒေသနာတော်နည်းအားဖြင့် ဒွါရ ခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ် ခြောက်ပါး၊ ဖဿ ခြောက်ပါး၊ ဝေဒနာ ခြောက်ပါး၊ သညာ ခြောက်ပါး၊ စေတနာ ခြောက်ပါး၊ တဏှာ ခြောက်ပါး၊ ဝိတက်ခြောက်ပါး၊ ဝိစာရ ခြောက်ပါး၌ ချုပ်ခြင်းအားဖြင့် ခြောက်ဆယ်အပြားရှိ၏။ ပဋိသမ္ဘိဒါမဂ် ဒေသနာတော် နည်း အားဖြင့် ကာယဒွါရမှ ထွက်ခြင်း စသော အားဖြင့် တရာ့ကိုးဆယ့် ရှစ်ပါး အပြားရှိ၏။ ဤနှစ်ပါးသော နိဿရဏကို ပူဇော်သော အခြင်းအရာ အားဖြင့် ဖြစ်သောကြောင့် "ပူဇယတေ" ဟူသော ပုဒ်၌ ရအပ်၏။ ဤသို့ နိဿရဏကို ။ပ။ သောဝ်။

၉-ဖလ ဟူသော်ကား-

မုချဖလ, ပရမ္ပရဖလ အားဖြင့် နှစ်ပါး။၏။တွင် မုချဖလသည် သုတမယဉာဏ် အတ္ထဝေဒ, ဓမ္မဝေဒ, ဆဗ္ဗိသုဒ္ဓိ အားဖြင့် ကိုးပါး။၏။ တွင် ပရမ္ပရဖလသည် ဘဝသမ္ပတ္တိ စသောအားဖြင့် များသော အပြားရှိ၏။ ထို နှစ်ပါးစုံသော ဖလကို ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် "ပူဇယတေ" ဟူသော ပုဒ်၌ ရအပ်၏။ ဤသို့ ဖလကို။ပ။သောဝ်။

၁၀-ဥပါယ ဟူသော်ကား-

အရိယမဂ်၏ နီးစွာသော အကြောင်းဖြစ်သော ပုဗ္ဗဘာဂပဋိပဒါ တည်းဟူသော ဥပါယ, ထို ဆိုအပ်ခဲ့ပြီးသော ဘဝသမ္ပတ္တိ စသောအကျိုးကို ရခြင်း၏ အကြောင်းဖြစ်သော ဥပါယအားဖြင့် နှစ်ပါး။၏။ ထိုနှစ်ပါးစုံသော ဥပါယကိုပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့် "ပူဇယတေ" ဟူသော ပုဒ်၌ ရအပ်၏။ ဤသို့ ဥပါယကို ။ပ။ သောဝ်။

http://www.dhammadownload.com



## ၁၁-အာဏတ္တိ ဟူသော်ကား-

စေခိုင်း တိုက်တွန်းခြင်း အားဖြင့် တပါးသာတည်း။ လူ, နတ်, ဗြဟ္မာတို့၏ စေခိုင်းတိုက်တွန်းခြင်း အားဖြင့် သုံးပါး။၏။တွင် ဤအရာ၌ လူ၏ စေခိုင်း တိုက်တွန်းခြင်းကိုရအပ်၏။ အာဂါရိယလူ, အနာဂါရိယလူ အားဖြင့် နှစ်ပါးတို့တွင် အနာဂါရိယလူ၏ စေခိုင်း တိုက်တွန်းခြင်းကိုအပ်၏။ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကအားဖြင့် အနာဂါရိယ သုံးပါး တို့တွင် သာဝကအနာဂါရိယ၏ စေခိုင်း တိုက်တွန်းခြင်းကို ရအပ်၏။ ဘိက္ခုသာဝက, ဥပါသကသာဝက နှစ်ပါးတို့တွင် ဘိက္ခုသာဝက ။၏။ အရိယာ, နရိယာဘိက္ခုသာဝက နှစ်ပါးတို့တွင် အရိယဘိက္ခုသာဝက။၏။ ပုထုဇ္ဇန, သေခ သေခ ဘိက္ခုသာဝက သုံးပါးတို့တွင် အသေခဘိက္ခုသာဝက။၏။ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက သုံးပါးတို့တွင် မဟာသာဝက ။၏။ သေတဒဂ္ဂ, နေတဒဂ္ဂ မဟာသာဝက နှစ်ပါးတို့တွင် သေတဒဂ္ဂမဟာသာဝက ။၏။ ဇေဋ္ဌာနာ နေဇေဋ္ဌာနာတေဒဂ္ဂ နှစ်ပါးတို့တွင် ဇေဋ္ဌာနသေတဒဂ္ဂမဟာသာဝက ။၏။ ဇေဋ္ဌာနသေတဒဂ္ဂ သုံးကျိပ်ကိုးပါးတွင် အရှင်မဟာကဿပထေရ်၏ စေခိုင်း တိုက်တွန်းခြင်းကို ရအပ်၏။ အရှင်မဟာကဿပထေရ်၏ စေခိုင်းခြင်းသည် ကြဉ်စိမ့်သောငှါ စေခိုင်းတိုက်တွန်းခြင်း, ကျင့်စိမ့်သောငှါ၊စေခိုင်း တိုက်တွန်းခြင်းအားဖြင့် နှစ်ပါး ။၏။တွင် ကျင့်စိမ့်သောငှါ စေခိုင်း တိုက်တွန်းခြင်းကို ရအပ်၏။ ကျင့်စိမ့်သောငှါ စေခိုင်း တိုက်တွန်းခြင်းသည်လည်း "ဒါနံ ဒေထ, သီလံ ရက္ခထ" စသော အခြင်းအရာ, စေခိုင်းအပ်သော လူနတ် ဗြဟ္မာ စသော အားဖြင့် များသော အပြားရှိ၏။ ဤသို့ များစွာသော အာဏတ္တိကို ပူဇော်စိမ့်သောငှါ စေခိုင်းသော အခြင်းအရာ အားဖြင့် ဖြစ်သောကြောင့် ပူဇယတေ ဟူသော ပုဒ်၌ ရအပ်၏။ ဤသို့ အာဏတ္တိကို ။ပ။ အာဏတ္တိဝိစယ မည်၏။ ဤသို့ ပဒ စသောတဆယ့် တပါးကို စိစစ်ခြင်းသည် ဝိစယဟာရ မည်၏ ဟူလိုသောဝ်။

ဝိစယဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



ယုတ္တိဟာရ ဟူသော်ကား-

"ယုတ္တာယုတ္တိ ဝိစာရဏာ ဧတေနာတိ ယုတ္တိ" ဟူသော ဝစနတ္ထနှင့်အညီ-သဒ္ဒါ,အနက် အားဖြင့် သင့်-မသင့်ကို စိစစ်ကြောင်းဖြစ်သောကြောင့် ယုတ္တိဟာရ မည်၏။ ။အဘယ်သို့ စိစစ်သနည်း ဟူမူကား- ဤ " ယံ လောကော ပူဇယတေ" ဟူသော ပုဒ်သည် မာဂဓဘာသာ-သဘာဝနိရုတ္တိဖြစ်၍ သဒ္ဒါအားဖြင့် သင့်၏။ ဗုဒ္ဓါပဒေသ, သံဃာပဒေသ, သမ္ဗဟုလာထေရာပဒေသ, ဧကာထေရာပဒေသ ဟူသော မဟာပဒေသ လေးပါး၊ သစ္စာလေးပါးကို ဟောသောသုတ်၊ ရာဂဝိနယ စသော ဝိနည်း၊ ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဓမ္မတာ ဤလေးပါးနှင့် မဆန့်ကျင်သောကြောင့် အနက်အားဖြင့် သင့်၏။ ဝါ - ယံ - သဒ္ဒါကို သျာဒျန္တပုဒ်ယူသော် သင့်၏၊ တျာဒျန္တပုဒ် ယူသော် မသင့်။ ဒုတိယန္တ ယူသော် သင့်၏၊ ပဌမန္တ ယူသော် မသင့်။ ဧကဝစန ဒုတိယန္တယူသော်သင့်၏၊ ဗဟုဝစန ဒုတိယန္တယူသော် မသင့်။ ( ဤသို့ စသည်ဖြင့် ပဒဝိစယအတိုင်းစစ်လေ။) ယံ - သဒ္ဒါ၏အနက်ကို အနိယမတ္ထ ယူသော် သင့်၏၊ နိယမတ္ထ ယူသော် မသင့်။ အသတ္တပဓာန ယူသော် သင့်၏။ သတ္တပဓာန ယူသော် မသင့်။ ဒုတိယာဝိဘတ်၏အနက်ကို ကမ္မတ္ထ ယူသော် သင့်၏။ ကတ္တတ္ထ စသည် ယူသော် မသင့်။ အဝုတ္တကံ ယူသော် သင့်၏။ ဝုတ္တကံ ယူသော် မသင့်။ အနဘိ ဟိတကံ ယူသော် သင့်၏၊ အဘိဟိတကံ အကထိတကံ ယူသော် သင့်၏။ ကထိကကံ ယူသော် မသင့်။ ပတ္တိကံ ယူသော် သင့်၏၊ နိပ္ဖတ္တိကံ, ဝိကတိကံ ယူသော်မသင့်။ ကာယ သမ္ပတ္တိကံ ယူသော် သင့်၏၊ စိတ္တသမ္ပတ္တိကံလည်း သင့်၏။ ပကတိကံ ယူသော် သင့်၏၊ ဝိကတိကံ ယူသော် မသင့်။ ဓာတ်ကံ ယူသော် သင့်၏၊ ကာရိုက်ကံ ယူသော် မသင့်။ ဣစ္ဆိတကံ ယူသော် သင့်၏၊ အနိစ္ဆိတကံ ယူသော် မသင့်။

http://www.dhammadownload.com


"ဝိသေသနပဒါနဉ္စ ပဌမံ ကြိယာပဒေန သမ္ဗန္ဓံ ကတွာ ပစ္ဆာ ဝိသေသိတဗ္ဗပဒေဟိ သမ္ဗန္ဓော ကာတဗ္ဗော၊ ဧဝဥ္ဟိ ဥပယောဂ ဝစနံ"–

ဟူသည်နှင့်အညီ– ပဌမာဘိသမ္ဗန္ဓဖြစ်၍ ပဌာနကံ ယူသော် သင့်၏၊ အပဋ္ဌာနပုဒ်ဖြစ်၍ အပဋ္ဌာနကံလည်း သင့်၏။

## ဆောင်ပုဒ်

အနုတ္တာနတ်၊ အကထိ ပတ္တာ၊ ကာယ ပကတိ၊ ဓာတိစ္စိတ၊ ပဋ္ဌာန၊ ကမ္မ အသင့်တည်း။

လောက– သဒ္ဒါကို သျှာဒျုန္တပုဒ် ယူသော် သင့်၏၊ တျှာဒျုန္တ ယူသော် မသင့်။ ပဌမန္တ ယူသော်သင့်၏၊ ဒုတိယန္တ ယူသော် မသင့်။ ဧကဝစန ပဌမန္တ ယူသော် သင့်၏၊ ဗဟုဝစန ပဌမန္တ ယူသော် မသင့်။ (ဤသို့ စသည်ဖြင့် ပဒဝိစယအတိုင်း စစ်လေ။) လောက– သဒ္ဒါ၏ အနက်ကို သတ္တပဓာန ယူသော် သင့်၏၊ အသတ္တပဓာန ယူသော် မသင့်။ သတ္တလောက ယူသော် သင့်၏၊ သင်္ခါရလောက,ဩကာသလောက ယူသော် မသင့်။ ခန္ဓာငါးပါး ယူသော် သင့်၏၊ ဣတ္ထိ, ပုရိသ ယူသော် မသင့်။ ပူဇော်သော လောကယူသော် သင့်၏၊ မပူဇော်သော လောကယူသော် မသင့်။ ပဌမာဝိဘတ်၏အနက်ကို လိင်္ဂတ္ထ ယူသော် သင့်၏၊ ဟေတွတ္ထ စသည် ယူသော် မသင့်။ သံသဋ္ဌလိင်္ဂတ္ထ ယူသော် သင့်၏ ၊သုဒ္ဓ။ပ။မသင့်။ ကတ္တုသံသဋ္ဌ ယူသော် သင့်၏၊ ကမ္မသံသဋ္ဌ စသည် ယူသော် မသင့်။ ဝုတ္တကတ္တား ယူသော် သင့်၏၊ အဝုတ္တကတ္တား ယူသော် မသင့်။ အဘိဟိတကတ္တား ယူသော် သင့်၏၊ အနဘိဟိတကတ္တား ယူသော် မသင့်။ ကထိတကတ္တား ယူသော် သင့်၏၊ အကထိတကတ္တား ယူသော် မသင့်။ သယံကတ္တား ယူသော် သင့်၏၊ ဟေတုကတ္တား, ကမ္မကတ္တား ယူသော် မသင့်။ သုဒ္ဓကတ္တား ယူသော် သင့်၏၊ ဟေတုကတ္တား ယူသော်မသင့်။ ပကတိ ကတ္တား ယူသော်သင့်၏။ ဝိကတိကတ္တား ယူသော် မသင့်။ ပဋ္ဌာနကတ္တား ယူသော် သင့်၏၊ အပဋ္ဌာနကတ္တား ယူသော် မသင့်။ ဓာတ် ကတ္တားယူသော် သင့်၏၊ ကာရိုက်ကတ္တား ယူသော် မသင့်။

http://www.dhammadownload.com



## ဆောင်ပုဒ်

လိင်္ဂ သံသဋ္ဌ၊ ကတွတ်ရှောထ၊ ဝုတ္တာဘိဟိ၊ ကထိ သယံ၊
သုဒ္ဓံ ပကတိ၊ ပြဋ္ဌာန်းဘိ၊ ထိုပြီး ဓာတ်ကတ္တား။

[ဤလင်္ကာလည်း ထူးရာဋ္ဌသာ စပ်ဆိုသော လင်္ကာ ဖြစ်သတည်း။]

**ပူဇယတေ**- သဒ္ဒါကို သျှာဒျန္တပုဒ် ယူသော် သင့်၏၊ တျှာဒျန္တပုဒ် ယူသော် မသင့်။ စယာသိတပုဒ် ယူသော် သင့်၏၊ အင်္ဂါသိတပုဒ် ယူသော် မသင့်။ ကြိယာစယာသိတ ယူသော် သင့်၏၊ ဒဗ္ဗဂုဏစယာသိတ ယူသော် မသင့်။ အနေကက္ခရပုဒ် ယူသော် သင့်၏၊ ဧကက္ခရပုဒ် ယူသော် မသင့်။ (ဤသို့ စသည်ဖြင့် ပဒဝိစယအတိုင်း စစ်လေ။)

ပူဇ- ဓာတ်၏ အနက်ကို ကြိယတ္ထ ယူသော် သင့်၏၊ အညတ္ထ ယူသော် မသင့်။ ပူဇနကြိယာ ယူသော် သင့်၏၊ ဏာယ-ပစ္စည်း၏အနက်ကို ရူပသံသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ယူသော် သင့်၏၊ အညတ္ထ ယူသော် မသင့်။ ဝါ-စုရာဒိဂဏဇောတက ယူသော် သင့်၏၊ အညဂဏဇောတက ယူသော် မသင့်။ တေ-ဝိဘတ်၏အနက်ကို ကြိယာပဓာန ယူသော် သင့်၏၊ သတ္တ ပဓာန ယူသော် မသင့်။ ကတ္တုဝါစက ယူသော် သင့်၏၊ ကမ္မဝါစက ယူသော် မသင့်။ ပုဒ်လုံး၏အနက်ကို အာမိသပူဇာ, ဓမ္မပူဇာ ယူသော် သင့်၏၊ အဂ္ဂိဟုတ စသည်ယူသော် မသင့်။ ပူဇော်သော အခြင်းအရာ အားဖြင့်ဖြစ် သော အကျိုး, ကာယဝိညတ် ဝစီဝိညတ် အကြောင်း စိတ္တုပ္ပါဒ် ယူသော် သင့်၏၊ ပူဇော်သော အခြင်းအရာအားဖြင့် မဖြစ်သော အကျိုး, ကာယဝိညတ်အကြောင်း စိတ္တုပ္ပါဒ် ယူသော် မသင့်။ ဤသို့ သဒ္ဒါ အနက် အားဖြင့် သင့်-မသင့် ကို စိစစ်ခြင်းသည် ယုတ္တိဟာရ မည်၏ ဟူလို သောဝ်။

**ယုတ္တိဟာရပြီး၏။**

◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၄–ပဒဋ္ဌာနဟာရ

**ပဒဋ္ဌာနဟာရ** ဟူသော်ကား–

"ပဒဋ္ဌာနံ ဝိစာရေတိ ဧတေနာတိ ပဒဋ္ဌာနော" ဟူသော ဝစနတ္ထနှင့်အညီ– သုတ်၌ ဟောအပ်သောတရား၏ ပဒဋ္ဌာန်ကို ဩရှယှောရှယှ အားဖြင့် စိစစ်ကြောင်းဖြစ်သောကြောင့် ပဒဋ္ဌာနဟာရ မည်၏။

အဘယ်သို့ စိစစ်သနည်း ဟူမူကား– ဤ "ယံလောကော ပူဇယတေ" ဟူသော ပုဒ်၌ အကြင်သို့သော မြတ်စွာဘုရားကို လောကပါလနှင့် တကွသော လောကသည် ပူဇော်အပ်သည်ကို ဆိုသဖြင့် ထိုမြတ်စွာဘုရား၏ ဂုဏဝိသိဋ္ဌ ပူဇာရဟဘောဂုဏ်ကို ပြရာ၏။ ထို ဂုဏဝိသိဋ္ဌ ပူဇာရဟဘောဂုဏ်ကား မဟာဗောဓိတည်း။ ထို မဟာဗောဓိကား အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တည်း။ ထိုနှစ်ပါးတို့တွင် အရဟတ္တမဂ်ဉာဏ်၏ ပဒဋ္ဌာန်ကား အောက်မဂ်, အောက်ဖိုလ် ဉာဏ်တော်တည်း။ ထို၏ကား ဒွါဒသင်္ဂ၊ ဧကေကတွင်၊ လက္ခသုံးထွေ၊ ကုဋ္ဌေသိန်းစိ၊ အညီရှုထွေ၊ ကုဋ္ဌေ သုံးသန်းခြောက်သိန်း အဦးရှိသော မဟာဝဇိရ ဉာဏ်တော်တည်း။ ထို၏ကား အာနာပါန စတုတ္ထဈာန်တည်း။ ထို၏ကား–

"ကာမံ တစော စ နှာရု စ၊
အဋ္ဌိ စ အဝ သုဿတု။
ဥပသုဿတု နိဿေသံ၊
သရီရေ မံသလောဟိတံ။" –

ဟူသော စတုရင်္ဂဝီရိယတည်း။ ထို၏ကား မဟာဗောဓိမဏ္ဍိုင်တည်း။ထို၏ကား ပါရမီဆယ်ပါး, အပြားသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယ သုံးပါးတည်း။ ထို၏ကား မဟာဘိနီဟာရတည်း။ ထို၏ကား မဟာ ကရုဏာတော်တည်း။ထို၏ ပဒဋ္ဌာန်ကား ဒုက္ခိတသတ္တဝါအပေါင်းတည်း။ ဤသို့ အောက်သက် ဩရှယှောရှယှ အားဖြင့်၎င်း၊ အရဟတ္တမဂ်ဉာဏ် သည် အရဟတ္တဖိုလ်ဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည်

http://www.dhammadownload.com



ပစ္စဝေက္ခဏာဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် သဗ္ဗညုတ ဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် သကလဗုဒ္ဓဂုဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် ဒေသနာဉာဏ်၏ နီးစွာသော အကြောင်းတည်း။ ထိုသည် ဝေနေယျ သတ္တဝါတို့၏ ဟိတသုခ၏ နီးစွာသော အကြောင်းတည်း။ ဤသို့ အထက်တက် အာရုယှာရုယှ အားဖြင့်ငှင်း ပဒဋ္ဌာန်ကို ထုတ်အပ်၏။ (သဗ္ဗညုတဉာဏ်၌လည်း ဤနည်း ထုတ်အပ်၏။)

လောကော-၏ အရဖြစ်သော ခန္ဓာငါးပါး၏ ပဒဋ္ဌာန်ကား သာမညအားဖြင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရတည်း။ ထို ခန္ဓာငါးပါးကား ပုညာ, ပုည, ဝိပါက၏ ပဒဋ္ဌာန်တည်း။ ထိုသုံးပါး တို့တွင် ပုည၏ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း။ ထိုပုညကား ကုသလဝိပါက်ဣဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။ အပုည၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း။ ထို အပုညကား အကုသလဝိပါက် အနိဋ္ဌာရုံ၏ ပဒဋ္ဌာန်တည်း။ ဝိပါက်၏ ပဒဋ္ဌာန်ကား ပုညာပုညတည်း။ ထိုဝိပါက်ကား နာမ်ရုပ်၏ ပဒဋ္ဌာန်တည်း။ ထိုကား သဠာယတနာ၏ (စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ကုန်အောင် ဆို။)

ပူဇယတော-၏ အရဖြစ်သော အာမိသပူဇာ, ဓမ္မပူဇာ၏ ပဒဋ္ဌာန် ကား သာမညအားဖြင့် ယောနိသောမနသိကာရတည်း။ ထို၏ကား သဒ္ဓမ္မ သဝနတည်း။ ထို၏ကား နဝမခဏတည်း။ ထို၏ကား သပ္ပုရိသူပနိဿ ယတည်း။ ထို၏ကား အတ္တသမ္မာပဏိဓိတည်း။ထို၏ကားပဋိရူပဒေသ တည်း။ထို၏ကား ပုဗ္ဗေကတပုညတာတည်း။ထိုပုဗ္ဗေကတပုညတာသည် သင်္ခါရတည်း။ ထို၏ကား အဝိဇ္ဇာတည်း။ ထို၏ကား တဏှာတည်း။ ထို၏ကား ဇရာမရဏ ပုဗ္ဗာတည်း။ ထို၏ကား ဇာတိတည်း။ ထို၏ကား ဘဝတည်း။ (ဤသို့ စသည်ဖြင့် ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကို ပတ်ပတ် လည်အောင် လှည့်ပါလေ။)

http://www.dhammadownload.com



ထို အာမိသပူဇာ, ဓမ္မပူဇာတို့ကား ပစ္စုပ္ပန်၌ ပညာရှိတို့၏ ချီးမွမ်းခြင်း စသော အကျိုး–သံသရာ၌ ဘဝသမ္ပတ္တိ စသောအကျိုး၏ ပဒဋ္ဌာန်တည်း။ ဤသို့ စသည်ဖြင့် ဩရယှော့ရယ, အာရယှာရယ အားဖြင့် ပဒဋ္ဌာန်ကို စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏ ဟူလိုသောဝ်။

ပဒဋ္ဌာနဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၅–လက္ခဏဟာရ

**လက္ခဏဟာရ** ဟူသော်ကား–

" လက္ခိယန္တိ ဧတေန အဝုတ္တာပိ ဓမ္မာတိ လက္ခဏံ " ဟူသော ဝစနတ္ထနှင့်အညီ– သုတ်၌ ဟောအပ်သော တရားနှင့် ဧကလက္ခဏ, သဟစာရိ, သမာနကိစ္စ, သမာနဟေတု, သမာနဖလ, သမာနာရမ္မဏ, ဓာတ်, ဂုဏ်, ကြိယာ, ဒြဗ်, နာမ် အားဖြင့် တူသော မဟောအပ်သောတရားတို့ကိုလည်း မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏဟာရ မည်၏။

အဘယ်သို့မှတ်သနည်းဟူမူကား– ဤ " ယံ လောကော ပူဇယတေ " ဟူသော ပုဒ်၌ ယံ–၏ အရကို ဂုဏဝိသိဋ္ဌဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို ယူသဖြင့် ထို အရဟတ္တမဂ်ဉာဏ်နှင့် နိယျာနလက္ခဏာတူသော မဂ္ဂင် ခြောက်ပါးကိုငှင်း, ထိုနှင့် တကွဖြစ်လေ့ရှိသော မဂ်စိတ္တုပ္ပါဒ်ကိုငှင်း, ထိုနှင့် သမုဒယသစ္စာကို ပယ်ခြင်း တည်းဟူသော တူသော ကိစ္စရှိသော မဂ်စိတ္တုပ္ပါဒ်ကိုငှင်း ထိုနှင့် မဂ္ဂပစ္စည်း တည်းဟူသောဟိတ်, ဟေတွတ္ထ တည်းဟူသော ဟိတ်၏အဖြစ်ဖြင့် တူသော မဂ္ဂင်ခြောက်ပါး၊ အလောဘ, အဒေါသ ဟူသော တူသော ဟိတ်ရှိသော စိတ္တုပ္ပါဒ်ကိုငှင်း, ထိုနှင့် အရဟတ္တဖိုလ်တည်းဟူသော တူသော အကျိုးရှိသော မဂ်စိတ္တုပ္ပါဒ်ကိုငှင်း, ထိုနှင့် နိဗ္ဗာန် တည်းဟူသော တူသော အာရုံရှိသော စိတ္တုပ္ပါဒ်

http://www.dhammadownload.com



ကိုင်း,ထိုနှင့် မဂ်ဇာတ်အားဖြင့် တူသော မဂ္ဂင်ခြောက်ပါး, ကုသိုလ်ဇာဝ်အားဖြင့် တူသော မဂ်စိတ္တုပ္ပာဒ်, လောကုတ္တရာ အားဖြင့် တူသော လောကုတ္တရာ တရား ကိုးပါးကိုင်း, ထိုနှင့် ဂုဏဝိသိဋ္ဌအားဖြင့် တူသော သီလစသော ဂုဏ်ကိုင်း, ထိုနှင့် ပဇာနနကြိယာ အားဖြင့် တူသော ဒသဗလ, စတုဝေ သာရဇ္ဇ စသော ဉာဏ်တော်ကိုင်း, ထိုနှင့် ပရမတ္ထ ဓမ္မဒြဗ်အားဖြင့် တူသော အစိတ်စိတ်သော ပရမတ္ထ ဓမ္မဒြဗ်ကိုင်း, ထိုနှင့် မဂ်ဟူသော အမည်အားဖြင့် တူသော မဂ္ဂင်ခြောက်ပါးကိုင်း ယူအပ်၏။

(မဂ္ဂင်ခြောက်ပါး ဟူသည်ကား– မြတ်စွာဘုရား၏ မဂ်လေးပါး သည် အာနာပါနစတုတ္ထဈာန်လျှင် အခြေရှိသည်ဖြစ်၍ ဝိတက်ကျသော ကြောင့် မဂ္ဂင်ခြောက်ပါး ဟူသတည်း။)

လောကော–၏ အရကို ခန္ဓာငါးပါး ယူသောကြောင့် ထိုနှင့် အနိစ္စ စသော လက္ခဏာ တူသောကြောင့်ငင်း ထိုနှင့် တကွဖြစ်လေ့ရှိသောကြောင့် ငင်း ထိုနှင့် မိမိတို့ကိစ္စကို ပြီးစေခြင်း တူသောကြောင့်ငင်း, ထိုနှင့် အဝိဇ္ဇာ စသော အကြောင်း, ဟေတုပစ္စည်းစသော အကြောင်းတူသောကြောင့် ထိုနှင့်ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် စသောအကျိုးတူသောကြောင့်ငင်း၊ ထိုနှင့် အာရမ္မဏ, အနာရမ္မဏ အဖြစ်တူသောကြောင့်ငင်း ထိုနှင့် ရူပန နမန ဇာတ်တူကြောင့်ငင်, ထိုနှင့် ဟီန, ပဏီတ စသော ဂုဏ်တူသောကြောင့် ငင်း, ထိုနှင့် ထိုထိုအမူအရာ ကြိယာ တူသောကြောင့်ငင်း, ထိုနှင့် ပရမတ္ထ ဓမ္မဒြဗ် တူသောကြောင့်ငင်း, ထိုနှင့် ပရမတ္ထဓမ္မသင်္ခတ အမည် တူသောကြောင့် ငင်း, အာယတန, ဓာတ် သစ္စာ, ဣန္ဒြေတို့ကို ယူအပ်၏။

ဝါ– လောကော၏ အရကို ပူဇော်တတ်သော သတ္တလောကကို ယူသောကြောင့် ထိုနှင့်တူသော မပူဇော်တတ်သော သတ္တလောကကိုင်း, ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော သင်္ခါရလောကကိုင်း, ဘုရား

http://www.dhammadownload.com


ဖြစ်တော်မူသော ကာလစသည်တို့၌ တသောင်းသော လောကဓာတ် တုန်လှုပ်ခြင်း စသည်ဖြင့် ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော ဩကာသလောကကိုလည်း ယူအပ်၏။

ပူဇယတေ–၏ အရကို ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော ကာယဝိညတ်, ဝစီဝိညတ် စိတ္တုပ္ပါဒ်ကို ယူသောကြောင့် ထို ကာယဝိညတ်, ဝစီဝိညတ်နှင့် ရုပ္ပနလက္ခဏာ စသောအားဖြင့် တူသော ရူပက္ခန္ဓာကိုလည်း, ထို စိတ္တုပ္ပါဒ်နှင့် သင်္ခာရ, ဂရုကာရ, မာနန, အပစာယန, နိန္န, ပေါ်န, ပဗ္ဘာရ လက္ခဏာ စသောအားဖြင့် တူသော နာမက္ခန္ဓာကိုလည်း ယူအပ်၏။ ဤသို့ သုတ်၌ မလာသော တရားတို့ကို ဧကလက္ခဏာ စသောအားဖြင့် မှတ်ကြောင်း ဖြစ်သောကြောင့် လက္ခဏဟာရ မည်၏ ဟူလိုသတည်း။

**လက္ခဏဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## ၆–စတုဗျူဟဟာရ

**စတုဗျူဟဟာရ** ဟူသော်ကား –––––

"စတုန္နံ ဗျူဟော ဧတ္ထာတိ စတုဗျူဟော" ဟူသော ဝစနတ္ထနှင့်အညီ– လေးပါးကုန်သော ဝိဂ္ဂဟ်, အလို, နိဒါန်း, အနုသန္ဓေတို့၏ ပေါင်းရာ ဖြစ်သောကြောင့် စတုဗျူဟဟာရ မည်၏။

ထိုလေးပါးတို့တွင် ပုဒ်ကို ဝိဂ္ဂဟ် ပြုခြင်းသည် နေရုတ္တ မည်၏။

ဤ "ယံ လောကော ပူဇယတေ" ဟူသော ဝါကျ၌ ယံ–သဒ္ဒါသည် "ရုဠှီရူဍံ" စသော ပရိဘာသာနှင့်အညီ – အနိယမဝါစက သဗ္ဗနာမ်ပုဒ် ဖြစ်သောကြောင့် နေရုတ္တကို မရအပ်။ ယ–ပုဒ်, အံ–ဝိဘတ်၊ ယ–ပုဒ်၏ အရကား အနိယမ ဖြစ်သော ဘုရားဒြဗ်သည် အပဋ္ဌာနအားဖြင့် ရ၏။

http://www.dhammadownload.com



ထိုဘုရားဒြဗ်၏ ယာဒိသ, ယုတ္တ, ဇစ္စ, နာမ, ဂေါတ္တ, သီလ, ဝေါဟာရီ, ဂေါစရ ဟူသော အနိယမ သာမညာကာရ ဘောဂုဏ်သည်သာ ပဋ္ဌာန အားဖြင့်ရ၏။ အံ-ဝိဘတ်၏ အရကား-အာရမ္မဏပစ္စယသတ္တိ တည်း ဟူသော ကမ္မကာရက ကေဝုစ်သချာ ရ၏။

ဝါ- " သဗ္ဗနာမဘာဝံ ယာတီတိ ယော။"

ယော ဝဏ္ဏော၊ အကြင် အ-ဝဂ် ပဋ္ဌမက္ခရာသည်။ သဗ္ဗနာမဘာဝံ၊ သို့။ ယာတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ဝဏ္ဏော၊ သည်။ ယော၊ ယ- မည်၏။ ကတ္တုသာဓနေ, ယာ-ဓာတ်, အ-ပစ္စည်း။ ယာ-ဓာတ်၏ အရကား ယ-ဟူသော ဝစီဘေဒသဒ္ဒါ၏ ဥပါဒ် ရ၏။ အ-ပစ္စည်း၏ အရကား ဥပ္ပါဒဝန္တဖြစ်သော ယ-ဟူသော သဗ္ဗနာမ်ပုဒ် ရ၏။ ပဋ္ဌမာ ကေဝုဒ် သိ- ဝိဘတ်၏ အရကား လိင်္ဂတ္ထ အကာရက ကေဝုစ်သချာ ရ၏။

" အနိယမဝါစကဘာဝံ ယာတီတိ ယော။"

(ရှေးနည်းတူ)

" သဗ္ဗနာမဘာဝေန ယာတိ ပဝတ္တတီတိ ယော။"

(ငှင်းနည်းရ၏)

" အနိယမဝါစကဘာဝေန ယာတိ ပဝတ္တတီတိ ဝါ ယော။"

(ငှင်းနည်းရ၏)

" သဗ္ဗနာမဘာဝေန ယာတဗ္ဗော ဉာတဗ္ဗောတိ ဝါ ယော။"

ကမ္မသာဓနေ ယာ-ဓာတ် အ-ပစ္စည်း။ ယာ-ဓာတ်၏အရ ကတွတ္တကြိယာ ကား ပဒကောသလ္လဉာဏ်သည် မှုချအားဖြင့်ရ၏။ ကမ္မတ္တကြိယာ ကား ဝစီဘေဒသဒ္ဒါ၏ အာရမ္မဏသတ္တိသည် ကာရဏူပစာရတ္ထ အားဖြင့် ရ၏။ အ-ပစ္စည်း၏ အရကား ထိုကာရဏူပစာရတ္ထအားဖြင့် မှတ်အပ်သော

http://www.dhammadownload.com



ယ–ဟူသော သဗ္ဗနာမ်ပုဒ်ရ၏။

"ယာတတ္ထော ဉာတဗ္ဗော ဧတေန အနိယမတ္ထောတိ ဝါ ယော"

ကရဏသာဓန။ ပ ။ ကတ္တုတ္ထကြိယာကား အနိယမတ္ထကို သိသောဉာဏ်သည် မုချရ၏။ ကရဏတ္ထကား ထိုဉာဏ်အား တပ်သော ယ–သဒ္ဒါ၏ ပကတျူပ နိဿယယသတ္တိသည် ကာရဏူ။ အ–ပစ္စည်းကား(ဆိုမြဲ)။ ပဌမာ ဧကဝုစ် သိ–ဝိဘတ်၏ အရကား လိင်္ဂတ္ထ အကာရက ဧကဝုစ်သင်္ချာရ၏။ ဝိဂြိုဟ်, ပုဒ်ထား နှစ်ပါးတို့တွင် "သဗ္ဗနာမဘာဝံ ယာတိ" ဟူသော ဝါကျာဝဝိကန္တဒန္တစ္ဆိန္ဒနည်းအားဖြင့် ယော–ဟု ပဌမန္တနှင့် ဆိုသတည်း။ ပူဇယတေ–၏ အရဖြစ်သော အာရမ္မဏိက အကျိုးကြိယာသည် အာရုံအကြောင်းကို ငဲ့သောကြောင့် ပဒါဝဝိကန္တ ဒန္တသောခေ နည်းအားဖြင့် တံ ယံ ဟု ဝိဘတျန်ခံ။ ဒုတိယာ အံ–ဝိဘတ်၏ အရကား– အာရမ္မဏပစ္စယသတ္တိ တည်းဟူသော ကမ္မကာရက ဧကဝုစ်သင်္ချာ ရ၏။ သကတ်စသော ပဒတ္ထ ငါးပါးတို့တွင် အနိယမ သာမညာကာရ ဘောဂဏ်သည် သကတ် မည်၏။ အနိယမိတဖြစ်သော ဘုရားဒြဗ်သည် ဘုရားဒြဗ် မည်၏။ သန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော ဝိသဒါကာရသည် ပုလ္လိင်ဒြဗ်၌ မှီသော တခုတည်း၏ အဖြစ်ဟု ဆိုအပ်သော အာကာရပညတ်သည် ဧကဝုစ်သင်္ချာ။ ပူဇော်ခြင်း ကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏနသတ္တိသည် ကမ္မကာရကမည်၏။

"လောကိယန္တိ ပဝတ္တန္တိ ဧတ္ထ ပုညာပုညာနိ တဗ္ဗိပါကော စာတိ လောကော။"

ဧတ္ထ သတ္တသမူဟော၊ ၌။ ပုညာပုညာနိ စ၊ ၄င်း။ တဗ္ဗိပါကော စ၊ ၄င်း။ လောကိယန္တိ ပဝတ္တန္တိ၊ ၏။ ဣတိ၊ ကြောင့်။ လောကော၊၏။ အဓိကရဏ သာဓန, လောက–ဓာတ်, ဏ–ပစ္စည်း။ လောက–ဓာတ်၏အရ ကတ္တုတ္ထကြိယာကား ကုသိုလ်, အကုသိုလ်, ဝိပါက် ရုပ်နာမ် ခန္ဓာတို့၏ ဥပ္ပန္နသော ရ၏။ အဓိကရဏတ္ထကြိယာကား အဝိဇ္ဇာ, တဏှာ, ကံ, ဝတ္ထု, ဒွါရ စသည်တို့၏ ပကတျူပနိဿယ, ပုရေဇာတ စသော, ပစ္စယသတ္တိသည် ဌာနူပစာရတ္ထ အားဖြင့် ရ၏။ ဏ–ပစ္စည်း၏ အရကား ထို ဌာနူပစာရတ္ထ အားဖြင့် မှတ်အပ်သော လောကရ၏။

http://www.dhammadownload.com



"လုဇ္ဇတိ ပလုဇ္ဇတီတိ ဝါ လောကော။"

ယော သတ္တသမူဟော၊ သည်။ လုဇ္ဇတိ၊ ဖြစ်တတ်၏။ ပလုဇ္ဇတိ၊ ၏။ ဣတိ၊ ကြောင့်။ လောကော၊၏။ ကတ္တုသာဓန, လုဇ-ဓာတ်, ဏ-ပစ္စည်း။ လုဇ္ဇနအနက်ကို ဟောသော လုဇ-ဓာတ်အရကား ရုပ် နာမ် ခန္ဓာ တို့၏ ဥပါဒ် ရ၏။ ပလုဇ္ဇအနက်ကို ဟောသော လုဇဓာတ်၏ အရကား ရုပ်နာမ် ခန္ဓာတို့၏ ဘင် ရ၏။ အဝိဇ္ဇာ, တဏှာ, ကံတို့၏ ပကတူပနိဿယ သတ္တိသည် ဖလူပစာရတ္ထ အားဖြင့် ရ၏။ ပစ္စည်းအရ (ဆိုမြဲ)။

"ကုသလာဒီနိ လာတိ ဂဏှာတီတိ ဝါ လောကော။"

ယော သတ္တသမူဟော၊ သည်။ ကုသလာဒီနိ၊ တို့ကို။ လာတိ ဂဏှာတိ၊ ၏။ ဣတိ၊ ကြောင့်။ သော သတ္တသမူဟော၊ သည်။ လောကော၊ ၏။ ကတ္တုသာဓန, လာ-ဓာတ်၊ ဝါ၊ ရာ-ဓာတ်၊ ဩက-ပစ္စည်း၊ ဝါ-ဏွုပစ္စည်း၊ ဝိကရဏ ဩ-ပစ္စည်း။ လာ-ဓာတ်, ရာ-ဓာတ်၏ အရကား ကုသိုလ် ခန္ဓာ စသည်တို့၏ ဥပ္ပန္နဘော ရ၏။ အဝိဇ္ဇာ တဏှာတို့၏။ ပကတူပ နိဿယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ဩက-ပစ္စည်း, ဏွုပစ္စည်း၏ အရကား ထိုဖြင့် မှတ်အပ်သော လောက ရ၏။ ဩ- ပစ္စည်း ၏အရကား တနာဒိဂဏဓောတက ရူပသံသိဒ္ဓိမတ္တ ပဒသိဒ္ဓိမတ္တ ရ၏။

"ဓာတိဇရာမရဏေဟိ လုနိတဗ္ဗော ဆိန္ဒိတဗ္ဗောတိ ဝါ လောကော။"

ယော သတ္တသမူဟော၊ ကို။ ဓာတိဇရာမရဏေဟိ၊ တို့သည်။ လုနိတဗ္ဗော ဆိန္ဒိတဗ္ဗော၊ ဖြတ်အပ်၏။ ဣတိ၊ ကြောင့်။ လောကော၊၏။ ကမ္မသာဓန, လု-ဓာတ်, ဏွုပစ္စည်း။ လု-ဓာတ်အရ ကတ္တုတ္ထကြိယာကား ရုပ်နာမ် ခန္ဓာတို့၏ ဥပါဒ် ဠီ ဘင်ဟု ဆိုအပ်သော ဓာတိ ဇရာ မရဏ ရ၏။ ကမ္မတ္ထကြိယာကား အဝိဇ္ဇာ, တဏှာ, အာယုက္ခယမရဏ စသည်တို့၌ ပကတူပနိဿယ သတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ဏွု-ပစ္စည်း၏ အရကား ထိုဖြင့် မှတ်အပ်သော လောက ရ၏။

http://www.dhammadownload.com



"ရာ သဒ္ဒါဒိနော ဩဇာသိ သမဝါယန္တိ ဇွောတိ ဝါ လောကော။

ပါ၊ ကားအ ဇွော သတ္တသမူဟော၊ ဋ္ဌ။ ရာ သဒ္ဒါဒိနော၊ သဒ္ဒါ စသော သူတော်တရားတို့သည်။ ဩဇာသိ သမဝါယန္တိ၊ ပေါင်းစည်း စုဝေးကုန်၏ ။ပ။ ရာသဒ္ဒူပပဒ ဥစ–ဓာတ်၊ ဏ–ပစ္စည်း၊ ရာ– ဟူသော ရှေးပုဒ်၏ အရကား–

"သဒ္ဒါဝန္တံ သီလဝန္တံ၊
ဟိရီ ဩတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါ စ၊
ပညာ ဝေ သတ္တမံ ဓနံ။"

ဟူသော သူတော်ဥစ္စာ ခုနစ်ပါး ရှ၏။ ကတ္တုတ္တကား ထိုသူတော်ဥစ္စာ တို့၏ နိရုတ္တိရုပ္ပတ္တိသော ရှ၏။ အဓိကရဏတ္တကား ယောနိသောမနသိကာရ တို့၏ ပကတူပနိဿယ သတ္တိသည် ဖလူ၊ ပစ္စည်းကား ထိုဖြင့် မှတ်အပ်သော လောက ရှ၏။

ဝိဂြိုဟ်, ပုဒ်ထား နှစ်ပါးတို့တွင်–

"လောကိယန္တိ ပဝတ္တိန္တိ ဇွော ပုညာပုညာနိ တဗ္ဗိပါကော စာတိ"

ဟူသော ဝါကျာဝဓိကန္တ ဒဿနိန္နနည်းအားဖြင့် လောကော ဟု ပဋ္ဌမန္တ ဆိုသတည်း။

ပဋ္ဌမာ ကေဝုစ် သိ–ဝိဘတ်၏ အရကား–

"သမာသ်, တဒ္ဓိုတ်၊ ကြိုတ်ပြီး သက်ရာ၊ ပဋ္ဌမာကား၊ ချင်းတို့ ဟောရာ၊ ဇောတကသာ၊ မူလိုပါသည် အနေ" ဟူသော နိယံနှင့်

http://www.dhammadownload.com


အညီ- တဗ္ဗောတက အကာရက ဧကဝုစ်သချ်ာ ရ၏။ ပူဇယတေ-၏ အရဖြစ်သော အကျိုးနိပ္ဖါဒနိယ ကြိယာသည် အကြောင်း နိပ္ဖါဒက ဖြစ်သော ကတ္တားကို ငဲ့၏။ ငဲ့သောကြောင့် ပဒါဝစိကန္တ, ဒန္တသော ဓနု နည်းအားဖြင့် " သော လောကော " ဟု ဝိဘတျန်ခံ။

ပဋ္ဌမာဧကဝုစ် သိ-ဝိဘတ်၏ အရကား-
"သမာသ် တဒ္ဓိတ်၊ ကြိုတ် အာချာတ၊ ဝါစကတို့၊
ဟောကြပုဒ်မှာ၊ ပဋ္ဌမာလည်း၊ ချင်းတို့ ဟောရာ၊ ဇောတကသာ၊
မူလိုပါသည်အနေ"-
ဟူသော နိယံနှင့်အညီ- တဗ္ဗောတက အကာရက ဧကဝုစ်သချ်ာ ရ၏။

သကတ် စသော ပဒတ္တငါးပါးတို့တွင် လောကတို့၏ တယောက်သည် တယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် သကတ် မည်၏။ လောကဒြဗ်သည် ဒြဗ်မည်၏။ သန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော ဝိသဒါကာရသည် ပုလ္လိင်မည်၏။ ဒြဗ်၌မှိသော တခုတည်း၏ အဖြစ်ဟု ဆိုအပ်သော အာကာရပညတ်သည် ဧကဝုစ်သချ်ာ မည်၏။ ပူဇော်ခြင်းကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖါဒကသတ္တိ သည် ကတ္တုကာရက မည်၏။

ပူဇယတေကား- ရှဋ္ဌိချာတံ။ပ။ ညီ အာချာတ်ပုဒ် ဖြစ်သော ကြောင့် နေရုတ္တကို မရအပ်။ ပူဇ-ဓာတ်, တေ-ဝိဘတ်, ဏယ-ပစ္စည်း။ ပူဇ-ဓာတ်၏ အရကား ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော ကာယဝိညတ်, ဝစီဝိညတ် စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ယောနိသော မနသိကာရ စသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူပစာရတ္တအားဖြင့် ရ၏။ ပစ္စုပ္ပန်, သံသရာအကျိုး တည်းဟူသော နောက်နောက်သော အကျိုးသည် ကာရဏူပစာရတ္တ အားဖြင့်ရ၏။ ပူဇော်သကဲ့သို့ဖြစ်သော ဝိညတ် စိတ္တုပ္ပါဒ်သည် သဒိသူ၊ ရှိခိုးခြင်း စသည်သည် သဒိသျူ။ ပူဇော်၏ ဟူသော အမည်နာမ ပညတ်သည် ဌာနူ၊ ဝတ္ထု, ဒွါရ, အာရုံသည် ဌာနျူ။

http://www.dhammadownload.com



ပူဇနဂုဏ်ဖြင့် အထူးပြုအပ်သော ဒြဗ်သည် ဂုဏ္ဍ၊ ထို ပူဇော်ခြင်း၏ မုဒ္ဒမဏ္ဍာဒိမတ္တဘောသည် ဂုဏျူ။ အစိတ် အစိတ်သော ပုံဇာသည် ကေဒေသူ၊ အပေါင်းဖြစ်သော ပူဇာသည် ကေဒေသျူ။ ရှေးရှေးသော စိတ္တုပ္ပါဒ်သည် သမိပ္ပူ၊ နောက်နောက်သော စိတ္တုပ္ပါဒ်သည် သံမိပျူ။ ပရမတ္ထ သဘာဝဓမ္မတို့၏ နိဗ္ဗာပါရဘောသည် တဒ္ဒမ္မူ၊ သဘာဝဓမ္မတို့၏ ဇံဓမ္မတာဘောသည် အတဒ္ဒမ္မူ။ ပူဇနာကာရသည် အဘောဒဘာဒူ၊ ပူဇန သတ္တိသည် ဘာဒအဘော ဒူပစာရတ္ထ အားဖြင့် ရ၏။

တေ-ဝိဘတ်၏ အရကား- ထိုမုချ, ဖလူ, ကာရဏူ၊ သဒိသူ, သဒိသျူ၊ ဌာနူ, ဌာနျူ၊ ဂုဏူ, ဂဏျူ၊ ကေဒေသူ, ကေဒေသျူ၊ သမိပ္ပူ၊ သမိပျူ၊ တဒ္ဒမ္မူ, အတဒ္ဒမ္မူ၊ အဘောဒဘာဒူ, ဘာဒအဘောဒူ ပစာရတ္ထတို့ဖြင့် မှတ်အပ်သော ပူဇန္တကတ္တား တည်းဟူသော ကြိယာဝိသေသ၊ ဝတ္တမာန် ဝိဘတ် တည်းဟူသော ဝိဘတ်ဝိသေသ၊ အတ္တနောပုဒ် တည်းဟူသော ပဒဝိသေသ။ ပဌမပုရိသ် တည်းဟူသော ပုရိသ်ဝိသေသ၊ နာမယောဂ ပယုဇ္ဇမာန တည်းဟူသော ယောဂဝိသေသ၊ သဗ္ဗဓာတ် တည်းဟူသော သညာဝိသေသ၊ ကေဝုစ် တည်းဟူသော ဝုစ်ဝိသေသ၊ ပစ္စုပ္ပန် ကာလ တည်းဟူသော ကာလဝိသေသ၊ ဓာတွတ္ထ တည်းဟူသော ကြိယာ ဝိသေသ၊ လိင်ကြောင့် ရုပ်အထူးမရှိခြင်း တည်းဟူသော အလိင်္ဂဝိသေသ၊ စုရာဒိဂိုဏ်း တည်းဟူသော ဂဏဝိသေသ၊ ဏယ-ပစ္စည်း တည်းဟူသော ဝိကရဏဝိ သေသ၊ ဘော, ကံ, ကတ္တား သုံးပါးတို့ တွင် ကတ္တားတည်း ဟူသော ကြိယာဝန်ဝိသေသဖြင့် မှတ်အပ်သော လောကသည် အပဓာန အားဖြင့် ရ၏။ ကြိယာပုဒ်တို့၏ သဘောသည် ကြိယာကိုသာ ပဓာန အားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထသည် သာ ပဓာနအားဖြင့် ရ၏။ ဏယ- ပစ္စည်း၏ အရကား စုရာဒိဂဏဇောတက ရူပသံသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ရ၏။

ဝါ- " ပူဇယာမိတိ ပူဇယတေ "

လောကသင်္ခါတော၊ လောက ဟု ဆိုအပ်သော။ ယော အဟံ၊ ကစ္စည်းဆရာ ငါသည်။ယသ္မာ၊ကြောင့်။ ပူဇယာမိ၊ ပူဇော်၏။ ဣတိတသ္မာ၊

http://www.dhammadownload.com



ကြောင့်။ လောကသန်္နိဂေါ၊ သော။ သော အဟံ၊ သည်။ ပူဇယတေ မည်၏။ သာမည အတ္ထဝါကျ။ ပူဇ-ဓာတ်, တေ-ဝိဘတ်, ဏယ-ပစ္စည်း၊ ပူဇ-ဓာတ်၏အရ မုချ, ဖလူ (ကောက်မြဲ။) ပစ္စုပ္ပန် အကျိုးတည်းဟူသော နောက်နောက်သော အကျိုးသည် ကာရဏူ ဆို။ တေ-ဝိဘတ်, ဏယ-ပစ္စည်းအရလည်း အတူတူပင်။ (အရှင်မဟာ ကစ္စည်းထေရ်သည် အပဋ္ဌာန အားဖြင့် ရ၏ ဆိုသည်သာ ထူးသည်။)

"ပူဇကော ဝိယ အတ္တာနမာစရတီတိ ဝါ ပူဇယတေ။"

ပူဇကော၊ သော။ လောကော၊ လောကသည်။ ပူဇနေန။ ဖြင့်။ အတ္တာနံ၊ကို။ အာစရတိ ကရောတိ ဝိယ၊ ကဲ့သို့။ လောကသန်္နိဂေါ၊ လော်က ဟု ဆိုအပ်သော။ ယော ထေရော၊ အကြင်မဟာထေ်ရ်သည်။ ပူဇနေန၊ ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ယသ္မာ၊ ကြောင့်။ အာစရတိ ကရောတိ၊ပြုကျင့်တတ်၏။ ဣတိ တသ္မာ၊ကြောင့်။ သော ထေရော၊ သည်။ ပူဇယတေ၊ မည်၏။ အာစာရတ္ထ အတ္ထဝါကျ။ ပူဇ-ဟူသော နာမဓာတ်, တေ-ဝိဘတ်, အာစာရတ္ထဓာတုရူပ ဏယ-ပစ္စည်း။ ဘူဝါဒိ အ-ပစ္စည်း (ဓာတ်ရ အတူတူ။)

တေ-ဝိဘတ်၏ အရကား ထိုမုချ, ဖလူ, ကာရဏူပစာရတ္ထ စသည်တို့ဖြင့် မှတ်အပ်သော ပူဇန္တကတ္တား တည်းဟူသော ကြိယာဝန် ဝိသေသ၊ ဝတ္တမာန်ဝိ။ပ။ ဘူဝါဒိဂုဏ်း ဟူသော ဂဏဝိသေသ၊ အ-ပစ္စည်း တည်းဟူသော ဝိကရဏဝိသေသ၊ ဘော, ကံ, ကတ္တား သုံးပါးတို့တွင် ကတ္တား တည်းဟူသော ကြိယာဝန် ဝိသေသတို့ဖြင့် မှတ်အပ်သော လောက၏ ပူဇော်ခြင်းကဲ့သို့ ပူဇော်တတ်သော အရှင်မဟာကစ္စည်းထေရ်သည် အပဋ္ဌာန အားဖြင့် ရ၏။ ကြိယာပုဒ်တို့၏ သဘောသည်။ပ။၏။

ဏယ-ပစ္စည်း၏ အရကား ကစ္စည်းထေရ်သည် အပဋ္ဌာန၊ ကစ္စည်းထေရ် လောကတို့၏ ပူဇော်ခြင်း တည်းဟူသော အာစာရတ္ထသည်သာ ပဋ္ဌာန။ အ-ပစ္စည်းကား ဘူဝါဒိဂဏဇောတက ရူပသံသိဒ္ဓိမတ္တ ပဒ သိလိဋ္ဌတာ ရ၏။

http://www.dhammadownload.com



" ယော ကောစိ ပူဇေတိ၊ တမသော ပူဇ ပူဇ ဣဏ္ဍဓွေဝံ ဗြဝိ၊
အထ ဝါ လောကော အတ္တာနံ ပယောဇေတိ ပူဇေတီတိ ပူဇယတော။"

ယော ကောစိ၊ သည်၊ ပူဇေတိ၊ ၏။ တံ၊ ကို။ အသော၊ သည်။ တွံ၊ သည်။ ပူဇ ပူဇ၊ လော့။ ဣဏ္ဍဓွေဝံ၊ လျှင်။ ဗြဝိ၊၏။ အထ ဝါ၊ ကား။ လောကော၊ သည်။ အတ္တာနံ၊ကို။ ပယောဇေတိ၊ ၏။ ဣတိ၊ ကြောင့်။ ပူဇယတော၊ မည်၏။ ဟေတုအတ္ထဝါကျ။ ပူဇ–ဓာတ်, ဏေ–ဝိဘတ်, ကာရိက် ဏယ–ပစ္စည်း၊ ဘူဝါဒိ အ–ပစ္စည်း။ (ဓာတ်, ဝိဘတ် ကောက်မြဲ)။ ဏယ ပစ္စည်း၏အရကား သူတပါးတို့၏ ကာယ ဝစီ ပယောဂ, မိမိ၏ ပုဗ္ဗ ပယောဂ တည်း ဟူသော ဟေတွတ္ထ ရ၏။ အ–ပစ္စည်း၏ အရကား ဘူဝါဒိ ဂဏ ဇောတက ရူပသံသိဒ္ဓိမတ္တ ပဒသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ရ၏။

" သော စ ပူဇေတိ၊ တေ စ ပူဇေန္တိ၊ တွဉ္စ ပူဇေသိ၊ တုမှေ စ ပူဇေထ။ အဟဉ္စ ပူဇာမိ၊ မယဉ္စ ပူဇာမာတိ သဗ္ဗော ပူဇယတော။"
ပရောပုရိသ အတ္ထဝါကျ၊ ရှေးနည်းရ၏။ ပဒတ္ထ နှစ်ပါးတွင် ပူဇာသာမည သည် သကတ်၊ ပူဇာဝိသေသသည် ဒြဗ်။ ဝါ–လောက၏ ပူဇော်ခြင်းသည် သကတ်၊ ကစ္စည်းထေရ်၏ ပူဇော်ခြင်းသည် ဒြဗ်။ လိင်ကြောင့် ရုပ်အထူး မရှိခြင်းသည် အ–လိင်၊ ကေဝုစ် သချာ။ ကြိယာဝန် ဝိသေသသည် ကတ္တု ကာရက မည်၏။ ဤသို့ ပုဒ်ကို ဝိဂြိုဟ်ဆိုခြင်းသည် နေရုတ္တ မည်၏။

ဒေသကပုဂ္ဂိုလ်၏ အလိုသည် အဓိပ္ပါယ မည်၏။

" ယံ လောကော ပူဇယတေ" ဟူသော ပုဒ်၌ " ပကတိ ဟေသာ စရိယာနံ ယဒိဒံ ယေန ကေနစျာကာရေနာဓိပ္ပါယ ဝိညာပနံ" ဟူသော ပရိဘာသာနှင့်အညီ– လောက၏ ပူဇော်ခြင်းကို ဆိုသဖြင့် ဂုဏာတိရေက ဂုဏဝိသိဋ္ဌ ပူဇာရဟဘော်ဂုဏ်ကို သိစေခြင်း၊ လောက၌ အကျုံးဝင်သော မိမိ၏ ပူဇော်ခြင်းကို သိစေခြင်း၊ နောက်နောက်သော ကျမ်းပြုဆရာ ပညာရှိ တို့သည် မိမိကဲ့သို့ ကျမ်း၏ အစ၌ ရတနတ္တယပူဇာကို ပြုစေခြင်း၊ ကျမ်း

http://www.dhammadownload.com



၏အစ၌ ရတနတ္တယပူဇာသည် အားထုတ်လတ္တံ့သော ကျမ်း၏ ပဘာဝ နိသယဝိသုဒ္ဓိကို သိစေခြင်း၊ ယင်းသို့ သိစေခြင်းသည်လည်း ကျမ်း၌ ပညာရှိတို့ကို များစွာ မြတ်နိုးစေခြင်း၊ ယင်းသို့ မြတ်နိုးစေခြင်းသည် ကျမ်း ကို ကောင်းစွာ သင်ခြင်း ဆောင်ခြင်း စသော အစဉ်ဖြင့် ရအပ်သော ကောင်း သော အကျင့်ဖြင့် ပညာရှိတို့၏ ခပ်သိမ်းသော ဟိတသုခကို ပြီးစေလိုခြင်း စသည်သည် အရှင် ကစ္စည်းဆရာ၏ အလိုတော် မည်၏။

ဒေသနာနိဒါန်းသည် အဇ္ဈတ္တိက နိဒါန်း, ဗာဟိရနိဒါန်း အားဖြင့် နှစ်ပါး။၏။တွင် အဇ္ဈတ္တိကနိဒါန်းသည် သဟဇာတနိဒါန်း, အသဟဇာတ နိဒါန်းအားဖြင့် နှစ်ပါး။၏။တွင် ကရုဏာတော်သည် အသဟဇာတ နိဒါန်း မည်၏။ ဒေသနာဉာဏ်တော်သည် သဟဇာတနိဒါန်း မည်၏။

ဝါ– သမုဋ္ဌာပကနိဒါန်း, ပဝတ္တကနိဒါန်း အားဖြင့် နှစ်ပါး။ ၏။ တွင် ကရုဏာတော်သည် သမုဋ္ဌာပက နိဒါန်း မည်၏။ ဒေသနာ ဉာဏ်တော်သည် ပဝတ္တကနိဒါန်း မည်၏။

ဝါ– ဟေတုနိဒါန်း, ပစ္စယနိဒါန်း အားဖြင့် နှစ်ပါး။၏။ တွင် ဒေသနာဉာဏ်တော်သည် ဟေတု။၏။ ကရုဏာတော်သည် ပစ္စယ။၏။

ဝါ–ဇနိကနိဒါန်း, ဥပတ္ထမ္ဘကနိဒါန်း အားဖြင့် နှစ်ပါး။၏။ တွင် ဒေသနာဉာဏ်တော်သည် ဇနက။၏။ ကရုဏာတော်သည် ဥပတ္ထမ္ဘက နိဒါန်း မည်၏။

ဝါ–အသာဓာရဏ, သာဓာရဏနိဒါန်းအားဖြင့် နှစ်ပါး။၏။ တွင် ဒေသနာဉာဏ်တော်သည် အသာဓာရဏ။၏။ ကရုဏာတော်သည် သာဓာ ရဏနိဒါန်း မည်၏။

ဗာဟိရနိဒါန်းသည် ဒေသ, ကာလ, ဒေသက, ပရိသတ် အားဖြင့် လေးပါး။၏။တွင်သပြေပင်ရောက်ရာတောအုပ်သည် ဒေသနိဒါန်း မည်၏။ နေ့တွင်ကျမ်းကို ဟောရာအခါသည် ကာလနိဒါန်း မည်၏။ နေ့တွင်ကျမ်းကို

http://www.dhammadownload.com



ဟောသော အရှင်မဟာကစ္စည်းထေရ်သည် ဒေသကနိဒါန်း မည်၏။ နေတ္တိကျမ်းကို နာကုန်သော သန္တိကာဝစရ ရဟန်းတို့သည် ပရိသတ်နိဒါန်း မည်၏။

အတ္တဇ္ဈာသယ, ပရဇ္ဈာသယ, ပုစ္ဆာဝသိက, အဋ္ဌုပ္ပတ္တိ အားဖြင့် လေးပါးတို့တွင် မိမိအလိုတော်အားဖြင့် ဟောအပ်သောကြောင့်အတ္တဇ္ဈာသယသုတ္တနိက္ခေပနိဒါန်း မည်၏။

ဒူရေနိဒါန်း, အဝိဒူရေနိဒါန်း, သန္တိကေနိဒါန်း အားဖြင့် သုံးပါးတို့တွင် ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဆုတောင်း သည်မှ စ၍ အဆုံးစွန်သောဘဝ၏ အနန္တရဘဝတိုင်အောင် ဖြစ်စေအပ်သော ပုညဉာဏ သမ္ဘာရသည် ဒူရေနိဒါန်း မည်၏။ အဆုံးဘဝ ပဋိသန္ဓေမှစ၍ သာဝက ပါရမီဉာဏ် အပြီးသို့ ရောက်သည်တိုင်အောင် အဝိဒူရေနိဒါန်း မည်၏။ ထိုမှစ၍ ဟောသည်တိုင်အောင်သော ကာလသည် သန္တိကေနိဒါန်း မည်၏။

ပုဗ္ဗာပရာနုသန္ဓိသည် အတ္ထသန္ဓိ, ဗျဉ္ဇနသန္ဓိ ဒေသနာသန္ဓိ, နိဒ္ဒေသ သန္ဓိအားဖြင့် လေးပါး။၏။ တွင် အတ္ထခြောက်ပါးတို့၏ အချင်းချင်းစပ်ခြင်း သည် အတ္ထသန္ဓိ မည်၏။ အဘယ်သို့ကား- ယံ-ကား နရဝရံ-၌ ဂုဏ်, အာဓေယ်, နိဿိတ, အကျိုးဖြစ်သော အာသယာသယီဘာဝ တုလျာ ဓိကရဏဝိသေသန၊ နရဝရံ-ကား ဂုဏေ, အာဓာရ, နိဿယ, အကြောင်း ဖြစ်သော အာသယာသယီဘာဝ တုလျာဓိကရဏဝိသေသျ။

အဘယ်သို့ ဂုဏ်, အာဓေယ်, နိဿိတ, အကျိုး၊ ဂုဏေ, အာဓာရ, နိဿယ, အကြောင်း ဖြစ်သနည်းဟူမူကား-ယံ-၏ အရဖြစ်သော ဂုဏာတိရေက ဂုဏဝိသိဋ္ဌ, ပူဇာရဟဘောဂုဏ်သည် အာဓေယ်, နိဿိတ, အကျိုး၊ နရဝရံ-၏ အရဖြစ်သော ဘုရားဒြဗ်သည် ဂုဏေ, အာဓာရ, နိဿယ။ ဤသို့ ဂုဏ်, အာဓေယ်, နိဿိတ, အကျိုး၊ ဂုဏေ, အာဓာရ, နိဿယ အကြောင်း ဖြစ်သတည်း။

http://www.dhammadownload.com



နရဝရံ- ကား ပူဇယတေ-၌ တေ-ဝိဘတ်သည် မဟောအပ်သော အာရုံ အကြောင်း, နိမိတ်ဖြစ်သော ကာယသမ္ပတ္တိကံ, စိတ္တသမ္ပတ္တိကံ၊ ပူဇယတေ- ကား အာရမ္မဏိက, အကျိုး, ပစ္စုယုပ္ပန်, နိမိတ္တဝန်ဖြစ်သော ကံ၏ ကြိယာ။

အဘယ်သိုနည်းဟူမူကား နရဝရ-၏ အရဖြစ်သော ဘုရားဂုဏ်တော်တို့၏ အာရမ္မဏပစ္စယသတ္တိသည် အာရုံ,အကြောင်း, နိမိတ်၊ ပူဇယတေ-၏ အရဖြစ်သော ပူဇနစိတ္တုပ္ပါဒ်သည် အာရမ္မဏိက, အကျိုး, ပစ္စယုပ္ပန်, နိမိတ္တဝန်။ ဤသို့ အာရုံ။ပ။တည်း။

လောကော-ကား ပူဇယတေ-၌ တေ-ဝိဘတ်သည် ဟောအပ်သော အကြောင်း နိပ္ဖါဒက ဖြစ်သော သယံကတ္တား၊ ပူဇယတေ-ကား အကျိုး နိပ္ဖတ္တနိယ ဖြစ်သော ကတ္တား၏ ကြိယာတည်း။

အဘယ်သို့။ပ။ နည်းဟူမူကား - လောကော-၏ အရဖြစ်သော လောကဒြဗ်၏ ကြိယာနိပ္ဖါဒကသတ္တိသည် အကြောင်း နိပ္ဖါဒက၊ ပူဇယတေ-၏ အရဖြစ်သော ဝိညတ်စိတ္တုပ္ပါဒ်သည် အကျိုး နိပ္ဖတ္တနိယ။ ဤသို့ အကြောင်း။ပ။တည်း။

လောကော-ကား ပူဇယတေ-၌ ဟေတုပစ္စည်း၊ ပူဇယတေ-ကား ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်။

အဘယ်သို့ ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်သနည်း ဟူမူကား- လောကော-၏ အရဖြစ်သော အလောဘ, အဒေါသ, အမောဟ ဤဟိတ် တပါး, နှစ်ပါး, သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိသည် ဟေတုပစ္စည်း၊ ပူဇယတေ-၏ အရဖြစ်သော ဝိညတ်စိတ္တုပ္ပါဒ်သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်။ ဤသို့ ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်သတည်း။

http://www.dhammadownload.com



လောကော–ကား ပုဇ္ဇယတော–၌ အဓိပတိပစ္စည်း၊ ပုဇ္ဇယတော–ကား။ပွန်။

အဘယ်သို့နည်းဟူမူကား– လောကော၏ အရဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ အားဖြင့် အဓိပတိတရားကိုယ် လေးပါးတို့တွင် တပါးပါးသည် အဓိပတိပစ္စည်း၊ ပုဇ္ဇယတော–၏ အရဖြစ်သော ဝိညတ်စိတ္တုပ္ပါဒ်သည်။ပွန်။ ဤသို့တည်း။

လောကော–ကား ပုဇ္ဇယတော–၌ အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ ပစ္စည်း၊ ပုဇ္ဇယတော–ကား ထိုပစ္စည်းတို့၏ ပစ္စယုပ္ပန်။

အဘယ်သို့နည်း ဟူမူကား– လောကော–၏ အရဖြစ်သော ပဥ္စမဇောစသော ရှေးရှေးသော နာမက္ခန္ဓာ၏ အနန္တရာဒိသတ္တိသည် အနန္တရာဒိပစ္စည်း၊ ပုဇ္ဇယတော–၏ အရဖြစ်သော ဒုတိယာဒိဇော နာမက္ခန္ဓာသည် ထိုပစ္စည်းတို့၏ ပစ္စယုပ္ပန်။ ဤသို့တည်း။

လောကော–ကား ပုဇ္ဇယတော–၌ သဟဇာတ, အညမည, နိဿယ သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း၊ ပုဇ္ဇယတော–ကား ထိုပစ္စည်းတို့၏ ပစ္စယုပ္ပန်။

အဘယ်သို့နည်း ဟူမူကား– လောကော၏ အရဖြစ်သော ကေက ဒုက, တိက နာမက္ခန္ဓာတို့၏ သဟဇာတာဒိသတ္တိသည် သဟဇာတာဒိပစ္စည်း၊ ပုဇ္ဇယတော–၏ အရဖြစ်သော ကေက, ဒုက, တိကနာမက္ခန္ဓာ ဤတရားတို့သည် ထိုပစ္စည်းတို့၏ ပစ္စယုပ္ပန်။ ဤသို့တည်း။ ( ဤနည်းတူကြွင်းသော ပစ္စည်းတို့ကို စပ်အပ်၏)။ ဤသို့ အနက်အားဖြင့် စပ်ခြင်းသည် အတ္ထသန္ဓိ မည်၏။

http://www.dhammadownload.com



ဗျဉ္ဇနပဒတို့၏ အချင်းချင်းစပ်ခြင်းသည် ဗျဉ္ဇနသန္ဓိ မည်၏။ အဘယ်သို့ကား-

"ဂုဏော ဝိသေသနံ ဘေဒေါ၊
ဝိသေသော အနုဝါဒကော။
အပဋ္ဌာနမုပါယော စ၊
သကတ္တောတိ ဣမေ သမာ။
ဂုဏီ ဝိသေသိတဗ္ဗဉ္စ၊
ဘေဒျံ သာမညမေဝစ။
ဝိဓိပဋ္ဌာနမုပေယျံ၊
ဒဗ္ဗန္တိဝ ဣမေ သမာ။"

ဟူသည်နှင့်အညီ- ယံ-ကား နရဝရံ-၌ ဂုဏီ။ နရဝရံ-ကား ဂုဏော။ ယံ-ကား ဝိသေသန၊ နရဝရံ-ကား ဝိသေသျ။ ယံ-ကား ဘေဒက၊ နရဝရံ-ကား ဘေဒျ။ ယံ-ကား ဝိသေသ၊ နရဝရံ-ကား သာမည။ ယံ-ကား အနုဝါဒ၊ နရဝရံ-ကားဝိဓိ။ ယံ-ကား အပဋ္ဌာန၊ နရဝရံ-ကား ပဋ္ဌာန။ ယံ-ကား ဥပါယ၊ နရဝရံ-ကား ဥပေယျ။ ယံ-ကား သကတ်၊ နရဝရံ-ကား ဒြဗ်။ ယံ နရဝရံ-ကား ပူဇယတေ-၌ ကမ္မ၊ ပူဇယဘေ-ကား ကမ္မီ။ နရဝရံ-ကား ကမ္မကာရက၊ ပူဇယတေ-ကား ကံ၏ကြိယာ။ ယံ နရဝရံ-ကား အဝုတ္တာနဘိဟိတ, အကထိတ, ပတ္တိ, ကာယသမ္ပတ္တိ, စိတ္တ သမ္ပတ္တိ, ပကတိ ဓာတု, ဣစ္ဆိတ, ပဋ္ဌာနာပဋ္ဌာနကံ။ ပူဇယတေ-ကား ထိုကံ၏ကြိယာ။ လောကော-ကား ပူဇယတေ-၌ ဝုတ္တာဘိဟိတ, ကထိတ, သယံ ကတ္တား၊ သုဒ္ဓ, ပကတိ, ပဋ္ဌာန, ခတ်ကတ္တား၊ ပူဇယတေ-ကား ကတ္တိ။ လောကော-ကား ကာရက၊ ပူဇယတေ-ကား ကြိယာ။ လောကော-ကား နိပ္ဖါဒက၊ ပူဇယတေ-ကား နိပ္ဖါဒေတဗ္ဗ။ လောကော-ကား သာဓက၊ ပူဇယတေ- ကား သာဓျ။ လောကော-ကား ဂုဏော, သတ္တိမန်၊ ပူဇယတေ-ကား ဂုဏ်, သတ္တိ။ လောကော-ကား တုလျတ်၊ ပူဇယတေ-ကား လိင်္ဂတ်။ လောကော-ကား ဝါစ္စ၊ ပူဇယတေ-ကား ဝါစက။ လောကော-ကား

http://www.dhammadownload.com



ဘာဝီ၊ ပူဇယတော–ကား ဘာဝ။ လောကော–ကား ဤဟာဝန္တ၊ ဗျာပါရဝန္တ၊ ပူဇယတော–ကား ဤဟာ, ဇေ္ဇက, ကာရကဗျာပါရ။ ဤသို့ သဒ္ဒါ အားဖြင့် အချင်းချင်း စပ်ခြင်းသည် ဗျဥ္ဇနသန္ဓိ မည်၏။

ဒေသနာသန္ဓိသည်– သုတ်၌ ရှေ့နောက်စပ်ခြင်း, သုတ်တပါးနှင့် စပ်ခြင်းအားဖြင့် နှစ်ပါး။၏။တွင် ရှေ့ ၌ယံ–ဟူသော ပုဒ်သည် နောက်၌ နရဝရဿ– ပုဒ်ကို အနက်အားလျော်စွာ ဝိဘတ်ကို ပြန်စေအပ်သော နရဝရံ–ဟူသော ပုဒ်နှင့် ဂုဏ်, ဂုဏော၊ ဝိသေသန, ဝိသေသျ၊ ဘေဒက,ဘေဒျ၊ ဝိသေသ, သာမည အနုဝါဒ, ဝိဓိ၊ အပဋ္ဌာန၊ ပဋ္ဌာန၊ ဉပါယ, ဉပေယျ၊ သကတ်, ဒြဗ် အဖြစ်ဖြင့် စပ်၏။ ရှေ့၌ယံ–သည် နောက်၌တဿ, ဧတံနှင့် အနိယတ်, နိယတ် အဖြစ်ဖြင့် စပ်၏။ ရှေ့၌ လောကော– ဟူသော ပုဒ်သည် နောက်၌ သလောကပါလော– ဟူသော ပုဒ်နှင့် ဝိသေသန, ဝိသေသျ အဖြစ်ဖြင့် စပ်၏။ ရှေ့၌ ပူဇယတော– ဟူသော ပုဒ်သည် နောက်၌ နမဿသိ– ဟူသော ပုဒ်နှင့် လောကသည် ပြီးစေအပ်သော ကြိယာချင်း တူသော အားဖြင့် စပ်၏။ ဤ"ယံ လောကော ပူဇယတော" ဟူသောသုတ် သည် "ပူဇာရဟော။ပ။ပရိဒ္ဒဝေ" ဟူသော သုတ်တပါးနှင့်စပ်၏။ အတိ သို့ စပ်သနည်း ဟူမူကား– ဤ၌ယံ– ဟူသော ပုဒ်သည် ထို၌ "ပူဇာရဟော ပပဥ္စသမတိက္ကန္တေ တိဏ္ဏသောက ပရိဒ္ဒဝေ" ဟူသောပုဒ်နှင့် ဂုဏ, ဝိသေသန, ဘေဒက, ဝိသေသ, အနုဝါဒ, အပဋ္ဌာန, ဉပါယ, သကတ္တပုဒ်ချင်း တူသော အားဖြင့် စပ်၏။ ဤ၌ နရဝရံ– ဟူသော ပါဠိသေသ, အဇ္ဈာဟာရ, လုတ္တနိဒ္ဒိဋ္ဌ, ဂမျမာန် ကံပုဒ်သည် ထို၌ ဗုဒ္ဓေ ဝါ သာဝကေ– ဟူသော ယထာရုတ ပုဒ်နှင့် ဂုဏီ, ဝိသေသျ, ဘေဒျ, သာမည, ဝိဓိ, ပဋ္ဌာန, ဉပေယျ, ဒဗ္ဗတ္ထ ကံပုဒ်ချင်းတူသောအားဖြင့် စပ်၏။ ဤ၌ လောကော– ဟူသော ယထာရုတ ပုဒ်သည် ထို၌ သပ္ပုရိသော– ဟူသော ပါဠိသေသ အဇ္ဈာဟာရ, လုတ္တနိဒ္ဒိဋ္ဌ, ဂမျမာန်ပုဒ်နှင့်ကတ္တားချင်း

http://www.dhammadownload.com



တူသောအားဖြင့် စပ်၏။ ဤ၌ ပူဇယတော- ဟူသော် ပုဒ်သည် ထို၌ ပူဇယတော- ဟူသောပုဒ်နှင့် ကတ္တား သည် ပြီးစေအပ်သော ကြိယာချင်း တူသော အားဖြင့် စပ်၏။ဤသို့ သုတ်၌ ရှေ့နောက်အားဖြင့်၄င်း, သုတ်တပါးနှင့်၄င်း စပ်ခြင်းသည် ဒေသနာသန္ဓိ မည်၏။

နိဒ္ဒေသသန္ဓိသည်..... ပဒ, ပဒတ္ထ, နိယမိတစိတ္တ, အနိယမိတစိတ္တ အားဖြင့် လေးပါး။၏။တွင် ပဒသည် ပဒဓ္ဗေဒ, ပဒစိန္တာ အားဖြင့် နှစ်ပါး ။၏။ ပဒတ္ထလည်း ဤနည်း နှစ်ပါး ။၏။တွင်-

“ယန္တိ ဇကံ ပဒံ၊ လောကောတိ ဇကံ ပဒံ၊ ပူဇယတေတိ ဇကံ ပဒံ” ဤသို့ ပဒဓ္ဗေဒပဒ အားဖြင့်၄င်း၊

“ယန္တိ ဇကံ ကမ္မတ္ထပဒံ၊ လောကောတိ ဇကံ ကတ္တတ္ထပဒံ၊ ပူဇယတေတိ ဇကံ ကြိယတ္ထပဒံ” ဤသို့ ပဒဓ္ဗေဒပဒတ္ထ အားဖြင့်၄င်း၊

“ယန္တိ အနိယမနိဒ္ဒေသော၊ လောကောတိ ကတ္တုနိဒ္ဒေသော၊ ပူဇယတေတိ ကြိယာနိဒ္ဒေသော” ဤသို့ ပဒစိန္တာပဒ အားဖြင့်၄င်း၊

“ယန္တိ အနိယမတော ဥပယောဂနိဒ္ဒေသော၊ လောကောတိ ကတ္တတ္ထနိဒ္ဒေသော၊ ပူဇယတေတိ ကြိယတ္ထနိဒ္ဒေသော” ဤသို့ ပဒစိန္တာ ပဒတ္ထ အားဖြင့်၄င်း ပြခြင်းသည် ပဒ, ပဒတ္ထနိဒ္ဒေသသန္ဓိ မည်၏။

နိယမိတစိတ္တသည် ပုဂ္ဂလ, ဓမ္မ အားဖြင့် နှစ်ပါး။၏။တွင်-။ဓမ္မ။ ပုညာပုညနိယမိတ အားဖြင့် နှစ်ပါး။၏။တွင် ဤ၌ အပုညကိုမရအပ်။ ပုညသည် ဝဋ္ဋနိယမိတ, ဝိဝဋ္ဋနိယမိတ အားဖြင့် နှစ်ပါး။၏။တွင် ဝဋ္ဋနိယမိတသည် ဝါသနာ ဘာဂိယ အားဖြင့် တပါးသာတည်း။ ဝိဝဋ္ဋနိယမိတသည် ဝါသနာ ဘာဂိယ, နိဗ္ဗေဓဘာဂိအားဖြင့် နှစ်ပါး။၏။ ပုဂ္ဂလသည် ပူဇော်သော ပုထုဇန်, သေက္ခ အားဖြင့် နှစ်ပါး။၏။

http://www.dhammadownload.com



အနိဿိတစိတ္တသည်လည်း ပုဂ္ဂလ, ဓမ္မအားဖြင့် နှစ်ပါး။၏။ ဓမ္မသည် အရဟတ္တဖိုလ် နိဗ္ဗာန် အားဖြင့် နှစ်ပါး ။၏။ ပုဂ္ဂလသည် ဘုရား, ရဟန္တာ အားဖြင့် နှစ်ပါး။၏။ ထိုအပြားတို့တွင် ဤ"ယံ လောကော ပူဇယတေ" ၌ လောကော–၏အရ ပုထုဇန်, သေက္ခပုဂ္ဂလကိုင်း၊ ပူဇယတေ–၏အရ ထို ပုဂ္ဂိုလ်တို့၏ ဒါန, သီလ, ဘာဝနာမယ ပူဇနာကာရ အားဖြင့် ဖြစ်သော ကုသိုလ်, ဝေါဒါန်, သမထ, ဝိပဿနာအစ ရာဂ ဝိရာဂ စေတောဝိမုတ္တိ အဆုံး ရှိသော တရားကိုင်း၊ နိဿိတစိတ္တဖြစ်၍ သံသာရပဝတ္တိအားဖြင့် ပြအပ်၏။ ယံ–၏အရ ဘုရား, လောကော–၏အရ ရဟန္တာပုဂ္ဂိုလ်ကိုင်း၊ ပူဇယတေ–၏အရ ထိုပုဂ္ဂိုလ်တို့၏ ဒါန, သီလ, ဘာဝနာမယ, ပူဇနာကာရ အားဖြင့် ဖြစ်သော အနဝဇ္ဇ ကုသိုလ်, ဝေါဒါန်, သမထ, ဝိပဿနာအစ ရာဂ ဝိရာဂ စေတောဝိမုတ္တိမှတပါး အနုပါဒိသေသ နိဗ္ဗာနဓာတ် အဆုံးရှိသော တရားကိုင်း အနိဿိတစိတ္တဖြစ်၍ သံသာရ နိဝတ္တ အားဖြင့် ပြအပ်၏။ ။ ဤသို့ ပဒ, ပဒတ္ထ, နိဿိတစိတ္တ, အနိဿိတစိတ္တ အားဖြင့် ပြခြင်းသည် နိဒ္ဒေသသန္ဓိ မည်၏။

ဤသို့ ဝိဂ္ဂြိုဟ်, အလို, နိဒါန်း အနုသန္ဓေ အားဖြင့် ဖွင့်ခြင်းသည် စတုဗျူဟဟာရ မည်၏ ဟူလိုသောဝ်။

**စတုဗျူဟဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## ၈–အာဝတ္တဟာရ

**အာဝတ္တဟာရ** သည်–

"အာဝတ္တိယန္တိ သဘာဂဝိသဘာဂဓမ္မော ဧတေနာတိ အာဝတ္တော ဟူသော ဝစနတ္ထနှင့်အညီ– သုတ္တာရဋ္ဌ ဓမ္မ၏ ပဒဋ္ဌာန်ကိုရှာ၍ သဘာဂ. ဝိသဘာဂဓမ္မကို လည့်စေကြောင်း ဖြစ်သောကြောင့် အာဝတ္တဟာရ မည်၏၊

http://www.dhammadownload.com



အဘယ်သို့ လည်စေသနည်း ဟူမူကား- ဤ "ယံ လောကော ပူဇယာတေ" ဟူသော ပုဒ်၌ လောကသည် ဘုရားအား ပူဇော်သဖြင့် ခေတ္တရွှာသယ၏ ပြည်စုံခြင်းကြောင့် အပရိမေယျပုဗ္ဗာဘာဝပုညာတိသယ သည် ဖြစ်၏။ ထို ပုညာတိသယ၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရ၊ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ, နဝမခဏ, စက္ကသမ္ပတ္တိ, အပ္ပမာဒ စသည်ဟည်း။ ထို ခြောက်ပါးတို့တွင်-

ယောနိသောမနသိကာရကို ယူသဖြင့်-

"ယောနိသော ဘိက္ခဝေ မနသိကရောတော
အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊
ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ဘာဝနာ ပါရိပူရိံ
ဂစ္ဆန္တိ" -

ဟူသောပါဠ်နှင့်အညီ- ယောနိသောမနသိကာရလျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။

သဒ္ဓမ္မဿဝနကို ယူသဖြင့်-

"ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ။
ကတမေ ပဉ္စ-
အသုတံ သုဏာတိ, သုတံ ပရိယောဒါပေတိ,
ကင်္ခံ ဝိဟနတိ, ဒိဋ္ဌိံ ဥဇုံ ကရောတိ,
စိတ္တမဿ ပသီဒတိ" -

ဟူသည်နှင့်အညီ- ဓမ္မဿဝနလျှင် အကြောင်းရှိသော-

"မကြားစတောင်း၊ ထုံးကောင်းကြားသိ၊
ကြားပြီးစင်စွာ၊ ကင်္ခါ ပျောက်ကင်း၊
ဖြောင့်စင်းအယူ၊ ကြည်ခြင်း ဟူသား၊
ငါးဆူမှန်ချက်၊ ကျိုးဆက်မျက်မှောက်၊
ချက်ချင်း ရောက်ခြင်း" -

http://www.dhammadownload.com



စသော ကုသိုလ်တရားတို့သည် လည်ကုန်၏။

သပ္ပုရိသူပနိဿယကို ယူသဖြင့်–

"သဒ္ဓိံရေဝ သမာသေထ"–

စသည်နှင့် အညီ– ထိုလျှင် အကြောင်းရှိသော ကုသိုလ် တရားတို့သည် လည်ကုန်၏။

နဝမခဏကို ယူသဖြင့်–

"ခဏော ဝေါ မာ ဥပစ္စဂါ

ခဏာတီတာ ဟိ သောစန္တိ နိရယမှိ သမပ္ပိတာ"–

ဟူသော ပါဠိနှင့်အညီ– နဝမခဏလျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။

စက္ကသမ္ပတ္တိကို ယူသဖြင့်–

"စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ

ယေဟိ သမန္နာဂတာနံ စတုစက္ကံ ပဝတ္တတိ–

ဟူသော ပါဠိနှင့်အညီ– သမ္ပတ္တိစက်လျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။

အပ္ပမာဒကို ယူသဖြင့်–

"အပ္ပမာဒံ ပသံသန္တိ၊ ပုညကြိယာသု ပဏ္ဍိတာ"–

ဟူသော ပါဠိနှင့်အညီ– အပ္ပမာဒလျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။

သုတ်၌ ပူဇော်ခြင်းကို ဆိုသဖြင့် ထို၏ ဆန့်ကျင်ဖက် ဖြစ်သော မပူဇော်ခြင်းကိုလည်း ယူအပ်၏။ ထို၏ ပဒဋ္ဌာန်ကား– အယောနိသော မနသိကာရ စသည်တည်း။ ထိုခြောက်ပါးတို့တွင်–

http://www.dhammadownload.com



ယောနိသောမနသိကာရကို ယူသဖြင့် ထို၏ ဆန့်ကျင်ဖက် ဖြစ်သော အယောနိသောမနသိကာရ ကိုလည်း ယူအပ်၏။ ထို အယောနိသောမနသိကာရ ကို ယူသဖြင့်-

"အယောနိသော ဘိက္ခဝေ မနသိကရောတော
အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊
ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ဘိယျောဘာဝါယ
ဝေပုလ္လာယ သံဝတ္တန္တိ" -

ဟူသည်နှင့်အညီ- ထိုလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။

သဒ္ဓမ္မဿဝနကို ယူသဖြင့် ထို၏ ဆန့်ကျင်ဖက်ဖြစ်သော သူတော်တရားကို မနာခြင်းကို ယူအပ်၏။ ထိုကို ယူသဖြင့်-

"အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ" -

ဟူသည်နှင့်အညီ- ထိုလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။

သပ္ပုရိသူပနိဿယကို ယူသဖြင့် ထို၏ ဆန့်ကျင်ဖက် ဖြစ်သော ဗာလူပသေဝနကို ယူအပ်၏။ ထိုကို ယူသဖြင့်-

"ဒုက္ခော ဗာလေဟိ သံဝါသော" -

စသည်နှင့်အညီ- ထိုလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။

နဝမခဏကို ယူသဖြင့် ထို၏ ဆန့်ကျင်ဖက်ဖြစ်သော အက္ခဏကိုလည်း ယူအပ်၏။ ထို အက္ခဏကို ယူသဖြင့်-

http://www.dhammadownload.com



"ခဏာတီတာ ဟိ သောစန္တိ" –

ဟူသည်နှင့်အညီ– ထိုလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။

စက္ခုသမ္ပတ္တိကို ယူသဖြင့် ထို၏ ဆန့်ကျင်ဖက် ဖြစ်သော စက္ခုဝိပတ္တိ ကိုလည်း ယူအပ်၏။ ထို စက္ခုဝိပတ္တိကို ယူသဖြင့်–

" ဝိပ္ပန္နဒိဋ္ဌိ မာယာဝီ၊ တံ ဇညာ ဝသလော ဣတိ" –

ဟူသည်နှင့်အညီ– ထိုလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။

အပ္ပမာဒကို ယူသဖြင့် ထို၏ ဆန့်ကျင်ဖက် ဖြစ်သော ပမာဒကို လည်း ယူအပ်၏။ ထိုကို ယူသဖြင့်–

" ပမာဒေါ မစ္စုနော ပဒံ" –

ဟူသည်နှင့်အညီ– ထိုလျှင် အကြောင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန်၏။

ဤသို့ သဘာဂါဝတ္တန, အသဘာဂါဝတ္တန အားဖြင့် ဖွင့်ခြင်းသည် အာဝတ္တဟာရ မည်၏ ဟူလိုသော်။

**အာဝတ္တဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



**ဝိဘတ္တိဟာရ** ဟူသော်ကား–

“ ဝိဘဇိယန္တိ ဧတေန ဓမ္မပဒဋ္ဌာနဘူမိယော သာဓာရဏာသာဓာရဏဘေနာတိ ဝိဘတ္တိ” ဟူသော ဝစနတ္ထနှင့်အညီ– သုတ္တာဂတ တရားတို့ကို ဓမ္မ, ပဒဋ္ဌာန်, ဘုံ, သာဓာရဏ, အသာဓာရဏ အားဖြင့် ဝေဘန်ကြောင်း ဖြစ်သောကြောင့် ဝိဘတ္တိဟာရ မည်၏။

ထို ဝိဘတ္တိသည် ဓမ္မဝိဘတ္တိ, ပဒဋ္ဌာနဝိဘတ္တိ, ဘူမိဝိဘတ္တိ အားဖြင့် သုံးပါး ။၏ ။တွင် တပါးတပါးသည် သာဓာရဏ, အသာဓာရဏ အားဖြင့် နှစ်ပါး။၏ ။တွင် နာမသာဓာရဏ, ဝတ္ထု သာဓာရဏ အားဖြင့် နှစ်ပါး ။၏။ အသာဓာရဏလည်း ဤနည်း နှစ်ပါး။၏ ။

ထိုအပြားတို့တွင် ဤ“ယံ လောကော ပူဇယတေ ” ၌ ယံ–၏အရ ဂုဏဝိသိဋ္ဌဖြစ်သော ကရုဏာသည် အကြောင်း ကရုဏာ, အကျိုးကရုဏာ အားဖြင့် နှစ်ပါး။၏ ။တွင် သုမေဓာ သန္တာန်၌ ဖြစ်သော ကရုဏာသည် အကြောင်း ကရုဏာမည်၏။ ထိုကရုဏာသည် ပရိတ္တ, မဟဂ္ဂတကုသိုလ်, ဝေါဒါန်ဓမ္မတည်း။ ထို ကရုဏာဓမ္မသည် တပါးသောသူတို့၏ သန္တာန်၌ ဖြစ်သော ကရုဏာနှင့် ကရုဏာဟူသော, အပ္ပမညာ ဟူသော,ဗြဟ္မဝိဟာရ ဟူသော အမည်အားဖြင့်၎င်း၊ ပုထုဇန်, သေက္ခဟူသော ဝတ္ထု အားဖြင့်၎င်း ဆက်ဆံတူမျှ၏။ အနညသာဓာရဏ မဟာကရုဏာ ဟူသောအမည်, ဗောဓိသတ္တ ဟူသော ဝတ္ထုအားဖြင့် မဆက်ဆံ မတူမျှ။ ထို ကရုဏာဓမ္မ တည်သည်ရှိသော် ပစ္ဆုပ္ပန်၌ သုခဝိဟာရစသော, သံသရာ၌ ဘဝသမ္ပတ္တိ စသော အထက်ဂုဏ်အထူးကို ရ၏။ ထို အထက်ဂုဏ်ကိုရကြောင်း ပဋ္ဌာန် အဖြစ်ဖြင့် တည်ခြင်းဟူသော နာမ, ဝတ္ထု အားဖြင့် သူတပါးတို့၏ ကရုဏာ နှင့်ဆက်ဆံ၏။ သုမေဓာသန္တာန်၌ မဟာဘိနီဟာရသဗ္ဗာကရုဏာဒိစသော သံသရာ၌ ဗောဓိသမ္ဘာရသမ္ဘာရဏ ဗုဒ္ဓတ္တ တိုင်အောင်သော အသာဓာရဏ

http://www.dhammadownload.com



ဂုဏ်ထူးကိုရကြောင်း ပဒဋ္ဌာန်၏ အဖြစ်ဖြင့်တည်ခြင်း ဟူသော နာမ, ဝတ္ထု အားဖြင့် မဆက်ဆံ။ ။ အထက်၌ သာစာရဏာဂုဏ်ကိုရကြောင်း ပဒဋ္ဌာန်၏ အဖြစ်ဖြင့် တည်သော ထို ကရုဏာဓမ္မသည် သူတပါးတို့၏ ကရုဏာနှင့် ပုထုဇ္ဇနဘုံ, ကာမဘုံ, မဟဂ္ဂတဘုံ ဟူသော အမည် ဝတ္ထု အားဖြင့် ဆက်ဆံ၏။ ဗောဓိသတ္တဘုံ ဟူသော အမည် ဝတ္ထု အားဖြင့် မဆက်ဆံ။

ဘုရားသန္တာန်၌ဖြစ်သော ကရုဏာသည်အကျိုးကရုဏာ မည်၏။ ထိုသည် ပရိတ္တ, မဟဂ္ဂတ, အဗျာကတ ဝေါဒါန်ဓမ္မတည်း။ ထိုကရုဏာ ဓမ္မသည် သူတပါးတို့၏ ကရုဏာနှင့် ဆိုအပ်ပြီးသော အမည်အားဖြင့်၎င်း၊ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ရဟန္တာ ဟူသော ဝတ္ထုအားဖြင့်၎င်း ဆက်ဆံ၏။ပါဠိ ပုဂ္ဂလိက ဓမ္မတာအားဖြင့် တပါးသောဘုရားတို့၏ ကရုဏာနှင့် အာဝေဏိ ကဗုဒ္ဓဖြစ်၍ ပစ္စေက ရဟန္တာတို့၏ကရုဏာနှင့်, အနညသာစာရဏာ မဟာ ကရုဏာ ဟူသော အမည်, ဘုရားတည်းဟူသော ဝတ္ထုအားဖြင့် မဆက်ဆံ။ ထို ကရုဏာဓမ္မ တည်သည်ရှိသော် ဒိဋ္ဌဓမ္မသုခဝိဟာရ ဝေနေယျတို့၏ ဟိတသိဒ္ဓိ ဟူသော အထက်ဂုဏ်ထူးကို ရ၏။ ထိုကိုရကြောင်း ပဒဋ္ဌာန်၏ အဖြစ်ဖြင့် တည်ခြင်းဟူသော နာမ, ဝတ္ထု အားဖြင့် သူတပါးတို့၏ ကရုဏာနှင့်ဆက်ဆံ၏။ ဗုဒ္ဓသန္တာနိက အနညသာစာရဏာဂုဏ်ကို ရကြောင်း၏ အဖြစ်ဖြင့် တည်ခြင်းဟူသော နာမ, ဝတ္ထု အားဖြင့် မဆက် ဆံ။ ။ အထက်၌ ဂုဏ်အထူးကို ရကြောင်း ပဒဋ္ဌာန်၏အဖြစ်ဖြင့် တည်သော ထို ကရုဏာ ဓမ္မသည် သူတပါးတို့၏ ကရုဏာနှင့် အသေက္ခ ဘုံ, ကာမဘုံ, မဟဂ္ဂတဘုံ ဟူသော အမည်, ဝတ္ထုအားဖြင့် ဆက်ဆံ၏။ ဗုဒ္ဓဘုံဟူသော အမည်, ဝတ္ထု အားဖြင့် မဆက်ဆံ။

ဂုဏဝိသိဋ္ဌဖြစ်သော အရဟတ္တမဂ်ဉာဏ်သည် လောကုတ္တရာ ကုသိုလ်, ဝေါဒါန်ဓမ္မတည်း။ ထိုဓမ္မသည် သူတပါးတို့မဂ်နှင့် မဂ် ဟူသော အမည်, သေက္ခ ဟူသော ဝတ္ထုအားဖြင့် တူ၏။ အနညသာစာရဏာ ဟူသော အမည်, ဗောဓိသတ္တ ဟူသော ဝတ္ထု အားဖြင့် မတူ။ ။ ထိုမဂ္ဂဓမ္မ တည် လတ်သော် ဖိုလ် စသော အထက် ဂုဏ်အထူးကိုရ၏။ ထိုကို ရကြောင်း

http://www.dhammadownload.com



ပဒဋ္ဌာန်၏ အဖြစ်ဖြင့် တည်ခြင်းဟူသော နာမ, ဝတ္ထုအားဖြင့် သူတပါးတို့ မဂ်နှင့် တူ၏။ သကလဗုဒ္ဓဂုဏ်ကို ရကြောင်း ပဒဋ္ဌာန်၏ အဖြစ်ဖြင့် တည်ခြင်း ဟူသော နာမ, ဝတ္ထု အားဖြင့် မတူ။ ။ထို အခြင်းဖြင့်တည်သော ထို မဂ္ဂဓမ္မသည် သူတပါးတို့၏ မဂ်နှင့် ဘာဝနာဘုံ, သေက္ခဘုံ, လောကုတ္တရာဘုံကား ဘုံ ဟူသော အမည်, ဝတ္ထုအားဖြင့် တူ၏။ ဗောဓိသတ္တဘုံ ဟူသော အမည်, ဝတ္ထု အားဖြင့် မတူ။

ဂုဏဝိသိဋ္ဌ ဖြစ်သော သဗ္ဗညုတဉာဏ ပရိတ္တ, အပ္ပမာဏ, ဝေါဒါန် ဓမ္မ တည်း။ထို ဓမ္မသည် သူတပါးတို့၏ ဉာဏ်နှင့်ဉာဏ်ဟူသော အမည်, အသေက္ခ ဟူသော သတ္တဟူသော ဝတ္ထုအားဖြင့် တူ၏။ သဗ္ဗညုတဉာဏ် ဟူသော အမည်, ဗုဒ္ဓ ဟူသော ဝတ္ထုအားဖြင့် မတူ။ (ဤသို့ စသည်ဖြင့် ရေးနည်းမှီ၍ ဆို။) ဝါ-ထို သဗ္ဗညုတဉာဏ် ဓမ္မသည် ဗုဒ္ဓသန္တာန်၌ဖြစ်သော အညဓမ္မတို့နှင့် ဓမ္မ ဟူသော နာမ, ဗုဒ္ဓ ဟူသော ဝတ္ထု အားဖြင့်တူ၏။ ဝါ- အာဝေဏိကဓမ္မတို့နှင့် အာဝေဏိကဓမ္မ ဟူသော နာမ၊ ဝါ- အသာဓာ ရဏဉာဏ်တို့နှင့် အသာဓာရဏဓမ္မ ဟူသော နာမ, ဗုဒ္ဓ ဟူသော ဝတ္ထု အားဖြင့် တူ၏။ လက္ခဏ, ရသ စသော သဘာဝဓမ္မ, အနန္တရာတီတ စိတ္တုပ္ပါဒသဟဇာတ ဟဒယရုပ် ဟူသော ဝတ္ထု အားဖြင့် မတူ။ ဤသို့ စသည်ဖြင့် ဝိသိဋ္ဌဂုဏ် ကုန်အောင် ယူအပ်၏။

လောကော-၏အရ လောကသည် ဝေါဟာရအားဖြင့် သတ္တဝါ ဟူသော ပညတ္တိဓမ္မတည်း။ ပရမတ္ထအားဖြင့် ခန္ဓာငါးပါး ဟူသော ပညတ္တိ ပထဓမ္မတည်း။ ထို ဓမ္မနှစ်ပါးသည် ပုဗ္ဗေသော အားဖြင့် ဖြစ်သော ပုည အပုည ဝိပါကဖြစ်ရာလောက, သင်္ခါရလောက, ဩကာသလောက, ကာမ လောကစသည်နှင့် လောက ဟူသော အမည်, ပုထုဇ္ဇန သေက္ခာသေက္ခ မနုဿ ဒေဝ စသော တည်ရာသာမည ဝတ္ထုအားဖြင့် ဆက်ဆံ၏။ ပုဗ္ဗေ သော လောက, ပုဗ္ဗေသောအားဖြင့်ဖြစ်သော ပုည၏ဖြစ်ရာဖြစ်သော လော ကဝိသေသ ဟူသော အမည်, ထို၏တည်ရာ ဝိသေသ ဝတ္ထုအားဖြင့်

http://www.dhammadownload.com



မဆက်ဆံ။ ။ထိုလောက ဟူသော ပညတ္တိဓမ္မ, ပညတ္တိ ပထဝီမှ တည်သည် ရှိသော် အထက်၌ အာမိသဓမ္မပူဇာသာမညဂုဏ်ကိုရ၏။ ထိုကိုရကြောင်း ပဒဋ္ဌာန်၏အဖြစ်ဖြင့် တည်ခြင်းဟူသော သာမည နာမ, ဝတ္ထုအားဖြင့် ဆက်ဆံ၏။ အာမိသပူဇာ စသော ပူဇာဝိသေသဂုဏ်ကို ရကြောင်း ပဒဋ္ဌာန် ၏အဖြစ်ဖြင့် တည်ခြင်းဟူသော ဝိသေသ နာမ, ဝတ္ထုအားဖြင့် မဆက်ဆံ။ အထက်၌ ပူဇာဝိသေသဂုဏ်ကို ရကြောင်း ပဒဋ္ဌာန်၏အဖြစ်ဖြင့် တည်သော ဧကေကလောကသည် အညမည ကာမစသော ဘုံ, ပုထုဇ္ဇန စသော ဘုံ တည်းဟူသော နာမ, ဝတ္ထုအားဖြင့် ဆက်ဆံ၏။လောကတရီတရဘုံ ဟူသော နာမ, ဝတ္ထုအားဖြင့် မဆက်ဆံ။ ဝါ- ကာမဘုံတူသော်လည်း ဒုဂ္ဂတိ, သုဂတိအားဖြင့် မတူ။ ဒုဂ္ဂတိတူသော်လည်း တိရစ္ဆာန, ပေတ စသည်ဖြင့် မတူ။ တိရစ္ဆာန အဖြစ်တူသော်လည်း ဟတ္ထိ, အဿစသည်ဖြင့် မတူ။ ဟတ္ထိ အဖြစ်တူသော်လည်း ကာဠာဝက စသည်ဖြင့် မတူ။ ကာဠာဝက အဖြစ်တူသော်လည်း ဟတ္ထိ, ဟတ္ထိနီ အဖြစ် မတူ။ ဟတ္ထိ အဖြစ်တူ သော်လည်း ပေါက်, ဟိုင်း, ဟံ, တည်, တံ အဖြစ် မတူ။(ဤသို့ စသည်ဖြင့် ခွဲလေ)။

ပူဇယတေ-၏အရ ပူဇနကြိယာသည် အကျိုး ကာယဝိညတ်,ဝစီ ဝိညတ်၊ အကြောင်းစိတ္တုပ္ပါဒ် ဟူသော ဒါန, သီလ, ဘာဝနာမယ ဖြစ်သော ပရိတ္တ, မဟဂ္ဂတ, အပ္ပမာဏ ကုသိုလ် အဗျာကတ ဝေါဒါန်ဓမ္မတည်း။ ထို ပူဇနကြိယာဓမ္မသည် ပူဇော်ခြင်း၏ အဆောက်အဦဖြစ်သော အန္န, ပါန စသည်နှင့်၄င်း၊ ပူဇော်ကြောင်း စေတနာနှင့်၄င်း "တိရစ္ဆာန ဂတေ ဒါနံ ဒတွာ" စသည်ဖြင့်လာသော ပူဇော်ရာဝတ္ထု ဟူသမျှနှင့်၄င်း၊ ပူဇန ဟူသောအမည်, ပူဇော်ရာဝတ္ထုအားဖြင့် ဆက်ဆံ၏။ ရတနတ္တယ ပူဇာ ဟူသော နာမ, ရတနတ္တယ ဟူသော ဝတ္ထုအားဖြင့်ကား မဆက်ဆံ။ဝါ- ပူဇော်အပ်သော နတ်, လူစသော လောကနှင့် နာမ, ဝတ္ထု အားဖြင့် ဆက်ဆံ ၏။ အသီးသီးသော လောကသည် ပူဇော်ခြင်း ဟူသော ပစ္စတ္တ-ပုရိသာကာ ရ ပဲဟူသောအမည်, အသီးသီးသော လောကဟူသော ပစ္စယပုရိသအားဖြင့် မဆက်ဆံ။ ။ ထိုပူဇာဓမ္မ တည်လတ်သော်-

http://www.dhammadownload.com



"တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတော ဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊
ယမေတမပိ ကေနစိ။

စတုန္နမ္ပိ စ ဒီပါနံ၊
ဣဿရိယံ ယော စ ကာရယေ။
ဧကိဿာ ပူဇနာယေတံ၊
ကလံ နာဂ္ဃတိ သောဠသိံ–"

ဟူသော အထက်၌ ဂုဏ်အထူးကို ရ၏။ ထိုကို ရကြောင်း ပဒဋ္ဌာန်၏ အဖြစ်ဖြင့် တည်ခြင်း တည်းဟူသော နာမ, ဝတ္ထု အားဖြင့် ဆက်ဆံ၏။ ပစ္စယဖလကိုရကြောင်း ပဒဋ္ဌာန်၏အဖြစ်ဖြင့် တည်ခြင်း ဟူသော နာမ, ဝတ္ထု အားဖြင့် မဆက်ဆံ။ ။ ထိုအခြင်းဖြင့် တည်ခြင်းတည်းဟူသော ထို ပူဇာဓမ္မသည် ဘုံသုံးပါးနှင့် ဆက်ဆံ၏။ ပစ္စယတ္တဘုံ အားဖြင့် မဆက်ဆံ။

ဒါနမယပူဇာသည် ပရတောဃောသ သုတမယဉာဏ်၏ သာဓာရဏ ပဒဋ္ဌာန်တည်း။ ထို ဒါနမယဖလ၏ကား အသာဓာရဏ ပဒဋ္ဌာန်တည်း။ သီလမယပူဇာသည် စိန္တာမယဉာဏ်, ယောနိသောမနသိကာရ၏ သာဓာရဏပဒဋ္ဌာန်တည်း။ အဝိပ္ပဋိသာရ၏ကား အသာဓာရဏပဒဋ္ဌာန်တည်း။ ဘာဝနာမယပူဇာ သာမန်သည် ဘာဝနာသာမန် သမ္မာဒိဋ္ဌိသာဓာရဏ ပဒဋ္ဌာန်တည်း။ ဘာဝနာမယဉာဏ် ဝိသေသ၏ကား အသာဓာရဏပဒဋ္ဌာန်တည်း။ ဘာဝနာမယဝိသေသတို့တွင် သမ္မသန စသော ရှေးရှေးသော ဉာဏ်သည် ဥဒယဗ္ဗယစသော နောက်နောက်သောဉာဏ်၏ ပဒဋ္ဌာန်တည်း။ ဒဿနဘူမိသည် နိယာမာဝက္ကန္တိ၏ ပဒဋ္ဌာန်တည်း။ ဘာဝနာဘူမိသည် အထက်အထက် ဖိုလ်၏ ပဒဋ္ဌာန်တည်း။ ဒုက္ခပဋိပဒါစသော ပဋိပဒါလေးပါးသည် သမထ၏ ပဒဋ္ဌာန်တည်း။ သုခပဋိပဒါ ခိပ္ပါဘိညာသည် ဝိပဿနာ၏ ပဒဋ္ဌာန်တည်း။ ထို ပူဇနကြိယာပဒဋ္ဌာနဓမ္မသည် ကာမစသော

http://www.dhammadownload.com



ဘုံ, ပုထုဇ္ဇန စသော ဘုံ, သာမညတည်းဟူသော နာမ, ဝတ္ထုအားဖြင့် ဆက်ဆံ ၏။ ဣတရီတရ ဘုံ ဟူသော နာမ, ဝတ္ထု အားဖြင့် မဆက်ဆံ။ ဤသို့ သုတ္တာဂတဓမ္မကို ပဒဋ္ဌာန်, ဘုံ, သာဓာရဏာသာဓာရဏ အားဖြင့် ဝေဘန်ခြင်းသည် ဝိဘတ္တိဟာရ မည်၏ ဟူလိုသောဝ်။

ဝိဘတ္တိဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆

## ၉–ပရိဝတ္တနဟာရ

**ပရိဝတ္တနဟာရ** ဟူသော်ကား–

"ပဋိပက္ခဝသေန ပရိဝတ္တိယန္တိ ဣမိနာ သုတ္တေ ဝုတ္တာဓမ္မာတိ ပရိဝတ္တနော" ဟူသော ဝစနတ္ထနှင့်အညီ– သုတ်၌ ဟောအပ်ကုန်သော အကုသိုလ်ဓမ္မတို့ကို ထို၏ပဋိပက္ခ ကုသိုလ်ဓမ္မဖြင့်, ကုသိုလ်ဓမ္မတို့ကို ထို၏ ပဋိပက္ခ အကုသိုလ်ဓမ္မတို့ဖြင့် ပယ်ကြောင်းဖြစ်သောကြောင့် ပရိဝတ္တနဟာရ မည်၏။

အဘယ်သို့ ပယ်သနည်း ဟူမူကား– ဤ "ယံ လောကော ပူဇယတေ" ဟူသော သုတ်၌ မြတ်စွာဘုရားကို လောကသည် အာမိသ, ဓမ္မ, ဒါန, သီလ, ဘာဝနာမယပူဇာဖြင့် ပူဇော်ခြင်းကို ဆိုသဖြင့် အနဝဇ္ဇ, သုခဝိပါကဋ္ဌ ဖြစ်သော ကုသိုလ်ဓမ္မ, အနဝဇ္ဇဋ္ဌ ဖြစ်သော အဗျာကတ ဓမ္မကို ဟောအပ်၏။ ထို ဓမ္မတို့တွင် ဒါနမယ ကုသိုလ်ဓမ္မဖြင့် ထို၏ ပဋိပက္ခဖြစ်သော အသဒ္ဓိယ, ပမာဒ, ကောသဇ္ဇ, ဣဿာ, မစ္ဆေရ စသော အကုသိုလ်တို့သည်၎င်း၊ ထို အကုသိုလ်လျှင် အကြောင်းရှိကုန်သော ပစ္စုပ္ပန်, သံသရာ ဆေးတို့သည်၎င်း၊ ပပျောက်ကုန်၏။ ဒါနမယလျှင် အကြောင်းရှိကုန်သော ပစ္စုပ္ပန်, သံသရာ အကျိုးတို့သည် စည်ပင် ပြန့်ပွားများကုန်၏။

http://www.dhammadownload.com



သီလမယဖြင့် ထို၏ပဋိပက္ခဖြစ်သော အသဒ္ဓိယ ဒုဿီလျ,အနာစာရိ, ဒုပ္ပဋိပတ္တိ, မိစ္ဆာပဋိပတ္တိ စသော အကုသိုလ်, ထိုလျှင် အကြောင်းရှိသော ပစ္စုပ္ပန်, သံသရာ ဘေးတို့သည် ပပျောက်ကုန်၏။ သီလမယလျှင် အကြောင်းရှိကုန်သော ပစ္စုပ္ပန်, သံသရာအကျိုးတို့သည် စည်ပင် ပြန့်ပွားများ ကုန်၏။

ဘာဝနာမယဖြင့် ထို၏ပဋိပက္ခဖြစ်သော သကလဝဋ္ဋ ဒုက္ခတို့သည် ကင်းကုန်၏။ ဝါ–သမထဘာဝနာတို့တွင် ပဌမဈာန်ဖြင့် နီဝရဏ၊ ဒုတိယဈာန်ဖြင့် ဝိတက်၊ တတိယဈာန်ဖြင့် ဝိစာရ၊ စတုတ္ထဈာန်ဖြင့် ပီတိ၊ ပဉ္စမဈာန်ဖြင့် သုခ၊ ပဌမာရုပ္ပဖြင့် ရူပသညာ၊ ဒုတိယာရုပ္ပဖြင့် ပဌမာရုပ္ပ၊ တတိယာရုပ္ပဖြင့် ဒုတိယာရုပ္ပ၊ စတုတ္ထာရုပ္ပဖြင့် တတိယာရုပ္ပ၊ သညာဝေဒယိတနိရောဓဖြင့် စတုတ္ထာရုပ္ပသည် ကင်း၏။

ဝိပဿနာဘာဝနာတို့တွင် အနိစ္စာနုပဿနာဖြင့် နိစ္စသညာ၊ ဒုက္ခာနုပဿနာဖြင့် သုခသညာ၊ အနတ္တာနုပဿနာဖြင့် အတ္တသညာ၊ အသုဘာနုပဿနာဖြင့် သုဘသညာ၊ ထိုထို အနုပဿနာဖြင့် ဝိပလ္လာသ။သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ၊ သကဒါဂါမိမဂ်ဖြင့် တနုကရ၊ အနာဂါမိမဂ်ဖြင့် ကာမရာဂ, ဗျာပါဒ၊ အရဟတ္တမဂ်ဖြင့် အဝသိဋ္ဌကိလေသာ၊ အနုပါဒါပရိနိဗ္ဗာန်ဖြင့် သကလဝဋ္ဋဒုက္ခတို့သည် ကင်းပျောက် ဆွေးမြေ့၊ လျှောရွေ့ပျမြန်း၊ ညှိုးသန်းမဖြစ်၊ ဆုတ်နစ်ပြန်လည်ကုန်၏။ ထို သမထ စသည်လျှင် အကြောင်းရှိသော ပစ္စုပ္ပန်, သံသရာအကျိုးတို့သည် စည်ပင် ခိုင်ဖြိုး၊ ကြီးကျယ် ဖွံ့ဖြိုး၊ တက်တိုး ပြန့်ပွား၊ များပြား ဝှန်သည်း၊ ဖြင်ပည်း ထူပြောခြင်းသို့ ရောက်ကုန်၏။

ဤသို့လျှင် သုတ္တာဂတဓမ္မတို့ကို ပဋိပက္ခအားဖြင့် ပယ်ခြင်းသည် ပရိဝတ္တနဟာရ မည်၏ ဟူလိုသောဝ်။

**ပရိဝတ္တနဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၁၀–ဝေဝစနဟာရ

**ဝေဝစနဟာရ** ဟူသော်ကား–

“ဝေဝစနံ ယောဇေတိ ဧတေနာတိ ဝေဝစနော” ဟူ။ ညီ–သုတ်၌ လာသော တခုသောတရား၌ များစွာသော ဝေဝုစ်ကို ယှဉ်ကြောင်း ဖြစ်သော ကြောင့် ဝေဝစနဟာရ မည်၏။

အဘယ်သို့ ယှဉ်သနည်း ဟူမူကား– ဤ “ယံ လောကော ပူဇယတေ” ၌ ယံ–သဒ္ဒါသည် “ပရိယာယေန န ခရတိ န သဥ္စရတီတိ အက္ခရံ၊ န ဟိ ဝဏ္ဏာဿ ပရိယာယော ဝိဇ္ဇတိ” ဟူသည်နှင့် အညီ– ဧကက္ခရ ဝဏ္ဏာဖြစ်၍ ဝေဝုစ် မရှိ။ ယင်းသို့ ဝေဝုစ် မရှိသည်ကို ဆိုခြင်း သည်ပင် “အနာမိကဘာဝေါယေဝ တေသံ နာမံ” ဟူ၏သို့ ဝေဝုစ်ကို ယှဉ်ခြင်း မည်၏။ ဝါ– “ယော ပနာတိ ယော ယာဒိသော” စသော နည်းဖြင့်–

ယံ ယာဒိသံ ယထာယုတ္တံ၊
ယံ ဇစ္စံ ယဉ္စ နာမကံ။
ဂေါတ္တံ သီလံ ဝိဟာရိဉ္စ၊
ဂေါစရံ ယံ နရဇ္ဇရံ။
ဗုဒ္ဓံ ဒသဗလံ နာထံ၊
သတ္ထာရမိတိ ယောဇယေ။

ဤသို့ စသည်ဖြင့် ယှဉ်အပ်၏။

လောကော–ပုဒ်၏ ဝေဝုစ်ကို–

ပါဏော သရီရီ ဘူတံ ဝါ၊
သတ္တော ဒေဟီ စ ပုဂ္ဂလော။
ဇီဝေါ ပါဏီ ပဇာ ဇန္တု၊
ဇနော လောကော တထာဂတော။

စသည်ဖြင့် ယှဉ်အပ်၏။

http://www.dhammadownload.com



ပူဇယတော- ပုဒ်၏ ဝေဝုစ်ကို-

မာနယတော မနာယတိ၊
အပစာယတိ အစ္စတိ။
နိန္နော ပေါနော စ ပဗ္ဘာရော၊
သက္ကရောတိ ဂရုံ ကရေ။

ဤသို့ စသည်ဖြင့် ယှဉ်အပ်၏။

ဤသို့လျှင် သုတ်၌လာသော တခုသောတရား၌ များစွာသော ဝေဝုစ်ကို ယှဉ်ခြင်းသည် ဝေဝစနဟာရ မည်၏ ဟူလိုသောဝ်။

**ဝေဝစနဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## ၁၁-ပညတ္တိဟာရ

**ပညတ္တိဟာရ** ဟူသော်ကား-

"ပကာရေဟိ ဉာပီယန္တိ အသက်ရတော ဝါ ဌပီယန္တိ အတ္ထာတိ ပညတ္တိ" ဟူသော ဝစနတ္ထနှင့်အညီ- သုတ်၌လာသောတရားတို့၏အနက်ကို အပြားအားဖြင့် သိကြောင်း, မရောမယှက် ထားကြောင်း ဖြစ်သော ကြောင့် ပညတ္တိဟာရ မည်၏။

အဘယ်သို့ထားသနည်းဟူမူကား- "ယာ ပကတိကထာယဒေသနာ၊ အယံ နိက္ခေပပဏ္ဏတ္တိ" ဟူသည်နှင့်အညီ- ဤ"ယံ လောကော ပူဇယတေ" ၌ ယံ-ဟူသော သဘာဝနိရုတ္တိ ပကတိကထာ ဒေသနာသည် ဂုဏာတိရေက ဂုဏဝိသိဋ္ဌကို ရည်၍ ထားသောကြောင့် နိက္ခေပပညတ် မည်၏။ ထို ဂုဏဝိသိဋ္ဌတို့တွင် ကရုဏာ၏ သဗ္ဗဂုဏပဘာဝ ဖြစ်၍ ပဘာဝ

http://www.dhammadownload.com



ပညတ် မည်၏။ ထို ကရဏာ၏ ပရဒုက္ခာပနယနာကာရလက္ခဏာ စသော အဖြစ်သည် တဇ္ဇာ မည်၏။ ထို တဇ္ဇာကို သိစေသောကြောင့် တဇ္ဇပညတ် မည်၏။ ထိုဂုဏာဝိသိဋ္ဌကို စွဲ၍ ဖြစ်သောကြောင့် ဥပါဒါပညတ် မည်၏။ ထို ဝိသိဋ္ဌဂုဏ်အပေါင်းသည် သမူဟ မည်၏။ ထို သမူဟကို သိစေသော ကြောင့် သမူဟပညတ် မည်၏။ နေ့တိုင်းနေ့တိုင်း ကုဋေ နှစ်သန်းလေးသိန်း ဝင်စားသော မဟာကရုဏာသမာပတ္တိ ဝိထိအစဉ်သည် သန္တတိ မည်၏။ ထို သန္တတိကို သိစေသောကြောင့် သန္တတိပညတ် မည်၏။ ထို ဝိသိဋ္ဌဂုဏ် သည် "အရိယတေတိ အတ္ထော" ဟူသည်နှင့်အညီ- သိစေအပ်သောကြောင့် အတ္ထ မည်၏။ ထို အတ္ထကို သိစေသောကြောင့် အတ္ထပညတ် မည်၏။

ထို ဝိသိဋ္ဌဂုဏ်သည် "သုဋ္ဌု သင်္ကိတဗ္ဗောတိ သင်္ကေတော" ဟူ သည်နှင့်အညီ- ကောင်းစွာ မှတ်အပ်သောကြောင့် သင်္ကေတ မည်၏။ ထို သင်္ကေတကို သိစေသောကြောင့် သင်္ကေတပညတ် မည်၏။ "ထို ဝိသိဋ္ဌ ဂုဏ်တည်းဟူသော အတ္ထဂမ္ဘီရကို ဤသို့သော သင်္ကေတဖြင့် သိစေအံ့" ဟု မဟာမိ ရှေးဦးစွာ စိတ်တော်ဖြင့် ကြံစည် စဉ်းစား မှတ်သား ပိုင်းခြား အပ်သော ယံ- သဒ္ဒါသည် မနသာဝဝတ္ထာပိတ ဓမ္မဂမ္ဘီရသဒ္ဒ ပညတ် မည်၏။ ယင်းသို့ မှတ်သားပိုင်းသော ဓမ္မဂမ္ဘီရသဒ္ဒပညတ်ကို နှုတ်မြွက်၍ ဟောခြင်းသည် ဒေသနာဂမ္ဘီရ ပရမတ္ထဝစီဘေဒသဒ္ဒပညတ် မည်၏။ ထို ယံ- ဟူသော ဒေသနာဂမ္ဘီရ ပရမတ္ထဝစီဘေဒသဒ္ဒါကို ကြားနာ၍ သုဏန္တ တို့၏ တတိယ သုဒ္ဓမနောဒွါရဝီထိ၏ အာရုံဖြစ်သော ယံ-သဒ္ဒါသည် နာမ ပညတ္တိသဒ္ဒါ မည်၏။ ဝါ- ယံ-ကား ပဒပညတ် မည်၏။ သျာဒျန္တ ပဒပညတ် မည်၏၊ ဒုတိယန္တပဒပညတ် မည်၏ စသည်ဖြင့်၄င်း, ယံ-၏ အနက်သည် ကာရကပညတ် မည်၏၊ ကမ္မကာရကပညတ် မည်၏၊ အဝုတ္တကမ္မကာရကပညတ် မည်၏ စသည်ဖြင့်၄င်း (ဆိုလေ။)

လောကော- ဟူသော သဘာဝနိရုတ္တိ ပကတိကထာဒေသနာ သည်-

http://www.dhammadownload.com



" ဟိရိ ကမ္မသ်၊ ပစ္စတ် နန္တ၊ ဇြဟ္မ နိဝါ၊ ဒက္ခိဏာ၊ လောကာသမ္မုတိ။

ပုဂ္ဂိုလ်ကထာ၊ ဟောခြင်းရာ၊ ရှစ်ဖြာ အကြောင်းရှိ။"

ဟူသည်နှင့်အညီ- ဟိရောတ္တပ္ပကို ပြခြင်းငှာ, ကမ္မဿကတာကို ပြခြင်းငှာ ပစ္စတ္တပုရိသာကာရကို, အာနန္တရိယကံကို, ဗြဟ္မဝိဟာရကို ပုဗ္ဗေနိဝါသာ နုဿတိကို, ဒက္ခိဏာဝိသုဒ္ဓိကို, လောကသမ္မုတိကို မပယ်ခြင်းကို ပြခြင်းငှာ ပုဂ္ဂလကထာကို ဟောကြောင်း ရှစ်ပါးတို့တွင် နရဝရကို 'လောကသည် ပူဇော်၏" ဟူသော ဝါကျတ္ထ၏ အစွမ်းဖြင့် အာနန္တရိယကံကို ပြခြင်းငှာ ဟောခြင်းမှတပါး ခုနစ်ပါးသော အကြောင်းဖြင့် ဝေါဟာရပညတ်ကို ထား သောကြောင့် နိက္ခေပပညတ် မည်၏။ လောကော၏အရ ခန္ဓာငါးပါးသည် " ပါဠုပါဒါနက္ခန္ဓာ ဒုက္ခာ" ဟူသည်နှင့် အညီ-ဒုက္ခပညတ် မည်၏။ ထိုဒုက္ခ၏ ပရိညေယျ ဖြစ်၍ ပရိညာပညတ် မည်၏။ အဘိညေယျ ဖြစ်၍ အဘိညာပညတ် မည်၏။ ထို ခန္ဓာငါးပါး၏ ရုပ္ပန, နမန စသော သဘော သည် တဇ္ဇာမည်၏ စသည်ဖြင့် ( ရှေးနည်းမှီ၍ ဆို။) ဝါ-လောကော- သည် ပဒမည်၏၊ သျာဒျန္တပဒပညတ် မည်၏။ ပဌမန္တပဒပညတ် မည်၏ စသည်ဖြင့်ငှင်း၊ ကာရကပညတ်, သတ္တကာရက, ဝုတ္တကတ္တုကာရက စသည် (ဆိုလေ။)

ပူဇယတေ- ဟူသော သဘာဝနိရုတ္တိ ပကတိကထာ ဒေသနာသည် ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော ကိုယ်, နှုတ်, စိတ် အမူအရာ ကြိယာကို ထားသောကြောင့် နိက္ခေပပညတ် မည်၏။ ဒါန, သီလ, ဘာဝနာ မယပူဇာကို ဟောသောကြောင့် ဒေသနာပညတ် မည်၏။ " အလောဘော ဒါနဟေတု, အဒေါသော သီလဟေတု, အမောဟော ဘာဝနာဟေတု" ဟူသောကြောင့် အလောဘ စသည်တို့၏ ဟေတုပညတ် မည်၏။ " သုခ- ဿေတံ ဘိက္ခဝေ အဓိဝစနံ ယဒိဒံ ပုညာနိ " ဟူသောကြောင့် ပုညဖလ

http://www.dhammadownload.com



သုခတို့၏ ဟေတုပညတ်မည်၏။ ဒေသနာဟာရပဒတ္ထ စသည်တို့ဖြင့် အသာဒပညတ် စသည်ကို ဆိုအပ်၏။ ပူဇော်သော အမှုအရာ ဖြစ်သော ကြိယာသည် တစ္စာ မည်၏ စသည်ဖြင့် ( ရှေးနည်းဆို။) ဝါ၊ ပူဇယတော- ကား ပဒပညတ်၊ တျာဒျန္တပဒပညတ် စသည်ဖြင့် (ဆို)။ ဝါ၊ ကြိယာပညတ် မည်၏။ အာချာတ်ကြိယာပညတ် မည်၏။ ပဌာန ကြိယာပညတ် မည်၏။

ဤသို့လျှင် နိက္ခေပပညတ် စသည်ကို အပြားအားဖြင့် သိစေခြင်း သည် ပညတ္တိဟာရ မည်၏ ဟူလိုသောဝ်။

## ပညတ္တိဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၁၂–ဩတရဏဟာရ

**ဩတရဏဟာရ** ဟူသော်ကား

“ဩတာရိယန္တိ အနုပဝေသီယန္တိ ဧတေန သုတ္တာဂတဓမ္မာ ခန္ဓာ ဒီသူတိ ဩတရဏော” ဟူသော ဝစနတ္ထနှင့် အညီ– သုတ္တာဂတဓမ္မတို့ကို ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်တို့၌ သွင်းကြောင်းဖြစ်၍ ဩတရဏဟာရ မည်၏။

အဘယ်သို့ သွင်းသနည်းဟူမူကား–ဤ “ ယံ လောကော ပူဇယတေ ” ၌ ယံ–၏ အရ ဂုဏဝိသိဋ္ဌဖြစ်သော မဂ်စိတ္တုပ္ပါဒ်နှင့်အတူ ဥပါဒ်သောရုပ်သည် ရူပက္ခန္ဓာ မည်၏။ ဝါ– လက္ခဏာ ကြီးငယ် ရောင်ခြောက် သွယ်ဖြင့် တင့်တယ်သော ရူပကာယ ဂုဏဝိသိဋ္ဌသည် ရူပက္ခန္ဓာ မည်၏။ မဂ်စိတ္တုပ္ပါဒ်၌ ဝေဒနာသည်။ပ။ မဂ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ဝါ– အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်၌ မဂ္ဂင်ခုနစ်ပါး။ ထိုတွင် ဝါစာ, ကမ္မန္တ, အာဇီဝသည် သီလက္ခန် မည်၏။ ဝါယာမ, သတိ, သမာဓိသည် သမာဓိက္ခန် မည်၏။ သမ္မာဒိဋ္ဌိသည် ပညက္ခန် မည်၏။ မဂ် စိတ္တုပ္ပါဒ်သည် ဝိမုတ္တိက္ခန် မည်၏။ ထိုကို အာရုံပြု၍ ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်သည် ဝိမုတ္တိဉာဏ ဒဿနက္ခန် မည်၏။ ဤသို့ ခန္ဓာအားဖြင့် သွင်းခြင်းသည် ခန္ဓောတရဏ မည်၏။

http://www.dhammadownload.com



မဂ်စိတ္တုပ္ပါဒ်နှင့်အတူ ဥပါဒ်သော စက္ခုပသာဒသည် စက္ခာယတန မည်၏။ပ။ မဂ်စိတ်သည် မနာယတန မည်၏။ စေတသိက်, သုခုမရုပ်သည် ဓမ္မာယတန မည်၏။ ဤသို့ အာယတန အားဖြင့် သွင်းခြင်းသည် အာယ-တနောတရဏ မည်၏။

မဂ်စိတ္တုပ္ပါဒ်နှင့်အတူ ဥပါဒ်သော စက္ခုပသာဒသည် စက္ခုဓာတ် မည်၏။ပ။ မဂ်စိတ်သည် မနောဝိညာဏဓာတ် မည်၏။ စေတသိက်, သုခုမ ရုပ်သည် ဓမ္မဓာတ် မည်၏။ ဤသို့ ဓာတ်အားဖြင့် သွင်းခြင်းသည် ဓာတော တရဏ မည်၏။

ထိုအတူ စက္ခုပသာဒသည် စက္ခုန္ဒြေ မည်၏။ပ။ ပုမ္ဘောသည် ပုရိသိန္ဒြေ မည်၏။ ရုပ်, နာမ် ဇီဝိတသည် ဇီဝိတိန္ဒြေ မည်၏။ မဂ်စိတ်သည် မနိန္ဒြေ မည်၏။ ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေ မည်၏။ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာသည် သိဒ္ဓိန္ဒြေ စသည် မည်၏။ သမ္မာဒိဋ္ဌိသည် အညိန္ဒြေ မည်၏။ ဤသို့ ဣန္ဒြေအားဖြင့် သွင်းခြင်းသည် ဣန္ဒြိယောတရဏ မည်၏။

အဝိဇ္ဇာ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် "အဝိဇ္ဇာ ယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" စသည်ဖြင့် ပဋိလောမ ပစ္စယာ ကာရ အားဖြင့် သွင်းခြင်းသည် ပဋိစ္စသမုပ္ပါဒေါတရဏ မည်၏။

နိဒ္ဒေသဂါထာ၌ အဝုတ္တသမုစ္စယ စ- သဒ္ဒါဖြင့် သုညတမုခ စသည်ကို ယူအပ်၏ဟု အဋ္ဌကထာမိန့်ရကား ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တာ နုပဿနာ ဟူသော ဝိမောက္ခမုခ ဖြစ်သင့်သောကြောင့် ဂုဏဝိသိဋ္ဌ အရဟတ္တမဂ်တော်သည် သုညတဝိမောက္ခ မည်၏။ အဋ္ဌကထာ၌ အာဒိ- သဒ္ဒါဖြင့် သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် အားဖြင့် လည်း ယထာရဟ သွင်းအပ်၏။

လောကော၏-အရ ခန္ဓာငါးပါးကို ရူပက္ခန္ဓာ, စက္ခာယတန, စက္ခု ဓာတ်, စက္ခုန္ဒြေ စသည်ဖြင့် သွင်းအပ်၏။ ဣန္ဒြေအားဖြင့် သွင်းရာ၌ ပူဇော် သောလောကသည် ဣတ္ထိဖြစ်အံ့-ဣတ္ထိန္ဒြေကို ရအပ်၏။ ဝတ္တာပူရဏပူဇာ

http://www.dhammadownload.com



စသည်တို့၌ ဒုက္ခနေ့ကို ရအပ်၏။ မဂ္ဂဖလပူဇာ၌ အနညာတညဿာမိတိန္ဒြေ စသည်ကို ရအပ်၏။ ထို ခန္ဓာငါးပါး၏ အကြောင်းသည် အဝိဇ္ဇာ ဖြစ်သောကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" စသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ကိုငင်း, အရဟတ္တမဂ္ဂပူဇာဖြင့် အဝိဇ္ဇာ အကြွင်းမဲ့ချုပ်သောကြောင့် အဝိဇ္ဇာယတွေ၀ စသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကိုငင်း ရအပ်၏။ သုညတဝိမောက္ခ စသည်ကိုလည်း သွင်းအပ်၏။

ပူဇယတေ– ၏ အရဖြစ်သော ပူဇာသည် အကျိုး ကာယဝိညတ်, ဝစီဝိညတ်၊ အကြောင်းစိတ္တုပ္ပါဒ် တည်းဟူသော လောကော–နှုတ်, စိတ်, အမူအရာ ကြိယာတည်း။ ထိုကြိယာကိုဟောသော ကိုယ်ဟူသော ကတ္တားသည် ပြီးစေသောကြောင့် လောကပုဒ်၌ ဆိုအပ်ပြီးသော နည်းဖြင့် ခန္ဓာတရဏ စသည်ကို ပြုအပ်၏။

ဤသို့လျှင် သုတ္တာဂတမေ့တို့ကို ခန္ဓာစသည်၌ သွင်းခြင်းသည် ဩတရဏဟာရ ဟူလိုသော်။

## ဩတရဏဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၁၃–သောဓနဟာရ

**သောဓနဟာရ ဟူသော်ကား–**

" သောဓိယန္တိ သမာဓိယန္တိ ဧတေန သုတ္တေ ပဒပဒတ္ထပဉှာ အာရမ္ဘာတိ သောဓနော "ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ပဒ, ပဒတ္ထ, ပဉှာ, အာရမ္ဘတို့ကို သုတ်သင်ကြောင်း, ကောင်းစွာထားကြောင်း, ဆောင်ကြောင်း ဖြစ်သောကြောင့် သောဓနဟာရ မည်၏။

အဘယ်သို့ သုတ်သင်သနည်း ဟူမူကား–ဤ "ယံ လောကော ပူဇယံတေ"၌ ယံ့–ပုဒ်, လောကောပုဒ်သည် အပရိယောသိတ ဝါကျဖြစ်၍ ပဒသုဒ္ဓိသာ ဖြစ်၏။ ပဒါရမ္ဘသုဒ္ဓိကား မဖြစ်သေး။ ယံ– ဟူသောပုဒ်၏

http://www.dhammadownload.com



ကမ္မတ္တ လောကော-ဟူသောပုဒ်၏ ကတ္တတ္တသည် " နာမပဒံ ကြိယာပဒါပေက္ခံ" ဟူသည်နှင့်အညီ- ကြိယာပေက္ခသာဖြစ်၍ ကြိယာဘိသမ္ဗန္ဓ မဖြစ်သေးသောကြောင့် ပဒတ္ထသုဒ္ဓိသာ ဖြစ်၏။ ပဒတ္ထာရမ္ဘသုဒ္ဓိ မဖြစ်။ ဝါ-အက္ခရာ ပဒတို့ဖြင့် သက်ာသန, ပကာသန မျှသာဖြစ်၍ ဝိဝဋပါကဋ မဖြစ်သေးရကား ပဒတ္ထာရမ္ဘသုဒ္ဓိ မဖြစ်။ ပူဇယတေ- ပုဒ်သည် ပရိယောသိတဝါကျ ဖြစ်၍ ပဒသုဒ္ဓိလည်းဖြစ်၏။ ယထာဓိပ္ပေတပဒကို အားထုတ်၍ ပြီးသောကြောင့် ပဒါရမ္ဘသုဒ္ဓိလည်း ဖြစ်၏။ ယံ-ပုဒ်၏ ကမ္မတ္တ, လောကောပုဒ်၏ ကတ္တတ္တသည်လည်း ကြိယာဘိသမ္ဗန္ဓ ဖြစ်၍ ယထာဓိပ္ပေတပဒတ္ထကို အားထုတ်၍ ပြီးသောကြောင့် ပဒတ္ထာရမ္ဘသုဒ္ဓိလည်း ဖြစ်၏။ ဝါ-အက္ခရ, ပဒ, ဗျဉ္ဇန တို့ဖြင့် သက်ာသန, ပကာသန ဝိဝရဏ ဖြစ်၍ ပဒတ္ထသုဒ္ဓိလည်း ဖြစ်၏။ ပဒတ္ထာရမ္ဘသုဒ္ဓိလည်း ဖြစ်၏။

ပဉ္စာရမ္ဘသုဒ္ဓိကိုကား- အောက် ပုစ္ဆာဝိသဇ္ဇနာ ဝိစယ၌ ဆိုအပ်သော " ယံ လောကော ပူဇယတေတိ ကိမတ္ထမိဒမုစ္စတေ၊ ရတနတ္တယပူဇနတ္ထံ ဣဒံ ဝစနမုစ္စတေ-".

ဟူသော ပုစ္ဆာ ဝိသဇ္ဇနာ သိအပ်၏။ အဘယ်သို့။ပ။ကား ဤ "ယံ လောကော" စသော ပုစ္ဆာ ဝိသဇ္ဇနာ၌ ယံ လောကော ပူဇယတေတိ-ပုဒ်, ကိမတ္ထံ-ပုဒ်, ဣဒံ-ပုဒ်သည် ပဒပုစ္ဆာသုဒ္ဓိ ဖြစ်၏။ ပုစ္ဆာရမ္ဘသုဒ္ဓိ မဖြစ်။ ထိုပုဒ်တို့၏ အနက်လည်း ပဒပဉ္စတ္ထသုဒ္ဓိ ဖြစ်၏။ ပဉ္စာရမ္ဘတ္ထသုဒ္ဓိ မဖြစ်။ ဥစ္စတေ-ပုဒ်ကား ပဒပဉ္စာသုဒ္ဓိလည်း ဖြစ်၏။ ပဉ္စာရမ္ဘသုဒ္ဓိလည်း ဖြစ်၏။ ထို ပုဒ်၏ အနက်လည်း ပဒပဉ္စတ္ထသုဒ္ဓိလည်း ဖြစ်၏။ ပဉ္စာရမ္ဘတ္ထိသုဒ္ဓိလည်း ဖြစ်၏။ ရတနတ္တယပူဇနတ္ထ-ပုဒ်, ဣဒံ-ပုဒ်, ဝစနံ-ပုဒ်သည် ပဒဝိသဇ္ဇနာသုဒ္ဓိ ဖြစ်၏။ ဝိသဇ္ဇနာရမ္ဘသုဒ္ဓိ မဖြစ်။ ထိုပုဒ်တို့၏ အနက်လည်း

http://www.dhammadownload.com



ပဒဝိသဇ္ဇနတ္ထသုဒ္ဓိ ဖြစ်၏။ ဝိသဇ္ဇနာရမ္မဏတ္ထသုဒ္ဓိ မဖြစ်။ ဥစ္စတေ–ကား ပဒ ဝိသဇ္ဇနာသုဒ္ဓိလည်း ဖြစ်၏။ ဝိသဇ္ဇနာရမ္မဏသုဒ္ဓိလည်း ဖြစ်၏။ ထိုပုဒ်၏ အနက်လည်း နည်းတူ ဖြစ်၏။ ဝါ– "ယံ လောကော ။ပ။ မုစ္စတေ" ဟူသော ပုစ္ဆာ၌ "ယံ လောကော ပူဇယတေတိ" ဟူသော အာကာရကို "ရတနတ္တယပူဇနတ္ထံ ကြဒံ ဝစနမုစ္စတေ" ဟူသော ဝိသဇ္ဇနာ၌ ကြဒံဟူ သော အာကာရဖြင့် ပုဒ်ကို သုတ်သင်၏။ အာရမ္မဏကို မသုတ်သင်။ ကိမတ္ထံ– ဟူသော ပုစ္ဆာကို ရတနတ္တယပူဇနတ္ထံ– ဟူသောဝိသဇ္ဇနာဖြင့် ပုဒ်ကို သုတ်သင်၏။ အာရမ္မဏကို မသုတ်သင်။ ပုစ္ဆာ၌ ကြဒံ– ဟူသော အာကာရ ဝန္တကို ဝိသဇ္ဇနာ၌ ဝစနံ–ဟူသော အာကာရဝန္တဖြင့် ပုဒ်ကို သုတ်သင်၏။ အာရမ္မဏကို မသုတ်သင်။ ဥစ္စတေ–ဟု ပုစ္ဆာကြိယာကို ဥစ္စတေ–ဟူသော ဝိသဇ္ဇနာကြိယာဖြင့် ပဒကိုလည်း သုတ်သင်၏။ ပုစ္ဆာကိုလည်း ဖြေခြင်း ကိစ္စ ပြီးသောကြောင့် အာရမ္မဏကိုလည်း သုတ်သင်၏။

ဤသို့ သုတ်၍ ပဒ, ပဒတ္ထ, ပုစ္ဆာ, ဝိသဇ္ဇနာ, အာရမ္မဏကို သုတ်သင် ခြင်းသည် သောဓနဟာရ မည်၏ဟူလိုသောဝ်။

**သောဓနဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆

## ၁၄–အဓိဋ္ဌာနဟာရ

**အဓိဋ္ဌာနဟာရ** ဟူသော်ကား–

"အဓိဋ္ဌိယန္တိ အနုပဝတ္တိယန္တိ ဧတေန သာမညဝိသေသဘူတာ ဓမ္မာ ဝိနာ ဝိကပ္ပေနာတိ အဓိဋ္ဌာနော" ဟူသော ဝစနတ္ထနှင့်အညီ– သုတ္တာဂတဓမ္မ တို့ကို အထူးကြံခြင်းကို ကြဉ်၍ သာမည, ဝိသေသအားလျော်စွာ တည်စေကြောင်း ဖြစ်သောကြောင့် အဓိဋ္ဌာနဟာရ မည်၏။

အဘယ်သို့ တည်စေသနည်း ဟူမူကား– ဤ "ယံ လောကော ပူဇယတေ" ၌ ယံ–သဒ္ဒါသည် အနက်ကို သိကြောင်း လက္ခဏာ သာမည အားဖြင့် ဧကတ္တမည်၏။ သျာဒျန္တပုဒ် အဖြစ်သည် ဝေမတ္တ မည်၏။ ထို

http://www.dhammadownload.com



ယျာဒုန္တအဖြစ်သည် ကေတ္တ မည်၏။ ဒုတိယန္တအဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည်ကေတ္တ မည်၏။ ကမ္မတ္တ ဒုတိယန္တ အဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ ကေဝစနန္တအဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ စယာသိတ အဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ ဂုဏစယာသိတ အဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ နာမ်ပုဒ် အဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ သဗ္ဗနာမ်အဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ ပယောဂဝန္တအဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ယတောတိမ ညည တရညတမိ တရပရာပရပုဒ်တို့နှင့် ဆက်ဆံသောကြောင့် ကေတ္တ မည်၏။ ယ-ဟူသော ပယောဂဝန္တအဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ဒဗ္ဗပယောဂဝန္တ စသည်နှင့် ဆက်ဆံသောကြောင့် ကေတ္တ မည်၏။ ဒဗ္ဗပယောဂဝန္တ အဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် နာနာဒဗ္ဗဝါစက ပယောဂနှင့် ဆက်ဆံသောကြောင့် ကေတ္တ မည်၏။ ဗုဒ္ဓဒဗ္ဗဝါစက ပယောဂဝန္တ အဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည် ဗုဒ္ဓဒဗ္ဗဝါစက နာနာဝေဝစန နှင့် ဆက်ဆံသောကြောင့် ကေတ္တ မည်၏။ နရဝရ ပယောဂဝန္တ အဖြစ်သည် ဝေမတ္တ မည်၏။ ယံ- သဒ္ဒါ၏ အနိယမ သာမညာကာရတ္တသည်ကေတ္တမည်၏။ ထိုအနိယမ သာမညာ ကာရ၏ ဗုဒ္ဓဒဗ္ဗနှင့် ယှဉ်ခြင်းသည် ဝေမတ္တ မည်၏။ ထို ဗုဒ္ဓဒဗ္ဗတ္တ၏ ကာရက သာမညသည် ကေတ္တ မည်၏။ ကမ္မကာရကသည် ဝေမတ္တ မည်၏။ ထို၏ ဝုတ္တာဝုတ္တသာမညသည် ကေတ္တ မည်၏။ အဝုတ္တာနဘိဟိတ အကထိတ သည် ဝေမတ္တ မည်၏။ ထို အဝုတ္တ စသည်၏ နိပ္ဖတ္တိ, ဝိကတိနိပ္ဖတ္တိ သာမညသည် ကေတ္တ မည်၏။ ပတ္တိကံ သည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ ကာယစိတ္တပတ္တိသည် ဝေမတ္တ မည်၏။ ထို ကာယစိတ္တ ပတ္တိ၏ ကာရိတဓာတုသာမညသည် ကေတ္တမည်၏။ ဓာတုပတ္တိကံသည် ဝေမတ္တ မည်၏။ ထို ဓာတုပတ္တိကံသည် ကေတ္တ မည်၏။ ဣစ္ဆိတကံသည် ဝေမတ္တ မည်၏။ ထို ဣစ္ဆိတသည် ကေတ္တ မည်၏။ ယံ-ဟူသော အပဋ္ဌာန ဝါစကပုဒ်, နရဝရံ-ဟူသော ပဋ္ဌာန ဝါစကပုဒ်၏ အနက်ဖြစ်၍ အပဋ္ဌာန ပဋ္ဌာနကံသည် ဝေမတ္တ မည်၏။

http://www.dhammadownload.com



လောကော– ပုဒ်၏ ကေတ္တ, ဝေမတ္တ အဖြစ်ကို ပဒဝိစယကိုမှီ၍ သိအပ်၏။ လောကော–ပုဒ်၏ သတ္တ, သင်္ခါရ, ဩကာသ အနက်သာမညသည် ကေတ္တ မည်၏၊ သလောကပါလော ဟူသောသဒ္ဒန္တရိုက်ကြောင့် သတ္တ လောကတ္တသည် ဝေမတ္တ မည်၏။ သတ္တလောက သာမညသည် ကေတ္တ မည်၏။ ပူဇယတေ–ဟူသော သဒ္ဒန္တရိုက်ကြောင့် ပူဇော်တတ်သော သတ္တ လောက ဝိသေသသည် ဝေမတ္တ မည်၏။ ပူဇော်တတ်သော သတ္တလောက သာမညသည် ကေတ္တ မည်၏။ ယံ နရဝရံ–ဟူသော သဒ္ဒန္တရိုက်ကြောင့် နရဝရကို ပူဇော်သော လောကသည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ အာမိသဓမ္မပူဇာ စသည်ကို ပြုသော လောကသည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ ပါဋိပုဂ္ဂလိက ပူဇနလောကသည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ သဒ္ဒါ–ဟူသော သဒ္ဒန္တရိုက် ကြောင့် ပူဇော်ခိုက်ဖြစ်သော လောကသည် ဝေမတ္တ မည်၏။

ပူဇယတေ–ဟူသောပုဒ်၏ ကေတ္တ, ဝေမတ္တ အဖြစ်ကို ပဒဝိစယကို မှီ၍ သိအပ်၏။ ပူဇယတေ–ပုဒ်၏ ပူဇနကြိယာ သာမညသည် ကေတ္တ မည်၏။ လောက၏ ပူဇနကြိယာသည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ နရဝရကို ပူဇော်ခြင်းသည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ အာမိသ ဓမ္မပူဇာသည် ဝေမတ္တ မည်၏။ ထိုသည် ကေတ္တ မည်၏။ အာမိသ ဓမ္မပူဇာ တပါးပါးသည် ဝေမတ္တိ မည်၏။ အာမိသပူဇာသည် ကေတ္တ မည်၏။ အန္န, ပါနပူဇာ စသည်သည် ဝေမတ္တ မည်၏။

ဤသို့ စသည်ဖြင့် သုတ္တာဂတဓမ္မတို့ကို ကေတ္တ ဝေမတ္တ အဖြစ်ဖြင့် လျော်စွာ ဖြစ်စေခြင်းသည် အဓိဋ္ဌာနဟာရ မည်၏ ဟူလိုသောဝ်။

**အဓိဋ္ဌာနဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



**ပရိက္ခာရဟာရ** ဟူသော်ကား–

"ပရိက္ခာရံ အာစိက္ခတီတိ ပရိက္ခာရော" ဟူသော ဝစနတ္ထနှင့်အညီ– သဘာဝ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏ ဟူသော ဟေတုအကြောင်း၊ အသမာနဘာဝ, ဗာဟိရ, ပရိဂ္ဂါဟက, သာဓာရဏ ဟူသော ပစ္စယ အကြောင်းကို ကြားတတ်သောကြောင့် ပရိက္ခာရဟာရ မည်၏။

ထိုအကြောင်းတို့တွင် ဟေတုသည် သမနန္တရ, ပရမ္ပရအားဖြင့် နှစ်ပါး ပြား၏။ ပစ္စယသည် သဟဇာတာ, သဟဇာတ အားဖြင့် နှစ်ပါး ပြား၏။ ထို အပြားတို့တွင်–

ဆီးမီးထွန်းရာ၌ မီးသည် ဆီမီးလျှံနှင့် သဘောတူသောကြောင့် ဟေတုအကြောင်း၊ မီးခွက်, မီးစာ, ဆီသည် မီးလျှံနှင့် မတူသောကြောင့် ပစ္စယအကြောင်း မည်၏။

စက္ခုဝိညာဉ် ဖြစ်ရာ၌ စက္ခုဝတ္ထု, မနသိကာရတို့သည် အဇ္ဈတ္တိက ဖြစ်၍ စက္ခုဝိညာဉ်၏ ဟေတုအကြောင်း၊ ရူပါရုံ, အာလောကတို့သည် ဗာဟိရဖြစ်၍ ပစ္စယအကြောင်း မည်၏။ ( ကြွင်းသော ဝိညာဉ်၌လည်း ဤနည်း သိအပ်၏။)

ပဋိသန္ဓေနေရာ၌ ကံစေတနာသည် ဇနကဖြစ်၍ ဟေတုအကြောင်း၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ဝတ္ထု, အာရုံ စသည်တို့သည် အထောက်အပင့် ပရိဂ္ဂါဟက ဖြစ်၍ ပစ္စယအကြောင်း မည်၏။

သစ်ပင်ပေါက်ရာ၌ ဗီဇသည် အညွန့် စသည်မှတပါး အခြား အကျိုးနှင့် မဆက်ဆံသော အသာဓာရဏဖြစ်၍ ဟေတုအကြောင်း၊ ပထဝီ, အာပသည် မဓုရ စသည်နှင့် ဆက်ဆံသော သာဓာရဏဖြစ်၍ ပစ္စယ အကြောင်း မည်၏။

http://www.dhammadownload.com



ရှေးအဝိဇ္ဇာသည် နောက်အဝိဇ္ဇာ၏ သမနန္တရ ဟေတုအကြောင်း၊ ရှေး အဝိဇ္ဇာ နုသယသည် နောက်အဝိဇ္ဇာ ပရိယုဋ္ဌာန်၏ ပရမ္ပရဟေတု အကြောင်း မည်၏။

ခီရသည် ဒဓိ၏ အသဟာဇာတပစ္စယ အကြောင်း၊ ပစ္စယန္တရဒဗ္ဗ သမ္ဘာရသည် သဟဇာတပစ္စယ အကြောင်း မည်၏။

ဤသို့ ဟေတု, ပစ္စယ အကြောင်းကို ကြားတတ်သောကြောင့် ပရိက္ခာရဟာရ မည်၏။

အသီးအသီးပြအပ်ပြီးသော ဥပမာ ဥဒါဟရဏ် တခုခု၌ သဘာဝ ဟိတ် စသည်ကို ယထာရဟ ပေါင်း၍လည်း ကြားအပ်၏။ အဘယ်သို့ ကား–

ဤ " ယံ လောကော ပူဇယတေ " ၌ ယံ–၏အရ ဂုဏဝိသိဋ္ဌ တို့၏။ ဓွင် ပဋ္ဌမာဒိဓာဋ္ဌ ဖြစ်သော ကရဏာ၏ ဥပစာရ၌ ဖြစ်သော ကရဏာသည် အပ္ပနာစျာန် ဖြစ်သော ကရဏာ၏ သမနန္တရသဘာဝ ဟိတ် မည်၏။ နောက်နောက်သော ကရဏာ၏ ပရမ္ပရသဘာဝဟိတ် လည်း မည်၏။ မိမိသန္တာန်၌ဖြစ်၍ အဇ္ဈတ္တိကလည်း မည်၏။ အကျိုးကို ဖြစ်စေတတ်သောကြောင့် ဇနကလည်း မည်၏။ မိမိဖြစ်စေအပ်သော အကျိုး၏ မိမိနှင့်သာ ဆက်ဆံ၍ တပါးနှင့် မဆက်ဆံသောကြောင့် အသာဓာရဏလည်း မည်၏။ ယောနိသောမနသိကာရသည် သဘာဝ လည်း မည်၏။ အဇ္ဈတ္တိကလည်း မည်၏။ အဝိဇ္ဇာသည် သဘာဝ အဇ္ဈတ္တိက ဇနက မည်၏။ ဒုက္ခိတသတ္တဝါသည် အသမာနဘာဝ မည်၏ ဗာဟိရ မည်၏။ ပရိဂ္ဂါဟက မည်၏။ သာဓာရဏ မည်၏။ ဟဒယဝတ္ထု သည် အသမာနဘာဝ အဇ္ဈတ္တိက ပရိဂ္ဂါဟက သာဓာရဏ မည်၏။ ပုရေဇ တနိဿယ, ပုရေဇာတ, ပုရေဇာတိန္ဒြိယ,ပုရေဇာတဝိပ္ပယုတ,ပုရေဇာတဝ္ပ ပုရေဇာတအဝိဂတ တည်းဟူသော အသဟဇာတ ပစ္စယလည်း မည်၏ သမ္ပယုတ်တရားတို့၏ ဟေတာဓိပတိ သဟဇာတာဒိသတ္တိ သဥ သဟဇာတပစ္စယ မည်၏။

http://www.dhammadownload.com



လောကော-၏အရ ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာ၏ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ အကြောင်းငါးပါးတို့တွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ကား အဇ္ဈတ္တိကဟိတ်လည်း မည်၏။ ပရမ္မရ ဟိတ်လည်း မည်၏။ ကံ-ကား အဇ္ဈတ္တိကဇနကဟိတ်လည်း မည်၏။ ပရမ္မရဟိတ်လည်း မည်၏။ လေးပါးစုံသည် အသမာနဘာဝပရိဂ္ဂါဟက သာဓာရဏပစ္စယ လည်း မည်၏။ အသဟဇာတ ပစ္စယလည်း မည်၏။ အာဟာရ-သည် ဇနကဟိတ်လည်း မည်၏။ ဗာဟိရပစ္စယလည်း မည်၏။ ပရိဂ္ဂါဟက ပစ္စယလည်း မည်၏။ သာဓာရဏ ပစ္စယလည်း မည်၏။ နာမက္ခန္ဓာ လေးပါးကား အဝိဇ္ဇာ, တဏှာ, ဥပါဒါန်သည် သဘာဝအဇ္ဈတ္တိက ဇနကဟိတ်လည်း မည်၏။ ပရမ္မရဟိတ်လည်း မည်၏။ ဝတ္ထု, ဒွါရ, အာရုံ, ဥတု, ဘောဇဉ် စသည်သည် အသမာနဘာဝ ဗာဟိရပရိဂ္ဂါဟက သာဓာရဏ ပစ္စယလည်း မည်၏။ သဟဇာတာသဟဇာတ ပစ္စယလည်း မည်၏။

ပူဇေယတေ-၏အရ ပူဇနကြိယာ ဟူသော စိတ္တုပ္ပါဒ်၏ သဒ္ဓါ တရားသည် သဘာဝအဇ္ဈတ္တိကဇနကဟိတ်လည်း မည်၏။ သမနန္တရ ပရ-မ္မရဟိတ်လည်း မည်၏။ မနသိကာရသည် သဘာဝအဇ္ဈတ္တိကဇနကဟိတ် လည်းမည်၏။ သမနန္တရဟိတ်လည်း မည်၏။ဝတ္ထု, ဒွါရ, ရတနတ္တယဂုဏ်, အန္န, ပါန စသော အဆောက်အဦသည် အသမာနဘာဝ ဗာဟိရပရိဂ္ဂါဟက သာဓာရဏပစ္စယလည်း မည်၏။ သဟဇာတာသဟဇာတ ပစ္စယလည်း မည်၏။ ကာယဝိညတ်၏ ဟေတုအကြောင်းကား စိတ္တဇဝါယော ဓာတ်တည်း။ ဝစီဝိညတ်၏ ဟေတုအကြောင်းကား စိတ္တဇပထဝီ ဓာတ်တည်း။ ပစ္စယ အကြောင်းကား ရုပ်, နာမ် ခန္ဓာတို့၏ ဥပနိဿယ ကောင်္ဇတည်း။

ဤသို့ ဟေတု, ပစ္စယ အကြောင်းကို ကြားခြင်းသည် ပရက္ခာရ ဟာရ မည်၏ ဟူလိုသောဝ်။

ပရိက္ခာရဟာရ ပြီး၏။

http://www.dhammadownload.com


## ၁၆–သမာရောပနဟာရ

၁၆–သမာရောပနဟာရ ဟူသော်ကား–

"သမာရောပီယန္တိ ဧတေန ပဒဋ္ဌာနာဒိမုခေန ဓမ္မာတိ သမာရောပနော" ဟူသော ဝစနတ္ထနှင့်အညီ– သုတ္တာဂတဓမ္မတို့ကို ပဒဋ္ဌာန်, ဝေဝုစ်, ဘာဝနာ, ပဟာန် အားဖြင့် ကောင်းစွာ တင်ကြောင်းဖြစ်၍ သမာရောပန ဟာရ မည်၏။

အဘယ်။ ကား– ဤ "ယံ လောကော ပူဇယတေ "၌ တတိယဝီထိ ၏ အာရုံဖြစ်သော နာမပညတ္တိ၏ သဒ္ဒါ၏ ပဒဋ္ဌာန်ကား ယံ–ဟူသော သဝိညတ္တိက ဝစီဘေဒသဒ္ဒတည်း။ ထို၏ ပဒဋ္ဌာန်ကား ဒေသနာဉာဏ် တည်း။ ထို။ ၏။ ကား မနသာဝဝတ္ထာပိတ သဒ္ဒပညတ်တည်း။ ဤသို့ မှတ်အပ်၏ ဟူသော သင်္ကေတပညတ်တည်း။ ထို။၏။ကား အနိယမ သာမညာကာရ အတ္ထပညတ်တည်း။ထို။၏။ကား အစဉ်မပြတ် ဖြစ်သော သန္တတိ ပညတ်တည်း။ ထို။ ၏။ ကား အပေါင်းအစုအားဖြင့် ဖြစ်သော သမူဟပညတ်တည်း။ထို။၏။ကား ထိုထိုပညတ္တိပထဓမ္မကို စွဲ၍ ဖြစ်သော ဥပါဒါ ပညတ်တည်း။ ထို။၏။ကား မိမိတို့၏ သဓ်တာသဓ်တ သဘောလက္ခဏာ စသောအားဖြင့် လျော်စွာဖြစ်သော တဇ္ဇာပညတ်တည်း။ ထိုတဇ္ဇာကား ဇရာမရဏတည်း။ ထို။ ၏။ကား ဇာတိတည်း။ ဤသို့စသည် ဖြင့် ပစ္စယာကာရသို့ချ၍ လှည့်အပ်၏။

ဝါ–ယံ–သဒ္ဒါသည် အနိယမတ္ထသာမညကို ဟောသည်ဖြစ်အံ့– သုတိသည် ပဒဋ္ဌာန်မည်၏။ ကရဏ်ဴဟာ, ပညာစသော အနိမိတ္တဝိသေသကို ဟောသည်ဖြစ်အံ့–အနိယမတ္ထသာမညသည် ပဒဋ္ဌာန် မည်၏။ ဒြဗ်ကို ဟောသည်ဖြစ်အံ့– အနိယမတ္ထဝိသေသသည် ပဒဋ္ဌာန် မည်၏။

ပဉ္စမဝီထိ၏အာရုံဖြစ်သော လောကော–ဟူသော နာမ ပညတ္တိ သဒ္ဒါ၏ ပဒဋ္ဌာန်ကား သဝိညတ္တိက ဝစီဘေဒသဒ္ဒတည်း။ ထို။ ၏ ။ကား

http://www.dhammadownload.com



တံသမုဋ္ဌာပက စိတ္တုပ္ပါဒ်တည်း။ ဤသို့စသည်ဖြင့် (ရှေးနည်းဆို။) ဝါ – ဓာတ်ကိုဟောသော လောကသဒ္ဒါ၏ ပဒဋ္ဌာန်ကား သုတိတည်း။ ဒြဗ်ကို ဟောသော လောကသဒ္ဒါ၏ ပဒဋ္ဌာန်ကား ဓာတ်တည်း။ ဝါ–ဝိဂ္ဂဟတ္ထနိပ္ဖန္န ဖြစ်သော လောကသဒ္ဒါ၏ ပဒဋ္ဌာန်ကား ဓာတွတ္ထကြိယာ ဟူသောဗျုပ္ပတ္တိ နိမိတ်တည်း။ အဝိဂ္ဂဟတ္ထအနိပ္ဖန္နဖြစ်သော လောကသဒ္ဒါ၏ ပဒဋ္ဌာန်ကား ဓာတ်တည်းဟူသော ပဝတ္တိနိမိတ်တည်း။ မဟာ, မဇ္ဈိမ, စူဠဓာတ်တို့တွင် လောကသုံးပါးကား မဟာဓာတ်တည်း။ သတ္တလောကကား မဇ္ဈိမဓာတ် တည်း။ ပူဇော်သောလောကကား စူဠဓာတ်တည်း။ ဝါ–သတ္တလောကကား မဟာဓာတ်တည်း။ ဒေဝ, မနုဿ စသည်ကား မဇ္ဈိမဓာတ်တည်း။ ပူဇော် သော လောကကား စူဠဓာတ်တည်း။ ဝါ–မနုဿကား မဟာဓာတ်။ ဣတ္ထိ, ပုရိသကား မဇ္ဈိမဓာတ်။ ပူဇော်သော လောကကား စူဠဓာတ်တည်း။ ဝါ– ပူဇော်သော လောကကား မဟာဓာတ်။ အာမိသ, ဓမ္မ တပါးပါးကို ပြုသော လောကကား မဇ္ဈိမဓာတ်။ ပါဠိယေက္ကလောကကား စူဠဓာတ်တည်း။

နဝမဝီထိ၏ အာရုံဖြစ်သော ပူဇယတေ– ဟူသော နာမ ပညတ္တိ သဒ္ဒါ၏ ပဒဋ္ဌာန်ကား သဝိညတ္တိကဝစီဘေဒသဒ္ဒတည်း။ ထို။ ၏။ ကား တံသမုဋ္ဌာပက စိတ္တုပ္ပါဒ်တည်း။ (စသည်ဖြင့် ရှေးနည်းဆို။) ဝါ– ပူဇာ သာမညကို ဟောအံ့–သုတိသည် ပဒဋ္ဌာန်တည်း။ ပူဇာဝိသေသကို ဟောအံ့– ပူဇနကြိယာသာမညသည် ပဒဋ္ဌာန်တည်း။ ပူဇော်သောသူဒြဗ်ကို အပဋ္ဌာန အားဖြင့်ဟောအံ့– ပူဇာဝိသေသသည်၎င်း, ၎င်းတို့၏ ပူဇော် တတ်သောသူနှင့် သာဓကေ သာဓျအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည်၎င်း ပဒဋ္ဌာန်တည်း။ ဤသို့ ပဒဋ္ဌာန်အားဖြင့်တင်ခြင်းသည် ပဒဋ္ဌာနသမာ ရောပန မည်၏။

ပါဋ္ဌာနုသာရီသမ္ဗန် စသောအားဖြင့် အထူးထူးဆိုခြင်းသည် ဝေဝစန သမာရောပန မည်၏။ အဘယ်။ ကား– " ယံ ယာဒိသံ၊ သော။ နရဝရံ၊ ကို။ လောကော၊ သည်။ ပူဇယတေ၊ ၏။ " ဤကား ပါဋ္ဌာနုသာရီသမ္ဗန် အားဖြင့် ဆိုခြင်းတည်း။

http://www.dhammadownload.com



" ယံ ယာဒိသံ၊ သော။ ဝိပဿိအာဒိကံ၊ သော။ နရဝရံ၊ ကို။ လောကော၊သည်။ ပူဇယတေ ယထာ၊ သို့။ တထာ၊ တူ။ ယံ ယာဒိသံ၊ သော။ နရဝရံ၊ ကို။ လောကော၊ သည်။ ပူဇယတေ။၏။ " ဤကား ဥပမာ သမ္ဗန္ဓ အားဖြင့် ဆိုခြင်းတည်း။

" ဂုဏဝိသိဋ္ဌတ္တာ၊ ဂုဏ်အထူးရှိသောကြောင့်။ ယံ ယာဒိသံ၊ သော။ အဂ္ဂပုဂ္ဂလတ္တာ၊ ကြောင့်။ နရဝရံ၊ကို။ ပုညပဝတ္တိဋ္ဌာနတ္တာ၊ ကောင်းမှုဖြစ်ရာ ဖြစ်သောကြောင့်။ လောကောသည်။ ပူဇာရဟတ္တာ၊ ကြောင့်။ ပူဇယတေ၊ ၏။ " ဤကား ဟေတုသမ္ဗန္ဓအားဖြင့် ဆိုခြင်းတည်း။

" ဂုဏဝိသိဋ္ဌတ္တာ၊ ကြောင့်။ ယံ ယာဒိသံ၊ သော။ ဝိပဿိ အာဒိကံ၊ သော။ အဂ္ဂပုဂ္ဂလတ္တာ၊ ကြောင့်။ နရဝရံ၊ ကို။ ပုညပဝတ္တိဋ္ဌာနတ္တာ၊ ကြောင့်။ လောကော၊ သည်။ ပူဇာရဟတ္တာ၊ ကြောင့်။ ပူဇယတေ ယထာ၊ သို့။ တထာ၊ တူ။ ဂုဏဝိသိဋ္ဌတ္တာ၊ ကြောင့် နရဝရံ၊ကို။ ပုညပဝတ္တိဋ္ဌာနတ္တာ၊ ကြောင့်။ လောကော၊ သည်။ ပူဇာရဟတ္တာ၊ ကြောင့်။ ပူဇယတေ၊ ၏ " ဤကား ဥပမာ ဟေတုသမ္ဗန္ဓအားဖြင့် ဆိုခြင်းတည်း။

" ယံ ယာဒိသံ ဧဝ၊ သာလျှင်ဖြစ်သော။ နရဝရံ ဧဝလျှင်။ လောကော ဧဝ၊ လျှင်။ ပူဇယတေ ဧဝ၊ တည်း " ဤကား ဧဝတ္ထအားဖြင့် ဆိုခြင်းတည်း။

" ပူဇယတေ ဧဝ၊ တည်း။ န ပူဇယတေ၊ မပူဇော်သည်မဟုတ်။" ဤကား ဧဝဖလတ္ထ, အညတ္ထာပေါဟန အားဖြင့် ဆိုခြင်းတည်း။

" ယံ ယထာ ယုတ္တံ၊ အကြင်သို့သော အနညာသာဓာရဏ ဂုဏ်နှင့် ယှဉ်တော်မူသော။ ယံ ယထာ ဇစ္စံ၊ အကြင်သို့သော ခတ္တိယဇာတ်ရှိတော်မူသော။ ယံ ယထာ နာမံ၊ အကြင်သို့သော အသခြေယျ ဂုဏနာမံ ရှိတော်မူသော။ ယံ ယထာဂေါတ္တံ၊ အကြင်သို့သော ဂေါတမအနွယ်ရှိတော်မူသော။ ယံ ယထာသီလံ၊ အကြင်သို့သော အနုတ္တရသီလ ရှိတော်မူသော

http://www.dhammadownload.com



ယံ ယထာ ဝိဟာရံ၊ အကြင်သို့သော ကုဋ္ဌေ နှစ်သန်းလေးသိန်းသော သမာပတ္တိဝိဟာရ ရှိတော်မူသော။ ဝါ၊ အကြင်သို့ လေးပါးသော သမ္မပ္ပဓာန်နှင့် ယှဉ်သော ဣရိယာပထဝိဟာရ ရှိတော်မူသော။ ဝါ၊ နတ်ဗိမာန်နှင့် သဏ္ဌာန် မပြောင်းကျောင်းရှိတော်မူသော။ ယံ ကထာ ဂေါစရံ၊ အကြင်သို့သော အာရုံ ရှိတော်မူသော။ ယံ ယထာ ထေရံ၊ အကြင်သို့သော မြဲမြံသော သီလ စသည်ရှိတော်မူသော။ ယံ ယထာ နဝံ၊ အကြင်အသစ်အသစ် ဖြစ်သော ဂုဏ်ရှိတော်မူသော။ ယံ ယထာ မဇ္ဈိမံ၊ အကြင်သို့သော မဇ္ဈိမပဋိပတ် ရှိတော် မူသော။ ယံ ဗုဒ္ဓံ၊ အကြင်သစ္စာလေးပါးကို သိတော်မူသော။ ယံ ဒသဗလံ၊ သော။ နရဝရံ၊ ကို။ ပုရိသဝရံ ။ကို။ နရုတ္တမံ၊ကို။ ပုရိသုတ္တမံ၊ ကို။ နရဂ္ဂံ၊ ကို။ ပုရိသဂ္ဂံ၊ ကို။ နရသေဋ္ဌံ၊ ကို။ ပုရိသသေဋ္ဌံကို။ လောကော၊ သည်။ သတ္တော၊ သည်။ ပူဇာ၊ သည်။ ပူဇယတော၏၊ ။မာန ယတိ၊ ၏။ အပစိယတိ၊ ၏။" ဤသို့ စသည်ဖြင့် ဆိုခြင်းသည် ပရိယာယ်အားဖြင့် ဆိုခြင်းတည်း။ ဤသို့ ပါဌာနုသာရီသမ္ဗန် စသည်ဖြင့် အထူးထူးဆိုခြင်းသည် ဝေဝစန သမာရောပန မည်၏။

ခပ်သိမ်းသော မြေ၌နေသော သတ္တဝါ၏ ခြေရာ ဟူသမျှသည် ဆင်ခြေရာ၌ချည်း အတွင်းဝင်၏သို့ ခပ်သိမ်းသော ဘာဝနာပဟာနသည် "ယံ လောကော ပူဇယတေ" ပုဒ်၌ချည်း အတွင်းဝင်သောကြောင့် ပူဇော်ခြင်း ဖြစ်သော ဓမ္မ ဟူသမျှသည် ဘာဝနာသမာရောပန မည်၏။ ထိုဖြင့် ပယ် အပ်သော သံကိလေသပက္ခဓမ္မ ဟူသမျှသည် ပဟာနသမာရောပန မည်၏။ ဝါ–မြတ်စွာဘုရားကို လောကသည် ပူဇော်၏ ယူသဖြင့် ဒါန, သီလ, ဘာဝနာမယ ပုည၏ အကြောင်းရင်းဖြစ်သော သဒ္ဓိန္ဒြေ, သဒ္ဓါဗလ ပွားများ၏။ အခါခပ်သိမ်း လုံ့လပြု၍ ပူဇော်ခြင်းကြောင့် သမ္မပ္ပဓာန်, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင် ပြန့်ပွား၏။ ရတနတ္တယဂုဏ်ကို အာရုံပြု၍ သတိပဋ္ဌာန်, သတိန္ဒြေ, သတိဗိုလ်, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင် ပြန့်ပွား၏။ ရတနတ္တယ ဂုဏ်ကို အာရုံပြု၍ သမာဓိဈာနင်, သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိ သမ္ဗောဇ္ဈင်, သမ္မာသမာဓိမဂ္ဂင် ပြန့်ပွား၏။ ရတနတ္တယဂုဏ်ကို အာရုံပြု၍

http://www.dhammadownload.com



ဝိမံသိဒ္ဓိပါဒ်, ပညာ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင် ဟူသော ဗောဓိပက္ခိယတရား, ဤမှ တပါးသော ဝေါဒါန်တရားတို့သည် ပြန့်ပွား၏။ ဤကား ဘာဝနာသမာရောပန တည်း။

ဒါန, သီလ, ဘာဝနာမယပုညဇာပွားသဖြင့် ဒါန၏ ဆန့်ကျင်ဘက် လောဘ, သီလ၏ ဆန့်ကျင်ဘက် ဒေါသ, ဘာဝနာ၏ ဆန့်ကျင်ဘက် မောဟ အကုသလမူ သုံးပါးတို့သည် ပယ်ခြင်း စွန့်ခြင်းသို့ ရောက်ကုန်၏။ အကုသလမူကို ပယ်သဖြင့် "ပထဝိယာ ပံသုပမာဏေ ကိလေသေ ခေပေတွာ" ဟူသည်နှင့်အညီ– ထို အကုသလမူလျှင် အကြောင်းရှိသော မြေမှုန့်မက များလှစွာသော သံကိလေသ တရားအပေါင်းတို့သည် ပယ်ခြင်း စွန့်ခြင်းသို့ ရောက်ကုန်၏။ ဤကား ပဟာနသမာရောပနတည်း။

ဤသို့ ပဒဋ္ဌာန်, ဝေဝစ်, ဘာဝနာ, ပဟာန အားဖြင့် တင်ခြင်းသည် သမာရောပနဟာရ မည်၏ ဟူလိုသောဝ်။

**သမာရောပနဟာရ ပြီး၏။**

**သောဠသဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆

## (၃) တတိယကဏ္ဍ

### နယအကြောင်း၊ သာမည–၁

နယသည် "နယန္တိ သံကိလေသေ ဝေါဒါနာနိ စ ဝိဘာဂတော ဉာပေန္တီတိ နယာ" ဟူသော ဝစနတ္ထနှင့်အညီ– ဝေနေယျတို့ကို သံကိလေသ ဝေါဒါန်တရားတို့ကို အဖို့အစု ဝေဖန် ခွဲခြမ်းသောအားဖြင့်, ဝါ– ဝေဖန်ခြင်းကို သိစေတတ်သောကြောင့်၄င်း၊ "နီယန္တိ ဝါ တာနိ ဧတေဟိ ဉတ္တာတိ ဝါ နယာ" ဟူသော ဝစနတ္ထနှင့်အညီ–ထိုကို သိကြောင်း, သိရာ ဖြစ်၍၄င်း၊ "နယနမတ္တမေဝ ဝါ နယာ" ဟူသော ဝစနတ္ထနှင့်အညီ–ထိုကို သိစေခြင်း

http://www.dhammadownload.com



အတိုင်းအရှည်သာ ဖြစ်၍ငှင်း၊ "နိယန္တိ ဝါ သယံ ဓမ္မကထိကေဟိ ဥပနိယန္တိ သုတ္တဿ အတ္ထပဝိစယတ္ထန္တိ နယာ။" ယေ သံဝဏ္ဏနာဝိသေသာ၊ တို့ကို။ သယံ၊ မိမိဟု ဆိုအပ်ကုန်သော။ (တတိယန္တနိပါတ် ဟူသည်နှင့် အညီ တည်း)။ ဓမ္မကထိကေဟိ၊ တို့သည်။ သုတ္တဿ၊ သံဝဏ္ဏေတဗ္ဗသုတ်သို့။ အတ္ထမဝိစယတ္ထံ၊ ငှာ။ နိယန္တိ ဥပနိယန္တိ၊ ကုန်၏။ ဝါ-သယံ၊ မိမိဟု ဆိုအပ်ကုန်သော။ (နိပါတ်ဖြစ်၍ ပဋ္ဌမာ ဗဟုဝုစ် ကြံစေ။) သံဝဏ္ဏနာဝိသေသာ၊ တို့ကို။ ဓမ္မကထိကေဟိ၊ တို့သည်။ သုတ္တဿ၏။ အတ္ထပဝိစယတ္ထံ၊ အနက်ကို စိစစ်ရာသို့။ ( အတ္ထ-သဒ္ဒါဝတ္ထုအနက်ဟော။) နိယန္တိ၊ ကုန်၏။ ဝါ- အတ္ထပဝိစယတ္ထံ၊ အနက်ကိုစိစစ်ခြင်းအကျိုးရှိသော။ သယံ၊ကုန်သော။ သံဝဏ္ဏနာဝိသေသာ၊ တို့ကို။ ဓမ္မကထိကေဟိ၊ တို့သည်။ သုတ္တဿ၊ သို့။ နိယန္တိ- ဥပနိယန္တိ၊ ကုန်၏။ ဣတိ၊ ကြောင့်။ နယာ၊ ကုန်၏။" ဤသို့ ဝစနတ္ထကြောင့်ငှင်း၊ "နယာ ဝိယာတိ ဝါနယာ" ဟူသော ဝစနတ္ထနှင့်အညီ- ကေတ္တစသောနည်းနှင့် တူသောကြောင့်ငှင်း။

ကေတ္တနယော နာနတ္တ-
မဗျာပါရနယောပိ စ။
ဇဝံမေ့တာ နယောတိ၊
စတုဓတ္ထနယာတြ စ။

သန္တာနဿာနုပစ္ဆေဒေါ၊
**နာနာဘာဝေါ နိရီဟတာ။**
ယထာဟေတုသမုပ္ပန္နံ။
ကေတ္တာဒိ ယထာက္ကမံ။

ကေတ္တနယော၊ ငှင်း။ပ။ ဣတိ၊ သို့။ အတ္ထနယာ၊ တို့သည်။ စတုဓာ၊ ကုန်၏။

အတြ စ၊ ဤလေးပါးတို့တွင်လည်း။ သန္တာနဿာနုပစ္ဆေဒေါ၊ အကြောင်း, အကျိုး အစဉ်မပြတ် ဖြစ်ခြင်းသည်။ ကေတ္တနယော၊ မည်၏။ နာနာဘာဝေါ၊ အကြောင်းတပါး အကျိုးတခြား အသီးသီးဖြစ်ခြင်းသည်။

http://www.dhammadownload.com



နာနတ္တံ၊ မည်၏။ နိရီဟတာ၊ အကြောင်းသည် အကျိုးပြုအံ့ဟု အားထုတ်ခြင်း၊ ကင်းခြင်း "အကျိုးသည် ငါ့ကို အကြောင်းဖြစ်စေ၏။" ဟု နှလုံးသွင်းခြင်း၏ ကင်းခြင်းသည်။ အဗျာပါရနယော၊ မည်၏။ ယထာဟေတု သမုပ္ပန္နံ၊ အကြောင်းအားလျော်စွာ အကျိုးဖြစ်ခြင်းသည်။ ဧဝံဓမ္မတာ နယော၊ မည်၏။ ဣတိ၊ ဤသည်ကား။ ဧကတ္တာဒိယထာက္ကမံ၊ ဧကတ္တ စသော နည်းတို့၏ အစဉ်အတိုင်း လက္ခဏာတည်း။

ဗီဇမှ အကုရ စသည်ဖြစ်သဖြင့် ရုက္ခအဖြစ်သို့ ရောက်သကဲ့သို့ အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရ စသော အကျိုးဖြစ်၍ အကြောင်း အကျိုးတို့၏ အစဉ်မပြတ် စပ်ခြင်းသည် ဧကတ္တနည်း မည်၏။ ထို ဧကတ္တနည်းကို ကောင်းစွာ မြင်လတ်သော် ဟေတုဖလသမ္ဗန္ဓဖြင့် အစဉ် မပြတ်စပ်ခြင်းကို သိသောကြောင့် ဥစ္ဆေဒဒိဋ္ဌိကို စွန့်၏။ မှားသောအားဖြင့် မြင်လတ်သော် ဟေတုဖလသမ္ဗန္ဓ အားဖြင့်ဖြစ်သော အစဉ်မပြတ် စပ်ခြင်းကို ဧကတ္တအားဖြင့် ယူခြင်းကြောင့် သဿတဒိဋ္ဌိ ဖြစ်၏။

အဝိဇ္ဇာ စသော အကြောင်း, သင်္ခါရ စသော အကျိုးတို့၏ မိမိတို့ သဘောလက္ခဏာကို အသီးအသီး မှတ်သား ပိုင်းခြားခြင်းသည် နာနတ္တ နည်း မည်၏။ ထို နာနတ္တနည်းကို ကောင်းစွာ မြင်လတ်သော် အသစ် အသစ် ဖြစ်သည်ကို မြင်သောကြောင့် သဿတဒိဋ္ဌိကို စွန့်၏။ မှားသော အားဖြင့် မြင်လတ်သော် သန္တာန်တူ၍ ကျသည်ကို သန္တာန်ပြား၍ ကျသကဲ့သို့ နာနတ္တအားဖြင့် ယူခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏။

"သင်္ခါရ စသော အကျိုးကို ငါဖြစ်စေအံ့" ဟု အဝိဇ္ဇာ စသော အကြောင်း၏ အားထုတ်ခြင်း လုံ့လဗျာပါရ ကင်းခြင်းသည် **အဗျာပါရ နည်း** မည်၏။ ထိုအဗျာပါရနည်းကို ကောင်းစွာ မြင်လတ်သော် ပြုတတ် သော ကာရက၏ မရှိခြင်းကို သိခြင်းကြောင့် အတ္တဒိဋ္ဌိကို စွန့်၏။ မှားသော အားဖြင့် မြင်လတ်သော် "အဝိဇ္ဇာစသည်တို့၏ သင်္ခါရစသည်ကို ပြုအံ့"

http://www.dhammadownload.com



ဟူသော ဗျာပါရ ကင်းငြားသော်လည်း သဘာဝနိယာမအားဖြင့် ပြီးသော ဟေတုဘာဝကို မယူခြင်းကြောင့် အကြိယဒိဋ္ဌိ ဖြစ်၏။

ခီရ–စသည်မှ ဒဓိ– စသည် ဖြစ်သကဲ့သို့ အဝိဇ္ဇာ စသောအကြောင်းမှ သင်္ခါရစသော အကျိုး၏ ဖြစ်ခြင်းသည် **ဧဝံဓမ္မတာနည်း** မည်၏။ အနုရူပဖလနည်းလည်း မည်၏။ ထိုနည်းကို ကောင်းစွာ မြင်လတ်သော် အကြောင်းအားလျော်စွာ အကျိုးကို သိခြင်းကြောင့် အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိကို စွန့်၏။ အမှားအားဖြင့် မြင်လတ်သော် အကြောင်းအားလျော်စွာ အကျိုးဖြစ်သည်ကို မယူမူ၍ တစုံတခုသော အကြောင်းကြောင့် တစုံတခု သောအကျိုး မဖြစ်ဟု ယူခြင်းကြောင့် အဟေတုကဒိဋ္ဌိ၊ နိယတဒိဋ္ဌိ ဖြစ်၏။

ဤသို့ ကောင်းစွာ သိအပ်ကုန်သော ဧကတ္တ စသောနည်းတို့သည် ဣတ္ထိ၊ ပုရိသစသော သမ္မုတိသစ္စာ၊ ပထဝီ ဖဿ စသော ပရမတ္ထသစ္စာတို့ကို မရောမယှက်သောအားဖြင့် သိစေကုန်သည်ဖြစ်၍ မြတ်သော သစ္စာလေးပါးကို သိခြင်းငှာဖြစ်ကုန်သကဲ့သို့၊ ထို့အတူ ဤ "နိဒ္ဒိယာဝဋ္ဋ" စသောနည်းတို့သည်လည်း အကုသလပဒနှင့် ကဏှအားဖြင့် တူသောအဖို့ ရှိသောအကုသိုလ်တရား၊ ကုသလပဒနှင့် သုက္ကအားဖြင့် တူသောအဖို့ ရှိသောကုသိုလ်တရား၊ အမည်း၊ အဖြူ မတူသော်လည်း မူလပဒအားဖြင့် တူသောအဖို့ရှိသော ကုသိုလ်၊ အကုသိုလ် တရားတို့ကို ဝေဖန်၍ ပြသဖြင့် မဖောက်မပြန် သုတ်၏အနက်ကို သိခြင်းကို ပြီးစေလျက် ဝေနေယျတို့၏ သစ္စာလေးပါးကို သိခြင်းငှာ ဖြစ်ကုန်၏။

"ပရိယတ္တိအတ္ထံ နယန္တီတိ နယာ၊ သံကိလေသတော ယမေန္တိ ဧတေဟီတိ ယမာ၊ နယာ စ တေ ယမာစာတိ နယာ" ဟူသော ဝစနတ္ထနှင့်အညီ–ပရိယတ်၏ အနက်ကို ဆောင်တတ်သောကြောင့်၎င်း၊ သံကိလေသမှ ကြဉ်ကြောင်းဖြစ်သောကြောင့်၎င်း နည်း မည်၏။

http://www.dhammadownload.com


## နယအပြား၊ ဝိသေသအားဖြင့် ၅-ပါးရှိကြောင်း

ထိုနည်းသည် ဆိုအပ်ပြီးသော သာမညလက္ခဏာအားဖြင့် တပါးသာ။ ဝိသေသလက္ခဏာအားဖြင့်ကား "ပဌမော နန္ဒိယာဝဋ္ဋော။ပ။ သဗ္ဗေ ပဥ္စ နယာ ဂတာ" ဟူသည်နှင့်အညီ-

(၁) နန္ဒိယာဝဋ္ဋနည်း၊
(၂) တိပုက္ခလနည်း၊
(၃) သီဟဝိက္ကီဠိတနည်း၊
(၄) ဒိသာလောစနနည်း၊
(၅) အင်္ကုသနည်း-

အားဖြင့် ငါးပါး အပြားရှိ၏။ ထိုတွင်-

### (၁) နန္ဒိယာဝဋ္ဋနည်း

ပဌမနည်းသည်-

"နန္ဒိယာဝဋ္ဋဿ ဝိယ အာဝဋ္ဋော ဧတဿာတိ နန္ဒိယာဝဋ္ဋော။ ယထာ ဟိ နန္ဒိယာဝဋ္ဋော အဗ္ဘန္တရာ အဝယဝဘူတေန ဒလေန ဟေဋ္ဌာ ပရိယဝသေန အညမညံ သံသိဗ္ဗန္တော အာဝဋ္ဋတိ၊ ဧဝမယံပိ အဗ္ဘန္တရာ အဝယဝဘူတာယ တဏှာဝိဇ္ဇာယ ဟေဋ္ဌာပရိယာဝသေန သံကိလေသပက္ခေ အညမညံ သိဗ္ဗန္တော ဝေါဒါနပက္ခေ သမထဝိပဿနာယ အာဝဋ္ဋတီတိ အတ္ထော"-

ဟူသည်နှင့်အညီ- ဇလပ်ပန်းသည် မိမိ၏ အစိတ်ဖြစ်သော ပွင့်ချပ်ဖြင့် အောက်- အထက်၏ အစွမ်းဖြင့် အချင်းချင်း ချုပ်စပ်လည်သကဲ့သို့၊ ဤနည်းသည်လည်း မိမိ၏ အစိတ်ဖြစ်သော တဏှာ၊ အဝိဇ္ဇာဖြင့် အောက်- အထက်၏ အစွမ်းဖြင့် သံကိလေသပက္ခ၌ သံကိလေသတရားတို့ကို အချင်းချင်း ချုပ်စပ်လျက် ဝေါဒါနပက္ခ၌ ဝေါဒါန်တရားတို့ကို သမထ၊ ဝိပဿနာ

http://www.dhammadownload.com



ဖြင့် အောက်-အထက်၏ အစွမ်းဖြင့် အချင်းချင်း ချုပ်စပ်လျက် လည်ခြင်း ရှိသောကြောင့်၄င်း;

"နန္ဒိယာ တဏှာယ ပမောဒဿ ဝါ အာဝဋ္ဋော ဧ တ္ထာတိ နန္ဒိယာ ဝဋ္ဋော"

ဟူသည်နှင့်အညီ- နန္ဒိမည်သော တဏှာ၏ လည်ခြင်းရှိသောကြောင့်၄င်း,

"ယတော ယတော သမ္မသတိ၊
ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊
အမတံ တံ ဝိဇာနတံ"-

ဟူသည်နှင့် အညီ- သမထ ဝိပဿနာလျှင် အကြောင်းရှိသော ပီတိ, ပါမောဇ္ဇ၏ လည်ခြင်းရှိသောကြောင့်၄င်း နန္ဒိယာဝဋ္ဋနည်း မည်၏။

ထိုနည်းသည် တဏှာ, အဝိဇ္ဇာတို့ဖြင့် သံကိလေသပက္ခ ဖြစ်သော သုတ်၏အနက်ကို သမထ, ဝိပဿနာတို့ဖြင့် ဝေါဒါနပက္ခ ဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါးနှင့် ယှဉ်စေ၍ ဆောင်ခြင်းလက္ခဏာ ရှိ၏။

အဘယ်သို့။ ကား ဤ "ယံ လောကော ပူဇယတေ "၌ လောက-၏ အရ လောကသည် တဏှာစရိတ, ဒိဋ္ဌိစရိတ အားဖြင့် နှစ်ပါးတို့တွင် တဏှာစရိတ၌ ပဓာန မူလပဒကား တဏှာတည်း။ ဒိဋ္ဌိစရိတ၌ ပဓာန မူလပဒကား ဒိဋ္ဌိ၏ အကြောင်းဖြစ်သော အဝိဇ္ဇာတည်း။ ထိုတွင် ပဓာနကို ယူသဖြင့် အပဓာနကို မူလပဒချင်းတူသဖြင့်၄င်း, ကြွင်းသော အကုသိုလ်ကို အကုသလပက္ခချင်း တူသဖြင့်၄င်း ယူအပ်၏။

ဝါ- လောကော၏အရ လောကကား ခန္ဓာငါးပါးတည်း။ ထို၏ မူလကား တဏှာ, အဝိဇ္ဇာတည်း။ ဝါ-ပူဇယတေ-အရ ပူဇာသည် သင်္ခါရ တည်း။ ထိုအကြောင်းကား အဝိဇ္ဇာတည်း။ ထိုကို ယူသဖြင့် ထိုနှင့်

http://www.dhammadownload.com



သမ္ပယုတ်ဖြစ်သော တဏှာကိုင်၎င်း၊ ကြွင်းသော အကုသိုလ်ကို၎င်း ယူအပ်၏။ ပုဗ္ဗယတော-၏အရ ဒါန, သီလ, ဘာဝနာမယပုဗ္ဗာသည် ဝဋ္ဋဂါမိ, ဝိဝဋ္ဋဂါမိ အားဖြင့် နှစ်ပါး။၏။တွင် ဝိဝဋ္ဋဂါမိပုဗ္ဗာ၌ သမာဓိသည် သမထ မည်၏။ ပညာသည် ဝိပဿနာမည်၏။ ထိုသမထ, ဝိပဿနာဟူသော မူလပဒကိုယူသဖြင့် တပ္ပက္ခိကကုသိုလ်ကို ယူအပ်၏။ ထို တရားတို့တွင် သံကိလေသပက္ခ၌ တဏှာသည် ပဌမဒိသာ၊ အဝိဇ္ဇာသည် ဒုတိယဒိသာ မည်၏။ ဝေါဒါနပက္ခ၌ သမထသည် ပဌမဒိသာ၊ ဝိပဿနာသည် ဒုတိယ ဒိသာ မည်၏။ ထို ဒိသာတရားတို့တွင် တဏှာ အဝိဇ္ဇာသည်၎င်း၊ ထိုမှ ကြွင်းသော ကိလေသာသည်၎င်း၊ ကိလေသာမှ ကြွင်းသော အကုသိုလ် သည်၎င်း၊ အာသဝ၏ အာရုံဖြစ်သော ကုသလမူသည်၎င်း၊ အာသဝ၏ အာရုံဖြစ်သော ကုသိုလ်သည်၎င်း ဝဋ္ဋမူလဖြစ်၍ သမုဒယသစ္စာ မည်၏။ ထိုမှကြွင်းသော တေဘူမကဓမ္မသည် ဒုက္ခသစ္စာမည်၏။ သမထ, ဝိပဿ နာသည် မဂ္ဂသစ္စာ မည်၏။ ထိုဖြင့်ရောက်အပ်သော နိဗ္ဗာန်သည် နိရောဓ သစ္စာ မည်၏။ ထိုတွင် ဒုက္ခကား ပရိညေယျ၊ သမုဒယကား ပဟာတဗ္ဗ၊ နိရောဓကား သစ္ဆိကာတဗ္ဗ၊ မဂ္ဂကား ဘာဝေတဗ္ဗတည်း။ ဤသို့လျှင် တဏှာ, အဝိဇ္ဇာ, သမထ, ဝိပဿနာ ဟူသော မူလပဒလေးပါး၊ တဏှာ စရိတ, ဒိဋ္ဌိစရိတ ပုဂ္ဂိုလ် နှစ်ပါး ဖြစ်၏။

ထိုတွင် တဏှာစရိတသည် မန္ဒ, ဥဒတ္တ, မုဒိန္ဒြိယ, တိက္ခိန္ဒြိယ၊ ဒုက္ခ ပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ အားဖြင့် နှစ်ပါးပြား၏။ ဒိဋ္ဌိစရိတသည် မန္ဒ, ဥဒတ္တ, မုဒိန္ဒြိယ, တိက္ခိန္ဒြိယ၊ သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါ ခိပ္ပါဘိညာအားဖြင့် နှစ်ပါး။၏။

ထိုပုဂ္ဂိုလ်တို့၏ သံကိလေသတရားကား- တဏှာ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပ, အသတိ, အသမ္ပဇည, အယောနိသောမနသိကာရ, ကောသဇ္ဇ, ဒေါဝစဿတ, အဟင်္ကာရ, မမင်္ကာရ, အသဒ္ဓါ, ပမာဒ, အသဒ္ဓမ္မဿဝန, အသံဝရ, အဘိဇ္ဈာ, ဗျာပါဒ, နီဝရဏ, သံယောဇန, ကောဓ, ဥပနာဟ, မက္ခ, ပဠာသ, ဣဿာ, မစ္ဆေရ, မာယာ, သာဌေယျ, သဿတ, ဥစ္ဆေဒဒိဋ္ဌိတည်း။

http://www.dhammadownload.com



လေးပါးသော အာဟာရ စသည်လည်း တဏှာစရိတမန္ဒ စသည်၏ အစဉ်အတိုင်း သံကိလေသ မည်၏။

ဝေါဒါန်တရားကား– သမထ, ဝိပဿနာ, ဟိရီ, ဩတ္တပ္ပ, သတိ, သမ္ပဇည, ယောနိသောမနသိကာရ, ဝီရိယာရမ္ဘ, သောဝစဿတ, ဓမ္မေဉာဏ, အန္ဝယေဉာဏ, ခယေဉာဏ, အနုပ္ပါဒေဉာဏ, သဒ္ဓါ, အပ္ပမာဒ, သဒ္ဓမ္မဿဝန, သံဝရ, အနဘိဇ္ဈာ, အဗျာပါဒ, ရာဂဝိရာဂါစေတောဝိမုတ္တိ, အဝိဇ္ဇာဝိရာဂါပညာဝိမုတ္တိ, အပ္ပိစ္ဆတာ, သန္တုဋ္ဌိတာ, အက္ကောဓ, အနုပနာဟ, အမက္ခ, အပဠာသ, ဣစ္ဆာပဟာန, မစ္ဆေရပဟာန, ဝိဇ္ဇာ, ဝိမုတ္တိ, သင်္ခတာရမ္မဏဝိမောက္ခ, အသင်္ခတာရမ္မဏဝိမောက္ခ, သဥပါဒိသေသ အနုပါဒိသေသ နိဗ္ဗာနဓာတ်တည်း။ လေးပါးသော ပဋိပဒါ စသည် သည်လည်း တဏှာစရိတမန္ဒ စသည်၏ အစဉ်အတိုင်း ဝေါဒါန် မည်၏။

ထို ပုဂ္ဂိုလ်တို့တွင် တဏှာစရိတသည် ကာမသုခလ္လိကာနုယောဂကို ဖြစ်စေ၏။ ဒိဋ္ဌိစရိတသည် အတ္တကိလမထာနုယောဂကို ဖြစ်စေ၏။ ထိုအနုယောဂနှစ်ပါးသည် ရောဂ, ဂဏ္ဍ, သလ္လ မည်၏။ သမထ, ဝိပဿနာသည် ရောဂ စသည်၏ ဘေသဇ္ဇ မည်၏။ ဒိဋ္ဌိစရိတသည် ရုပ်ကို အတ္တဟုရှု၏။ ဝေဒနာကို, သညာကို, သင်္ခါရကို, ဝိညာဉ်ကို အတ္တဟုရှု၏။ တဏှာစရိတသည် ရုပ်ရှိသောအတ္တကို, အတ္တ၌ရုပ်ကို, ရုပ်၌ အတ္တကိုရှု၏၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်၌လည်း ဤနည်းရှု၏။ ဤသို့ ဝီသတိဝတ္ထုက သက္ကာယဒိဋ္ဌိ ဖြစ်၏။ ထို၏ ပဋိပက္ခကား သက်ပ္ပ စသည်နှင့် တကွသော လောကုတ္တရာသမ္မာဒိဋ္ဌိတည်း။

တဏှာစရိတသည် ရူပဝန္တ အတ္တ စသည်ကိုရှုသောကြောင့် သဿတဝါဒီ မည်၏။ ဒိဋ္ဌိစရိတသည် ရုပ် စသည်ကို အတ္တ ရှုသောကြောင့် ဥစ္ဆေဒဝါဒီ မည်၏။ ထို သဿတ, ဥစ္ဆေဒသည် ဥဘောအန္တ မည်၏။ ထို၏ပဋိပက္ခကား မဇ္ဈိမပဋိပဒါတည်း။ ထို သဿတ, ဥစ္ဆေဒသည် အကျဉ်းအားဖြင့် ဝီသတိ ဝတ္ထုက သက္ကာယဒိဋ္ဌိတည်း။ အကျယ်အားဖြင့် ဒွါသဋ္ဌိဒိဋ္ဌိဂတ တည်း။ ထို၏ ပဋိပက္ခကား တေစတ္တာလီသဗောဓိပက္ခိယ၊ အဋ္ဌဝိမောက္ခ၊ ဒသက သိဏာယတနတည်း။ ထိုတရားတို့တွင် ဒိဋ္ဌိဂတ

http://www.dhammadownload.com



ကား မောဟဇာလတည်း။ ဗောဓိပက္ခိယကား မောဟဇာလကို ဖောက်ခွဲ တတ်သော ဉာဏဝဇီရတည်း။

ထိုပုဂ္ဂိုလ်တို့တွင် ဒိဋ္ဌိစရိတသည် ဤသာသနာတော်၌ ရဟန်းပြု လတ်သော် သလ္လေခ၌ ထက်သောရှိသေခြင်း ရှိသောကြောင့် မပြတ်မလပ် ဖြစ်စေအပ်သော သလ္လေခအကျင့်ရှိ၏။ တဏှာစရိတသည် ဤသာသနာ တော်၌ ရဟန်းပြုလတ်သော် သိက္ခာသုံးပါး၌ ထက်သော ရှိသေခြင်း ရှိသော ကြောင့် မပြတ်မလပ် ဖြစ်စေအပ်သော သိက္ခာအကျင့် ရှိ၏။

ထို ပုဂ္ဂိုလ်တို့တွင် အကြင်တဏှာစရိတမန္ဒသည် သတိန္ဒြေဖြင့် ဒုက္ခပဋိပဒါဒန္ဓာဘိညာအားဖြင့် သတိပဋ္ဌာန်ကို အမှီပြု၍ ဝဋ်မှထွက်၏။ အကြင်တဏှာစရိတဥဒတ္တသည် သမာဓိန္ဒြေဖြင့် ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ အားဖြင့် ဈာန်ကိုအမှီပြု၍ ဝဋ်မှထွက်၏။ ထို ပုဂ္ဂိုလ်အား ပဌမဒိသာဖြစ် သော သမထကို ပုဗ္ဗင်္ဂမပြု၍ ဓမ္မပူဇာဘာဝနာကို အားထုတ်သဖြင့် ပဌမဒိသာ တဏှာဟူသော ဝဋ္ဋမူလကိုငှင်း, တဏှာပက္ခိက အကုသိုလ်ကို ငှင်း စွန့်လျက် သဒ္ဓါနုသာရီအားဖြင့် သမ္မတ္တနိယာမသို့သက်၍ ရာဂဝိရာ ဂါစေတောဝိမုတ္တိ ဖြစ်ခြင်းကြောင့် အနာဂါမိဖိုလ် ဟူသော ပဌမဒိသာ၏ အဆုံးသို့ ရောက်၏။ အကြင် ဒိဋ္ဌိစရိတမန္ဒသည် ဝီရိယိန္ဒြေဖြင့် သုခပဋိပဒါ ဒန္ဓာဘိညာအားဖြင့် သမ္မပ္ပဓာန်ကိုအမှီပြု၍ ဝဋ်မှထွက်၏။ အကြင် ဒိဋ္ဌိစရိတ ဥဒတ္တသည် ပညိန္ဒြေဖြင့် သုခပဋိပဒါ ခိပ္ပါဘိညာအားဖြင့် သစ္စာကိုအမှီပြု ၍ ဝဋ်မှထွက်၏။ ထိုပုဂ္ဂိုလ်အား ဒုတိယဒိသာ ဖြစ်သော ဝိပဿနာကို ပုဗ္ဗင်္ဂမပြု၍ ဓမ္မပူဇာဘာဝနာကို အားထုတ်သဖြင့် ဒုတိယဒိသာ အဝိဇ္ဇာဟူ သော ဝဋ္ဋမူလကိုငှင်း, အဝိဇ္ဇာပက္ခိက အကုသိုလ်ကိုငှင်း စွန့်လျက် ဓမ္မာ နုသာရီအားဖြင့် သမ္မတ္တနိယာမသို့သက်၍ အဝိဇ္ဇာဝိရာဂါပညာဝိမုတ္တိ ဖြစ် ခြင်းကြောင့် အရဟတ္တဖိုလ် ဟူသော ဒုတိယဒိသာ၏အဆုံးသို့ ရောက်၏။

ဤသို့လျှင် တဏှာ, အဝိဇ္ဇာ, သမထ, ဝိပဿနာ ဟူသော မူလပဒ တို့ကို သစ္စာလေးပါးနှင့်ယှဉ်၍ တဏှာ, ဒိဋ္ဌိ စရိတပုဂ္ဂိုလ်၏ အစွမ်းဖြင့် နယဘူမိကို စီရင်ခြင်းသည် နန္ဒိယာဝဋ္ဋနည်း မည်၏ ဟူလိုသောဝ်။

ပဌမနည်း ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



ဒုတိယနည်းသည်-

"တီဟိ အဝယဝေဟိ ပုက္ခလော သောဘနောတိ တိပုက္ခလော" ဟူသော ဝစနတ္ထနှင့်အညီ- သံကိလေသပက္ခ၌ လောဘစသော သုံးပါးသော အစိတ်, ဝေါဒါနပက္ခ၌ အလောဘစသော သုံးပါးသော အစိတ်တို့ဖြင့် တင့်တယ်သောကြောင့် တိပုက္ခလနည်း မည်၏။

ထိုနည်းသည် အကုသလမူတို့ဖြင့် သံကိလေသပက္ခဖြစ်သော သုတ်၏ အနက်ကို, ကုသလမူတို့ဖြင့် ဝေါဒါန်ဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါးနှင့်ယှဉ်၍ ဆောင်ခြင်းလက္ခဏာ ရှိ၏။

အဘယ်သို့။ ကား-လောကော၏အရ ဥဠ္ဋုဂါဋ္ဋိတညူစသော ပုဂ္ဂိုလ်သုံးယောက် ဟူသော ဝေဟာရပညတ်၏တည်ရာ ခန္ဓာငါးပါး၏မူလ တဏှာ, အဝိဇ္ဇာတို့တွင် တဏှာကားလောဘအကုသလမူလ, အဝိဇ္ဇာကား မောဟအကုသလမူလတည်း။ ထိုကိုယူသဖြင့် မောဟနှင့် သမ္ပယုတ်ဖြစ်၍ ၄င်း, အကုသလမူလဖြစ်၍၄င်း, ဒေါသအကုသလကို၄င်း, အကုသလပက္ခမွေကို၄င်း ယူအပ်၏။

ပူဇယတေ-၏အရ ဒါန, သီလ, ဘာဝနာပူဇာ၌ ဟိတ်သုံးပါးသည် ကုသလမူလတည်း။ ထိုကို ယူသဖြင့် တပ္ပက္ခိက ကုသိုလ်ကိုယူအပ်၏။ ထိုတရားတို့တွင် သံကိလေသပက္ခ၌ လောဘသည် ပဌမဒိသာ, ဒေါသသည် ဒုတိယဒိသာ, မောဟသည် တတိယဒိသာ မည်၏။ ဝေါဒါနပက္ခ၌ အလောဘ စသည်သည်ပဌမဒိသာ စသည် မည်၏။ ထို ဒိသာတရားတို့တွင် အကုသလမူ သုံးပါးသည်၄င်း, ထိုမှကြွင်းသော ကိလေသာသည်၄င်း, ထိုမှကြွင်းသော အကုသိုလ်သည် ဝဋ္ဋဂါမိပူဇာ၌ ကုသလမှ ကြွင်းသော တေဘူမကကုသိုလ်သည်၄င်း ဝဋ္ဋမူလဖြစ်၍ သမုဒယသစ္စာ မည်၏။ ထိုမှ

http://www.dhammadownload.com



ကြွင်းသော တေဘူမကဓမ္မသည် ဒုက္ခသစ္စာမည်၏။ ကုသလမူ သုံးပါးသည် မဂ္ဂသစ္စာ မည်၏။ ထိုဖြင့်ရောက်အပ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ ထိုတွင် ဒုက္ခကား ပရိညေယျ။ပ။တည်း။ ဤသို့လျှင် အကုသလမူ သုံးပါး, ကုသလမူ သုံးပါး ဟူသော မူလပဒ ခြောက်ပါး။ ဥဂ္ဃဋိတညူ စသော ပုဂ္ဂိုလ်တွင် သုံးပါး ဖြစ်၏။

ထိုသုံးပါးတို့တွင် ရှေးနည်း၌ ဒိဋ္ဌိစရိတဥဒတ္တသည် ဥဂ္ဃဋိတညူ မည်၏။ တဏှာစရိတမန္ဒသည် နေယျ မည်၏။ အလယ် နှစ်ယောက်သည် ဝိပဉ္စိတညူ မည်၏။

ထိုပုဂ္ဂိုလ်တို့တွင် မြတ်စွာဘုရားသည် ဥဂ္ဃဋိတညူအား သမထကိုငှင်း, မုဒုကဓမ္မဒေသနာကိုငှင်း ညွှန်တော်မူ၏။ သံခိတ္တဓမ္မကို ဟောတော်မူ၏၊ နိဿရဏကို ပြတော်မူ၏၊ အဓိပညာသိက္ခာကို ပညတ်တော်မူ၏။ ဝိပဉ္စိတညူအား သမထ, ဝိပဿနာ နှစ်ပါးကိုငှင်း၊ မုဒု တိက္ခ ဓမ္မဒေသနာကိုငှင်း ညွှန်တော်မူ၏။ သံခိတ္တ, ဝိတ္ထာရဓမ္မကို ဟောတော်မူ၏၊ အာဒီနဝ, နိဿရဏကို ပြတော်မူ၏။ အဓိစိတ္တသိက္ခာကို ပညတ်တော်မူ၏။ နေယျအား ဝိပဿနာကိုငှင်း, တိက္ခဓမ္မဒေသနာကိုငှင်း ညွှန်တော်မူ၏၊ ဝိတ္ထာရဓမ္မကို ဟောတော်မူ၏၊ အဿာဒါဒီနဝ နိဿရဏကို ပြတော်မူ၏၊ အဓိသီလ သိက္ခာကို ပညတ်တော်မူ၏။

ထို ပုဂ္ဂိုလ်တို့၏ သံကိလေသတရားကား– အကုသလမူ သုံးပါး၊ ဒုစရိုက် သုံးပါး၊ အကုသလဝိတက် သုံးပါး၊ ကာမသညာ စသော အကုသလသညာသုံးပါး၊ အနိစ္စသညာ စသော ဝိပရီတသညာ သုံးပါး၊ ဝေဒနာ သုံးပါး၊ ဒုက္ခတာ သုံးပါး၊ ရာဂဂ္ဂိ စသည် သုံးပါး၊ ရာဂသလ္လ စသည်သုံးပါး၊ ရာဂဇဋ္ဌ စသည် သုံးပါး၊ အကုသိုလ်ကာယကံ စသော အကုသလူပပရိက္ခရာ သုံးပါး၊ သီလ စသော ဝိပတ္တိ သုံးပါးတို့တည်း။

ဝေါဒါန်တရားကား– ကုသလမူ သုံးပါး၊ သုစရိုက် သုံးပါး၊ ကုသလဝိတက် သုံးပါး၊ သဝိတက္က သဝိစာရ စသော သမာဓိ သုံးပါး၊ နိက္ခမ စသော ကုသိုလ်သညာ သုံးပါး၊ အနိစ္စ စသော အဝိပရီတသညာ

http://www.dhammadownload.com



သုံးပါး၊ ကုသိုလ်ကာယကံ စသော ကုသလမူလ ပရိက္ခရာ သုံးပါး၊ ကာယ သောစေယျ စသည် သုံးပါး၊ သီလသမ္ပတ္တိ စသည် သုံးပါး၊ အဓိသီလ စသော သိက္ခာ သုံးပါး၊ သီလက္ခန် စသော ခန္ဓာ သုံးပါး၊ သုညတ စသော ဝိမောက္ခ သုံးပါးတို့တည်း။

ထို ပုဂ္ဂိုလ်တို့တွင် မုဒုက စသော ဒေသနာကို နာရ၍ အဓိပညာ စသော သိက္ခာ၌တည်လျက် ဝေါဒါနပက္ခ၌ ပဌမဒိသာ ဖြစ်သော အလောဘကိုအမှီပြု၍ ဓမ္မပူဇာဘာဝနာကို အားထုတ်သော ဉဃ္ဃဋိတညူ စသော ပုဂ္ဂိုလ်သည် သံကိလေသပက္ခ၌ ပဌမဒိသာဖြစ်သော လောဘကိုငှင်း, တပ္ပက္ခိက အကုသိုလ်ကိုငှင်း စွန့်၍ ပဌမဒိသာ၏အဆုံးဖြစ်သော ပဏိဟိတဝိမောက္ခဖြင့် ဝဋ်မှ ထွက်၏။

ဝေါဒါနပက္ခ၌ ဒုတိယဒိသာဖြစ်သော အဒေါသကို အမှီပြု၍ ဓမ္မပူဇာဘာဝနာကို အားထုတ်သော ဉဃ္ဃဋိတညူ စသည်သည် သံကိလေသပက္ခ၌ ဒုတိယဒိသာဖြစ်သော ဒေါသကိုငှင်း, တပ္ပက္ခိက အကုသိုလ်ကိုငှင်း စွန့်၍ ဒုတိယဒိသာ၏အဆုံးဖြစ်သော အနိမိတ္တဝိမောက္ခဖြင့် ဝဋ်မှ ထွက်၏။

ဝေါဒါနပက္ခ၌ တတိယဒိသာဖြစ်သော အမောဟကို အမှီပြု၍ ဓမ္မပူဇာဘာဝနာကို အားထုတ်သော ဉဃ္ဃဋိတညူ စသည်သည် သံကိလေသပက္ခ၌ တတိယဒိသာဖြစ်သော မောဟကိုငှင်း, တပ္ပက္ခိက အကုသိုလ်ကိုငှင်း စွန့်၍ တတိယဒိသာ၏အဆုံးဖြစ်သော သုညတဝိမောက္ခဖြင့် ဝဋ်မှ ထွက်၏။

ဤသို့လျှင် ကုသလာကုသလ မူလပဒတို့ကို သစ္စာလေးပါးနှင့်ယှဉ်၍ ဉဃ္ဃဋိတညူ စသည်တို့၏အစွမ်းဖြင့် နယဘူမိကို စီရင်ခြင်းသည် တိပုက္ခလ နည်းမည်၏။

http://www.dhammadownload.com



မူ, စရိတ၊ တဏှာ, သညာ၊ ဝေဒနာနှင့်၊ ဒုက္ခတာတိ၊ အဂ္ဂိ, သလ္လ၊ ဖဿ, ပရိက္ခရာ၊ ညစ်ညူးရာ၊ သုံးဖြာ ဝိပတ္တိ။

မူ, စရိတ၊ တဏှာ, သမာဓိ၊ တီဏိသညာ၊ ပရိက္ခာရ၊ ကာယသောစေ၊ သုံးထွေ သမ္ပတ်၊ လွန်မြတ်သိက္ခာ၊ သုံးခန္ဓာ၊ သုညာဝိမောက္ခ။

ဒုတိယနည်း ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## (၃)– သီဟဝိက္ကီဠိတနည်း

တတိယနည်းသည်–

"သီဟဿ ဝိက္ကီဠိတံ ဧတ္ထာတိ သီဟဝိက္ကီဠိတော" ဟူသော ဝစနတ္ထနှင့်အညီ– သီဟ မည်တော်မူသော မြတ်စွာဘုရား၏ လေးပါးသော ဝိပလ္လာသ, တပ္ပဋိပက္ခကိုပြသဖြင့် ဒေသနာ ဝစီကံဖြစ်သော ကွန့်မြူးခြင်း ရှိသောကြောင့် သီဟဝိက္ကီဠိတနည်း မည်၏။ ထိုနည်းသည် ဝိပလ္လာသ လေးပါးတို့ဖြင့် သံကိလေသပက္ခဖြစ်သော သုတ်၏အနက်ကို ဣန္ဒြေတို့ဖြင့် ဝေါဒါန်ဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါးနှင့်ယှဉ်၍ ဆောင်ခြင်း လက္ခဏာ ရှိ၏။

အဘယ်သို့နည်း– ဤ "ယံ လောကော ပူဇယတေ" ၌ လောက၏ ပူဇော်ခြင်းသည် လောကဝဋ္ဋာနုသာရီ, လောကဝိဝဋ္ဋာနုသာရီ အားဖြင့် နှစ်ပါး။၏။တွင် သံသရာ၌ ဘဝသမ္ပတ္တိ စသည်ကို တောင့်တ၍ ပူဇော်ခြင်းသည် လောကဝဋ္ဋာနုသာရီ မည်၏။ နိဗ္ဗာန်ကိုတောင့်တ၍ ပူဇော်ခြင်း သည် လောကဝိဝဋ္ဋာနုသာရီ မည်၏။ ထိုတွင် လောကဝဋ္ဋာနုသာရီ ပူဇာသည် အသုဘ–စသည်၌ သုဘ–စသော ဝိပလ္လာသ ဖြစ်သောကြောင့်

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်ဖြစ်ကြောင်း ဝိပလ္လာသလေးပါးကို ရအပ်၏။ ဝါ–လောကော၏အရ ခန္ဓာငါးပါး၏မူလ တဏှာ, အဝိဇ္ဇာတို့တွင် တဏှာဖြင့် "အသုဘေ သုဘံ, ဒုက္ခေ သုခံ" ဟူသော ဝိပလ္လာသ ဖြစ်၏။ အဝိဇ္ဇာဖြင့် "အနိစ္စေ နိစ္စံ, အနတ္တနိ အတ္တာ" ဟူသော ဝိပလ္လာသ ဖြစ်၏။ ထိုကြောင့် ဝိပလ္လာသလေးပါးကိုင်း, တပ္ပက္ခိက အကုသိုလ်ကိုင်း ယူအပ်၏။ လောကဝိဝဋ္ဋာနုသာရီပုဂ္ဂိုလ်သည် အသုဘ– စသောအားဖြင့် ဖြစ်သော ကြောင့် သတိန္ဒြေ စသည်ကိုင်း တပ္ပက္ခိက ကုသိုလ်ကိုင်း ထိုပုဂ္ဂိုလ်၌ ရအပ်၏။

ထိုတရားတို့တွင် သံကိလေသပက္ခ၌ အသုဘ၌ သုဘ ဟူသော ဝိပလ္လာသသည် ပဌမဒိသာ၊ ဒုက္ခ၌ သုခ ဟူသော ဝိပလ္လာသသည် ဒုတိယဒိသာ၊ အနိစ္စ၌ နိစ္စ ဟူသော ဝိပလ္လာသသည် တတိယဒိသာ၊ အနတ္တ၌ အတ္တ ဟူသော ဝိပလ္လာသသည် စတုတ္ထဒိသာ မည်၏။

ဝေါဒါနပက္ခ၌ ကာယာနုပဿနာ, အသုဘသညာ, သတိန္ဒြေ သည် ပဌမဒိသာ၊ ဝေဒနာနုပဿနာ, ဒုက္ခသညာ, သမာဓိန္ဒြေ သည် ဒုတိယဒိသာ၊ စိတ္တာနုပဿနာ, အနိစ္စသညာ, ဝီရိယိန္ဒြေသည် တတိယဒိသာ၊ ဓမ္မာနုပဿနာ, အနတ္တသညာ, ပညိန္ဒြေသည် စတုတ္ထဒိသာ မည်၏။

ထို ဒိသာတရားတို့တွင် ဝိပလ္လာသလေးပါးသည် ဝဋ္ဋမူလဖြစ်၍ သမုဒယသစ္စာ မည်၏၊ ထိုမှကြွင်းသော တေဘူမကတရားသည် ဒုက္ခသစ္စာ မည်၏၊ သတိန္ဒြေ စသည်သည် မဂ္ဂသစ္စာ မည်၏။ ထိုဖြင့် ရောက်အပ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ ထိုတွင် ဒုက္ခကား ပရိညေယျ။ပ။တည်း။ ဤသို့လျှင် ဝိပလ္လာသလေးပါး၊ ဣန္ဒြေလေးပါး ဟူသော မူလပဒရှစ်ပါး၊ ရာဂစရိတ, ဒေါသစရိတ, ဒိဋ္ဌိစရိတ, ဥဒတ္တ ဟူသော ပုဂ္ဂိုလ်လေးပါးကို ရအပ်၏။

ထိုပုဂ္ဂိုလ်တို့၏ သံကိလေသတရားကား– အာဟာရလေးပါး၊ ဝိပလ္လာသ, ဥပါဒါန်, ယောဂ, ဂန္ထ, အာသဝ, ဩဃလေးပါး၊ ရာဂ, ဒေါသ, မာန, ဒိဋ္ဌိ ဟူသော သလ္လ လေးပါး၊ ရူပူပဂ, ဝေဒနူပဂ, သညူပဂ, သင်္ခါရူပဂ

http://www.dhammadownload.com



ဟူသော ဝိညာဏဋ္ဌိတိလေးပါး၊ အဂတိဂမန လေးပါးတို့တည်း။ ဤတရားတို့သည် ထိုပုဂ္ဂိုလ်တို့၏ အစဉ်အလာအတိုင်း ဥပက္ကိလေသ ဖြစ်ကုန်၏။

ဝေါဒါနတရားကား– ပဋိပဒါ လေးပါး၊ ဈာန် လေးပါး၊ ဒိဗ္ဗ, ဗြဟ္မာ, ရိယာ, နေဉ္စဝိဟာရ လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ မာနပဟာန၊ အာလယသမုဂ္ဃါတ၊ အဝိဇ္ဇာပဟာန၊ ဘဝူပသမ ဟူသော အစ္ဆရိယအဗ္ဘုတဓမ္မလေးပါး၊ သစ္စာ, စာဂ, ပညာ, ဥပသမ ဟူသော အဓိဋ္ဌာန်လေးပါး၊ ဆန္ဒ စသော သမာဓိဘာဝနာ လေးပါး၊ ဣန္ဒြိယသံဝရတပ, ဗုဒ္ဓိ, သဗ္ဗူပဓိ, ပဋိနိဿဂ္ဂ ဟူသော သုခဘာဂိယ လေးပါး၊ အပ္ပမညာ လေးပါးတည်း။ ထို သံကိလေသ ဝေါဒါန်တရားတို့သည် ပဌမဒိသာ စသည်လည်း မည်ကုန်၏။

ထိုပုဂ္ဂိုလ်တို့တွင် ရာဂစရိတပုဂ္ဂိုလ်သည် ဝေါဒါနပက္ခ၌ ပဌမပဋိပဒါ၌ တည်၍ ကာယာနုပဿနာသတိပဋ္ဌာန ဓမ္မပူဇာဘာဝနာကို အားထုတ်သဖြင့် သံကိလေသပက္ခ၌ သုဘဟူသော ဝိပလ္လာသကိုင်း, တပ္ပက္ခိကဖြစ်သော ကဗဠီကာရာဟာရ၌ တပ်ခြင်း ကာမုပါဒါန် စသော အကုသိုလ်ကိုင်း စွန့်၍ ပဌမဒိသာ၏ အဆုံးဖြစ်သော သောတာပတ္တိဖိုလ်သို့ ရောက်၏။

ဒေါသစရိတပုဂ္ဂိုလ်သည် ဒုတိယပဋိပဒါ၌ တည်၍ ဝေဒနာနုပဿနာ သတိပဋ္ဌာန ဓမ္မပူဇာဘာဝနာကို အားထုတ်သဖြင့် သုခဟူသော ဝိပလ္လာသကိုင်း, တပ္ပက္ခိကဖြစ်သော ဖဿာဟာရ၌တပ်ခြင်း စသော အကုသိုလ်ကိုင်း စွန့်၍ ဒုတိယဒိသာ၏ အဆုံးဖြစ်သော သကဒါဂါမိဖိုလ်သို့ ရောက်၏။

ဒိဋ္ဌိစရိတ မန္ဒပုဂ္ဂိုလ်သည် တတိယပဋိပဒါ၌တည်၍ စိတ္တာနုပဿနာ သတိပဋ္ဌာန ဓမ္မပူဇာဘာဝနာကို အားထုတ်သဖြင့် နိစ္စဟူသော ဝိပလ္လာသကိုင်း, တပ္ပက္ခိကဖြစ်သော မနောသဉ္စေတနာဟာရ၌တပ်ခြင်း စသော အကုသိုလ်ကိုင်း စွန့်၍ တတိယဒိသာ၏အဆုံးဖြစ်သော အနာဂါ

http://www.dhammadownload.com

မိဖိုလ် သို့ရောက်၏။



ဒိဋ္ဌိစရိတ ဥဒတ္တပုဂ္ဂိုလ်သည် စတုတ္ထပဋိပဒါဖြင့်တည်၍ ဓမ္မာနုပဿနာ သတိပဋ္ဌာန ဓမ္မပူဇာဘာဝနာကို အားထုတ်သဖြင့် အတ္တဟူသော ဝိပလ္လာသကိုငှင်း, တပ္ပက္ခိကဖြစ်သော ဝိညာဏာဟာရဖြင့်တပ်ခြင်း စသော အကုသိုလ်ကိုငှင်း, စွန့်၍ စတုတ္ထဒိသာ၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်၏။

ဤသို့လျှင် ဝိပလ္လာသ, ဣန္ဒြေတို့ကို သစ္စာလေးပါးနှင့်ယှဉ်၍ ရာဂစရိတ စသည်တို့၏အစွမ်းဖြင့် နယဘူမိကို စီရင်ခြင်းသည် သီဟဝိက္ကီဠိတနည်း မည်၏ ဟူလိုသောဝ်။

စတ္တာဟာရ, ဝိပလ္လာသု-<br>
ပါဒါန, ယောဂ, ဂန္ထနာ။<br>
အာသဝေါဃာ စ သလ္လာနိ၊<br>
ဋ္ဌိတိ, အဂတိဂါမိနော။

ပဋိပဒါ, သတိ, ဈာန-<br>
ဝိဟာရ, သမ္မ, အစ္ဆရာ-<br>
ဓိဋ္ဌာန သမာဓိသု စ၊<br>
အပ္ပမညာတိမေ ဒသ။

**တတိယနည်း ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## (၄) ဒိသာလောစနနည်း

စတုတ္ထနည်းသည်

"ဒိသာ အာလောစတိ ဓောနာတိ ဒိသာလောစနံ" ဟူသော ဝစနတ္ထနှင့်အညီ- အဋ္ဌနည်းသုံးပါး၏ ဒိသာ ဖြစ်သော တရားတို့ကို ကြည့်ရှုကြောင်း ဖြစ်သောကြောင့် ဒိသာလောစနနည်း မည်၏။

http://www.dhammadownload.com



အဘယ်သို့ ကြည့်သနည်းဟူမူကား- နန္ဒိယာဝဋ္ဋနည်း၏ သံကိလေသပက္ခ၌ တဏှာသည် ပဌမဒိသာ၊ အဝိဇ္ဇာသည် ဒုတိယဒိသာ မည်၏။ ဝေါဒါနပက္ခ၌ သမထသည် ပဌမဒိသာ၊ ဝိပဿနာသည် ဒုတိယဒိသာ မည်၏။ တိပုက္ခလနည်း၏ သံကိလေသပက္ခ၌ လောဘစသည်သည် ပဌမ ဒိသာ စသည်မည်၏။ ဝေါဒါနပက္ခ၌ အလောဘ စသည်သည် ပဌမဒိသာ စသည် မည်၏။ သီဟဝိက္ကီဠိတနည်း၏ သံကိလေသပက္ခ၌ သုဘသညာ စသည်သည် ပဌမဒိသာ စသည် မည်၏။ ဤသို့ စိတ်ဖြင့် ကြည့်ရှုခြင်းသည် ဒိသာလောစနနည်း မည်၏။

**စတုတ္ထနည်း ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## (၅) အင်္ကုသနည်း

ပဌမနည်းသည်-

"ယထာ အလောကိတာနံ တေသံ ဓမ္မာနံ အတ္ထနယတ္တယယော- ဇနေ သမာနနယတော အင်္ကုသော ဝိယာတိ အင်္ကုသော" ဟူသော ဝစနတ္ထ နှင့်အညီ- အလိုရှိအပ်သော ဝတ္ထုကို လို့ရာအရပ်သို့ ချွန်းဖြင့် ချိတ်ငင်၍ ယူဆောင်သကဲ့သို့ ဒိသာလောစနနည်းဖြင့် ကြည့်ရှုအပ်ကုန်ပြီးသော ဒိသာ တရားတို့ကို အတ္ထနည်း သုံးပါးအပေါင်းကို ယှဉ်ခြင်း၌ ကောင်းစွာ ဆောင်တတ်သောကြောင့် ချွန်းနှင့် တူရကား အင်္ကုသနည်း မည်၏။

အဘယ်သို့ ဆောင်သနည်း ဟူမူကား- အတ္ထနည်းသုံးပါးကို ယှဉ် လိုသော သံဝဏ္ဏကဆရာသည် သုတ်၌ဟောအပ်ကုန်သော ကုသိုလ်, အကု သိုလ်တရားတို့ကို ထို ဒိသာလောစနနည်းဖြင့် ပဌမဒိသာ စသည် မည်၏ဟု စိတ်ဖြင့်ရှု၍ တဏှာ, အဝိဇ္ဇာ, သမထ, ဝိပဿနာဒိသာကို နန္ဒိယာ ဝဋ္ဋနည်း၌၊ လောဘစသော ဒိသာကို တိပုက္ခလနည်း၌၊ သုဘသညာ စသော ဒိသာကို သီဟဝိက္ကီဠိတနည်း၌ ယှဉ်အပ်၏ဟု သုတ်မှထုတ်၍ စိတ်ဖြင့် ချိတ်ငင်ယူဆောင်ခြင်းသည် အင်္ကုသနည်း မည်၏။

http://www.dhammadownload.com



ဤနည်းနှစ်ပါးကို အသီးအခြား ယောဇနာခြင်းမရှိ၊ အတ္ထနည်း သုံးပါးကို ယှဉ်ခြင်း၌ စိတ်ဖြင့်ကြည့်ရှု၍ စိတ်ဖြင့် ဆောင်ခြင်းမျှသာ ဖြစ်၏။ ဤကြည့်ရှုခြင်း, ဆောင်ခြင်းဟူသော ဝေါဟာရမျှ ဖြစ်၍၄င်း, ကြည့်ရှုခြင်း ဆောင်ခြင်းကြိယာမျှ ဖြစ်၍၄င်း ဝေါဟာရနည်း, ကမ္မနည်း ဟု ဆိုအပ်၏။

ပဥ္စမနည်း ပြီး၏။

◆◆◆◆◆◆◆◆◆◆

## နည်းတို့၏ ထွက်ခြင်း, ဝင်ခြင်း

ထိုနည်း ငါးပါးတို့တွင် အတ္ထနယသုံးပါးသည် မူလပဒ, ပဋ္ဌာန တို့သည် အချင်းချင်း၊ သံကိလေသဘာဂိယ စသော ပဋ္ဌာန, လောကိယ စသော ပဋ္ဌာနတို့သည် အချင်းချင်း၊ သင်္ခါရသုံးပါးတို့သည် အချင်းချင်း သင်္ဂဟိတ ဖြစ်ကုန်သကဲ့သို့ မူလပဒသင်္ဂဟိတအားဖြင့် တပါးသည် တပါး မှ ထွက်ခြင်း, တပါးသည် တပါး၌ ဝင်ခြင်းဖြင့် အချင်းချင်း သင်္ဂဟိတ ဖြစ်ကုန်၏။

သင်္ခါရ သုံးပါးသည် အဘယ်သို့ အချင်းချင်း သင်္ဂဟိတ ဖြစ် သနည်း ဟူမူကား– သင်္ခါရသည် ပုညာ ပုည အာနေဉ္ဇာဘိသင်္ခါရ ဟူ၍ သုံးပါး၊ ကာယ, ဝစီ စိတ္တသင်္ခါရ ဟူ၍ သုံးပါးတည်း။ ထိုတွင် ကာမ ရူပ ကုသိုလ် စေတနာသည် ပုညာဘိသင်္ခါရ၊ အကုသိုလ်စေတနာသည် အပုညာဘိ သင်္ခါရ၊ အရူပကုသိုလ် စေတနာသည် အာနေဉ္ဇာဘိသင်္ခါရ မည်၏။

ထို သုံးပါးတို့တွင် ပုညာပုညာဘိသင်္ခါရသည် ကာယဒွါရ၌ ဖြစ်သောအခါ ကာယသင်္ခါရ၊ ဝစီဒွါရ၌ ဖြစ်သောအခါ ဝစီသင်္ခါရ မည်၏။ မနောဒွါရ၌ ဖြစ်သောအခါ သုံးပါးလုံးသည် စိတ္တသင်္ခါရ မည်၏။ ဤသို့ ရှေ့တိုက်၌ ဆိုအပ်သော တရားကိုပင် နောက်တိုက်၌, နောက်တိုက်၌

http://www.dhammadownload.com



ဆိုအပ်သော တရားကိုပင် ရှေ့တိုက်၌ ဆိုအပ်သည်ဖြစ်၍ အချင်းချင်း သင်္ဂဟိတ ဖြစ်၏။

အဘယ်သို့ အတ္ထနယသုံးပါးသည် မူလပဒသင်္ဂဟိတအားဖြင့် တပါးသည် တပါးမှ ထွက်ခြင်း, တပါးသည် တပါး၌ဝင်ခြင်းဖြင့် အချင်းချင်း သင်္ဂဟိတ ဖြစ်သနည်းဟူမူကား– ပဌမနည်း၏ မူလပဒမှ ဒုတိယ, တတိယနည်း၏ မူလပဒကို၊ ဒုတိယနည်း၏ မူလပဒမှ ပဌမ, တတိယနည်း၏ မူလပဒကို၊ တတိယနည်း၏ မူလပဒမှ ပဌမ, ဒုတိယနည်း၏ မူလပဒကို ထုတ်သဖြင့် တပါးသည် တပါးမှ ထွက်၏။ ။ပဌမနည်း၏ မူလပဒ၌ ဒုတိယ, တတိယနည်း၏ မူလပဒကို၊ ဒုတိယနည်း၏ မူလပဒ၌ ပဌမ, တတိယနည်း၏ မူလပဒကို၊ တတိယနည်း၏ မူလပဒ၌ ပဌမ, ဒုတိယနည်း၏ မူလပဒကို သွင်းသဖြင့် တပါးသည် တပါး၌ ဝင်၏။

ပဌမနည်းမှ ဒုတိယနည်း ထွက်ဟန်ကား– နန္ဒိယာဝဋ္ဋနည်း၏ ဒိသာလေးပါးတို့တွင် သံကိလေသပက္ခ၌ တဏှာကား လောဘတည်း။ အဝိဇ္ဇာကား မောဟတည်း။ ထိုကိုယူသဖြင့် ထိုနှင့် အကုသလမူတူသော ဒေါသကို ယူအပ်၏။ ဝေါဒါနပက္ခ၌ သမထကား အလောဘတည်း၊ ဝိပဿနာကား အမောဟတည်း။ ထိုကို ယူသဖြင့်ထိုနှင့် ကုသလမူတူသော အဒေါသကို ယူအပ်၏။ ဝါ–သမထကား အလောဘ, အဒေါသတည်း။ ဤသို့ ပဌမနည်းမှ ဒုတိယနည်း ထွက်သတည်း။

ပဌမနည်းမှ တတိယနည်း ထွက်ဟန်ကား– တဏှာကား သုဘသညာ, သုခသညာတည်း၊ အဝိဇ္ဇာကား နိစ္စသညာ, အတ္တသညာတည်း။ သမထကား အသုဘသညာ, ဒုက္ခသညာတည်း၊ ဝိပဿနာကား အနိစ္စသညာ, အနတ္တသညာတည်း။ ဤသို့ ပဌမနည်းမှ တတိယနည်း ထွက်သတည်း။

ဒုတိယနည်းမှ ပဌမနည်း ထွက်ဟန်ကား– တိပုက္ခလနည်း၏ ဒိသာခြောက်ပါးတွင် သံကိလေသပက္ခ၌ လောဘကားတဏှာ၊မောဟကား

http://www.dhammadownload.com


အဝိဇ္ဇာတည်း။ ဝေါဒါနပက္ခ၌ အလောဘ, အဒေါသကား သမထ၊ အမောဟကား ဝိပဿနာတည်း။ ဤသို့ ဒုတိယနည်းမှ ပဌမနည်း ထွက်၏။

ထိုမှ တတိယနည်း ထွက်ဟန်ကား– လောဘကား သုဘသညာ, သုခသညာ၊ မောဟကား နိစ္စသညာ, အတ္တသညာတည်း။ အလောဘကား အသုဘသညာ, ဒုက္ခသညာ၊ အမောဟကား အနိစ္စသညာ, အနတ္တသညာတည်း။ ဤသို့ ဒုတိယမှ တတိယ ထွက်၏။

တတိယမှ ပဌမ ထွက်ဟန်ကား– သီဟဝိက္ကီဠိတနည်း၏ ဒိသာရှစ်ပါးတို့တွင် သံကိလေသပက္ခ၌ သုဘ, သုခသညာကား တဏှာ၊ နိစ္စ, အတ္တသညာကား အဝိဇ္ဇာတည်း။ ။ ဝေါဒါနပက္ခ၌ အသုဘ, ဒုက္ခသညာကား သမထ၊ အနိစ္စ, အနတ္တသညာကား ဝိပဿနာတည်း။ ဤသို့ တတိယမှ ပဌမ ထွက်၏။

ထိုမှ ဒုတိယ ထွက်ဟန်ကား– သုဘ, သုခသညာကား လောဘ၊ နိစ္စ, အတ္တသညာကား မောဟတည်း။ ထိုကို ယူသဖြင့် ထိုနှင့် အကုသလမူတူသော ဒေါသကို ယူအပ်၏။ အသုဘ, ဒုက္ခသညာကား အလောဘ၊ အနိစ္စ, အနတ္တသညာကား အမောဟတည်း။ ထိုကို ယူသဖြင့် ထိုနှင့် ကုသလမူတူသော အဒေါသကို ယူအပ်၏။ ထိုသို့ တတိယမှ ဒုတိယထွက်၏။ ဤသို့ တပါးသည် တပါးမှ ထွက်သတည်း။ ဤနည်းဖြင့် တပါး တပါးမှ နှစ်ပါး၊ နှစ်ပါးနှစ်ပါးမှ တပါး ထွက်ခြင်းကိုလည်း သိအပ်၏။

ပဌမနည်း၌ ဒုတိယ, တတိယနည်း ဝင်ဟန်ကား– နန္ဒိယာဝဋ္ဋနည်း၏ ဒိသာလေးပါးတွင် သံကိလေသပက္ခ တဏှာ၌ တဏှာ, လောဘ, သုဘသညာ, သုခသညာ၊ အဝိဇ္ဇာ၌ အဝိဇ္ဇာ, မောဟ, နိစ္စသညာ, အတ္တသညာ ဝင်ရကား အကုသလပဒကိုးပါးတို့သည် တဏှာ, အဝိဇ္ဇာ၌ ဝင်ကုန်၏။ ။ ဝေါဒါနပက္ခ သမထ၌ သမထ, အလောဘ, အဒေါသ, အသုဘသညာ, ဒုက္ခသညာ၊ ဝိပဿနာ၌ ဝိပဿနာ, အမောဟ, အနိစ္စသညာ, အနတ္တသညာ ဝင်ရကား ကုသလပဒကိုးပါးတို့သည် သမထ,

ဝိပဿနာ၌ ဝင်ကုန်၏။ ဤသို့ ပဌမနည်း၌ ဒုတိယ တတိယနည်း ဝင်သတည်း။

ဒုတိယ၌ ကြွင်းသောနည်းနှစ်ပါး ဝင်ဟန်ကား-တိပုက္ခလနည်း၏ ဒိသာခြောက်ပါးတွင် သံကိလေသပက္ခ လောဘ၌ တဏှာ, လောဘ, သုဘသညာ, သုခသညာ၊ မောဟ၌ အဝိဇ္ဇာ, မောဟ, နိစ္စသညာ, အတ္တသညာ ဝင်၏။ ဒေါသကား ဒေါသပင်တည်း။ ဤသို့ အကုသလပဒကိုးပါးတို့သည် အကုသလမူ သုံးပါး၌ ဝင်ကုန်၏။ ။ဝေါဒါနပက္ခ အလောဘ၌ သမထ, အလောဘ အသုဘသညာ, ဒုက္ခသညာ၊ အမောဟ၌ ဝိပဿနာ, အမောဟ, အနိစ္စသညာ, အနတ္တသညာ ဝင်၏။ အဒေါသကား အဒေါသပင်တည်း။ ဤသို့ ကုသလပဒကိုးပါးတို့သည် ကုသလမူ သုံးပါး၌ ဝင်ကုန်၏။ ဤသို့ ဒုတိယနည်း၌ ကြွင်းသော နည်းနှစ်ပါး ဝင်သတည်း။

တတိယနည်း၌ ကြွင်းသော နည်းနှစ်ပါး ဝင်ဟန်ကား- သီဟဝိက္ကီဠိတနည်း၏ ဒိသာရှစ်ပါးတွင် သံကိလေသပက္ခ၌ တဏှာ, သုဘသညာကား ပဌမဝိပလ္လာသ၊ လောဘ, သုခသညာကား ဒုတိယဝိပလ္လာသ၊ အဝိဇ္ဇာ, နိစ္စသညာကား တတိယဝိပလ္လာသ၊ မောဟ, အတ္တသညာကား စတုတ္ထဝိပလ္လာသ၌ ဝင်၏။ ဒေါသကား ဝိပလ္လာသ သာမန်၌ ဝင်၏။ ဤသို့ အကုသလပဒ ကိုးပါးတို့သည် ဝိပလ္လာသလေးပါးတို့၌ ဝင်ကုန်၏။ ဝေါဒါနပက္ခ၌ သမထ, အသုဘသညာကား ပဌမသတိပဋ္ဌာန်၊ အလောဘ, ဒုက္ခသညာ ကား ဒုတိယသတိပဋ္ဌာန်၊ ဝိပဿနာ အနိစ္စသညာကား တတိယ သတိ ပဋ္ဌာန်၊ အမောဟ, အနတ္တသညာကား စတုတ္ထသတိပဋ္ဌာန်၌ ဝင်၏။ အဒေါသကား သမထ၌ ဝင်၏။ ဤသို့ ကုသလပဒကိုးပါးတို့သည် သတိပဋ္ဌာန်လေးပါး၌ ဝင်ကုန်၏။ ဤသို့ တတိယနည်း၌ ကြွင်းသော နည်း နှစ်ပါး ဝင်သတည်း။ ဤသို့ တပါးသည် တပါး၌ ဝင်သတည်း။ ဤနည်းဖြင့် တပါးတပါး၌ နှစ်ပါး၊ နှစ်ပါးနှစ်ပါး၌ တပါးတပါး၏ ဝင်ခြင်းကို သိအပ်၏။ မူလပဒ၏အစွမ်းဖြင့် နည်းတို့၏ ထွက်ခြင်း ဝင်ခြင်းကဲ့သို့ ပုဂ္ဂိုလ်တို့၏ ထွက်ခြင်း ဝင်ခြင်းကိုလည်း သိအပ်၏။

**နည်းငါးပါး ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## သာသနပဋ္ဌာန

သာသနာပဋ္ဌာနသည်-

"ဒေသနာ သင်္ခါတသာသနဿ ဝေနေယျဇ္ဈာသယာနုရူပံ တေသံ ဟိတသုခနိပ္ဖါဒနတ္ထံ ပကာရေဟိ ဌာနံ ပဝတ္တိ သာသနပဋ္ဌာနံ၊ ဣစ္စ ပနဿ တထာဘာဝဒီပနံ သာသနပဋ္ဌာနံ"-

ဟူသည်နှင့်အညီ- ဝေနေယျဇ္ဈာသယအားလျော်စွာ ဝေနေယျတို့၏ ဟိတသုခကို ပြီးစေခြင်းငှာ ကိလေသဘာဂိယ စသော အပြားတို့ဖြင့် ဒေသနာ၏ ဖြစ်ခြင်းကို ပြတတ်သောကြောင့် သာသနပဋ္ဌာန မည်၏။

### ပါဠိတော်လာ, အဋ္ဌကထာလာ ပဋ္ဌာနအပြား

ထို သာသနပဋ္ဌာနသည်- သံကိလေသဘာဂိယတပါး၊ ဝါသနာဘာဂိယတပါး၊ နိဗ္ဗေဓဘာဂိယတပါး၊ အသေခဘာဂိယတပါး၊ သံကိလေသဝါသနာဘာဂိယတပါး၊ သံကိလေသနိဗ္ဗေဓဘာဂိယ တပါး၊ သံကိလေသအသေခဘာဂိယတပါး၊ သံကိလေသနိဗ္ဗေဓအသေခဘာဂိယတပါး၊ သံကိလေသဝါသနာနိဗ္ဗေဓဘာဂိယတပါး၊ ဝါသနာနိဗ္ဗေဓဘာဂိယတပါး၊ တဏှာ သံကိလေသ၊ ဒိဋ္ဌိ သံကိလေသ၊ ဒုစ္စရိတ သံကိလေသ၊ တဏှာဝေါဒါန၊ ဒိဋ္ဌိဝေါဒါန၊ ဒုစ္စရိတဝေါဒါနဘာဂိယတပါး။ ဤသို့ ပါဠိတော်၌ လာသော သောဠသပဋ္ဌာန။

သံ တပါး၊ ဝါ တပါး၊ နိ တပါး၊ အ တပါး၊ သံ, ဝါ တပါး၊ သံ, နိ တပါး၊ သံ, အတပါး၊ ဝါ, နိ တပါး၊ ဝါ, အ တပါး၊ နိ, အ တပါး၊ သံ,

http://www.dhammadownload.com



ဝါ, နိ တပါး၊ သံ, ဝါ, အ တပါး၊ သံ, နိ, အ တပါး၊ ဝါ, နိ, အ တပါး၊ သံ, ဝါ, နိ, အ တပါး၊ သဗ္ဗဘာဂိယ တပါး၊ ကမ္မ, ဝိပါက, ကမ္မဝိပါက သုံးပါး။ ဤသို့ အဋ္ဌကထာ၌ လာသော သောဠသ ပဋ္ဌာန။

လောကိက, လောကုတ္တရ, လောကိကလောကုတ္တရ သုံးပါး၊ သတ္တာဓိဋ္ဌာန, ဓမ္မာဓိဋ္ဌာန, သတ္တဓမ္မာဓိဋ္ဌာန သုံးပါး၊ ဉာဏ, ဉေယျ, ဉာဏ ဉေယျ သုံးပါး၊ ဒဿန, ဘာဝနာ, ဒဿန ဘာဝနာ သုံးပါး၊ သကဝစန, ပရဝစန, သကပရဝစန သုံးပါး၊ ဝိဿဇ္ဇနီယ, အဝိဿဇ္ဇနီယ, ဝိဿဇ္ဇနီယာ ဝိဿဇ္ဇနီယ သုံးပါး၊ ကမ္မ, ဝိပါက, ကမ္မဝိပါက သုံးပါး၊ ကုသလ, အကုသလ, ကုသလာကုသလ သုံးပါး၊ အနုညာတ, အဋ္ဌိက္ခိတ္တ, အနုညာတ ပဋိက္ခိတ္တ သုံးပါး၊ ထဝ တပါး။ ဤသို့ ပါဠိတော်၌ လာသော အဋ္ဌဝီသတိ ပဋ္ဌာန အားဖြင့် သုံးပါတည်း။

### ဆောင်ပုဒ်ဂါထာ

--------

လောကိကံ, ဓိဋ္ဌာနံ ဉာဏံ၊
ဒဿနံ, သကဝစနံ။
ဝိဿဇ္ဇကမ္မံ, ကုသလံ၊
အနုညာတံ, ထဝမေဝ စ။

### မူလပဒ, ပဋ္ဌာနတို့ အချင်းချင်း သင်္ဂဟိတဖြစ်ပုံ

ထို သာသနပဋ္ဌာနသည် အတ္တနယသင်္ခါရ သုံးပါးသည် အချင်းချင်း သင်္ဂဟိတဖြစ်သကဲ့သို့ အဋ္ဌာရသမူလပဒနှင့် အချင်းချင်း သင်္ဂဟိတ ဖြစ်၏။ ရှေးရှေး ပဋ္ဌာနသည် နောက်နောက်ပဋ္ဌာနနှင့်၄င်း, နောက်နောက်သည် ရှေးရှေးနှင့်၄င်း, နိဒ္ဒိသိဘဗ္ဗပုဂ္ဂိုလ်နှင့်၄င်း, နဝဝိဓသုတ္တန်နှင့်၄င်း သင်္ဂဟိတ ပဿေဒအားဖြင့် များသောအပြားရှိ၏။ ထို အပြားတို့တွင် ဤ "ယံ လောကော ပူဇယတေ" ဟူသော သုတ်သည် ဒါန, သီလ, ဘာဝနာမယ ပုဗ္ဗဘာဂပူဇာဖြင့် ဝါသနာဘာဂိယ မည်၏။ သေခဓမ္မဖြင့် နိဗ္ဗေဓဘာဂိယ

http://www.dhammadownload.com



မည်၏။ အရဟတ္တဖိုလ်ဖြင့် အသေခဘာဂိယ မည်၏။ ဝါသနာနိဗ္ဗေဓဘာဂိယ မည်၏။ ဝါသနာအသေခဘာဂိယ မည်၏။ နိဗ္ဗေဓအသေခဘာဂိယ မည်၏။ ဝါသနာနိဗ္ဗေဓအသေခဘာဂိယ မည်၏။ တဏှာ ဝေါဒါန, ဒိဋ္ဌိဝေါဒါန, ဒုစ္စရိတဝေါဒါနဘာဂိယ မည်၏။ ဤသို့ သောဠသပဋ္ဌာန၌ ဆယ်သုတ်သည် ဖြစ်၏။

ဒါနာဒိပုဗ္ဗဘာဂပူဇာဖြင့် လောကိက၊ မဂ်ဖိုလ်ဖြင့် လောကုတ္တရ၊ နှစ်ပါးစုံဖြင့် လောကိကလောကုတ္တရ မည်၏။ "ယံ လောကော "ဖြင့် သတ္တာဓိဋ္ဌာန၊ ပူဇယတေ–ဖြင့် ဓမ္မာဓိဋ္ဌာန၊ နှစ်ပါးစုံဖြင့် သတ္တဓမ္မာ ဒိဋ္ဌာန မည်၏။ ပူဇာသမ္ပယုတ္တဉာဏ်ဖြင့် ဉာဏ၊ အာရမ္မဏိကဉာဏ်ဖြင့် ဉေယျ၊ နှစ်ပါးစုံဖြင့် ဉာဏဉေယျ မည်၏။ သောတာပတ္တိမဂ္ဂပူဇာဖြင့် ဒဿန၊ အထက်မဂ် သုံးပါးဖြင့် ဘာဝနာ၊ နှစ်ပါးစုံဖြင့် ဒဿနဘာဝနာ မည်၏။

သဘာဝနိရုတ္တိအားဖြင့် သကဝစန၊ ဘုရားစကားတော်စစ် မဟုတ်သဖြင့် ပရဝစန၊ နှစ်ပါးစုံဖြင့် သကပရဝစန မည်၏။ ပဉှာဝိစယအားဖြင့် ဝိဿဇ္ဇနီယ မည်၏။ ပူဇာစေတနာ အားဖြင့် ကမ္မ၊ ပူဇနေအားဖြင့် ဖြစ်သောဖိုလ်လေးခု, လောကော၏အရ တောဘူမကဝိပါက်အားဖြင့် ဝိပါက၊ နှစ်ပါးစုံဖြင့် ကမ္မဝိပါက မည်၏။

စတုဘုမ္မိကအားဖြင့် ကုသလမည်၏။ ကပ္ပိယာနုလောမ အားဖြင့် အနုညာတ မည်၏။ လောကသည် ဘုရားကို ပူဇော်၏ ဟူသဖြင့် ဘုရား၏ ပူဇာရဟဘောဂုဏ်, လောက၏ အဂ္ဂပသာဒစသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကို သိအပ်သောကြောင့် ထဝသုတ် မည်၏။ ဤသို့ အဋ္ဌဝီသတိပဋ္ဌာန၌ နှစ်ဆယ့်နှစ်သုတ် ဖြစ်၏။ ရှေးသုတ်နှင့်ပေါင်း၍ သုံးဆယ့်နှစ်သုတ် ဖြစ်၏။

ဝါသနာဘာဂိယ လောကိက၊ ဝါသနာဘာဂိယ သတ္တာဓိဋ္ဌာန၊ ဝါသနာ ဘာဂိယ ဓမ္မာဓိဋ္ဌာန၊ ဝါသနာဘာဂိယ သတ္တဓမ္မာဓိဋ္ဌာန၊ ဝါသနာ ဘာဂိယ ဉာဏ၊ ဝါသနာဘာဂိယ ဉေယျ၊ ဝါသနာဘာဂိယ ဉာဏဉေယျ၊

http://www.dhammadownload.com


ဝါသနာဘာဂိယ သကဝစန၊ ပရဝစန၊ သကပရဝစန၊ ဝါသနာဘာဂိယ ဝိသဇ္ဇနီယ၊ ဝါသနာဘာဂိယ ကမ္မ၊ ဝါသနာဘာဂိယ ကုသလ၊ ဝါသနာ ဘာဂိယ အနုညာတ၊ ဝါသနာဘာဂိယ ထဝ။ ဤသို့ စသော မိဿက အားဖြင့် များသော အပြားရှိ၏။

ထိုသုတ်တို့တွင် ဝါသနာဘာဂိယကို သုစရိုက်သုံးပါးဖြင့်၊ နိဗ္ဗေဓကို သစ္စာလေးပါးဖြင့်၊ အသေခကို ဘုရား, ရဟန္တာဖြင့်၊ တဏှာဝေါဒါနကို သမထဖြင့်၊ ဒိဋ္ဌိဝေါဒါနကို ဝိပဿနာဖြင့်၊ ဒုစ္စရိတဝေါဒါနကို သုစရိုက်ဖြင့် ပြအပ်၏။

လောကိကကို သံကိလေသဝါသနာဘာဂိယဖြင့် ပြအပ်သည်တွင် ဤ၌ ဝါသနာဖြင့်ပြအပ်၏။ လောကုတ္တရကို ဒဿနဘာဝနာအသေခဘာ ဂိယဖြင့်၊ လောကိက သတ္တာဓိဋ္ဌာနကို ပကတိသီလ, သမာဒါနသီလ, စိတ္တပသာဒ, သမထ, ဝိပဿနာရှိသော သီလဝန္တပုဂ္ဂိုလ် ငါးပါးဖြင့်၊ လောကုတ္တရသတ္တာဓိဋ္ဌာနကို ဒဿန, ဘာဝနာ, အသေခဘာဂိယသုတ် သုံးပါးဖြင့် ရှာအပ်၏။ ဒဿနကို ဧကဗီဇီ, ကောလံကောလ, သတ္တက္ခတ္တုပရမ, သဒ္ဓါနုသာရီ, ဓမ္မာနုသာရီ ပုဂ္ဂိုလ်ငါးပါးဖြင့် ပြအပ်၏။

ဘာဝနာကို သကဒါဂါမိ မဂ္ဂဋ္ဌ, ဖလဋ္ဌ, အနာဂါမိ မဂ္ဂဋ္ဌ, ဖလဋ္ဌ, အန္တရာပရိနိဗ္ဗာယီ, ဥပဟစ္စ, အသင်္ခါရ, သသင်္ခါရပရိနိဗ္ဗာယီ, ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ, သဒ္ဓါဝိမုတ္တ, ဒိဋ္ဌိပတ္တ, ကာယသက္ခီ ပုဂ္ဂိုလ်ဒွါဒသဖြင့် ပြအပ်၏။

အသေခဘာဂိယကို သဒ္ဓါဝိမုတ္တ, ပညာ, သုညတ, အနိမိတ္တ, အပ္ပဏိဟိတ, ဥဘတောဘာဂဝိမုတ္တ, သမသီသီဗုဒ္ဓ ပုဂ္ဂိုလ်ရှစ်ပါးဖြင့် ပြအပ်၏။

ဉာဏကို ပညာ, ပညိန္ဒြေစသည်ဖြင့်၊ ဉေယျကို အတီတာ, နာဂတ, ပစ္စုပ္ပန္န, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက, သင်္ခတာ, သင်္ခတ, ဆဋ္ဌာရမ္မဏဖြင့် ပြအပ်၏။

ဒဿနကို စတုက္က ပဉ္စကစျာန် နယသဟဿ, နယနဟုတဖြင့် ပြအပ်၏။ (ဘာဝနာသည် နည်းတူ)

http://www.dhammadownload.com



သကဝစနကို ဧကရသ, ဓမ္မ ဝိနယ, တိပိဋက စသည်ဖြင့် ခွဲ၍ ပြအပ်၏။ ဝါ–ဘူတ, တစ္ဆ, အတ္တသံဟိတ, ပိယာ, ပိယ စကားနှစ်ခွန်းဖြင့် ပြအပ်၏။ ဝိသဇ္ဇနီယကို ဝိသဇ္ဇနာဝိစယအတိုင်း ပြအပ်၏။ ကမ္မကို စေတနာ စေတသိက, ဇနကာဒိ, ကရကာဒိ, ဒိဋ္ဌဓမ္မဝေဒနိယာဒိ, ကာမာ ဝစရကုသလာဒိ, ကာယကမ္မာဒိဖြင့် ပြအပ်၏။ ဝါ–တေဘူမကကုသိုလ်ကံသည် သုက္က သုက္ကဝိပါက မည်၏။ ပစ္စုပ္ပန္နသုခ, အာယတိသုခဝိပါက မည်၏။ လောကုတ္တရာကံသည် အကဏှ သုက္က၊ အကဏှ သုက္ကဝိပါက ကံ, ကမ္မက္ခယကံ မည်၏။ ကုသလကို ကာမကုသိုလ် စသည်ဖြင့် ပြအပ်၏။ အနုညာတကို သံဝရ, ပဟာန, ဘာဝနာ သစ္ဆိကိရိယာ, ကပ္ပိယာနုလောမ ငါးပါးဖြင့် ပြအပ်၏။

ထိုတွင် သံဝရကို ကာယသံဝရ စသည်သုံးပါး၊ သီ, သ, ဉာ, ခန်, ဝီရိယ် ဟူသော သံဝရ ငါးပါး၊ စက္ခုသံဝရ စသော ခြောက်ပါးဖြင့် ပဟာနကို တဒင်္ဂ စသည်ဖြင့်၊ ဘာဝနာကို သမထဘာဝနာ စသည်ဖြင့်၊ သစ္ဆိကိရိယာကို သောတာပတ္တိ ဖလသစ္ဆိကိရိယ စသည်ဖြင့်၊ ကပ္ပိယာနုလောမကို မဟာပဒေသဖြင့် ပြအပ်၏။ ဓိနပုတ္တာတို့၏ အာမိသဖြင့် သရိရပူဇာပဋိက္ခိတ္တကို "အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယ" ဟူသော သုတ်ဖြင့် ပြအပ်၏။ ချီးမွမ်းခြင်းထဝကို ဗုဒ္ဓ, ဓမ္မ, သံဃ, သိက္ခာ, လောကိယ ဂုဏသမ္ပတ္တိ ငါးပါးဖြင့် ပြအပ်၏။ ထိုအလုံးစုံကို ပူဇနာကာရအားဖြင့် ဖြစ်သောကြောင့် ဤသုတ်၌ ရအပ်သည်ချည်းတည်း။ အကုသလပဒတို့ကိုကား ပဋိပက္ခအားဖြင့် ပြအပ်ကုန်၏။ ဤသို့လျှင် မူလပဒ, ပဒဋ္ဌာနတို့သည် အချင်းချင်း သင်္ဂဟိတဖြစ်ကုန်၏။ ထိုကြောင့် မဟာကစ္စည်းထေရ်သည် "အဋ္ဌာရသမူလပဒါ ကုဟိံ ဒဋ္ဌဗ္ဗာ၊ သာသနပဋ္ဌာနေ" ဟု ဟောတော်မူ၏။

**သာသနပဋ္ဌာန ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## နိဂုံး

ဣတိ မဟာဂ္ဃကာဝါသနိဝါသိနာ မဟာထေရေန ဝါစိတာ ဝိမလဗုဒ္ဓိနာမိနာ လိခိတာ နေတ္တိဟာရတ္ထဒီပနီ–

တေနဝုတိသတက္ကာသျံ၊
မာဃသီရာဒိစုဒ္ဒသေ။
စန္ဒာဟေ ရေဝတီမဇ္ဈေ၊
ရတ္တိယံ ပရိနိဋ္ဌိတာ။

ဣတိ ဣမိနာ အနုက္ကမေန၊ ဖြင့်။ မဟာဂ္ဃကာဝါသနိဝါသိနာ၊ မဟာအောင် မြေဘုံစံ အုတ်ကျောင်းကြီး၌ သီတင်းသုံးနေသော။ မဟာထေရေန၊ "စက္ကိန္ဒာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဒိရာဇဂုရု" မဟာထေရ်သည်။ ဝါစိတာ၊ ပို့ချအပ်သော။ ဝိမလဗုဒ္ဓိနာမိနာ၊ "ဝိမလဗုဒ္ဓိ" အမည်ရှိသော ပဉ္စင်းပျိုသည်။ လိခိတာ၊ သော။ နေတ္တိဟာရတ္ထဒီပနီ၊ သည်။ တေနဝုတိသတက္ကာသျံ၊ ကောဇာသက္ကရာဇ် ၁၁၉၃–ခု။ မာဃသီရာဒိစုဒ္ဒသေ၊ နတ်တော်လဆန်း ၁၄–ရက်။ စန္ဒာဟေ၊ တနင်းလာနေ့။ ရေဝတီမဇ္ဈေ၊ ရေဝတီနက္ခတ် မွန်းတည့် မတ်သော်။ ရတ္တိယံ၊ ညဉ့်၌။ ပရိနိဋ္ဌိတာ၊ ၏။

**ဆရာတော် ဦးဗုဒ်မူ**

**နေတ္တိဟာရတ္ထဒီပနီ ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



# နေတ္တိပါဠိတော်ဒီပနီသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဟာရကဏ္ဍ

### ၁-ဒေသနာဟာရ

ပိဋကတ်သုံးပုံကို ဖွင့်ခြင်းမှာ ကစ္စည်းဆရာ မဟာထေရ်မြတ် ဟော အပ်သော သံဝဏ္ဏနာဝိသေသသည် " နေတီတိ နေတ္တိ၊ နယန္တိ ဧတာယ ဇတ္ထာတိ ဝါ နေတ္တိ " ဟူသော ဝစနတ္ထနှင့်အညီ- ဝိနေယျသတ္တဝါတို့ကို မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ဆောင်တတ်သောကြောင့်၄င်း, ဓမ္မကထိကပုဂ္ဂိုလ်တို့သည် ဝိနေယျသတ္တဝါတို့ကို မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ဆောင်ကြောင်းဆောင်ရာ ဖြစ်သောကြောင့်၄င်း **နေတ္တိ** မည်၏။

ထို နေတ္တိ မည်သော သံဝဏ္ဏနာဝိသေသသည် ဆိုအပ်ခဲ့ပြီးသော သာမညလက္ခဏာအားဖြင့် တပါးတည်းသာ။ ဝိသေသလက္ခဏာကိုစွဲ၍ ခွဲသည်ရှိသော် **၁-ဟာရ, ၂-နယ, ၃-သာသနပဋ္ဌာန** အားဖြင့် သုံးပါး အပြား ရှိ၏။ ထိုတွင်-

" ဒေသနာ ဝိစယော ယုတ္တိ၊
ပဒဋ္ဌာနော စ လက္ခဏော။
စတုဗျူဟော စ အာဝဋ္ဋော၊
ဝိဘတ္တိ ပရိဝတ္တနော။ ။

http://www.dhammadownload.com



ဝေဝစနော စ ပညတ္တိ၊
ဩတရဏော စ သောဓနော။
အဓိဋ္ဌာနော ပရိက္ခာရော၊
သမာရောပနော သောဠသော။" –

ဟူသော ပါဠိတော်လာ ဒေသနာဟာရ စသော တဆယ့်ခြောက်ပါးသော သံဝဏ္ဏနာဝိသေသသည် "ဟရတီတိ ဟာရော၊ ဟရိယန္တိ ဧတေန ဧတ္ထာတိ ဝါ ဟာရော၊ ဟရဏမတ္တမေဝ ဝါ ဟာရော ဖလူပစာရေန၊ ဟာရော ဝိယာတိ ဝါ ဟာရော "စသော ဝစနတ္ထနှင့်အညီ– သုတ္တ, ဂေယျ စသည်လျှင် အာရုံရှိသော အညာဏ, သံသယ, ဝိပလ္လာသတို့ကို ပယ်တတ်, ပယ်ကြောင်း, ပယ်ရာ, ပယ်ခြင်းမျှသာ ဖြစ်သောကြောင့်၄င်း၊ ကာမရာဂ စသည်လျှင် အကြောင်းရင်းရှိသော ပူပန်ခြင်းကို ငြိမ်းစေတတ်သော ပရမတ္ထရတနပ္ပဗန္ဓ ဖြစ်၍ ရတနာပုလဲသွယ်နှင့် တူသောကြောင့်၄င်း **ဟာရ** မည်၏။

ထို တဆယ့်ခြောက်ပါးသော ဟာရတို့တွင်–

"အဿာဒါဒီနဝတာ၊
နိဿရဏံပိ စ ဖလံ ဥပါယော စ။
အာဏတ္တိ စ ဘဂဝတော၊
ယောဂီနံ ဒေသနာဟာရော "

ဟူသော ပါဠိတော်နှင့်အညီ– အဿာဒ၊ အာဒီနဝ၊ နိဿရဏ၊ ဖလ၊ ဥပါယ၊ အာဏတ္တိ အားဖြင့် ခြောက်ပါးသော အနက်တို့ကို ဖွင့်ပြခြင်း လက္ခဏာရှိသော ဟာရသည် "ဒေသီယတိ သံဝဏ္ဏီယတိ သုတ္တတ္ထော ဧတာယာတိ ဒေသနာ "ဟူသော ဝစနတ္ထကြောင့် **ဒေသနာဟာရ** မည်၏။

ထိုခြောက်ပါးတို့တွင် သာယာအပ်သော သုခ, သောမနဿ, ဣဋ္ဌာရုံ၊ သာယာကြောင်းဖြစ်သော တဏှာ ဝိပလ္လာသ ဤတရားအပေါင်း

http://www.dhammadownload.com



**အဿာဒ** မည်၏။ ဒုက္ခဝေဒနာ, ဒုက္ခတာသုံးပါး, တေဘူမိကသင်္ခါရ ဒုက္ခ အပေါင်းသည် **အာဒီနဝ** မည်၏။ ဝဋ်မှ ထွက်မြောက်ကြောင်း အရိယမဂ်, ထွက်မြောက်တတ်သော နိဗ္ဗာန်သည် **နိဿရဏ** မည်၏။ ဒေသနာကြောင့် ပြီးသော သုတမယဉာဏ်, အတ္ထဝေဒ, ဓမ္မဝေဒ စသော ဒိဋ္ဌဓမ္မိကချိုး၊ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသော သမ္ပရာယိကကျိုးအပေါင်းသည် ဖလ မည်၏။ ထိုဖလကို ရခြင်း၏အကြောင်း ဟူသမျှသည်၎င်း, အရိယမဂ်၏ ရှေ့အဖို့၌ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါသည်၎င်း **ဉပါယ** မည်၏။ ဝိနေယျ တို့၏ ဟိတ်သုခကို ပြီးစေခြင်းငှာ အာဏာထားခြင်းငှာ ထိုက်သော ဒေသနာရှင်၏ "ဤသို့ ကျင့်လေ" ဟု စေခိုင်း တိုက်တွန်းခြင်း အစီအရင် သည် **အာဏတ္တိ** မည်၏။

ဤသို့လျှင် ဒေသနာဟာရ မည်သော သံဝဏ္ဏနာဝိသေသသည် အဿာဒ စသော အနက်တို့ကို ဖွင့်ပြတော််လည်း လက္ခဏာကို ဆိုကာ မျှဖြင့် လက္ခိတဗ္ဗ ဉဒါဟရဏ်နှင့် ကင်း၍ မထင်ရှားရကား "နဝဝိဓ သုတ္တန္တ ပရိယေဋ္ဌိ" ဟူသည်နှင့်အညီ ပိဋကတ်သုံးပုံကိုပင် ဉဒါဟရဏ် ထုတ်သင့် သော်လည်း "ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပတိပတ္တိ" ဟူသော ပရိဘာသာနှင့် အညီ ဝတ္တိစ္ဆာအားဖြင့် လွန်စွာထင်ရှား အသုံးများသော "ပူဇာ စ ပူဇနီယာနံ" ဟူသော ပြယုဂ်ကို ထုတ်အပ်၏။

ထုတ်ဟန်ကား- "သာယံ ဒေသနာ ကိံ ဒေသယတိ၊ စတ္တာရိ သစ္စာနိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ" ဟူသော ပါဠိနှင့်အညီ- ဤ "ပူဇာစ ပူဇနီယာနံ" ဟူသော သုတ်ပုဒ် ဒေသနာသည် သစ္စာလေးပါးကို ဟောကြား ဖွင့်ပြတတ်၏။ **ပြဟန်ကား**-ပူဇာစ-ပုဒ်၏အရ ပူဇာသည် အာမိသပူဇာ, ဓမ္မပူဇာ အားဖြင့် နှစ်ပါးတည်း။ ထိုတွင်-

အန္နံ ပါနံ ဃရံ ဝတ္ထံ၊
မာလာ ယာနံ ဝိလေပနံ။
သေယျာ ဝသထ ပဒီပေယျံ၊
ဒါနဝတ္ထူ ဣမေ ဒသ။

http://www.dhammadownload.com



ဟူသော သုတ္တန်ဒေသနာတော်နည်းအားဖြင့် ဆယ်ပါး၊ ရူပဒါန။လ။ ဖော–ဋ္ဌဗ္ဗဒါန ဟူသော အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် ခြောက်ပါး၊ စီဝရ, ပိဏ္ဍပါတ, သေနာသန, ဘေသဇ္ဇ ဟူသော ဝိနည်း ဒေသနာတော် နည်းအားဖြင့် လေးပါးအပြားရှိသော ဒါနမယကုသိုလ် ကြိယာ စေတနာသည် အာမိသပူဇာ မည်၏။

ပဉ္စသီလ စသော သီလမယကုသိုလ်, ကြိယာ၊ ပုဗ္ဗဘာဂပဋိပဒါ အစ, မဂ်ဖိုလ်အလယ်, နိဗ္ဗာန် အဆုံးရှိသော ဘာဝနာမယ တရားအပေါင်းသည် ဓမ္မပူဇာ မည်၏။

ထို ပူဇာအပေါင်းတို့တွင် အကျုံးဝင်သော လောကီတရားအပေါင်းသည် သာယာအပ်သောကြောင့် အဿာဒမည်၏။ ထိုထို သာယာတတ်သော တဏှာသည်လည်း အဿာဒမည်၏။ ထို ဘေဘူမိက ဟူရားအပေါင်းသည်ပင် သင်္ခါရဒုက္ခဖြစ်၍ အာဒီနဝ မည်၏။ မဂ်, နိဗ္ဗာန်သည် နိဿရဏ မည်၏။ ဖိုလ်စိတ္တုပ္ပါဒ်သည်၎င်း "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ" ဟူသည်နှင့်အညီ– ထိုပူဇာ၏ အတ္တာနုဝါဒ, ပရာနုဝါဒ, ဒဏ္ဍ, ဒုဂ္ဂတိ ဘေးကြီးလေးပါးမှ လွတ်ခြင်းစသော အထောင်မကသော အကျိုးသည်၎င်း ဖလ မည်၏။ ထိုဖလကို ရခြင်း၏ အကြောင်းဖြစ်သော ပူဇာသည် ဥပါယ မည်၏။ "သုတမယဉာဏ်·စသော အကျိုး၊ အတ္တာနုဝါဒဘေး စသည်မှ လွတ်ခြင်းအကျိုး၊ ဘဝ, ဘောဂ သမ္ပတ္တိ စသော အကျိုးတို့ကို အလိုရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် ဤ "ပူဇာ စ ပူဇနီယာနံ" ဟူသော ဒေသနာလာတိုင်း ကျင့်ကြံပွားများ အားထုတ်လေကြကုန်" ဟု ဒေသနာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ မတိုက်တွန်းသော်လည်း တိုက်တွန်း နှိုးဆော်သကဲ့သို့ ဖြစ်သော အစီအရင်သည် အာဏတ္တိ မည်၏။ ထို ခြောက်ပါးတို့တွင်–

"အဿာဒေါ သမုဒယော၊
အာဒီနဝေါ ဖလဉ္စ ဒုက္ခံ။
နိဿရဏံ နိရောဓော၊
ဥပါယော အာဏတ္တိ စ မဂ္ဂေါ။"

http://www.dhammadownload.com



ဟူသောပါဠိနှင့်အညီ-အာဒီနဝ, ဖလနှစ်ပါးသည် ဒုက္ခသစ္စာ၊ အဿာဒသည် သမုဒယသစ္စာ၊ နိဿရဏသည် နိရောဓသစ္စာ၊ ဥပါယ, အာဏတ္တိနှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။ ဤသို့လျှင် ဒေသနာဟာရ မည်သော သံဝဏ္ဏနာဝိသေသ တည်းဟူသော "ပူဇာ စ ပူဇနီယာနံ" ဟူသော သုတ်ပုဒ် ဒေသနာသည် အဿာဒ စသည်ကို ဖွင့်ပြလျက် သစ္စာလေးပါးကို ဟောကြားတတ်၏။

တနည်းလည်း- ပူဇနီယာနံ- ပုဒ်၏အရ ပူဇော်အပ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, ဆရာ-မိဘ, သီလဝန္တ သမဏ, ဗြာဟ္မဏ စသော ပုဂ္ဂိုလ်တို့၏ လောဘကြဉ်သော လောကီခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာ မည်၏။ ထို၏ အကြောင်း သမုဋ္ဌာပက တဒါရမ္မဏ ဖြစ်သော တဏှာသည် သမုဒယသစ္စာ မည်၏။ ထိုနှစ်ပါးတို့၏ မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ ထို နိရောဓကို သိကြောင်းအကျင့် ပဋိပဒါသည် မဂ္ဂသစ္စာမည်၏။ ထိုလေးပါးတို့တွင် သမုဒယသည် အဿာဒမည်၏။ ဒုက္ခသည် အာဒီနဝ မည်၏။ နိရောဓ, မဂ္ဂနှစ်ပါးသည် နိဿရဏ မည်၏။ ပူဇာ စ ပူဇနီယာနံ ဟူသော ဒေသနာဖြင့် ပြီးစေအပ်သော အာမိသပူဇာ, ဓမ္မပူဇာကို ပြုကျင့်အားထုတ်ခြင်း စသော အထောင်မကသော အကျိုးသည် ဖလ မည်၏။ ထို ဖလ၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝန, စတုစက္ကသမ္ပတ္တိ စသော အကြောင်းသည် ဥပါယ မည်၏။ "ကိုယ်ကျိုး ကိုယ့်စီးပွားကို လိုလားတောင့်တကြကုန်သော အမျိုးကောင်းသားတို့သည် အကြောင်းဥပါယကို ပြည့်စုံစေ၍ ပူဇော်ထိုက်သူတို့ကို ပူဇော်ကြလေကုန်" ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်သော အစီအရင်သည် အာဏတ္တိ မည်၏။ ဤသို့လျှင် " ပူဇာ စ ပူဇနီယာနံ " သော သုတ်ပုဒ် ဒေသနာသည် သစ္စာလေးပါးကို ဟောကြားလျက်အဿာဒ စသော အနက်တို့ကို ဖွင့်ပြခြင်းကြောင့် ဒေသနာဟာရ မည်၏။

ဒေသနာဟာရ ပြီး၏။

http://www.dhammadownload.com



## ၂-ဝိစယဟာရ

" ယံ ပုစ္ဆိတဉ္စ ဝိသဇ္ဇိတဉ္စ
သုတ္တဿ ယာ စ အနုဂီတိ။
သုတ္တဿ ယော ပဝိစယော၊
ဟာရော ဝိစယောတိ နိဒ္ဒိဋ္ဌော။"–

ဟူသော ပါဠိတော်နှင့်အညီ– ပဒ၊ ပုစ္ဆာ၊ ဝိသဇ္ဇနာ၊ ပုဗ္ဗာပရ၊ အနုဂီတိ၊ အဿာဒ။လ။ အာဏတ္တိ အားဖြင့် တဆယ့်တပါးသော အနက်တို့ကို အထူးအားဖြင့် ထုတ်ဆောင်ရွေးစစ်ခြင်း လက္ခဏာရှိသော ဟာရသည် "ဝိစိယန္တိ ဧတေန ဧတ္ထ ဝါ ပဒပဉှာဒယောတိ ဝိစယော "ဟူသော ဝစနတ္ထကြောင့် ဝိစယဟာရ မည်၏။

ရွေးစစ်ဟန်ကား– ပူဇာ ဟူသော ပုဒ်သည် " သဒ္ဒီယတိ ဉစ္စာရိယတိ သပ္ပတိ ဝါ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ " ဟူသော ဝစနတ္ထကြောင့် သဒ္ဒါမည်၏။ ထိုသဒ္ဒါသည် စိတ္တဇ, ဉတုဇ နှစ်ပါးတို့တွင် စိတ္တဇသဒ္ဒါတည်း။ အရိယသဒ္ဒါ, မိလက္ခုသဒ္ဒါ နှစ်ပါးတို့တွင် အရိယသဒ္ဒါတည်း။ မာဂဓသဒ္ဒါ, သက္ကဋသဒ္ဒါ စသောတရာ့တပါးတို့တွင် မာဂဓသဒ္ဒါတည်း။ ထိုသဒ္ဒါသည် " အက္ခရသမူဟော ပဒံ၊ ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ " ဟူသည်နှင့်အညီ ပုဒ်မည်၏။ ထိုပုဒ်သည် သျာဒျန္တ, တျာဒျန္တ နှစ်ပါးတို့တွင် သျာဒျန္တပုဒ် မည်၏။ ပဌမသျာဒျန္တ, ဒုတိယသျာဒျန္တ စသော ခုနစ်ပါးတို့တွင် ပဌမသျာဒျန္တပုဒ်တည်း။ ဤသို့ စသည်ဖြင့် ပုဒ်ကို ရွေးစစ်ခြင်းသည် ပဒဝိစယ မည်၏။ (ပုဒ်စစ်ကုန်အောင်သွင်း၍ စစ်လေ။)

" ပူဇာစ ပူဇနိယာနံ " ဟူသော သုတ်ပုဒ် ဒေသနာသည် ပုစ္ဆာလော, ဝိသဇ္ဇနာလော ဟူမူ ဝိသဇ္ဇနာတည်း။ ထို ဝိသဇ္ဇနာသည် အကျိုးဖြစ်၍ အကြောင်းပုစ္ဆာနှင့် မကင်းကောင်းရကား–

http://www.dhammadownload.com



" အဖြေမြင်လျှင်၊ အတင်ထုတ်မြဲ၊ မလွဲတံထွာ၊ ဓမ္မတာ "

"ယတ္ထ ယတ္ထ ပဒေသွေ၀၊
ဒိဋ္ဌေ ဝိသဇ္ဇနေ သတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊
ပုစ္ဆာ တာ၀ ဝိဘာဝိနာ။"–

ဟူသော ပရိဘာသာနှင့်အညီ– " ပူဇာစ ပူဇနိယာနန္တိ ကိမတ္ထမိဒမုစ္စတေ" ဟု ပုစ္ဆာကို ထုတ်အပ်၏။ ထို ပုစ္ဆာသည်–

" အဒိဋ္ဌ, ဒိဋ္ဌ၊ ဝိနှင့်အ၊ ကထ ငါးပုစ္ဆာ"

ဟူသော ငါးပါးတို့တွင် မသိမမြင်သည်ကို ထွန်းပြလို၍ မေးလျှင် အဒိဋ္ဌ ဇောတနာပုစ္ဆာ မည်၏။ ဤသို့ စသည်ဖြင့် ပုစ္ဆာကို ရွေးစစ်ခြင်းသည် **ပုစ္ဆာဝိစယ** မည်၏။ (သတ္တာဓိဋ္ဌာန, ဓမ္မာဓိဋ္ဌာနပုစ္ဆာ၊ ဧကာဓိဋ္ဌာန,အနေကာဓိဋ္ဌာနပုစ္ဆာ၊ သမ္မုတိဝိသယ, ပရမတ္ထဝိသယပုစ္ဆာ စသည်တို့ကိုလည်း ရွေးစစ်လေ။)

ထိုပုစ္ဆာကို " ပူဇာရဟာနံ ပူဇံ ကတွာ သဗ္ဗဒုက္ခနိဿရဏာတ္ထမိဒ မုစ္စတေ "ဟု ဖြေဆိုအပ်၏။ ထို အဖြေ ဝိသဇ္ဇနာသည်–

" ဧကံ, ဝိဘဇ္ဇ၊ ပဋိ, ထ၊ လေး၀ ဝိသဇ္ဇနာ "

ဟူသော ဧကံသဗျာကရဏ, ဝိဘဇ္ဇဗျာကရဏ, ပဋိပုစ္ဆာဗျာကရဏ, ထပနဗျာကရဏ အားဖြင့် လေးပါးတို့တွင် ဝေဘန်၍ ဖြေသောကြောင့် ဝိဘဇ္ဇဗျာကရဏ မည်၏။ ဤသို့ စသည်ဖြင့် ဝိသဇ္ဇနာကို ရွေးစစ်ခြင်းသည် **ဝိသဇ္ဇနာဝိစယ** မည်၏။ ( သာ၀သေသ, အနာ၀သေသဝိသဇ္ဇနာ၊ သဥတ္တရ, အနုတ္တရဝိသဇ္ဇနာ၊ လောကိယ, လောကုတ္တရဝိသဇ္ဇနာ စသည်တို့ကိုလည်း ရွေးစစ်လေဦး။)

http://www.dhammadownload.com



အဘယ်အကျိုးငှာ, အဘယ်အကျိုးရှိ၍ " ပူဇာ စ ပူဇနီယာနံ " ဟူသောပါဌ်ကို ဟောတော်မူအပ်ပါသနည်း။ ပူဇော်ထိုက်သော သူတို့ကို ပူဇော်ကြ၍ ခပ်သိမ်းသောဆင်းရဲမှ ထွက်မြောက်ကြခြင်း အကျိုးငှာ, အကျိုးရှိ၍ " ပူဇာ စ ပူဇနီယာနံ " ဟူသောပါဌ်ကို ဟောတော်မူအပ်သတည်း။ ဤသို့ သမ္ဘဒါန်, ဟိတ်တို့ဖြင့် မေး၍ သမ္ဘဒါန်, ဟိတ်တို့ဖြင့် ဖြေခြင်းသည် ရှေ့ဖြစ်သော ပုစ္ဆာနှင့် နောက်ဖြစ်သော ဝိသဇ္ဇနာ ညီညွတ်နှီးနှောကြ၏။ " ကိမတ္ထမိဒံ " ဟူသော ကာရကတို့သည် ရှေ့တည်း။ " ဥစ္စတေ " ဟူသော ကြိယာသည် နောက်တည်း။ ဤသို့ စသည်ဖြင့် ရှေ့နောက်ကို စိစစ်ခြင်းသည် **ပုဗ္ဗာပရဝိစယ** မည်၏။

" ပူဇာ စ ပူဇနီယာနံ " ဟူသော ဤသုတ်ပုဒ် ဒေသနာသည် အနုဂီတိလော, အနနုဂီတိလော ဟူမူ—

" ပူဇာရဟေ ပူဇာယတော၊
ဗုဒ္ဓေ ဝါ ယဒိ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊
တိဏ္ဏသောက ပရိဒ္ဒဝေ။

တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတော ဘယေ။
န သက္ကာ ပုည သင်္ခါတုံ၊
ယမေတမပိ ကေနစိ။

စာတုန္နံပိ စ ဒီပါနံ
ဣဿရံ ယော စ ကာရယေ။
ဧကိဿ ပူဇနာယေတံ၊
ကလံ နဂ္ဃတိ သောဠသိံ။

http://www.dhammadownload.com



နတ္ထိ စိတ္တေ ပသန္နမှိ၊
အပ္ပကာ နာမ ဒက္ခိဏာ။
တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊
အထ ဝါ တဿ သာဝကေ။

ဧဟိ မာတလိ အမှေပိ၊
ဘိယျော ဘိယျော မဟေမသေ။
တထာဂတဿ ဓာတုယော၊
သုခေါ ပုညာနမုစ္စယော။

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတူဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

ဗဟူနံ ဝတ အတ္ထာယ၊
ဥပ္ပဇ္ဇန္တိ တထာဂတာ။
ယတ္ထ ကာရံ ကရိတွာန၊
သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။ ”—

အစရှိသော သုတ်တပါးနှင့်လျော်စွာ ဆိုအပ်သောကြောင့်၎င်း, အနက်အားလျော်စွာ ဆိုအပ်သောကြောင့်၎င်း, စိတ်တော်ဖြင့် ပိုင်းခြားမှတ်သားပြီးမှ နောက်၌ ဟောအပ်သောကြောင့်၎င်း “အနုရူပါ အနုပဗ္ဗာ ဝါ ဂီတိ အနုဂီတိ ” ဟူသော ဝစနတ္ထနှင့်အညီ– အနုဂီတိ မည်၏။

ထို အနုဂီတိ ဟူသည် သင်္ဂဟ၏ အမည်တည်း။ ထို သင်္ဂဟသည် ဝုတ္တတ္ထသင်္ဂဟ , အဝုတ္တတ္ထသင်္ဂဟ, ဥဘယတ္ထသင်္ဂဟ သုံးပါးတို့တွင် ကာလသုံးပါး၌ ပူဇော်ခြင်းကို ဟောသောကြောင့် သုံးပါးလုံး မည်သင့်၏။ ဤသို့ စသည်ဖြင့် အနုဂီတိကို စိစစ်ခြင်းသည် **အနုဂီတိဝိစယ** မည်၏။

http://www.dhammadownload.com



အဿာဒသည် သာယာအပ်သော သုခ, သောမနဿ ဣဋ္ဌာရုံ, သာ ယာကြောင်းဖြစ်သော တဏှာ, ဝိပလ္လာသ အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် သုခ, သောမနဿသည် ဂေဟဿိတ သုခ, သောမနဿ၊ နေက္ခမ္မဿိတ သုခ, သောမနဿအားဖြင့် နှစ်ပါးစီ အပြားရှိ၏။ ဣဋ္ဌာရုံသည် သဘာဝဣဋ္ဌာရုံ, ပရိကပ္ပဣဋ္ဌာရုံ အားဖြင့် နှစ်ပါး အပြားရှိ၏။ တဏှာသည်-

" တဏှာ သုံးတန်၊ အရင်းခံ၊ အာ, ကာ, သန်နှင့် မြောက် "

ဟူသော အရေအတွက်အားဖြင့် တရာ့ရှစ်ပါး အပြားရှိ၏။ ဝိပလ္လာသသည် သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ သုံးပါးတို့တွင် တပါး တပါးသည် အနိစ္စေ နိစ္စဝိပလ္လာသ, ဒုက္ခေ သုခဝိပလ္လာသ, အနတ္တနိ အတ္တ ဝိပလ္လာသ, အသုဘေ သုဘ ဝိပလ္လာသ အားဖြင့် လေးပါးစီ ပြားသောကြောင့် တဆယ့်နှစ်ပါးအပြားရှိ၏။ ဤသို့ စသည်ဖြင့် အဿာဒကို စိစစ်ခြင်းသည် အဿာဒဝိစယ မည်၏။

အာဒီနဝသည် ဒုက္ခ, ဒေါမနဿ, ဒုက္ခဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမ ဒုက္ခ, တေဘူမိကသင်္ခါရဒုက္ခ စသောအားဖြင့် များသောအပြား ရှိ၏။ ဤသို့စသည်ဖြင့် အာဒီနဝကို စိစစ်ခြင်းသည် **အာဒီနဝဝိစယ** မည်၏။

နိဿရဏသည် အရိယမဂ်, နိဗ္ဗာန်အားဖြင့် နှစ်ပါးတို့တွင် အရိယမဂ်သည် သုညတမဂ် အနိမိတ္တမဂ်, အပ္ပဏိဟိတမဂ်အားဖြင့် သုံးပါး အပြားရှိ၏။ နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် အားဖြင့် နှစ်ပါး အပြားရှိ၏။ ဤသို့ စသည်ဖြင့် နိဿရဏကို စိစစ်ခြင်း သည် **နိဿရဏဝိစယ** မည်၏။

ဖလသည် မုချဖလ, ပရမ္ပရဖလ နှစ်ပါးတို့တွင် မုချဖလသည် သုတ မယဉာဏ်, အတ္ထဝေဒ, ဓမ္မဝေဒ, ဆဗ္ဗိသုဒ္ဓိ အားဖြင့် ကိုးပါးအပြားရှိ၏။

http://www.dhammadownload.com



ပရမ္မရဖလသည် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသောအားဖြင့် များသော အပြားရှိ၏။ ဤသို့ စသည်ဖြင့် ဖလကို စိစစ်ခြင်းသည် **ဖလဝိစယ** မည်၏။

ဥပါယသည် အရိယမဂ်၏ ပုဗ္ဗဘာဂပဋိပဒါ ဟူသော ဥပါယ, ဘဝသမ္ပတ္တိ စသည်တို့၏ အကြောင်းဖြစ်သော ဥပါယအားဖြင့် နှစ်ပါး အပြားရှိ၏။ဤသို့ စသည်ဖြင့် ဥပါယကို စိစစ်ခြင်းသည် **ဥပါယဝိစယ** မည်၏။

အာဏတ္တိသည် လူ, နတ်, ဗြဟ္မာတို့၏ စေခိုင်းခြင်း၊ အာဂါရိယ, အနာဂါရိယ လူ၏စေခိုင်းခြင်း၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏ တိုက်တွန်းခြင်း၊ " ဒါနံ ဒေထ, သီလံ ရက္ခထ, ဘာဝနံ ဘာဝေထ " စသည် တိုက်တွန်းခြင်းအားဖြင့် များသောအပြား ရှိ၏။ ဤသို့ စသည်ဖြင့် အာဏတ္တိကို စိစစ်ခြင်းသည် **အာဏတ္တိဝိစယ** မည်၏။

ဤသို့လျှင် " ပူဇာစ ပူဇနီယာနံ " ဟူသော သုတ်ပုဒ်ဒေသနာ သည် ပဒ၊ ပုစ္ဆာ။လ။ အာဏတ္တိအားဖြင့် တဆယ့်တပါးသော အနက်တို့ ကို အထူးအားဖြင့် ထုတ်ဆောင် ရွေးစစ်ခြင်းကြောင့် **ဝိစယဟာရ** မည်၏။

**ဝိစယဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆

## ၃-ယုတ္တိဟာရ

" သဗ္ဗေသံ ဟာရာနံ၊
ယာ ဘူမိယော စ ဂေါစရော တေသံ၊
ယုတ္တာယုတ္တိပရိက္ခာ-
ဟာရော ယုတ္တိဟိ နိဒ္ဒိဋ္ဌော။ "-

http://www.dhammadownload.com


ဟူသော ပါဠိတော်နှင့်အညီ– သဒ္ဒါ, အနက် နှစ်ပါးတို့၏ သင့်–မသင့်ကို စိစစ်ခြင်း လက္ခဏာရှိသော ဟာရသည် "ယုတ္တိ ဝိစာရေတိ ဧတေနာတိ ယုတ္တိ ဥတ္တရပဒလောပေန" ဟူသော ဝစနတ္ထကြောင့် ယုတ္တိဟာရ မည်၏။

**စိစစ်ဟန်ကား:–** ယုတ္တိသည် သဒ္ဒယုတ္တိ, အတ္ထယုတ္တိ အားဖြင့် နှစ်ပါးတည်း။ ထိုတွင် "ပူဇာစ ပူဇနီယာနံ" ဟူသော သဒ္ဒါကို စိတ္တဇသဒ္ဒါ ယူသော် သင့်၏။ ဥတုဇသဒ္ဒါ ယူသော်မသင့်။ အရိယသဒ္ဒါ, မာဂဓသဒ္ဒါ ယူသော် သင့်၏။ တပါးသော သဒ္ဒါ ယူသော်မသင့်။ သျာဒျန္တပုဒ် ယူသော် သင့်၏။ တျာဒျန္တပုဒ် ယူသော် မသင့်။ နံ–ဝိဘတ်ကို စတုတ္ထီ, ဆဋ္ဌီဝိဘတ် ဗဟုဝုစ် ယူသော်သင့်၏။ တပါးသော ဝိဘတ်, ဧကဝုစ် ယူသော် မသင့်။ ဤသို့ စသည်ဖြင့် ပဒဝိစယနည်းတူ သဒ္ဒါ၏ သင့်–မသင့်ကို စိစစ်ခြင်းသည် **သဒ္ဒယုတ္တိ** မည်၏။ "ပူဇနီယာနံ" ပုဒ်၏ အနက်ကို ဘုရားစသော ဂုဏဝိသိဋ္ဌပုဂ္ဂိုလ်ယူသော် သင့်၏။ ပူရဏကဿပ စသော ဂုဏဝိရဟိတ ယူသော် မသင့် ။ နံ–ဝိဘတ်၏ အနက်ကို သမ္ပဒါနတ္ထ, ကမ္မတ္ထ ယူသော် သင့်၏။ တပါးအနက် ယူသော် မသင့်။ ဤသို့ စသည်ဖြင့် အနက်၏ သင့်–မသင့်ကို စိစစ်ခြင်းသည် **အတ္ထယုတ္တိ** မည်၏။

ဤသို့လျှင် "ပူဇာစ ပူဇနီယာနံ" ဟူသော သုတ်ပုဒ် ဒေသနာသည် သဒ္ဒါ, အနက် နှစ်ပါးတို့၏ သင့်–မသင့်ကို စိစစ်ခြင်းကြောင့် ယုတ္တိဟာရ မည်၏။

**ယုတ္တိဟာရ ပြီး၏**

◆◆◆◆◆◆◆◆◆◆◆

## ၄– ပဒဋ္ဌာနဟာရ

"ဓမ္မံ ဒေသေတိ ဇိနော၊
တဿ စ ဓမ္မဿ ယံ ပဒဋ္ဌာနံ။
ဣတိ ယာဝ သဗ္ဗဓမ္မာ၊
ဧသော ဟာရော ပဒဋ္ဌာနော" –

http://www.dhammadownload.com



ဟူသော ပါဠိတော်နှင့်အညီ- သုတ်၌လာသော တရားတို့၏ ပဒဋ္ဌာန်ကို အနွယ်, ဗျတိရေက အားဖြင့် ဩရယှောရယ အားဖြင့်၄င်း, အာရယှာရယ အားဖြင့်၄င်း စိစစ်ခြင်းလက္ခဏာ ရှိသော ဟာရသည် "ပဒဋ္ဌာနံ ဝိစာရေတ် ဧတေနာတိ ပဒဋ္ဌာနော ဥတ္တရပဒလောပေန" ဟူသော ဝစနတ္ထကြောင့် **ပဒဋ္ဌာနဟာရ** မည်၏။

**စိစစ်ပုံကား**-ပူဇာ-ဟူသော ပုဒ်ဖြင့် အာမိသပူဇာ, ဓမ္မပူဇာ ဖြစ်သော ကုသိုလ်, အဗျာကတ စိတ္တုပ္ပါဒ်ကို ပြ၏။ ထို၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း။ ထို၏ ပဒဋ္ဌာန်ကား သဒ္ဓမ္မဿဝနတည်း။ ထို၏ ပဒဋ္ဌာန်ကား သပ္ပုရိသူပနိဿယတည်း။ ထို၏ ပဒဋ္ဌာန်ကား ပတိရူပ ဒေသဝါသတည်း။ ထို၏ ပဒဋ္ဌာန်ကား ပုဗ္ဗေကတပုညတာ ပါရမီ သမ္ဘာရတည်း။ ထိုပုဗ္ဗေကတပုညတာ ပါရမီသမ္ဘာရသည် အကြောင်း၊ ပတိရူပ ဒေသဝါသသည် အကျိုး။ ထိုသည် အကြောင်း။ လ။ ယောနိ သောမနသိကာရသည် အကျိုး။ ထိုသည် အကြောင်း ပူဇော်ခြင်းသည် အကျိုး။ ထိုသည်အကြောင်း၊ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ သုခ, သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မဂ်, ဖိုလ် ပစ္စဝေက္ခဏာဉာဏ်တို့သည် အဆက်ဆက်အကျိုး။ ၄င်း ပစ္စဝေက္ခဏာဉာဏ်သည် အကြောင်း၊ အနုပါဒိသေသနိဗ္ဗာန်ကို ရခြင်း သည် အကျိုးတည်း။

ဗျတိရေက အားဖြင့်ကား- ပူဇော်ခြင်းကို မပြုခြင်း၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း။ ထို၏ ပဒဋ္ဌာန် အဆက်ဆက်ကား အသဒ္ဓမ္မဿဝန အသပ္ပုရိသူပနိဿယ, အပတိရူပဒေသဝါသ ဖြစ်၏။ ထို့ကြောင့်အသပ္ပုရိသူပနိဿယ,အသဒ္ဓမ္မဿဝန, အယောနိသောမနသိကာရ ဖြစ်၏။ ထို့ကြောင့် ပူဇော်ခြင်းကို မပြုဖြစ်။ ထို့ကြောင့် ကုသိုလ်တရား မပွား။ ထို ကုသိုလ်တရား မပွားခြင်းကြောင့် အလုံးစုံသော သံကိလေသပက္ခ ပါပဓမ္မ တို့သည် ပွားများကုန်၏။ ပွားများခြင်းကြောင့် အပါယ်ငရဲ ဝဋ်ဆင်းရဲမှ မထမြောက်နိုင်လေ။

http://www.dhammadownload.com


ဤသို့ စသည်ဖြင့် " ပူဇာ စ ပူဇနီယာနံ " ဟူသော သုတ်ပုဒ် ဒေသနာသည် ပဒဋ္ဌာန်ကို အနွယ, ဇါတိရေက အားဖြင့် ဩရယှောရယှ အားဖြင့်၄င်း အာရယှာရယှ အားဖြင့်၄င်း စိစစ်ခြင်းကြောင့် **ပဒဋ္ဌာနဟာရ** မည်၏။

**ပဒဋ္ဌာနဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## ၅–လက္ခဏဟာရ

" ဝုတ္တမှိ ဧကဓမ္မေ၊
ယေ ဓမ္မာ ဧကလက္ခဏာ ကေစိ။
ဝုတ္တာ ဘဝန္တိ သဗ္ဗေ၊
သော ဟာရော လက္ခဏော နာမ။"

ဟူသော ပါဠိတော်နှင့်အညီ– သုတ်၌လာသော တရားနှင့် လက္ခဏာ, ကိစ္စ, ဟေတု, ဖလ စသောအားဖြင့် တူသော မဟောအပ်သော တရားတို့ကို လည်း မှတ်ကြောင်းမှတ်ရာ လက္ခဏာရှိသော ဟာရသည် " လက္ခိယန္တိ အဝုတ္တာပိ ဓမ္မာ ဧတေန ဧတ္ထ ဝါတိ လက္ခဏော " ဟူသော ဝစနတ္ထကြောင့် **လက္ခဏဟာရ** မည်၏။

**မှတ်ဟန်ကား**– ပူဇာ ဟူသောပုဒ်၏အရကို အာမိသပူဇာ, ဓမ္မပူဇာ ဖြစ်သော ကုသိုလ်, အဗျာကတ စေတနာကို ယူခြင်းကြောင့် ပူဇနီယ ပုဂ္ဂိုလ် သို့ညွတ်ခြင်း လက္ခဏာ၊ မစ္ဆေရ စသည်ကို ပယ်ခြင်းကိစ္စ၊ ယောနိသောမန သိကာရ ဟူသော အကြောင်း၊ ဘဝသမ္ပတ္တိစသော အကျိုးအားဖြင့် ထိုစေတနာနှင့်တူသော သဟစရဏ စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။ **တနည်းလည်း**– ပူဇာ–ပုဒ်၏အရကို ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော ဝိညတ်ဒွေကို ယူခြင်းကြောင့် ထိုနှင့် ရုပ္ပနလက္ခဏာတူသော

http://www.dhammadownload.com



ကြွင်းရူပကန္ဓာကိုလည်း ယူအပ်၏။ **တနည်းလည်း**- "ပူဇာ စ ပူဇနီယာနံ" ဟူသော သဒ္ဒါနှင့် ပူဇော်ခြင်းဟော ကိစ္စတူသော "မာနော စ မာနိ တဗ္ဗာနံ၊ သက္ကာရော သက္ကာရေယျာနံ" စသော ပရိယာယ်တပါးကိုလည်း ယူအပ်၏။

ဤသို့ စသည်ဖြင့် "ပူဇာ စ ပူဇနီယာနံ" ဟူသော သုတ်ပုဒ် ဒေသနာသည် လက္ခဏာ, ကိစ္စ, ဟေတု, ဖလ စသော အားဖြင့် တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်ကြောင်း မှတ်ရာ လက္ခဏာရှိသောကြောင့် **လက္ခဏဟာရ** မည်၏။

**လက္ခဏဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## ၆-စတုဗျူဟဟာရ

"နေရုတ္တမဓိပ္ပါယော၊
ဗျဉ္ဇနမထ ဒေသနာ နိဒါနဉ္စ။
ပုဗ္ဗာပရာနုသန္ဓိ၊
ဧသော ဟာရော စတုဗျူဟော။" -

ဟူသော ပါဠိတော်နှင့်အညီ- နိရုတ္တိ, အဓိပ္ပါယ, နိဒါန, အနုသန္ဓိအားဖြင့် လေးပါးသော အနက်တို့ကို ဝေဖန်ခြင်း လက္ခဏာရှိသော ဟာရသည် "ဝိယူဟိယန္တိ ပိဏ္ဍိယန္တိ ဧတေန ဧတ္ထ ဝါတိ ဗျူဟော၊ စတုန္နံ ဗျူဟော စတုဗျူဟော" ဟူသော ဝစနတ္ထကြောင့် **စတုဗျူဟဟာရ** မည်၏။

ထိုလေးပါးတို့တွင် "ပူဇနံ ပူဇာ" ဘာဝသာဓန၊ ပူဇ- ဓာတ်၊ အ-ပစ္စည်း။ ပူဇ-ဓာတ်၏ အရကား ပူဇော်ကိုင်းညွတ်သော အခြင်းအရာ အားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ် ရ၏။ အ-ပစ္စည်း၏ အရကား-

http://www.dhammadownload.com



"ဓာတုတ္တာ ပစ္စယတ္ထာသ၊
ဝိသုံ ဘာဝေ အဘာဝတော။
ဓာတုတ္တော ပစ္စယေန၊
ဥဒီရိတောတိ ဘာသိတော။"–

ဟူသည်နှင့်အညီ– ၎င်းစိတ္တုပ္ပါဒ်ပင် ရ၏။ စ–သဒ္ဒါကား "ရဋ္ဌိချာတံ" စသော ဂါထာနှင့်အညီ– သမုစ္စယသမ္ပိဏ္ဍနတ္ထဇောတက နိပါတ်ပုဒ်ဖြစ်၍ ဝိဂြိုဟ် မပြုအပ်။ အရကား ပူဇာပုဒ်၏ သေဝနာသေဝနာတို့ကို ပေါင်းဆည်းခြင်း သမုစ္စတ္ထရ၏။ "ပူဇေတဗ္ဗာတိ ပူဇနိယာ" ကမ္မသာဓန၊ ပူဇ–ဓာတ်၊ အနီယ– ပစ္စည်း။ ပူဇ–ဓာတ်အရ ကတ္တုတ္ထကြိယာကား ယခင် စိတ္တုပ္ပါဒ်ကို မှုချ ရ၏။ ကမ္မတ္ထကြိယာကား ထိုစိတ္တုပ္ပါဒ်အား တပ်သော ဘုရား, ရဟန္တာ စသော ဂုဏဝိသိဋ္ဌပုဂ္ဂိုလ်တို့၏ အာရမ္မဏပစ္စယသတ္တိ ဟုဆိုအပ်သော ကမ္မကာရကကို ဖလူပစာရတ္ထအားဖြင့် ရ၏။ အနီယ– ပစ္စည်း၏ အရကား ထိုဖလူပစာရတ္ထဖြင့် မှတ်အပ်သော သတ္တိမန္တဖြစ်သော ဂုဏဝိသိဋ္ဌ ပုဂ္ဂိုလ် ဒြဗ် ရ၏။ ဝိဂြိုဟ်, ပုဒ်ထားနည်း နှစ်ပါးတို့တွင် မိမိပုဒ်အခိုက် အတန့်ကို ငဲ့၍ ပဒါဝတ္ထိကန္တ ဒွန္ဒဧဒွေဒန နည်းအားဖြင့် "ပူဇနီယာ" ဟု ပဌမန္တ ချသတည်း။ ၎င်း ပဌမာဗဟုဝုစ် ယော–ဝိဘတ်၏အရကား–

"သမာသ်, တဒ္ဓိတ်၊ ကြိယ်ပြီးသက်ရာ၊ ပဌမာကား၊ ချင်းတို့ ဟောရာ၊ ဇောတကသာ၊ မူလိုပါသည် အနေ"–

ဟူသော နိယံနှင့်အညီ– အတ္ထမတ္တ အကာရက ဗဟုဝုစ်သင်္ချာ ရ၏။ ပူဇာ–ပုဒ်၏အရ ပူဇနကြိယာသည် ကံ,သမ္ပဒါန်ကို ငဲ့သောကြောင့် "ပဒသမူဟော ဝါကျံ" ဟူသည်နှင့်အညီ–ပဒသမူဟ ဝါကျအခိုက်အတန့်ကိုငဲ့၍ ဝါကျာဝတ္ထိကန္တ ဒွန္တသောနေနည်း အားဖြင့် "တေသံ ပူဇနီယာနံ" ဟုဝိဘတ်ချန် ခံအပ်၏။ နံ–ဝိဘတ်၏အရကား ပူဇော်ခြင်း ကြိယာဖြင့် ရောက်အပ်သော ပါပုဏနသတ္တိ, ပူဇော်ရာဖြစ်သော သမ္ပဒါနသတ္တိဟုဆိုအပ်သော ကမ္မကာရက, သမ္ပဒါနကာရက ဗဟုဝုစ်သင်္ချာ ရ၏။ ထို "ပူဇနီယာနံ" ဟူသော ပုဒ်လုံး၏ အနက်သည် သကတ်, ဒြဗ်, လိင်, သင်္ချာ, ကာရက အားဖြင့်

http://www.dhammadownload.com



ငါးပါးအပြား ရှိ၏။ ထိုတွင် သီလ, သမာဓိ စသော ပူဇေတဗ္ဗ ဘောဂဏ်သည် သကတ် မည်၏၊ ဘုရား-စသော ဒြဗ်သည် ဒြဗ် မည်၏။ ဝိသဒါကာရသည် ပုလ္လိင် မည်၏၊ ယခင် သချာကာရကသည် သချာကာရက မည်၏။ ဤသို့စသည် ဖြင့် ပုဒ်ကို ဝိဂြိုဟ်ပြုခြင်းသည် **နိရုတ္တိ** မည်၏။

"ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့ကို ပူဇော်၍ သူ့ကိုလည်း ပူဇော်စေ၍ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြစေသတည်း" ဟူသော ဒေသက ပုဂ္ဂိုလ်၏ အလိုဆန္ဒသည် **အဓိပ္ပါယ** မည်၏။

ဒေသနာနိဒါန်းသည် အဇ္ဈတ္တိကနိဒါန်း, ဗာဟိရနိဒါန်း အားဖြင့် နှစ်ပါးရှိ၏။ ထိုတွင် ကရုဏာ, ဒေသနာဉာဏ် နှစ်ပါးသည် **အဇ္ဈတ္တိကနိဒါန်း** မည်၏။ ဒေသ, ကာလ, ဒေသက, ပဋိဂ္ဂါဟက လေးပါးသည် **ဗာဟိရနိဒါန်း** မည်၏။

အနုသန္ဓိသည် အတ္ထသန္ဓိ, ဗျဉ္ဇနသန္ဓိ, ဒေသနာသန္ဓိ, နိဒ္ဒေသသန္ဓိ အားဖြင့် လေးပါး အပြားရှိ၏။ ထိုတွင် သင်္ကာသနာ, ပကာသန, ဝိဝရဏာ, ဝိဘဇနာ, ဥတ္တာနီကမ္မ, ပညတ္တိ ဟူသော အတ္ထပဒခြောက်ပါး တို့၏ စပ်ခြင်းသည် **အတ္ထသန္ဓိ** မည်၏။

**စပ်ဟန်ကား-** ပူဇနီယာနံ-ပုဒ်၏ အရဖြစ်သော ဂုဏဝိသိဋ္ဌပုဂ္ဂိုလ် ဒြဗ်သည် ပူဇာ-ပုဒ်၏အရဖြစ်သော စိတ္တုပ္ပါဒ်၌ အာရုံ, အကြောင်း, နိမိတ် ဖြစ်သော သမ္ပတ္တိကံ၊ စိတ္တုပ္ပါဒ်သည် အာရမ္မဏိက, အကျိုး, နိမိတ္တဝန် ဖြစ်သော ကံ၏ကြိယာ အဖြစ်ဖြင့်စပ်၏။ **တနည်းလည်း-** ပူဇနီယာနံ-ပုဒ်၏ အရဖြစ်သော ဂုဏဝိသိဋ္ဌပုဂ္ဂိုလ်ဒြဗ်သည် ယထာရဟ အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ပစ္စည်း၊ ပူဇာပုဒ်၏အရ စိတ္တုပ္ပါဒ်သည် အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်၏။ ဤသို့ အနက်အချင်းချင်း စပ်ခြင်းသည် **အတ္ထသန္ဓိ** မည်၏။

http://www.dhammadownload.com



အက္ခရ, ပဒ, ဗျဉ္ဇန, အာကာရ, နိရုတ္တိ, နိဒ္ဒေသ ဟူသော ဗျဉ္ဇနပဒ ခြောက်ပါးတို့၏ စပ်ခြင်းသည် ဗျဉ္ဇနသန္ဓိ မည်၏။ **စပ်ဟန်ကား**– ပူဇနိယာနံ– ကား 'တို့ကို' ဟူ၍ အနက်ပေးသောကြောင့် ပူဇာ–၌ ဆဋ္ဌီကံ၊ ပူဇာ– ကား ကံ၏ကြိယာအဖြစ်ဖြင့် စပ်၏။ ပူဇာ–ကား– ဧတံ–၌ နိဒဿေတဗ္ဗ သရုပ်၊ ဧတံ–ကား နိဒဿန သရူပဝန္တ အဖြစ်ဖြင့် စပ်၏။ **တနည်း**–ပူဇာ ကား ရှေ့ အသေဝနာသေဝနာတို့၌ သမုစ္စယ၊ ရှေ့ အသေဝန သေဝနာတို့ ကား သမုစ္စေတဗ္ဗအဖြစ်ဖြင့် စပ်၏။ စ–သဒ္ဒါကား ပဓာန အားဖြင့် မိမိထိုင်ရာ ပူဇာ–ပုဒ်၌ သမုစ္စယဇောတက၊ ပူဇာ–ပုဒ်ကား သမုစ္စယဝါစက အဖြစ်ဖြင့် စပ်၏။ အပ္ပဓာန အားဖြင့် ရှေ့အသေဝနာ သေဝနာ နှစ်ပုဒ်တို့၌ သမုစ္စေတဗ္ဗဇောတက၊ ရှေ့နှစ်ပုဒ်တို့ကား သမုစ္စေတဗ္ဗဝါစက အဖြစ်ဖြင့် စပ်၏။ ဤသို့ သဒ္ဒါအချင်းချင်း စပ်ခြင်း သည် **ဗျဉ္ဇနသန္ဓိ** မည်၏။

ဒေသနာသန္ဓိ ဟူသော်ကား– ယခင် ဗျဉ္ဇနသန္ဓိအတိုင်း ရှေ့ပုဒ်နှင့် နောက်ပုဒ် စပ်ခြင်းသည်၎င်း, "ပူဇာရဟေ ပူဇယတော" စသော သုတ်တပါး နှင့် လျော်အောင် ထုတ်ဆောင် စပ်ညှိခြင်းသည်၎င်း, ဒေသကပုဂ္ဂိုလ်၏ ဝစီဘေဒဒေသနာ၏ သုဏန္တ ပုဂ္ဂိုလ်တို့၏ နောက်ထပ်ရွတ်ဆိုအပ်သော ဝစီဘေဒသဒ္ဒါနှင့် လျော်ညီစွာ စပ်ခြင်းသည်၎င်း **ဒေသနာသန္ဓိ** မည်၏။

နိဒ္ဒေသသန္ဓိသည် ပဒ, ပဒတ္ထ, နိဿိတစိတ္တ, အနိဿိတစိတ္တ အားဖြင့် လေးပါး အပြား ရှိ၏။ ထိုတွင် "ပူဇာတိ ဧကံ ပဒံ၊ စာတိ ဧကံ ပဒံ၊ ပူဇနိယာနန္တိ ဧကံ ပဒံ" ဟူ၍၎င်း၊ "ပူဇာတိ ဧတံ ကြိယတ္ထပဒံ၊ စာတိ ဧတံ သမုစ္စယတ္ထပဒံ ပူဇနိယာနန္တိ ဧတံ ကမ္မတ္ထပဒံ၊ သမ္ပဒါနတ္ထပဒံ ဝါ" ဟူ၍၎င်း ပုဒ် အနက်ကို ခွဲလျက် ပိုင်းခြား၍ ပဒစ္ဆေဒ, ပဒပဒတ္ထအားဖြင့် ညွှန်ပြခြင်းသည် **ပဒနိဒ္ဒေသသန္ဓိ** မည်၏။

"ပူဇာတိ ကြိယာနိဒ္ဒေသော၊ စာတိ အဗျယနိဒ္ဒေသော၊ ပူဇနိယာနန္တိ ဆဋ္ဌီနိဒ္ဒေသော၊ သမ္ပဒါနနိဒ္ဒေသော ဝါ" ဟူ၍၎င်း "ပူဇာတိကြိယတ္ထနိဒ္ဒေသော၊ စာတိ သမုစ္စယတ္ထနိဒ္ဒေသော၊ ပူဇနိယာနန္တိ ကမ္မတ္ထနိဒ္ဒေသော၊

http://www.dhammadownload.com



**သမ္ပဒါနတ္ထနိဒ္ဒေသော၀ါ**" ဟူ၍၄င်း ပုဒ်, အနက်တို့ကို ကြံစည်လျက် **ပဒစိန္တာ**, ပဒပဒတ္ထ အားဖြင့် ညွှန်ပြခြင်းသည် **ပဒတ္ထနိဒ္ဒေသ သန္ဓိ** မည်၏။

ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်၊ ကုသိုလ်, အကုသိုလ်တရား ဤပုဂ္ဂလ ဓမ္မနှစ်ပါးတို့သည် "နိယတံ စိတ္တမေတေသန္တိ နိယတစိတ္တာ" ဟူသော ၀စနတ္ထနှင့်အညီ- တဏှာ, ဒိဋ္ဌိကို မှီသော စိတ် ရှိသောကြောင့် နိယတ စိတ္တာ မည်ကုန်၏။ ထိုကို ပြတတ်သော သုတ်ပုဒ်တို့သည်ကား "**နိယတံ** စိတ္တံ ဧတ္ထာတိ နိယတစိတ္တာ" ဟူသော ၀စနတ္ထကြောင့် **နိယတစိတ္တာ** မည်ကုန်၏။

ဘုရား, ရဟန္တာပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်, နိဗ္ဗာနတရား ဤပုဂ္ဂလ, ဓမ္မ နှစ်ပါးတို့သည်၄င်း၊ ထိုကို ပြတတ်သော သုတ်ပုဒ်တို့သည်၄င်း "န နိယတစိတ္တာ အနိယတစိတ္တာ" ဟူသော ၀စနတ္ထကြောင့် **အနိယတ စိတ္တာ** မည်ကုန်၏။

ဤ "ပူဇာ စ ပူဇနီယာနံ" ဟူရာ၌ ပူဇာ-ပုဒ်၏အရကို ပုထုဇဉ်, သေက္ခတို့၏ ဒါန, သီလ, ဘာ၀နာမယ ဖြစ်သော ပူဇော်ခြင်းကို ယူ၍ ပူဇနီယာနံ ပုဒ်၏အရကို ပူဇော်အပ်သော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်ကို ယူ၍ ထို ပုဂ္ဂလ, ဓမ္မတို့ကို နိယတစိတ္တဖြစ်၍ သံသာရပ၀တ္တိအားဖြင့် ပြအပ် ကုန်၏။ ထိုကိုပြခိုက် ဤ "ပူဇာ စ ပူဇနီယာနံ" ဟူသော ဒေသနာသည် နိယတစိတ္တ ဖြစ်၍ ၀ဋ္ဋနိယတ, ဝိ၀ဋ္ဋနိယတ အားဖြင့် နှစ်ပါး ပြား၏။ ထိုတွင် ၀ဋ္ဋနိယတဒေသနာသည် ၀ါသနာဘာဂိယ သာတည်း။ ဝိ၀ဋ္ဋနိယတ ဒေသနာသည်ကား ၀ါသနာဘာဂိယ, နိဗ္ဗေဓဘာဂိယ အားဖြင့် နှစ်ပါးပြား၏။

ပူဇာ-ပုဒ်၏အရကို ဘုရား, ရဟန္တာတို့၏ ဒါန, သီလ, ဘာ၀နာ မယ ပူဇော်ခြင်း ဟူသော အနုပါဒိသေသနိဗ္ဗာန် အဆုံးရှိသော တရားကို ယူ၍ ပူဇနီယာနံ-ပုဒ်၏အရကို ပူဇော်အပ်သော ဘုရား, ရဟန္တာ ပုဂ္ဂိုလ်ကို

http://www.dhammadownload.com



ယူ၍ ထို ပုဂ္ဂလ, ဓမ္မတို့ကို အနိဿိတစိတ္တာဖြစ်၍ သံသာရနိဝတ္တိအားဖြင့် ပြအပ်ကုန်၏။ ထိုကိုပြခိုက် ဤ"ပူဇာ စ ပူဇနီယာနံ"ဟူသော ဒေသနာလည်း **အနိဿိတစိတ္တာ** မည်၏။

ဤသို့ စသည်ဖြင့် "ပူဇာ စ ပူဇနီယာနံ"ဟူသော သုတ်ပုဒ်ဒေသနာသည် နိရုတ္တိ, အဓိပ္ပါယ, နိဒါန, အနုသန္ဓိ အားဖြင့် လေးပါးသော အနက်တို့ကို ဝေဖန်တတ်သောကြောင့် **စတုဗျူဟဟာရ** မည်၏။

စတုဗျူဟဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၇–အာဝဋ္ဋဟာရ

"ဧကမှိ ပဒဋ္ဌာနေ,
ပရိယေသတိ သေသကံ ပဒဋ္ဌာနံ။
အာဝဋ္ဋတိ ပဋိပက္ခေ,
အာဝဋ္ဋော နာမ သော ဟာရော။"–

ဟူသော ပါဠိတော်နှင့်အညီ– သုတ္တာရုဠှဓမ္မ၏ ပဒဋ္ဌာန်ကိုရှာ၍ ထိုပဒဋ္ဌာန်ကို အစဉ်လျှောက်လျက် သဘာဂ, ဝိသဘာဂ ဖြစ်သော ကုသိုလ်, အကုသိုလ် တရားတို့ကို လည်စေခြင်း လက္ခဏာရှိသော ဟာရသည် "အာဝဋ္ဋယတိ ဧတေန ဧတ္ထ ဝါ သဘာဂဝိသဘာဂဓမ္မာ တေသံ ဝါ အာဝဋ္ဋနန္တိ အာဝဋ္ဋော"ဟူသော ဝစနတ္ထကြောင့် **အာဝဋ္ဋဟာရ** မည်၏။

**လည်စေပုံကား**– ပူဇာ–ပုဒ်၏အရ အာမိသပူဇာ, ဓမ္မပူဇာ ကုသိုလ် အနဝဇ္ဇတရားတို့၏ ပဒဋ္ဌာန်သည် ယောနိသောမနသိကာရ, သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝန, နဝမခဏ, စတုစက္ကသမ္ပတ္တိ စသည် တည်း။ ထို၏ ဆန့်ကျင်ဖက်ကား အယောနိသောမနသိကာရ, ဗာလူပသေဝန စသည်တည်း။ ထိုတွင် ယောနိသောမနသိကာရ စသည်ကို ယူသဖြင့်–

http://www.dhammadownload.com



"ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။

သကလမိဒံ အာနန္ဒ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏ မိတ္တတာ။

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ၊ ကတမေ ပဉ္စ၊ အသုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကင်္ခံ ဝိတရတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ။" -

အစရှိသော ပါဠိနှင့်အညီ- ယောနိသောမနသိကာရ စသည်လျှင် အကြောင်း ရှိကုန်သော ကုသိုလ် အနဝဇ္ဇတရားတို့သည် လည်ကုန်၏။

အယောနိသောမနသိကာရ စသည်ကို ယူသဖြင့်-

"အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ။

အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊ ဒုက္ခော ဗာလေဟိ သံဝါသော။" -

အစရှိသော ပါဠိနှင့်အညီ- အယောနိသောမနသိကာရ စသည်လျှင် အကြောင်းရင်း ရှိကုန်သော အကုသိုလ် သာဝဇ္ဇတရားတို့သည် လည်ကုန်၏။

ဤသို့ စသည်ဖြင့် "ပူဇာ စ ပူဇနီယာနံ" ဟူသော သုတ်ပုဒ် ဒေသနာသည် ပဒဋ္ဌာန်ကို ရှာ၍ ။ပ။ လည်စေခြင်းကြောင့် အာဝတ္တဟာရ မည်၏။

**အာဝတ္တဟာရ ပြီး၏။**

◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၈–ဝိဘတ္တိဟာရ

"ဓမ္မဉ္စ ပဒဋ္ဌာနံ၊
ဘူမိဉ္စ ဝိဘဇ္ဇတေ အယံ ဟာရော၊
သာဓာရဏေ အသာဓာရဏေ စ၊
နေယျော ဝိဘတ္တီတိ။" –

ဟူသော ပါဠိတော်နှင့်အညီ– သုတ်၌လာသော တရားတို့ကို ဓမ္မ, ဘုံ, ပဒဋ္ဌာန်၊ ဆက်ဆံ, မဆက်ဆံသော အမည်, ဝတ္ထုတို့ဖြင့် ဝေဘန်ခြင်း လက္ခဏာရှိသော ဟာရသည် "ဝိဘဇီယန္တိ ဧတေန ဧတ္ထ ဝါ သာဓာရဏာ သာဓာရဏာနံ သံကိလေသဝေါဒါနဓမ္မာနံ ဘူမိယော ဝိဘဇနံ ဝါ ဧတေသံ ဘူမိယာတိ ဝိဘတ္တိ" ဟူသော ဝစနတ္ထကြောင့် ဝိဘတ္တိဟာရ မည်၏။ ထို ဝိဘတ္တိသည် ဓမ္မဝိဘတ္တိ, ဘူမိဝိဘတ္တိ, ပဒဋ္ဌာနဝိဘတ္တိ အားဖြင့် သုံးပါး အပြားရှိ၏။ ထိုတွင် တပါးတပါးသည် သာဓာရဏ, အသာဓာရဏ အားဖြင့် နှစ်ပါးနှစ်ပါးစီ အပြားရှိသည်။ ထိုတွင် သာဓာရဏသည် နာမသာဓာရဏ, ဝတ္ထုသာဓာရဏ အားဖြင့် နှစ်ပါး။ ထို့အတူ အသာဓာရဏလည်း နှစ်ပါး အပြား ရှိ၏။

**ဝေဘန်ဟန်ကား**– ပူဇာ–ပုဒ်၏အရ ပူဇော်ခြင်း ကိရိယာ ဟူသော စိတ္တုပ္ပါဒ်သည် စိတ္တုပ္ပါဒ် ဟူသော အမည်၊ ဖြစ်ရာ ပုဂ္ဂိုလ်သာမန် အာရုံ သာမန် ဟူသော တည်ရာဝတ္ထုအားဖြင့် ဆက်ဆံ၏။ အာမိသပူဇာ, ဓမ္မပူဇာ စသော အသီးသီးသော အမည်၊ ပူဇော်တတ် ပူဇော်ရာ ပုဂ္ဂိုလ် ဝိသေသ ဟူသော တည်ရာဝတ္ထုအားဖြင့် မဆက်ဆံ။ ဤကား **ဓမ္မဝိဘတ္တိ** တည်း။

ထို ပူဇော်ခြင်းကိရိယာ ဟူသော စိတ္တုပ္ပါဒ်သည် ဘုံလေးပါး၌ ဖြစ်၍ စတုဘူမိက ဟူသော အမည်သာမန်, ဘုံလေးပါး ဟူသော တည်ရာ ဝတ္ထု သာမန်အားဖြင့် ဆက်ဆံ၏၊ အသီးသီးသော အမည် ဝတ္ထုဝိသေသ အားဖြင့် မဆက်ဆံ။ ဤကား **ဘူမိဝိဘတ္တိ** တည်း။

http://www.dhammadownload.com



ထို ပူဇာသည်-

"တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊
ယမေတ္တမပိ ကေနစိ။ "-

အစရှိသော အကျိုး ဟူသမျှတို့၏ ပဒဋ္ဌာန်တည်း။ ထို ပဒဋ္ဌာန်သည် အကြောင်းသာမည ဟူသော အမည်, ဝတ္ထု အားဖြင့် ဆက်ဆံ၏၊ အသီး အသီးသော အကျိုးကို ရကြောင်းဖြစ်သော ပဒဋ္ဌာန်၏အဖြစ် တည်းဟူသော အမည်, ဝတ္ထု အားဖြင့် မဆက်ဆံ။ ပဒဋ္ဌာနဟာရ၌ ပြခဲ့ပြီးသည့် အတိုင်း ယောနိသောမနသိကာရ စသော ရှေးရှေးသော အကြောင်းသည် ပူဇာ စသည်၏ ပဒဋ္ဌာန်တည်း။ ပူဇာ စသည်သည် ပါမောဇ္ဇ စသော နောက် နောက်သော အကျိုး၏ ပဒဋ္ဌာန်တည်း။ ဤကား **ပဒဋ္ဌာန ဝိဘတ္တိ** တည်း။

ဤသို့ စသည်ဖြင့် " ပူဇာ စ ပူဇနိယာနံ " ဟူသော သုတ်ပုဒ် ဒေသနာသည် ဓမ္မ, ဘုံ, ပဒဋ္ဌာန်၊ ဆက်ဆံ မဆက်ဆံသော အမည် ဝတ္ထု တို့ဖြင့် ဝေဘန်ခြင်းကြောင့် **ဝိဘတ္တိဟာရ** မည်၏။

ဝိဘတ္တိဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၉-ပရိဝတ္တနဟာရ

"ကုသလာကုသလေ ဓမ္မေ၊
နိဒ္ဒိဋ္ဌေ ဘာဝိတေ ပဟီနေ စ။
ပရိဝတ္တတိ ပဋိပက္ခေ၊
ဟာရော ပရိဝတ္တနော နာမ။ "-

http://www.dhammadownload.com



ဟူသော ပါဠိတော်နှင့်အညီ- သုတ်၌ပြအပ်သော ကုသိုလ်, အကုသိုလ် ဓမ္မတို့ကို ဆန့်ကျင်ဖက် ဖြစ်သော အကုသိုလ်, ကုသိုလ် ဓမ္မအားဖြင့် ပြန်လည်စေခြင်း လက္ခဏာရှိသော ဟာရသည် "ပဋိပက္ခဝသေန ပရိဝတ္တိ ယန္တိ ဣမိနာ ဧတ္ထ ဝါ သုတ္တေ ဝုတ္တာဓမ္မာ ပရိဝတ္တန္တိ ဝါ ဧတသ္မိံ ပရိဝတ္တနော" ဟူသော ဝစနတ္ထကြောင့် **ပရိဝတ္တနဟာရ** မည်၏။

**လည်စေဟန်ကား**- ပူဇာ-ပုဒ်၏အရသည် အာမိသပူဇာ, ဓမ္မပူဇာ တရားတည်း။ ထိုတရားသည်ယောနိသောမနသိကာရလျှင် အကြောင်းရင်း ရှိ၏။ ယောနိသောမနသိကာရ ရှိသော ပုဂ္ဂိုလ်အား အယောနိသော မနသိကာရ ပျောက်ကင်း၏။ အယောနိသောမနသိကာရ ပျောက်ကင်း လျှင် အယောနိသောမနသိကာရလျှင် အရင်းရှိကုန်သော အကုသိုလ်တရား တို့သည် ပျောက်ကင်းကုန်၏။ အကုသိုလ်တရား ပျောက်ကင်းသည် ရှိသော် ကုသိုလ် အနဝဇ္ဇတရားတို့သည် တိုးပွားစည်ပင်ကုန်၏။

ဤသို့ စသည်ဖြင့် "ပူဇာ စ ပူဇနီယာနံ" ဟူသော သုတ်ပုဒ် ဒေသနာသည် ကုသိုလ်, အကုသိုလ် တရားတို့ကို ဆန့်ကျင်ဖက် အားဖြင့် လည်စေခြင်းကြောင့် **ပရိဝတ္တနဟာရ** မည်၏။

ပရိဝတ္တနဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၁၀-ဝေဝစနဟာရ

"ဝေဝစနာနိ ဗဟူနိ တု၊
သုတ္တေ ဝုတ္တာနိ ဧကဓမ္မဿ။
ယော ဇာနာတိ သုတ္တဝိဒူ၊
ဝေဝစနောနာမ သော ဟာရော။

ဟူသော ပါဠိတော်နှင့်အညီ- သုတ်၌လာသောတရားကို များစွာသော ဝေ ဝုစ် ပရိယာယ်သဒ္ဒါတို့ဖြင့် ဖွင့်ပြခြင်း လက္ခဏာရှိသော ဟာရသည်

http://www.dhammadownload.com



"ဝိဝိဓံ ဝစနံ ဧတ္ထ ဝိဂိဓံ ဝါ ဝုစ္စတိ အတ္ထော ဧတေနာတိ ဂိဝစနံ၊ ဝိဝစနမေဝ ဝေဝစနံ" ဟူသော ဝစနတ္ထကြောင့် ဝေဝစနဟာရ မည်၏။

ဖွင့်ပြဟန်ကား- ပူဇာ, ပူဇနာ, မာနံ, မာနနံ, သက္ကာရော အစရှိသော သဒ္ဒါ၊ စ, ဝါ, တထာပိ, အပိ အစရှိသော သဒ္ဒါ၊ ပူဇနီယာနံ, ပူဇေတဗ္ဗာနံ, မာနေတဗ္ဗာနံ, မာနနေယျာနံ, သက္ကာရေယျာနံ အစရှိသော သဒ္ဒါတို့သည် အချင်းချင်း ဝေဝုစ် ပရိယာယ် သဒ္ဒါတို့တည်း။

ဤသို့ စသည်ဖြင့် "ပူဇာ စ ပူဇနီယာနံ" ဟူသော သုတ်ပုဒ်ဒေသနာသည် များစွာသော ဝေဝုစ် ပရိယာယ်သဒ္ဒါတို့ဖြင့် ဖွင့်ပြခြင်းကြောင့် **ဝေဝစနဟာရ** မည်၏။

ဝေဝစနဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၁၁-ပညတ္တိဟာရ

"ဧကံ ဘဂဝါ ဓမ္မံ၊
ပဏ္ဏတ္တိဟိ ဝိဝိဓာဟိ ဒေသေတိ၊
သော အာကာရော ဉေယျော၊
ပဏ္ဏတ္တိနာမ သော ဟာရော။" -

ဟူသော ပါဠိတော်နှင့်အညီ- သုတ်၌လာသော တရားတို့ကို အပြားအားဖြင့် သိစေခြင်း လက္ခဏာရှိသော ဟာရသည် "ပကာရေဟိ ဉာပိ ယန္တိ ဧတာယ ဧတ္ထ ဝါ အတ္ထာတိ ပညတ္တိ" ဟူသော ဝစနတ္ထကြောင့် **ပညတ္တိဟာရ** မည်၏။

**သိစေဟန်ကား**- "ယာ ပကတိကထာယ ဒေသနာ၊ အယံ နိက္ခေပပညတ္တိ" ဟူသည်နှင့်အညီ- ပူဇာ- ဟူသော သဘာဝနိရုတ္တိ ပကတိ

http://www.dhammadownload.com


ကထာ ဒေသနာသည် “ပူဇော်ထိုက်သော သူတို့ကို ပူဇော်ခြင်းသည် မင်္ဂလာ မည်၏–” ဟု သုဏန္တတို့၏ သန္တာန်၌ အသိဉာဏ် ဖြစ်စေခြင်းငှါ ထားသော ကြောင့် နိက္ခေပပညတ် မည်၏။ ပူဇော်သော အခြင်းအရာတည်းဟူသော တဇ္ဇာကို သိစေတတ်သောကြောင့် တဇ္ဇာပညတ် မည်၏။ ထို ပူဇော်ခြင်း ကြိယာကို စွဲ၍ဖြစ်သောကြောင့် ဥပါဒါပညတ် မည်၏။ ဝန္ဒနာ, မာန, သက္ကာရ စသော ကြိယာကိုထောက်၍ ဖြစ်သောကြောင့် ဥပနိဓာပညတ် မည်၏။ ဒါန, သီလ, ဘာဝနာမယ, အာမိသပူဇာ, ဓမ္မပူဇာ အပေါင်းကို သိစေသောကြောင့် သမူဟပညတ် မည်၏။ ဓမ္မာနုဓမ္မ ပဋိပတ်အစဉ် ပဌမဈော စသော အစဉ်ကို သိစေသောကြောင့် သန္တတိ ပညတ်မည်၏။ ပူဇော်ခြင်းကြိယာ စိတ္တုပ္ပါဒ် တည်းဟူသော အနက်ကို သိစေသောကြောင့် အတ္ထပညတ်မည်၏။ အာမိသ, ဓမ္မပူဇာ ဟုကောင်းစွာ မှတ်အပ် သော သင်္ကေတကို သိစေသောကြောင့် သင်္ကေတပညတ် မည်၏။ မရွတ်မီ စိတ်၌ မှတ်ထားသော ပူဇာသဒ္ဒါသည် မနသာဝဝတ္ထာပိတဂမ္ဘီရ သဒ္ဒပညတ် မည်၏။ စိတ်၌ မှတ်ထားသည့်အတိုင်း ရွတ်ဆိုသောအခါ ဝစီဘေဒ ဒေသနာဂမ္ဘီရသဒ္ဒပညတ် မည်၏။ ထိုသဒ္ဒပညတ်ကို ကြားကုန်သော သုဏန္တတို့၏သန္တာန်၌ ဖြစ်သော သုဒ္ဓမနောဒွါရဝီထိ၏ အာရုံ ဖြစ်သော ပူဇာ–သဒ္ဒါသည် နာမပညတ် မည်၏။ တနည်းလည်း– ပူဇာ– ဟူသော သဒ္ဒါသည် ပဒပညတ်, သျာဒျန္တပဒပညတ်, ပဌမာသျာဒျန္တပဒပညတ် မည်၏။ ထိုသဒ္ဒါ၏အနက်သည် ကာရကပညတ်, ကတ္တုကာရကပညတ်, ဝုတ္တကတ္တုကာရကပညတ် မည်၏။ ထို ပူဇာကို အာမိသပူဇာ, ဓမ္မပူဇာ, အန္နပူဇာ, ပါနပူဇာ စသော များသော အပြားအားဖြင့် ပညတ် အပ်၏။ ဤသို့ စသည်ဖြင့် “ပူဇာ စ ပူဇနီယာနံ” ဟူသော သုတ်ပုဒ် ဒေသနာသည် အပြားအားဖြင့် သိစေခြင်းကြောင့် **ပညတ္တိဟာရ** မည်၏။

ပညတ္တိဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၁၂-ဩတရဏဟာရ

"ယော စ ပဋိစ္စုပ္ပါဒေါ၊
ဣန္ဒြိယခန္ဓာ စ ဓာတုအာယတနာ။
ဧတေဟိ ဩတရတိ ယော၊
ဩတရဏော နာမ သော ဟာရော။

ဟူသော ပါဠိတော်နှင့်အညီ- သုတ္တာဂတဓမ္မတို့ကို ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ ချသွင်းခြင်း လက္ခဏာရှိသော ဟာရသည် "ဩတာရိယန္တိ အနုပဝေသိယန္တိ ဧတေန ဧတ္ထ ဝါ သုတ္တာဂတာ ဓမ္မာပဋိစ္စသမုပ္ပါဒါဒီသူတိ ဩတရဏော" ဟူသော ဝစနတ္ထကြောင့် **ဩတရဏဟာရ** မည်၏။

**ချသွင်းဟန်ကား**- ပူဇာပုဒ်-၏အရ ပူဇော်သော အခြင်းအရာအားဖြင့် ဖြစ်သော ဝိညတ်စိတ္တုပ္ပါဒ် ခန္ဓာငါးပါး၊ ပူဇနိယာနံ-ပုဒ်၏အရ ပူဇော်အပ်သော ပုဂ္ဂိုလ်တို့၏ ခန္ဓာငါးပါးတို့ကို ရသင့်သည် အားလျော်စွာ ခန္ဓာဖွဲ့စည်းခြင်းသည် ခန္ဓောတရဏ မည်၏။ အာယတန စသည် ဖွဲ့စည်းခြင်းသည် အာယတနောတရဏ၊ ဓာတောတရဏ၊ ဣန္ဒြိယောတရဏ မည်၏။ ထိုခန္ဓာငါးပါး၏အကြောင်းကား အဝိဇ္ဇာ တည်း။ အဝိဇ္ဇာဖြစ်လျှင် သင်္ခါရ, ဝိညာဏ်, နာမ်ရုပ် စသည်ဖြစ်၏။ အရဟတ္တမဂ်ဖြင့် ထို အဝိဇ္ဇာအကြွင်းမဲ့ချုပ်သည် ရှိသော် သင်္ခါရ စသည် ချုပ်၏။ ဤသို့ ပဋိစ္စ သမုပ္ပါဒ်၌ ချသွင်းခြင်းသည် ပဋိစ္စသမုပ္ပါဒေါတရဏ မည်၏။ ဝိမောက္ခ၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၌လည်း ချသွင်း အပ်၏။

ဤသို့ စသည်ဖြင့် "ပူဇာ စ ပူဇနီယာနံ" ဟူသော သုတ်ပုဒ်ဒေသနာသည် ခန္ဓာ စသည်၌ ချသွင်းခြင်းကြောင့် **ဩတရဏဟာရ** မည်၏။

ဩတရဏဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၁၃–သောဓနဟာရ

"ဝိဿဇ္ဇိတမှိ ပဥှေ၊
ဂါထာယံ ပုစ္ဆိတာယမာရဗ္ဘ။
သုဒ္ဓါသုဒ္ဓပရိက္ခာ–
ဟာရော သော သောဓနော နာမ။" –

ဟူသော ပါဠိတော်နှင့်အညီ– သုတ်၌လာသော ပဒ, ပဒတ္ထ, ပုစ္ဆာ, ဝိဿဇ္ဇနာ, အာရမ္ဘ ငါးပါးတို့ကို သုတ်သင်ခြင်း လက္ခဏာရှိသော ဟာရသည် "သောဓိယန္တိ သမာဓိယန္တိ ဧတေန ဧတ္ထ ဝါတိ သောဓနော" ဟူသော ဝစနတ္ထကြောင့် **သောဓနဟာရ** မည်၏။

ထိုငါးပါးတို့တွင် မပြီး မဆုံးသေးသော ဝါကျ၌ ပုဒ်, အနက်, ပုစ္ဆာ, ဝိဿဇ္ဇနာတို့သည် အာရမ္ဘသုဒ္ဓိ မမည်ကုန်၊ ပဒသုဒ္ဓိ စသည်သာ မည်ကုန်၏။ အားထုတ်၍ပြီးပြီးသော ဝါကျ၌ အဆုံးပတနပုဒ်သည်ကား ပဒသုဒ္ဓိ စသည်လည်း မည်၏၊ အာရမ္ဘသုဒ္ဓိလည်း မည်၏။ ထိုကြောင့် "ပူဇာ စ ပူဇနီယာနံ" ဟူသော ဝါကျကို "ပူဇနီယာနံ ပူဇာ" ဟုအဖြောင့် ယောဇနာ၍ ပူဇနီယာနံ-ဟူသောပုဒ်သည် ပဒသုဒ္ဓိသာ ဖြစ်၏။ အာရမ္ဘသုဒ္ဓိ မဖြစ်သေး။ ထိုပုဒ်၏ ကံအနက်, သမ္ပဒါန်အနက်လည်း ပဒတ္ထသုဒ္ဓိသာ ဖြစ်၏၊ အာရမ္ဘသုဒ္ဓိ မဖြစ်သေး။ ပူဇာ–ပုဒ်သည်ကား ပဒသုဒ္ဓိ, အာရမ္ဘသုဒ္ဓိ နှစ်ပါး ဖြစ်၏။ ထိုပုဒ်၏အနက်လည်း ပဒတ္ထသုဒ္ဓိ, အာရမ္ဘသုဒ္ဓိ နှစ်ပါး ဖြစ်၏။

"ပူဇာ စ ပူဇနီယာနန္တိ ကိမတ္ထမိဒမုစ္စတေ၊
ပူဇာရဟာနံ ပူဇာမင်္ဂလံ ကတွာ သဗ္ဗဒုက္ခနိဿရဏတ္ထ
မိဒမုစ္စတေ။" –

ဟု ပုစ္ဆာ, ဝိဿဇ္ဇနာကို ထုတ်အပ်၏။ ထို ပုစ္ဆာ, ဝိဿဇ္ဇနာ၌ ရှေးရှေးပုဒ် **တို့သည်** ပုစ္ဆာသုဒ္ဓိ, ဝိဿဇ္ဇနာသုဒ္ဓိသာ ဖြစ်ကုန်၏၊ အာရမ္ဘသုဒ္ဓိ မဖြစ်ကုန်။

http://www.dhammadownload.com



ဥစ္စတေ-ပုဒ်သည်လည်း ပုစ္ဆာသုဒ္ဓိ, ဝိသဇ္ဇနာသုဒ္ဓိလည်း ဖြစ်၏။ အာရမ္ဘသုဒ္ဓိလည်း ဖြစ်၏။

ဤသို့ စသည်ဖြင့် "ပုစ္ဆာ စ ပုစ္ဆိယာနံ" ဟူသော သုတ်ပုဒ်ဒေသနာသည် ပဒ, ပဒတ္ထ, ပုစ္ဆာ, ဝိသဇ္ဇနာ, အာရမ္ဘ ငါးပါးတို့ကို သုတ်သင်ခြင်းကြောင့် **သောဓနဟာရ** မည်၏။

သောဓနဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၁၄-အဓိဋ္ဌာနဟာရ

"ဧကတ္တတာယ ဓမ္မာ၊
ယေပိ စ ဝေမတ္တတာယ နိဒ္ဒိဋ္ဌာ။
တေန ဝိကပ္ပယိတဗ္ဗာ၊
ဧသော ဟာရော အဓိဋ္ဌာနော။"

ဟူသော ပါဠိတော်နှင့်အညီ- သုတ္တာဂတဓမ္မတို့ကို သာမည, ဝိသေသအားဖြင့် ထားခြင်း ထုတ်ဆောင်ခြင်း လက္ခဏာရှိသော ဟာရသည် "အဓိဋ္ဌိယန္တိ အနုပဝတ္တိယန္တိ ဧတေန ဧတ္ထ ဝါ သာမညဝိသေသဘူတာ ဓမ္မာ ဝိနာ ဝိကပ္ပေနာတိ အဓိဋ္ဌာနော" ဟူသော ဝစနတ္ထကြောင့် အဓိဋ္ဌာနဟာရ မည်၏။

ထုတ်ဆောင်ဟန်ကား- ပုစ္ဆာ-သဒ္ဒါသည် "သံပ္ပတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ" ဟူသော သာမညအားဖြင့် ဥတုဇသဒ္ဒါနှင့် ဆက်ဆံသောကြောင့် ဧကတ္တ မည်၏။ စိတ္တဇအဖြစ်တည်း ဟူသော ဝိသေသအားဖြင့် ဥတုဇသဒ္ဒါမှ ထူးသောကြောင့် ဝေမတ္တ မည်၏။ ထိုစိတ္တဇအဖြစ်သည်လည်း မိလက္ခုသဒ္ဒါနှင့် ဆက်ဆံသောကြောင့် ဧကတ္တ မည်၏။ အရိယ-သဒ္ဒါအဖြစ်သည် ဝေမတ္တ မည်၏။ ထိုသဒ္ဒါသည် ပုဒ်-ဟူသော သာမညအားဖြင့် ဧကတ္တ မည်၏၊ သျာဒျန္တအဖြစ်သည် ဝေမတ္တ မည်၏။ ထိုသည်လည်း ဧကတ္တ မည်၏၊ ပဌမသျာဒျန္တ အဖြစ်သည်

http://www.dhammadownload.com



ဝေမတ္တ မည်၏။ ဤသို့ စသည်ဖြင့် ပဒဝိစယကို မှီ၍ ထုတ်အပ်၏။ ထို ပူဇာ-ပုဒ်၏အနက်ဖြစ်သော ပူဇော်ခြင်းကိုရိယာသည် ဧကတ္တ မည်၏၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းသည် ဝေမတ္တ မည်၏။ ထိုသည်လည်း ဧကတ္တ မည်၏၊ အာမိသပူဇာ, ဓမ္မပူဇာ အထူးသည် ဝေမတ္တ မည်၏။ ထိုသည်လည်း ဧကတ္တ မည်၏၊ အနုပူဇာ, ပါန ပူဇာ စသော အထူးသည် ဝေမတ္တ မည်၏။

ဤသို့ စသည်ဖြင့် " ပူဇာ စ ပူဇနီယာနံ " ဟူသော သုတ်ပုဒ် ဒေသနာသည် သာမည, ဝိသေသ အားဖြင့် ထားခြင်း ထုတ်ဆောင်ခြင်း ကြောင့် **အဓိဋ္ဌာနဟာရ** မည်၏။

အဓိဋ္ဌာနဟာရပြီး၏။

◆◆◆◆◆◆◆◆◆◆◆

## ၁၅-ပရိက္ခာရဟာရ

" ယေ ဓမ္မာ ယံ ဓမ္မံ၊
ဇနယန္တိ ပစ္စယာ ပရမ္ပရတော။
ဟေတုမဝကေ္ခ ဿယိတွာ၊
ဒသော ဟာရော ပရိက္ခာရော။ " -

ဟူသော ပါဠိတော်နှင့်အညီ- သုတ္တာဂတဓမ္မတို့၏ သဘာဂ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏ ဖြစ်သော ဟေတုအကြောင်း၊ ဝိသဘာဂ, ဗာဟိရ, ဥပတ္ထမ္ဘက, သာဓာရဏ ဖြစ်သော ပစ္စယအကြောင်း နှစ်ပါးတို့ကို ပြောကြားဖွင့်ပြခြင်း လက္ခဏာ ရှိသော ဟာရသည် "ပရိကရောတိ အဘိသင်္ခရောတိ ဖလန္တိ ပရိက္ခာရော၊ ဟေတုပစ္စယော စ၊ တံ အာစိက္ခတီတိ ပရိက္ခာရော" ဟူသော ဝစနတ္ထကြောင့် **ပရိက္ခာရဟာရ** မည်၏။

**ပြောကြားဖွင့်ပြဟန်ကား-** ဆီမီးထွန်းရာ၌ မီးသည် မီးလျှံနှင့် သဘာဂ။ စက္ခုဝိညာဏ်ဖြစ်ရာ၌ ဝတ္ထု, မနသိကာရတို့သည် အဇ္ဈတ္တိက။

http://www.dhammadownload.com



ပဋိသန္ဓေနေရာ၌ ကံသည် ဇနက။ သစ်ပင်ပေါက်ရာ၌ မျိုးစေ့သည် အသာဓာရဏ အကြောင်းဖြစ်၍ ဟေတုအကြောင်း မည်၏။ ကြွင်းသော ဆီ စသော, ရုပါရုံ စသော, အဝိဇ္ဇာ စသော, ပထဝီရသ စသော အကြောင်းတို့သည် အစဉ်အတိုင်း ဝိသဘာဂ, ဗာဟိရ ဥပတ္ထမ္ဘက, သာဓာရဏ အကြောင်းဖြစ်၍ ပစ္စယအကြောင်း မည်ကုန်၏။

ထို့အတူ- "ပူဇာ စ ပူဇနီယာနံ" ဟူရာ၌ ပူဇာ-ပုဒ်၏အရ ပူဇော်ခြင်းကြိယာ စိတ္တုပ္ပါဒ်၏ အကြောင်းကား- "တိဏ္ဏံ ဘိက္ခဝေ သမုခိဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ" အစရှိသော ပါဠ်နှင့်အညီ- သဒ္ဓါ, ဒေယျဓမ္မ, ဒက္ခိဏေယျပုဂ္ဂိုလ်, ယောနိသောမနသိကာရ, မေတ္တာ, ပညာ, ဝတ္ထု, ဒွါရ, အာရုံ, သပ္ပုရိသူပနိဿယ, ပါရမီသမ္ဘာရ စသည်တည်း။ ထိုတွင် သဒ္ဓါသည် သဘာဂ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏ ဖြစ်၍ ဟေတု မည်၏။ ဒေယျဓမ္မ ဒက္ခိဏေယျတို့သည် ဝိသဘာဂ, ဗာဟိရ, ဥပတ္ထမ္ဘက, သာဓာရဏ ဖြစ်၍ ပစ္စယ မည်၏။ ယောနိသောမနသိကာရသည် သဘာဂ, အဇ္ဈတ္တိက, ဇနကဖြစ်၍ ဟေတု မည်၏။ အလုံးစုံသော ကုသိုလ်နှင့် ဆက်ဆံသောကြောင့် သာဓာရဏ ဖြစ်၍ ပစ္စယလည်း မည်၏။

ဝိညတ်ခွေးကို ပူဇော်ခြင်းကြိယာ ယူသည်ရှိသော်- မဟာဘုတ်သည် သဘာဂ, အဇ္ဈတ္တိက ဇနက ဖြစ်၍ ဟေတု မည်၏။ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာစသော အကျိုးတပါးနှင့်ဆက်ဆံသောကြောင့် ပစ္စယလည်း မည်၏။

ဤသို့ စသည်ဖြင့် "ပူဇာ စ ပူဇနီယာနံ" ဟူသော သုတ်ပုဒ်ဒေသနာသည် ဟေတု, ပစ္စယအကြောင်းနှစ်ပါးကို ပြောကြားဖွင့်ပြခြင်းကြောင့် **ပရိက္ခာရဟာရ** မည်၏။

ပရိက္ခာရဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၁၆–သမာရောပနဟာရ

"ယေ ဓမ္မာ ယံ မူလာ၊
ယေ စေကတ္ထာ ပကာသိတာ မုနိနာ။
တေ သမာရောပယိတဗ္ဗာ၊
ဧသ သမာရောပနော ဟာရော။" –

ဟူသော ပါဠိတော်နှင့်အညီ– သုတ္တာဂတဓမ္မတို့ကို ပဒဋ္ဌာန်, ဝေဝုစ်, ဘာဝနာ,ပဟာန် လေးပါးတို့ဖြင့် ကောင်းစွာ တင်ပြစီရင်ခြင်း လက္ခဏာရှိသော ဟာရသည် "သမာရောပိယန္တိ ဧတေန ဧတ္ထ ဝါ ပဒဋ္ဌာနာဒိမုခေန ဓမ္မာတိ သမာရောပနော" ဟူသော ဝစနတ္ထကြောင့် **သမာရော ပနဟာရ** မည်၏။

ထိုလေးပါးတို့တွင် ပူဇာ–ပုဒ်၏အရ အာမိသပူဇာ, ဓမ္မပူဇာ၊ စိတ္တုပ္ပါဒ်၏ ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသော အဆင့်ဆင့်သော ပဒဋ္ဌာန်ကို တင်ပြ စီရင်ခြင်းသည် **ပဒဋ္ဌာန သမာရောပန** မည်၏။

"ပါဋ္ဌာနုသာရိသမ္ဗန္ဓော၊
သမ္ဗန္ဓော ဥပမာယ စ။
ဟေတုနာပိ စ သမ္ဗန္ဓော၊
ဥပမာဟေတုနာပိ စ။
သမ္ဗန္ဓသောဒါ ဝိညေယျာ၊
စတ္တာရောပိ ဝိဘာဝိနာ။" –

ဟူသော ဂါထာနှင့်အညီ– ဝေဝစနဟာရ၌ ပြခဲ့ပြီးသော အထူးထူးသော ဝေဝုစ်ပရိယာယ် သဒ္ဒါလှယ်တို့ဖြင့် အနက်သမ္ဗန်တင်ပြခြင်းသည် **ဝေဝစန သမာရောပန** မည်၏။

http://www.dhammadownload.com



ပူဇာ–ပုဒ်၏အရ ပူဇော်ခြင်းဖြင့်ဖြစ်သော ဝေါဒါနပက္ခ တရားတို့ကို တင်ပြခြင်းသည် **ဘာဝနာသမာရောပန** မည်၏။

ထို ပူဇော်ခြင်းဖြင့် ပယ်အပ်သော သံကိလေသတရားတို့ကို တင်ပြခြင်းသည် **ပဟာနသမာရောပန** မည်၏။

**တနည်းလည်း**– ပူဇော်ခြင်းကိုပြုသော အမျိုးကောင်းသားတို့၏ သန္တာန်၌ သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ်၊ သမ္မပ္ပဓာန်၊ ဝီရိယိဒ္ဓိပ္ပါဒ်၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယသမ္ဗောဇ္ဈင်၊ သမ္မာဝါယာမမဂ္ဂင် စသော ဗောဓိပက္ခိယ တရားတို့သည်၎င်း, ထိုမှတပါး ဖြူစင်သော ဝေါဒါနပက္ခတရား ဟူသမျှ တို့သည်၎င်း ပွားများကုန်၏။ ဤကား **ဘာဝနာသမာရောပနတည်း**။ ထို သဒ္ဓါ, ဝီရိယ စသော ဝေါဒါနပက္ခတရားတို့၏ ပွားများခြင်းကြောင့် ထိုတရားတို့၏ ဆန့်ကျင်ဖက်ဖြစ်သော အသဒ္ဓိယ၊ ကောသဇ္ဇ၊ ပမာဒ၊ ကာမစ္ဆန္ဒ၊ မောဟ တရားတို့သည်၎င်း, ထိုမှတပါး ညစ်ညူးသော သံကိလေသပက္ခတရား ဟူသမျှတို့သည်၎င်း ပယ်ရှား ပျောက်ကင်း ကုန်၏။ဤကား **ပဟာနသမာရောပန** တည်း။

ဤသို့ စသည်ဖြင့် " ပူဇာ စ ပူဇနီယာနံ " ဟူသော သုတ်ပုဒ် ဒေသနာသည် ပဒဋ္ဌာန်, ဝေဝစ်, ဘာဝနာ, ပဟာန် လေးပါးတို့ဖြင့် တင်ပြ စီရင်ခြင်းကြောင့် **သမာရောပနဟာရ** မည်၏။

သမာရောပနဟာရ ပြီး၏။

သောဠသဟာရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com


## ၂-နယကဏ္ဍ

### ၁-နန္ဒိယာဝဋ္ဋနည်း

"သောဠသဟာရော ပဌမံ၊
ဒိသလောစနေန ဒိသာ ဝိလောကေတွာ။
သံခိပိယ အင်္ကုသေန ဟိ၊
နယေဟိ တီဟိ နိဒ္ဒိသေ သုတ္တံ-"

ဟူသော ပါဠိတော်နှင့်အညီ- ဟာရတို့ကို ပြသည်၏ အခြားမဲ့၌ နည်းတို့ကို ပြအပ်ကုန်၏။

အဘယ်ကြောင့် "နည်း" မည်သနည်း-

"နယတိ သံကိလေသဝေါဒါနာနိ ဝိဘာဂတော ဉာပေတီတိ နယော" ဟူသော ဝစနတ္ထနှင့်အညီ- ညစ်ညူး ဖြူစင်သော အကုသိုလ်, ကုသိုလ်တရားတို့ကို အဖို့အစုအားဖြင့် ခွဲခြား ဆောင်၍ သိစေတတ်သော ကြောင့်၄င်း,

"နီယန္တိ ဝါ တာနိ ဧတေန ဧတ္ထ ဝါတိ နယော" ဟူသော ဝစနတ္ထနှင့်အညီ ထိုသံကိလေသ, ဝေါဒါန တရားတို့ကို သိကြောင်း သိရာဖြစ်သောကြောင့် ၄င်း,

"နီယတိ ဥပနီယတိ ဓမ္မကထိကေဟီတိ ဝါ နယော" ဟူသော ဝစနတ္ထနှင့်အညီ- သုတ်၏ အနက်ကို ဆောင်ခြင်း၌ ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် သိအပ် ဆောင်အပ်သောကြောင့်၄င်း,

"နယော ဝိယာတိ ဝါ နယော" ဟူသော ဝစနတ္ထနှင့်အညီ-

"ဧကတ္တနယော နာနတ္တ-
မဗျာပါရနယောပိ စ။
ဧဝံဓမ္မတာ နယောတိ၊
ဓာတုဓာတ္တနယာတြ စ။

http://www.dhammadownload.com



သန္တာနသဿာနုပဿနေဒါ၊
နာနာဘာဝေါ နိရီဟတာ။
ယထာ ဟေတုသမုပ္ပန္န–
န္ဆွေကတ္တာဒိ ယထာက္ကမံ–”

ဟူ၍လာသော ဧကတ္တ, နာနတ္တ, အဗျာပါရ, ဧဝံဓမ္မတာ နည်းလေးပါးတို့သည် ဣတ္ထိ, ပုရိသ စသော သမ္မုတိသစ္စာ၊ ပထဝီ, ဖဿ စသော ပရမတ္ထသစ္စာတို့ကို မရောမယှက် သိသည်ရှိသော် သစ္စာလေးပါးကို သိခြင်းငှာ ဖြစ်ကုန်သကဲ့သို့၊ ကုသိုလ်, အကုသိုလ်တရားတို့ကို ဝေဘန်၍ ပြသဖြင့် သုတ္တတ္ထကို မဖောက်မပြန် သိစေလျက် ဝေနေယျတို့၏ သစ္စာလေးပါးကို သိခြင်းငှာ ဖြစ်၍ ဧကတ္တစသော နည်းနှင့် တူသောကြောင့်ငှင်း "နည်း" မည်၏။

ထို နည်းသည် ဆိုအပ်ခဲ့ပြီးသော သာမညလက္ခဏာအားဖြင့် တပါးသာတည်း။ ဝိသေသလက္ခဏာကို စွဲ၍ ခွဲသည်ရှိသော်ကား–

“ ပဌမော နန္ဒိယာဝတ္တော၊
ဒုတိယော စ တိပုက္ခလော။
သီဟဝိက္ကီဠိတော နာမ၊
တတိယော နယလဉ္ဆကော။

ဒိသာလောစန မာဟံသု၊
စတုတ္ထံ နယမုတ္တမံ။
ပဉ္စမော အင်္ကုသော နာမ၊
သဗ္ဗေ ပဉ္စနယာ ဂတာ။”

ဟူသော ပါဠိတော်နှင့်အညီ – ငါးပါးအပြားရှိ၏။ ထိုတွင် “ နန္ဒိယာ ဝတ္တဿ ဝိယ အာဝတ္တော ယဿာတိ နန္ဒိယာဝတ္တော၊ နန္ဒိယာ ဝါ တဏှာယ ပမောဒဿ ဝါ အာဝတ္တော ဧတ္ထာတိ နန္ဒိယာဝတ္တော ” ဟူသော ဝစနတ္ထနှင့်

http://www.dhammadownload.com



အညီ– ဓလပ်ပန်းသည် အစိတ်ပွင့်ချပ်တို့ဖြင့် ရစ်ပတ်၍ လည်သကဲ့သို့၊ အစိတ်ဖြစ်သော တဏှာ, အဝိဇ္ဇာ, သမထ, ဝိပဿနာတို့ဖြင့် သံကိလေသပက္ခ, ဝေါဒါနပက္ခမွေတို့ကို ချပ်စပ် ရစ်ပတ်၍ လည်ခြင်းရှိသောကြောင့်၄င်း၊ နန္ဒီ မည်သောတဏှာ, နန္ဒီမည်သော ပီတိပါမောဇ္ဇတို့၏ လည်ခြင်း ရှိသောကြောင့်၄င်း **နန္ဒိယာဝဋ္ဋနည်း** မည်၏။

ထို နည်းသည်–

"တဏှဉ္စ အဝိဇ္ဇဉ္စ၊
သမထေန ဝိပဿနာယ ယော နေတိ။
သစ္စေဟိ ယောဇယိတွာ၊
အယံ နယော နန္ဒိယာဝဋ္ဋော–"

ဟူသော ပါဠိတော်နှင့်အညီ– တဏှာ, အဝိဇ္ဇာတို့ဖြင့် သံကိလေသပက္ခ ဖြစ်သော သုတ်၏အနက်ကို သမထ, ဝိပဿနာတို့ဖြင့် ဝေါဒါနပက္ခ ဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါးနှင့် ယှဉ်၍ ဆောင်ခြင်း လက္ခဏာ ရှိ၏။

**ဆောင်ပုံကား**– "ပုဗ္ဗာ စ ပုဗ္ဗနိယာနံ "ဟူရာ၌ ပုဗ္ဗာ–ပုဒ်၏ အရ အာမိသပုဗ္ဗာ, ဓမ္မပုဗ္ဗာသည် သခ်ီရတည်း။ ထိုကို ယူသဖြင့် အကြောင်း ဖြစ်သော အဝိဇ္ဇာကိုလည်း ယူအပ်၏။ ထိုကိုယူသဖြင့် ထိုနှင့် သမ္ပယုတ် ဖြစ်သော တဏှာကိုလည်း ယူအပ်၏။ ထို အဝိဇ္ဇာ, တဏှာ ဟူသောမူလ ပဒကို ယူသဖြင့် တပွဲက္ခိက အကုသိုလ် ဟူသမျှကိုလည်း ယူအပ်၏။ ပုဗ္ဗာ–ပုဒ်၏ အရတွင် ပါသော သမာဓိသည် သမထမည်၏။ ပညာသည် ဝိပဿနာ မည်၏။ ထိုသမထ, ဝိပဿနာ ဟူသော မူလပဒကို ယူသဖြင့် တပွဲက္ခိက ကုသိုလ်ဟူသမျှကို ယူအပ်၏။ ထိုတရားအပေါင်းတို့တွင် တဏှာ အဝိဇ္ဇာသည်၄င်း, ကြွင်းသော ကိလေသာ အကုသိုလ်, သာသဝ ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ် တို့သည်၄င်း သမုဒယသစ္စာ မည်၏။ ကြွင်းသော တေဘူမိက တရား အပေါင်းသည် ဒုက္ခသစ္စာ မည်၏။ သမထ, ဝိပဿနာ

http://www.dhammadownload.com



သည် မဂ္ဂသစ္စာ မည်၏။ ထို မဂ္ဂသစ္စာဖြင့် ရောက်အပ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ ထိုတရားအပေါင်းတို့တွင် သံကိလေသပက္ခ၌ တဏှာသည် ပဌမဒိသာ မည်၏။ အဝိဇ္ဇာသည် ဒုတိယဒိသာ မည်၏။ ဝေါဒါန ပက္ခ၌ သမထသည် ပဌမဒိသာ မည်၏။ ဝိပဿနာသည် ဒုတိယ ဒိသာ မည်၏။

ဤ နန္ဒိယာဝတ္တနည်း၌ တဏှာ, အဝိဇ္ဇာ, သမထ, ဝိပဿနာ ဟူသော မူလပဒလေးပါး၊ တဏှာစရိတ, ဒိဋ္ဌိစရိတ ဟူသော ပုဂ္ဂိုလ် နှစ်ပါး တို့ကို ရအပ်ကုန်၏။

ထိုတွင် တဏှာစရိတပုဂ္ဂိုလ်သည် ဤ သာသနာတော်၌ ရဟန်း ပြုသည်ရှိသော် ဒုက္ခပဋိပဒါဖြင့် ပဌမဒိသာ ဖြစ်သော သမထကို အမှီပြု၍ ပဌမဒိသာ တဏှာ ဟူသော ဝဋ္ဋမူလလျှင် အရင်းရှိသော တဏှာပက္ခိက အကုသိုလ်ဓမ္မကို စွန့်လျက် ဝဋ်မှထွက်၍ အနာဂါမိမဂ်ဖိုလ်သို့ ရောက်ခြင်း ကြောင့် သမထ ဟူသော ပဌမဒိသာ၏ အဆုံးဖြစ်သော ရာဂဝိရာဂါ စေတောဝိမုတ္တိသို့ ရောက်၏။

ဒိဋ္ဌိစရိတပုဂ္ဂိုလ်သည် ဤသာသနာတော်၌ ရဟန်းပြုသည်ရှိသော် သုခပဋိပဒါဖြင့် ဒုတိယဒိသာဖြစ်သော ဝိပဿနာကို အမှီပြု၍ ဒုတိယဒိသာ အဝိဇ္ဇာ ဟူသော ဝဋ္ဋမူလလျှင် အရင်းရှိသော အဝိဇ္ဇာပက္ခိက အကုသိုလ်ဓမ္မကို စွန့်လျက် ဝဋ်မှထွက်၍ အရဟတ္တမဂ်ဖိုလ်သို့ ရောက်ခြင်းကြောင့် ဝိပဿ နာ ဟူသော ဒုတိယဒိသာ၏ အဆုံးဖြစ်သော အဝိဇ္ဇာဝိရာဂါ ပညာဝိမုတ္တိ သို့ ရောက်၏။

ဤသို့ စသည်ဖြင့် "ပုဗ္ဗာ စ ပုဗ္ဗနိယာနံ" ဟူသော သုတ်ပုဒ် ဒေ သနာသည် တဏှာ, အဝိဇ္ဇာ, သမထ, ဝိပဿနာ ဟူသော မူလပဒ လေးပါး တို့ဖြင့် သံကိလေသပက္ခ, ဝေါဒါနပက္ခဓမ္မ တို့ကို သစ္စာလေးပါး နှင့်

http://www.dhammadownload.com



ယှဉ်၍ တဏှာစရိတ, ဒိဋ္ဌိစရိတ ပုဂ္ဂိုလ်နှစ်ပါး၏ အစွမ်းဖြင့် နယဘူမိကို စီရင်ဖွင့်ပြခြင်း လက္ခဏာ ရှိ၏။

**နန္ဒိယာဝဋ္ဋနည်း ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## ၂-တိပုက္ခလနည်း

"တီဟိ အဝယဝေဟိ ပုက္ခလော သောဘနောတိ တိပုက္ခလော" **ဟူသော ဝစနတ္ထနှင့်အညီ–** သံကိလေသပက္ခ၌ လောဘဟိတ် စသော အစိတ်သုံးပါး၊ ဝေါဒါနပက္ခ၌ အလောဘဟိတ် စသော အစိတ်သုံးပါးတို့ဖြင့် တင့်တယ်သောနည်းသည် **တိပုက္ခလနည်း** မည်၏။

ထို နည်းသည်–

"ယော အကုသလေ သမူလေဟိ၊
နေတိ ကုသလေ စ ကုသလမူလေဟိ။
ဘူတံ တထံ အဝိတထံ၊
တိပုက္ခလံ တံ နယံ အာဟု။"

**ဟူသော ပါဠိတော်နှင့်အညီ– အကုသလမူ သုံးပါးတို့ဖြင့် သံကိလေသ** ပက္ခဖြစ်သော သုတ်၏အနက်ကို၊ ကုသလမူ သုံးပါးတို့ဖြင့် ဝေါဒါနပက္ခ ဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါးနှင့်ယှဉ်၍ ဆောင်ခြင်း လက္ခဏာ ရှိ၏။

**ဆောင်ပုံဟန်ကား–** နန္ဒိယာဝဋ္ဋနည်း၌ သစ္စာဖွဲ့၍ ပြဆိုအပ်ခဲ့ပြီး သော တရားအပေါင်းတို့တွင် သံကိလေသပက္ခ၌ လောဘ, ဒေါသ, မောဟ ဟူသော အကုသလမူ သုံးပါးတို့သည် ပဌမ, ဒုတိယ, တတိယဒိသာ မည် ကုန်၏။ ဝေါဒါနပက္ခ၌ အလောဘ, အဒေါသ, အမောဟ ဟူသော ကုသလ မူ သုံးပါးတို့သည်လည်း ပဌမ, ဒုတိယ, တတိယဒိသာ မည်ကုန်၏။

http://www.dhammadownload.com



ဤ တိပုက္ခလနည်း၌ အကုသလမူ သုံးပါး, ကုသလမူ သုံးပါး အားဖြင့် မူလပဒ ခြောက်ပါး။ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျအားဖြင့် ပုဂ္ဂိုလ် သုံးပါးတို့ကို ရအပ်ကုန်၏။ ထိုတွင် ဒိဋ္ဌိစရိတ ဥဒတ္တ ပုဂ္ဂိုလ်သည် ဥဂ္ဃဋိတညူ မည်၏။ ဒိဋ္ဌိစရိတ, မန္ဒပုဂ္ဂိုလ်, တဏှာစရိတ ဥဒတ္တပုဂ္ဂိုလ်တို့သည် ဝိပဉ္စိတညူ မည်၏။ တဏှာစရိတ မန္ဒပုဂ္ဂိုလ်သည် နေယျပုဂ္ဂိုလ် မည်၏။

ထို ပုဂ္ဂိုလ်တို့သည် ဤသာသနာတော်၌ ရဟန်းပြုသည် ရှိသော် ဝေါဒါနပက္ခ၌ ပဌမဒိသာဖြစ်သော အလောဘကို အမှီပြု၍ သံကိလေသပက္ခ၌ ပဌမဒိသာဖြစ်သော လောဘ, တပ္ပက္ခိက အကုသိုလ် ဓမ္မတို့ကို စွန့်၍ ပဌမဒိသာ၏ အဆုံးဖြစ်သော အပ္ပဏိဟိတဝိမောက္ခဖြင့် ဝဋ်မှ ထွက်မြောက် ကုန်၏။ ထို့အတူ အဒေါသ, အမောဟတို့ကို အမှီပြု၍ ဒေါသ, မောဟ, တပ္ပက္ခိက အကုသိုလ်ဓမ္မတို့ကို စွန့်၍ အစဉ်အတိုင် ဒုတိယ, တတိယဒိသာ၏ အဆုံးဖြစ်သော အနိမိတ္တဝိမောက္ခ, သုညတဝိမောက္ခတို့ဖြင့် ဝဋ်မှ ထွက်မြောက်ကြကုန်၏။

ဤသို့ စသည်ဖြင့် " ပူဇာ စ ပူဇနီယာနံ " ဟူသော သုတ်ပုဒ် ဒေသနာသည် လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ ဟူသော မူလပဒ ခြောက်ပါးတို့ဖြင့် သံကိလေသပက္ခ, ဝေါဒါနပက္ခ ဖြစ်သော သုတ်၏အနက်ကို သစ္စာလေးပါးနှင့်ယှဉ်၍ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျပုဂ္ဂိုလ် သုံးယောက်တို့၏ အစွမ်းဖြင့် နယဘူမိကို စီရင် ဖွင့်ပြခြင်း လက္ခဏာ ရှိ၏။

**တိပုက္ခလနည်း ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## ၃-သီဟဝိက္ကီဠိတနည်း

" သီဟဿ ဝိက္ကီဠိတံ ဧတ္ထာတိ သီဟဝိက္ကီဠိတော " ဟူသော ဝစနတ္ထနှင့်အညီ- ခြင်္သေ့နှင့် တူတော်မူသော မြတ်စွာဘုရား၏ ဝိပလ္လာသ

http://www.dhammadownload.com



လေးပါး, တပွက္ခိကတရားတို့ကို ပြလျက် ဒေသနာ၀စိကံ ဟူသော စံပယ် ကွန့်မြူးခြင်းရှိသော နည်းသည် **သီဟဝိက္ကီဠိတနည်း** မည်၏။

ထို နည်းသည်-

"ယော နေတိ ဝိပလ္လာသေဟိ၊
သံကိလေသေန္ဒြိယေဟိ သဒ္ဓမ္မေ။
ဧတံ နယံ နယဝိဒူ၊
သီဟဝိက္ကီဠိတံ အာဟု-"

ဟူသော ပါဠိတော်နှင့်အညီ- ဝိပလ္လာသ လေးပါးတို့ဖြင့် သံကိလေသ ပက္ခဖြစ်သော သုတ်၏အနက်ကို သတိ, ဝီရိယ, သမာဓိ, ပညာ ဟူသော ဣန္ဒြေ လေးပါးတို့ဖြင့် ဝေါဒါနပက္ခဖြစ်သော သုတ်၏အနက်ကို သစ္စာလေး ပါးနှင့် ယှဉ်၍ ဆောင်ခြင်းလက္ခဏာ ရှိ၏။

**ဆောင်ဟန်ကား-** " ပုဗ္ဗာ စ ပုဗ္ဗနိယာနံ " ဟူရာ၌ ပုဗ္ဗာ ပုဒ်၏ အရ အောက်၌ပြခဲ့ပြီးသော တရားအပေါင်းတို့တွင် တဏှာဖြင့် အသုဘေ သုဘဝိပလ္လာသ, ဒုက္ခေ သုခဝိပလ္လာသ ဖြစ်၏။ အဝိဇ္ဇာဖြင့် အနိစ္စေ နိစ္စ ဝိပလ္လာသ, အနတ္တနိ အတ္တဝိပလ္လာသ ဖြစ်၏။

**တနည်းလည်း-** ဝဋ္ဋနိဿိတပုဗ္ဗာ၌ ဝိပလ္လာသ လေးပါးတို့ကိုငှင်း၊ တပွက္ခိက အကုသိုလ် ဟူသမျှတို့ကိုငှင်း ရအပ်၏။ ဝိဝဋ္ဋနိဿိတပုဗ္ဗာ၌ သတိ, သမာဓိ, ဝီရိယ, ပညာ ဟူသော ဣန္ဒြေလေးပါး၊ သတိပဋ္ဌာန်လေး ပါး တပွက္ခိက ကုသိုလ်တရားတို့ကို ရအပ်၏။ ထို တရားအပေါင်းတို့တွင် သံကိလေသပက္ခ၌ အသုဘေ သုဘဝိပလ္လာသ, ဒုက္ခေ သုခ, အနိစ္စေ နိစ္စ, အနတ္တနိ အတ္တဝိပလ္လာသ လေးပါးတို့သည် ပဌမ, ဒုတိယ, တတိယ, စတုတ္ထ ဒိသာ မည်၏။ ဝေါဒါနပက္ခ၌လည်း သတိန္ဒြေ, အသုဘေ အသုဘ သမ္မာဒဿန, ကာယာနုပဿနာသတိပဋ္ဌာန်၊ သမာဓိန္ဒြေ, ဒုက္ခေ ဒုက္ခ သမ္မာ ဒဿန, ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ဝီရိယိန္ဒြေ, အနိစ္စေ အနိစ္စ,

http://www.dhammadownload.com



သမ္မာဒဿန, စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ပညိန္ဒြေ, အနတ္တနိ အနတ္တာသမ္မာဒဿန, ဓမ္မာနုပဿနာသတိပဋ္ဌာန် လေးပါးတို့သည် အစဉ်အတိုင်း ပဌမ ဒိသာစသည် မည်ကုန်၏။ ထို ဒိသာတရားတို့တွင် ဝိပလ္လာသလေးပါး တို့သည် ဝဋ္ဋမူလ ဖြစ်၍ သမုဒယသစ္စာ မည်၏။ ထိုမှ ကြွင်းသော တေဘူမိက တရားအပေါင်း သည် ဒုက္ခသစ္စာ မည်၏။ ဣန္ဒြေလေးပါး, သမ္မာဒဿနလေးပါး, သတိပဋ္ဌာန် လေးပါးတို့သည် မဂ္ဂသစ္စာမည်၏။ ထိုဖြင့် ရောက်အပ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

ဤ သီဟဝိက္ကီဠိတနည်း၌ ဝိပလ္လာသလေးပါး, သတိပဋ္ဌာန် လေးပါး ဟူသော မူလပဒရှစ်ပါး၊ ရာဂစရိတ, ဒေါသစရိတ, ဒိဋ္ဌိစရိတမန္ဒ, ဒိဋ္ဌိစရိတ ဥဒတ္တ ဟူသော ပုဂ္ဂိုလ်လေးယောက်တို့ကို ရအပ်ကုန်၏။ ထို ပုဂ္ဂိုလ် လေးယောက်တို့သည် အစဉ်အတိုင်း ဝေါဒါနပက္ခ ဒိသာတရား လေးပါးတို့ ကို အမှီပြု၍ သံကိလေသပက္ခ ဒိသာတရား လေးပါးတို့ကို စွန့်လျက် ဒိသာ လေးပါးတို့၏ အဆုံးဖြစ်သော မဂ်ဖိုလ် လေးချက်တို့ဖြင့် ဝဋ်မှ ထွက်မြောက် ကုန်၏။

ဤသို့ စသည်ဖြင့် " ပူဇာ စ ပူဇနီယာနံ " ဟူသော သုတ်ပုဒ် ဒေသနာ သည် မူလပဒရှစ်ပါးတို့ဖြင့် သံကိလေသပက္ခ, ဝေါဒါနပက္ခ ဖြစ်သောသုတ်၏ အနက်ကို သစ္စာလေးပါးနှင့်ယှဉ်၍ ပုဂ္ဂိုလ်လေးယောက် တို့၏ အစွမ်းဖြင့် နယဘူမိကို စီရင်ဖွင့်ပြခြင်း လက္ခဏာ ရှိ၏။

**သီဟဝိက္ကီဠိတနည်း ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

## ၄-၅-ဒိသာလောစန, အင်္ကုသနည်း နှစ်ပါး

"ဝေယျာကရဏေသု ဟိ ယေ၊
ကုသလာကုသလာ တဟိံ တဟိံ ဝုတ္တာ။
မနသာ ဝေါလောကယတေ၊
တံ ဒိသာလောစနံ အာဟု။"

http://www.dhammadownload.com


ဟူသော ပါဠိတော်နှင့်အညီ– ဆိုအပ်ခဲ့ပြီးသော အတ္ထနယ သုံးပါးတို့၌ ပြထားခဲ့ပြီးသည့်အတိုင်း ကုသိုလ်, အကုသိုလ် ဖြစ်ကုန်သော ဒိသာတရား တဆယ့်ရှစ်ပါးကို စိတ်ဖြင့် ကြည့်ရှုကြောင်းဖြစ်သော နည်းသည် “ ဒိသာ အဝလောစတိ ဧတေနာတိ ဒိသာလောစနော ” ဟူသော ဝစနတ္ထကြောင့် **ဒိသာလောစနနည်း** မည်၏။

“ ဩလောကယိတွာ ဒိသာလောစနေန၊
ဥက္ခိပိယ ယံ သမာနေတိ။
သဗ္ဗေ ကုသလာကုသလေ၊
အယံ နယော အင်္ကုသောနာမ။”

ဟူသော ပါဠိတော်နှင့်အညီ– လိုအပ်သော ဝတ္ထုကို လိုရာအရပ်သို့ ချိတ်ဖြင့် ချိတ်ငင်ယူဆောင်သကဲ့သို့ ဒိသာလောစနနည်းဖြင့် ကြည့်ရှုအပ်ပြီးသော ဒိသာတရားတို့ကို ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း အတ္ထနည်း သုံးပါးတို့၌ ကောင်း စွာဆောင်ကြောင်းဖြစ်သော နည်းသည် “ အင်္ကုသော ဝိယာတိ အင်္ကုသော” ဟူသော ဝစနတ္ထကြောင့် **အင်္ကုသနည်း** မည်၏။

ဤနည်း နှစ်ပါးတို့ကို အသီးအခြား ယောဇနာခြင်း မရှိပြီ။ ရှေး အတ္ထနည်းသုံးပါးတို့ကို ယှဉ်ရာ၌ ဒိသာတရားတို့ကို စိတ်ဖြင့်ကြည့်ရှု၍ စိတ်ဖြင့် ဆောင်ယူဆွဲငင် ယှဉ်ခြင်းမျှသာ ဖြစ်၏။ ကြည့်ရှုခြင်း ဆောင်ခြင်း ဟူသော ဝေါဟာရ, ကြည့်ရှုခြင်း ဆောင်ခြင်း ဟူသော အမူအရာ ကြိယာမျှ ဖြစ်၍ ဝေါဟာရနည်း, ကမ္မနည်း ဟူ၍လည်း ဆိုအပ်၏။

**နည်းငါးပါးပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



" ဒေသနာ သင်္ခါတသာသနဿ ဝေနေယျဇ္ဈာသယာနုရူပံ
ပကာရေဟိ ဌာနံ ပဝတ္တိ သာသနပဋ္ဌာနံ။
ဣမဲ ပနဿ တဏှာဘာဝဒီပနံ သာသနပဋ္ဌာနံ။"

ဟူသည်နှင့်အညီ- ဝေနေယျဇ္ဈာသယ အားလျော်စွာ သံကိလေသဘာဂိယ စသော အပြားတို့ဖြင့် ဒေသနာ၏ ဖြစ်၍နေခြင်းကို ပြတတ်သော သံဝဏ္ဏနာဝိသေသသည် **သာသနပဋ္ဌာန** မည်၏။

" အဋ္ဌာရသ မူလပဒါ ကုဟိံ ဒဋ္ဌဗ္ဗာ၊ **သာသနပဋ္ဌာနေ**"
ဟူသော ပါဠိတော်နှင့်အညီ- ယခင်နည်းငါးပါးတို့၌ ပြဆိုအပ်ခဲ့ပြီးသော မူလပဒ တဆယ့်ရှစ်ပါး ဟူသော ဒိသာတရားတို့ကို သာသနာပဋ္ဌာန မည်သော ပိဋကတ်သုံးပုံသုတ်တို့၌ ရှာဖွေအပ် မှတ်အပ်ကုန်၏။

ထို အဋ္ဌာရသ မူလပဒတို့၏ တည်ရာ သာသနပဋ္ဌာန မည်သော သုတ်သည် ပါဠိတော်၌လာသော-

သံကိလေသဘာဂိယသုတ်၊ ဝါသနာဘာဂိယသုတ်၊ နိဗ္ဗေဓ ဘာဂိယသုတ်၊ အသေက္ခဘာဂိယသုတ်၊ သံကိလေသဝါသနာဘာဂိယ သုတ်၊ သံကိလေသနိဗ္ဗေဓဘာဂိယသုတ်၊ သံကိလေသအသေက္ခ ဘာဂိယ သုတ်၊ သံကိလေသ နိဗ္ဗေဓအသေက္ခဘာဂိယသုတ်၊ သံကိလေ သဝါသနာ နိဗ္ဗေဓဘာဂိယသုတ်၊ ဝါသနာနိဗ္ဗေဓက္ခဘာဂိယသုတ်၊ တဏှာသံကိလေ သဘာဂိယသုတ်၊ ဒိဋ္ဌိသံကိလေသဘာဂိယသုတ်၊ ဒုစ္စရိတသံကိလေ သဘာဂိယသုတ်၊ တဏှာဝေါဒါန၊ ဒိဋ္ဌိ ဝေါဒါန၊ ဒုစ္စရိတဝေါဒါနဘာဂိယ သုတ် အားဖြင့် တဆယ့်ခြောက်ပါး။

အဋ္ဌကထာ, ဋီကာတို့၌ လာသော-

သံ၊ ဝါ၊ နိ၊ အ၊ ( ဧကက လေး) သံ, ဝါ၊ သံ,နိ၊ သံ, အ၊ ဝါ, နိ၊ ဝါ,အ၊ နိ, အ၊ (ဒုကခြောက်) သံ, ဝါ, နိ၊ သံ, ဝါ, အ၊ သံ, နိ, အ၊ ဝါ, နိ,အ၊

http://www.dhammadownload.com



(တီကလေး။) သဗ္ဗာဘာဂိယသုတ်၊ အသဗ္ဗာဘာဂိယသုတ် (စတုက္ကနှစ်) အားဖြင့် တဆယ့် ခြောက်ပါး။

ပါဠိတော်၌လာသော-

လောကိယသုတ်, လောကုတ္တရသုတ်, လောကိယ လောကုတ္တရ သုတ် သုံး။ ထိုအတူ သတ္တာဓိဋ္ဌာန, ဓမ္မာဓိဋ္ဌာန သုံး။ ဉာဏ, ဉေယျ သုံး။ ဒဿန, ဘာဝနာ သုံး။ သကဝစန, ပရဝစန သုံး။ ဝိဿဇ္ဇနီယ, အဝိဿဇ္ဇနီယ သုံး။ ကမ္မဝိပါက သုံး။ ကုသလ, အကုသလ သုံး။ အနုညာတသုတ်၊ ပဋိက္ခိတ္တသုတ်၊ အနုညာတပဋိက္ခိတ္တသုတ်၊ ထဝသုတ်အားဖြင့် နှစ်ဆယ့် ရှစ်ပါးအပြားရှိ၏။

ထိုတွင် အကုသိုလ်ကို ဝေဘန်ရာ-

"ကောဓ မက္ခဂရု ဘိက္ခု၊
လာဘ သက္ကာရ ကာရဏာ။
သုခေတ္တေ ပူတိဗီဇံဝ၊
သဒ္ဓမ္မေသို န ရူဟတိ"

အစရှိသော သုတ်သည် "သံကိလိဿန္တိ ဧတေနာတိ သံကိလေသော၊ သံကိလေသဘာဂေ သံကိလေသကောဋ္ဌာသေ ပဝတ္တံ သံကိလေသ ဘာဂိယံ" ဟူသော ဝစနတ္ထကြောင့် **သံကိလေသဘာဂိသုတ်** မည်၏။

လောကီကုသိုလ်ကို ဝေဘန်ရာ-

"ဧကပုပ္ဖံ စဇိတွာန၊
သဟဿ ကပ္ပကောဋိယော။
ဒေဝေ စေဝ မနုဿေ စ၊
သေသေန ပရိနိဗ္ဗုတော။"

အစရှိသော သုတ်သည် "ဝါသနာ ပုညဘာဝနာ၊ ဝါသနာဘာဂေ ပဝတ္တံ ဝါသနံ ဘဇာပေတီတိ ဝါ ဝါသနာဘာဂိယံ" ဟူသော ဝစနတ္ထကြောင့် **ဝါသနာဘာဂိယသုတ်** မည်၏။

http://www.dhammadownload.com



သေက္ခသီလက္ခန် စသည်ကို ဝေဘန်ရာ-

“ သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဒယှမာနောဝ မတ္ထကေ။
ကာမရာဂပ္ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။”

အစရှိသော သုတ်သည် “ နိဗ္ဗိန္ဒနံ လောဘက္ခန္ဓာဒိပဒါလနံ နိဗ္ဗေဓော၊ နိဗ္ဗေဓောဂေ ပဝတ္တံ နိဗ္ဗေဓံ ဘဇာပေတီတိ ဝါ နိဗ္ဗေဓောဂိယံ ”ဟူသော ဝစနတ္ထကြောင့် **နိဗ္ဗေဓောဂိယသုတ်** မည်၏။

အသေက္ခသီလက္ခန် စသည်ကို ဝေဘန်ရာ-

“ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။”-

အစရှိသော သုတ်သည် **အသေက္ခဘာဂိယသုတ်** မည်၏။

ဤ “ ပူဇာစ ပူဇာနီယာနံ ” ဟူသော သုတ်သည်ကား ပုဗ္ဗဘာဂ ပူဇာဖြင့် ဝါသနာဘာဂိယ မည်၏။ သေက္ခဓမ္မဖြင့် နိဗ္ဗေဓောဂိယ မည်၏။ အရဟတ္တဖိုလ်ဖြင့် အသေက္ခဘာဂိယ မည်၏။ အလုံးစုံကိုပေါင်း၍ ဝါသနာ နိဗ္ဗေဓောဂိယ၊ ဝါသနာအသေက္ခဘာဂိယ၊ နိဗ္ဗေဓအသေက္ခဘာဂိယ၊ ဝါသနာနိဗ္ဗေဓအသေက္ခဘာဂိယလည်း မည်၏။

တဏှာ, ဒိဋ္ဌိ, ဒုစ္စရိတသံကိလေသတို့ကို ဖြူစင်စေတတ်သော ကြောင့် တဏှာဝေါဒါန, ဒိဋ္ဌိဝေါ, ဒုစ္စရိတဝေါဒါနဘာဂိယသုတ်လည်း မည်၏။

ဤသို့လျှင် သောဠသသာသနပဋ္ဌာန၌ ဆယ်သုတ် မည်သင့်၏။

http://www.dhammadownload.com



အဋ္ဌဝိသတိ သာသနပဋ္ဌာန်ဟူသော– ပရဝစန၊ သကပရဝစန၊ အဝိသဇ္ဇနီယ၊ ဝိသဇ္ဇနီယာဝိသဇ္ဇနီယ၊ အကုသလ၊ ကုသလာကုသလ၊ ပဋိက္ခိတ္တ၊ အနုညာတပဋိက္ခိတ္တ ဤရှစ်သုတ်မှ ကြွင်းသော သုတ်ပေါင်း နှစ်ဆယ် ဖြစ်သင့်၏။

ထိုတွင်–

" ဗုဒ္ဓါဒီနံ ပန ဂုဏာဘိတ္ထာဝဝသေန ပဝတ္တံ သုတ္တံ ထဝေါ နာမ " ဟူသည်နှင့်အညီ– ပူဇနီယပုဂ္ဂိုလ်တို့၏ ပူဇာရဟဘောဂုဏ်, ပူဇော်တတ်သ သူတို့၏ အင်္ဂပသာဒစသောဂုဏ်ဖြင့် ချီးမွမ်းခြင်းကို သိအပ်သောကြောင့် ထဝသုတ် မည်၏ မှတ်လေ။

ဤသို့ စသည်ဖြင့် ဝေနေယျများသယအားလျော်စွာ သံကိလေသဘာဂိယ စသော အပြားတို့ဖြင့် ဒေသနာ၏ဖြစ်၍ နေခြင်းကို ပြတတ်သော သံဝဏ္ဏနာဝိသေသသည် **သာသနပဋ္ဌာန** မည်၏။

**သာသနပဋ္ဌာန ပြီး၏**

◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



ဝိသုဒ္ဓါစာရထေရေန,
ဝိသုဒ္ဓါရာမဝါသိနာ၊
ဝါစိတာ နေကသိဿာနံ,
နေတ္တိပာဠိရတ္ထဒီပနီ။

သတ္တတာလီသဒွိသတ-
သဟဿေ သာဝဏာဒိကေ၊
တေရသ သူရိယာဟသ္မိံ,
ရတ္တိယံ ပရိနိဋ္ဌိတာ။

ဝိသုဒ္ဓါရာမဝါသိနာ၊ ဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၌ ဂိုဏ်းသီး နေထိုင်သော။ ဝိသုဒ္ဓါစာရထေရေန၊ **"ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မ ရာဇဂုရု၊" " ဝိသုဒ္ဓါစာရ ကဝိဓဇ ဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇာဂုရု "** မဟာထေရ်သည်။ အနေကသိဿာနံ၊ တို့အား။ ဝါစိတာ၊ ပို့ချအပ်သော။ နေတ္တိပာဠိရတ္ထဒီပနီ၊ သည်။ သတ္တတာလီသ ဒွိသတ သဟဿေ၊ ၁၂၄၇-ခုနှစ်၌။ သာဝဏာဒိကေ၊ ဝါခေါင်လဆန်းပက္ခ၌။ တေရသေ၊ ၁၃-ရက်၌။ သူရိယာဟသ္မိံ၊ တနင်္ဂနွေနေ့၌။ ရတ္တိယံ၊ ညဉ့်အခါ၌။ ပရိနိဋ္ဌိတာ၊ ဝန်းကျင်ပတ်ကုံး အပြီးအဆုံးသို့ ရောက်သတည်း။

ဝိသုဒ္ဓါရုံမှ

နေတ္တိပာဠိရတ္ထဒီပနီသစ် ပြီး၏။

◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



# ဉာဉ်ကောက်ကျမ်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## က–သမာသ်ကောက်

### (၁) သမာသ်ပုဒ်တို့၏ သာမညအရကောက်

ခပ်သိမ်းသော သမာသ်ပုဒ်တို့၏ သဘောသည် " သမသနံ သမာသော "ဟူသော ဝစနတ္ထနှင့်အညီ– ပုဒ်အချင်းချင်း ချုံး၍ စပ်မှ သာလျှင် သမာသ် မည်သောကြောင့် **ဧနက–ဧည, ဂုဏ်–ဂုဏေ စသည် ဖြင့်စပ်ခြင်း သမ္ဗန္ဓသောကို အမြဲကောက်အပ်၏**။ ထိုကြောင့် ခပ်သိမ်းသော သမာသ်ပုဒ်တို့၏ အရကောက် လက္ခဏာကို သိမြင်လိုကုန်သော အမျိုး သားတို့သည် ရှေးဦးစွာ ဧနက–ဧည, ဂုဏ်,ဂုဏေ စသည်ဖြင့် စပ်ခြင်း သမ္ဗန္ဓသောကို အားထုတ် လေ့လာအပ်၏။ ထို သမ္ဗန္ဓသောသည် သမ္ဗန္ဓိဒြဗ် ၌ တည်သောကြောင့် များသောအားဖြင့် **ကာရကရူပစာ, ဠာနရူပစာ** အားဖြင့် ကောက်အပ်၏။ ဤ ဆိုအပ်ခဲ့ပြီးသည်ကား ခပ်သိမ်းသော သမာသ်ပုဒ်တို့ နှင့် ဆက်ဆံသော သာမည အရကောက် လက္ခဏာတည်း။

### (၂) သမာသ်ပုဒ်တို့၏ ဝိသေသ အရကောက်

ဝိသေသ အားဖြင့်သော်ကား– ထို ခြောက်ပါးသော သမာသ်ပုဒ် တို့တွင် **ဗဟုဗ္ဗိဟိ သမာသ်မှတပါး ငါးပါးသော သမာသ်တို့၌ မုချကောက်, ဥပစာကောက်, သမာသ်ပုဒ်ကောက် အားဖြင့် သုံးပါးအပြားရှိ၏**။ ထို သုံးပါး တို့တွင် ဝိသေသနပုဒ်၏ အရကို ရှေးဦးစွာ မုချအားဖြင့် အမြဲ

http://www.dhammadownload.com



ကောက်အပ်၏။ ထို့နောက် ဝိသေသနဖြစ်သော ရှေ့ပုဒ်၏ ဝိသေသျ ဖြစ်သော နောက်ပုဒ်နှင့် ဇနက–ဇည, ဂုဏ်–ဂုဏေ စသည်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန္ဓဘောကို ကာရကူပစာ, ဌာနူပစာအားဖြင့် ကောက်အပ် ၏။ ဤကဲ့သို့ ဝိသေသနဖြစ်သော ရှေ့ပုဒ်၏အရကို မှုချ, ဥပစာအားဖြင့် နှစ်ဌာနခွဲ၍ ကောက်ခြင်းသည် သမာသ်ပုဒ်တို့၏ သဘောလက္ခဏာလျှင် တည်း။ အကြောင်းတပါး ရှာဘွယ်မရှိ။

ထို့နောက် ယခင် ငါးပါးသော သမာသ်ပုဒ်တို့၌–

အဗျယီဘာဝ သမာသော–

ပုဗ္ဗပဒတ္ထပ္ပဓာနော။

တပ္ပုရိသ သမာသော–

ဥတ္တရပဒတ္ထပ္ပဓာနော။[၁]

ဗဟုဗ္ဗီဟိ သမာသော–

အညပဒတ္ထပ္ပဓာနော။

ဒွန္ဒ သမာသော–

ဥဘယပဒတ္ထပ္ပဓာနော။

ဟူသည်နှင့်အညီ– သမာသ်ပုဒ်တို့၏အရကို ထို မှုချ, ကာရကူ, ဌာနူပစာ တို့ဖြင့် မှတ်အပ်သော ဝတ္ထုသဘာဝဒြဗ်, ဓမ္မသဘာဝဒြဗ်တို့ကို ထိုက်သည် အားလျော်စွာ ကောက်အပ်ကုန်၏။

၁ – ဒိဂု, ကမ္မဓာရယ သမာသ်နှစ်ပါးသည်လည်း တပ္ပုရိသ် သမာသ်၏ အစိတ် ဖြစ်သောကြောင့် ဥတ္တရပဒတ္ထဓာန၊

http://www.dhammadownload.com



**ဝိသေသနကင်းသော ဒွန်သမာသ်၌ကား** ရှေ့ပုဒ်တို့၏အရကို မုချအားဖြင့် အမြဲကောက်အပ်၏။ ထို့နောက် နှစ်ပုဒ်တို့၏ သွားခြင်း, ချက်ခြင်း စသော ကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သတဲ့သို့ ဖြစ်သော သမ္ဗန်ကို ဌာနူပစာအားဖြင့် ကောက်အပ်၏။

**ဗဟုဗ္ဗီဟိ သမာသ်၌ကား မုချကောက်, ဥပစာကောက်, အညပုဒ်အကောက်အားဖြင့် သုံးပါး အပြားရှိ၏။** ထို သုံးပါးတို့တွင် သမာသ်ပုဒ် အရကို ရှေးဦးစွာ မုချအားဖြင့် အမြဲကောက်အပ်၏။ ထို့နောက်သမာသ်ပုဒ်တို့၏ အညပုဒ်နှင့် ဇနက–ဇည, ဂုဏ်–ဂုဏီ စသည်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်ကို ကာရဏူပစာ, ဌာနူပစာအားဖြင့် ကောက်အပ်၏။ ထို့နောက် ယခင် ဗဟုဗ္ဗီဟိသမာသ်သည်လည်း "ဗဟုဗ္ဗီဟိသမာသော အညပဒတ္ထ–ပ္ပဓာနော" ဟူသည်နှင့်အညီ အညပုဒ်၏အရကို ထို မုချ, ကာရဏူပစာ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော ဝတ္ထုသဘာဝဒြဗ်, ဓမ္မ သဘာဝဒြဗ်တို့ကို ထိုက်သည်အားလျော်စွာ ကောက်အပ်၏။

ဤ ဆိုအပ်ခဲ့ပြီးသည်ကား ခြောက်ပါးသော သမာသ်တို့၏ ဝိသေသ အရကောက် လက္ခဏာတည်း။

## (၃) သမာသ်အရကောက် မှတ်ကြောင်းလက္ခဏာ -

ထိုခြောက်ပါးသော သမာသ်ပုဒ်တို့၏ အရကောက် လက္ခဏာကို အကျဉ်းမှတ်သား သိမြင်လိုကုန်သော အမျိုးသားတို့သည်–

၁။ မုချောပစာ၊ အည–ပါ၊ သုံးဖြာ ဗဟုဗ်၊
အကောက်ထုတ်။

၂။ မုချောပစာ၊ သမာသ်ပါ၊ သုံးဖြာ ကြွင်းပုဒ်၊
အကောက်ထုတ်။

http://www.dhammadownload.com



၃။ ပုဒ်လုံး ဗဟုဝ်၊ ရှေ့ပုဒ် ဒွန္န၊ ကြွင်း လေးဝဲ့၊
ဝိသေသန်၊ ပုဒ်အရကို၊ မုချ, ဌာန္န၊
ကောက်လေမြဲ။

၄။ ဌာန္နပစာရ၊ သမ္ဗန္ဓ၊ အရကောက်လေမြဲ။

၅။ ၄င်းခြောက်ရပ်၊ သမာသ်အညာ၊ ပုဒ်အရကို၊
မုချ, ဥပစာ၊ လက္ခဏာနှင့်၊ လျော်စွာဝေခွဲ၊
ကောက်လေမြဲ။

ဟူသော လင်္ကာကို ကောင်းစွာ လေ့ကျက်မှတ်အပ်၏။

### (၄) မှတ်အပ်သော လက္ခုဥဒါဟရဏ်

ဤသို့လျှင် ခြောက်ပါးသော သမာသ်တို့၏ အရကောက်ဖြစ်သော မှတ်ကြောင်း လက္ခဏာကို ပြပြီး၍ ယခုအခါ၌ မှတ်အပ်သော လက္ခုဥဒါဟရဏ်တို့ကို အသီးအသီး ထုတ်၍ ပြဆိုပေအံ့သတည်း။

နဂရဿ သမီပေ ပဝတ္တတိ ကထာ ဣတိ ဥပနဂရံ။

ယာ ကထာ၊ အကြင် စကားသည်။ နဂရဿ၊ ၏။ သမီပေ၊ ၌၊ ပဝတ္တတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာ ကထာ၊ သည်။ ဥပနဂရံ ၏။ **နဂရဿ သမီပေ ပဝတ္တတိ ကထာ ဣတိ** -ကား အဗျယီဘော သမာသ်ဝိဂြိုဟ်။ **ဥပနဂရံကား အဗျယီဘောသမာသ်ပုဒ်**။ ဥပ-ပုဒ်၊ **နဂရ**-ပုဒ်။ ဤ **ဥပနဂရ** ဟူသော အဗျယီဘောသမာသ်ပုဒ်၌ **နဂရ** ဟူသော ဝိသေသနပုဒ်၏ အရကား မြို့ဒြဗ်သည် မုချအားဖြင့် ရ၏။ မြို့ဒြဗ်၏ စကားဒြဗ်နှင့် သမီပီ, သမီပ အဖြစ်ဖြင့် စပ်ခြင်း ဟု ဆိုအပ်သော သမ္ဗန်သည် ဌာန္နပစာ အားဖြင့်ရ၏။ **ဥပနဂရံ** ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချ, ဌာန္နပစာ တို့ဖြင့် မှတ်အပ်သော စကားဒြဗ် ရ၏။

http://www.dhammadownload.com



တယော လောကာ တိလောကံ။ (အနက်ပေး။)

**တယော လောကာ**– ကား ဒိဂုသမာသ်ငဲ့ဂြိုဟ်။ လ။ **လောက** ပုဒ်။ ဤ တိလောကံ ဟူသော ဒိဂုသမာသ်ပုဒ်၌ တိ–ဟူသော ဝိသေသနပုဒ်၏ အရကား သုံးပါးဟု ဆိုအပ်သော ရေတွက်ခြင်းသင်္ချာသည် မုချအားဖြင့် ရ၏။ ထို သုံးပါးဟု ဆိုအပ်သော ရေတွက်ခြင်းသင်္ချာ၏ လူဒြဗ်နှင့် ဂုဏ်, ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ **တိလောကံ** ဟူသော သမာသ်ပုဒ်လုံး၏အရကား ထို မုချ, ဌာနူပစာအားဖြင့် မှတ်အပ်သော လူသုံးပါးရ၏။

ရညော ပုတ္တော ရာဇပုတ္တော။ ( အနက်ပေး။)

ဤ **ရာဇပုတ္တော** ဟူသော တပ္ပုရိသ်သမာသ်ပုဒ်၌ **ရာဇ** ဟူသော သမာသ်ပုဒ်၏ အရကား မင်းဒြဗ်သည် မုချအားဖြင့် ရ၏။ မင်းဒြဗ်၏ သားဒြဗ်နှင့် ဇနက ဇည အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ **ရာဇပုတ္တော** ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော မင်းသားဒြဗ် ရ၏။

သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ။ (အနက်ပေး)

ဤ **သမဏဗြာဟ္မဏာ** ဟူသော ဒွန်သမာသ်ပုဒ်၌ **သမဏ** ဟူသော ရှေ့ပုဒ်၏ အရကား ရဟန်းဒြဗ်သည် မုချအားဖြင့်ရ၏။ ထို ရဟန်းဒြဗ်၏ ပုဏ္ဏားဒြဗ်နှင့် သွားခြင်း အစရှိသော ကြိယာကို အကြောင်းပြုသဖြင့် အချင်းချင်းငဲ့သကဲ့သို့ ဖြစ်သော အညာမညာပေက္ခ သမ္ဗန်သည် ဌာနူပစာ အားဖြင့် ရ၏။ **သမဏဗြာဟ္မဏာ** ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော ရဟန်း, ပုဏ္ဏား နှစ်ပါးရ၏။

http://www.dhammadownload.com



မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော။ (အနက်ပေး)

ဤ **မဟာပုရိသော** ဟူသော ကမ္မဓာရည်းသမာသ်ပုဒ်၌ **မဟန္တော** ဟူသော ဝိသေသနပုဒ်၏အရကား မြတ်သော သီလ, သမာဓိ စသောဂုဏ်သည် မုချအားဖြင့် ရ၏။ ထို မြတ်သော သီလ, သမာဓိ, စသောဂုဏ်၏ ယောကျ်ားဒြပ်နှင့် ဂုဏ်, ဂုဏောအဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သောသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ **မဟာပုရိသော** ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထို မုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော မြတ်သောယောကျ်ား ရ၏။

ဒိန္နော သုင်္ကော ယဿ သောတိ ဒိန္နသုင်္ကော။ (အနက်ပေး)

ဤ **ဒိန္နသုင်္ကော** ဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်၌ **ဒိန္နသုင်္က** ဟူသော သမာသ်ပုဒ်၏အရကား ပေးအပ်သော အခွန်ဒြပ်သည် မုချအားဖြင့် ရ၏။ ပေးအပ်သောအခွန်ဒြပ်နှင့် သာမိ, သံ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန်သည် ဌာနူပစာ အားဖြင့် ရ၏။ **ယဿ** ဟူသော အညပုဒ်၏အရကား ထို မုချ, ဌာနူပစာအားဖြင့် မှတ်အပ်သော မင်းဒြပ် ရ၏။

ဤ ဆိုအပ်ခဲ့ပြီးသည်ကား ခြောက်ပါးသော သမာသ်ပုဒ်တို့၏ ဝိသေသ အရကောက်ဖြစ်သော မှတ်ကြောင်းလက္ခဏာကို မှတ်အပ်သော လက္ခဖြစ်သော ဥဒါဟရဏ်တို့ဖြင့် အသီးအသီး ဆောင်၍ ပြဆိုရာ ပြဆိုကြောင်း ဖြစ်သော စကားရပ် အပြီးသတ်တည်း။

**သမာသ်ကောက် ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## (၅) တဒ္ဓိတ်ပုဒ်တို့၏ သာမည အရကောက်

ခပ်သိမ်းသော တဒ္ဓိတ်ပုဒ်တို့၏ သဘောသည် " ပဒပစ္စယ သင်္ခေပေါ တဒ္ဓိတန္တိ ပဝုစ္စတိ "ဟူသည်နှင့်အညီ– **ပုဒ်နှင့် ပစ္စည်း ချုံးမှ သာလျှင် တဒ္ဓိတ် မည်သောကြောင့် ဂုဏ်, ဂုဏော စသည်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန္ဓဘောကို အမြဲကောက်အပ်၏**။ ထို့ကြောင့် ခပ်သိမ်းကုန်သော တဒ္ဓိတ်ပုဒ်တို့၏ အရကောက် လက္ခဏာကို သိမြင်လိုကုန်သော အမျိုးသားတို့သည် ရှေးဦးစွာ ဂုဏ်, ဂုဏော စပ်ခြင်း သမ္ဗန္ဓဘောကို လေ့လာအပ်၏။ ထို သမ္ဗန္ဓဘောသည် သမ္ဗန္ဓိဒြဗ်၌သာမှီ၍ ဖြစ်သောကြောင့် များသောအားဖြင့် ကာရကူပစာ, ဌာနူပစာ အားဖြင့် ကောက်အပ်၏။ ဤ ဆိုအပ်ခဲ့ပြီးသည်ကား ခပ်သိမ်းသော တဒ္ဓိတ်ပုဒ်တို့နှင့် ဆက်ဆံသော သာမည အရကောက် လက္ခဏာတည်း။

## (၆) တဒ္ဓိတ်ပုဒ်တို့၏ ဝိသေသ အရကောက်

ဝိသေသလက္ခဏာ အားဖြင့်သော်ကား **သာမညတဒ္ဓိတ်, အဗျယ တဒ္ဓိတ်, ဘာဝတဒ္ဓိတ်အားဖြင့်** သုံးပါးအပြားရှိ၏။ ထိုတွင် **သာမညတဒ္ဓိတ်, အဗျယတဒ္ဓိတ်တို့၌ မုချကောက်, ဥပစာကောက်, ပစ္စည်းကောက် အားဖြင့် သုံးပါးအပြားရှိ၏**။ ထိုတွင် ပုဒ်အရကို မုချအားဖြင့် အမြဲ ကောက်အပ်၏။ ထို့နောင် ပုဒ်၏ပစ္စည်းနှင့် ဂုဏ်, ဂုဏော စသည်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန္ဓဘောကို ကာရကူပစာ, ဌာနူပစာ အားဖြင့် ကောက်အပ်၏။ ဤသို့ ပုဒ်၏အရကို မုချ, ဥပစာအားဖြင့် နှစ်ဌာနခွဲ၍ ကောက်ခြင်းသည် ခပ်သိမ်းသော တဒ္ဓိတ်ပုဒ်တို့၏ လက္ခဏာသာတည်း။အကြောင်းတပါး ရှာဘွယ်မရှိ။

http://www.dhammadownload.com


ထို သာမညတဒ္ဓိတ်, အဗျယတဒ္ဓိတ် တို့၌လည်း –

“ တဒ္ဓိတ်ပစ္စယ၊ ဟောနေကျ၊ မုချ နောက်ပုဒ် နက်သာတည်း ”

ဟူသည်နှင့်အညီ– နောက်ပုဒ်၏အရကို မုချ, ကာရဏူ, ဥာနူပစာတို့ဖြင့် မှတ်အပ်သော – ဝတ္ထုသဘာဝဒြဗ်, ဓမ္မသဘာဝဒြဗ်တို့ကို ထိုက်သည် အားလျော်စွာ ကောက်အပ်၏။

**ဘာဝတဒ္ဓိတ်သည်လည်း မုချကောက်, ဥပစာကောက်, ပစ္စည်း ကောက် အားဖြင့် သုံးပါး အပြားရှိ၏။** ထိုတွင် ပုဒ်အရကို မုချအားဖြင့် အမြဲကောက်အပ်၏။ ထိုနောင်ပုဒ်၏ ပစ္စည်းနှင့် ဂုဏ်, ဂုဏော စသည်ဖြင့် စပ်ခြင်း သမ္ဗန္ဓသောကို ကာရဏူပစာ, ဥာနူပစာတို့ဖြင့် ကောက်အပ်၏။

ထို ဘာဝတဒ္ဓိတ်၌လည်း ပစ္စည်း အရကို–

“ တဒ္ဓိတ်ဘာဝ၊ ဝါစက၊ သဒ္ဒပဝတ္တ နိမိတ်ကိုသာတည်း။ ”

ဟူသည်နှင့်အညီ– ဘာဝဟူသော နောက်ပုဒ်၏အရ ပစ္စည်း, ထို ပစ္စည်း အရကို မုချ, ကာရဏူ, ဥာနူပစာတို့ဖြင့် မှတ်အပ်သော **ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်, နာမ် ဟုဆိုအပ်သော သဒ္ဒပဝတ္တနိမိတ် အနက်ငါးပါးကို** ထိုက်သည် အားလျော်စွာ ကောက်အပ်၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား သုံးပါးကုန် သော တဒ္ဓိတ်ပုဒ်တို့၏ ဝိသေသအရကောက်လက္ခဏာတည်း။

## (၇) တဒ္ဓိတ်အရကောက် မှတ်ကြောင်းလင်္ကာ

၁။ သာမန်, ဗျယ၊ ပုဒ် ဘာဝ၊ သောတ္ထ တဒ္ဓိတ်ပုဒ်။

၂။ မုချောပစာရ၊ ပစ္စယ၊ သုံးဝ အကောက်ထုတ်။

၃။ တဒ္ဓိတ် ဟူက၊ ပုဒ်အရ၊ မုချ, ဥာနူလုပ်။

http://www.dhammadownload.com


၄။ ပစ္စည်းအတွက်၊ နောက်ပုဒ်နက်၊ ဆက်ဆက် အကောက်ထုတ်။

၅။ တဒ္ဓိတ်ပစ္စယ၊ ဟောနေကျ၊ မုချ နောက်ပုဒ် နက်သာတည်း။

၆။ တဒ္ဓိတ်ဘာဝ၊ ဝါစက၊ ဟောကျ သဒ္ဒပဝတ္တိနိမိတ် နက်သာတည်း။

၇။ အရမကွဲ၊ ပုဒ်, ပစ္စဲ၊ ယှုမြဲ သောတ္တတဒ္ဓိတ် တည်း။

## (၈) မှတ်အပ်သော လက္ခဉဒါဟရဏ်

ဤသို့လျှင် သုံးပါးသော တဒ္ဓိတ်ပုဒ်တို့၏ အရကောက်ဖြစ်သော မှတ်ကြောင်းလက္ခဏာကို ပြဆိုပြီး၍ ယခုအခါ၌ မှတ်အပ်သော လက္ခဉဒါဟရဏ်တို့ကို အသီးအသီး ထုတ်ပြပေအံ့ သတည်း။

ဝါသိဋ္ဌော-ဟူသော သာမညတဒ္ဓိတ်၌-

"ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော"

ဝသိဋ္ဌဿ၊ ၏။ အပစ္စံ၊ တည်း။ ဝါသိဋ္ဌော၊ သား။

**ဝသိဋ္ဌဿ အပစ္စံ**ကား သာမညတဒ္ဓိတ်ဝိဂြိုဟ်၊ **ဝါသိဋ္ဌော** ကား သာမညတဒ္ဓိတ်ပုဒ်။ **ဝသိဋ္ဌ**-ပုဒ်, **အပစ္စ**-ပုဒ်, **ဏ**-ပစ္စည်း။ ဤ **ဝါသိဋ္ဌ** ဟူသော သာမညတဒ္ဓိတ်ပုဒ်၌ **ဝသိဋ္ဌ** ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား- ဝသိဋ္ဌ အမည်ရှိသော အဘဒြဗ် ရ၏။ ထို အဘဒြဗ်၏ သားဒြဗ်နှင့် ဇနက, ဇညအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓဘောသည် ဌာနူပစာအားဖြင့် ရ၏။

http://www.dhammadownload.com



ဘ–ပစ္စည်း၏အရကား “ တဒ္ဓိတ်ပစ္စယ၊ ဟောနေကျ၊ မုချ နောက်ပုဒ် နက်သာတည်း ”ဟူသည်နှင့်အညီ– ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော သားဒြဗ် ရ၏။

သဗ္ဗထာ–ဟူသော အဗျယတဒ္ဓိတ်၌–

သဗ္ဗေန ပကာရေန သဗ္ဗထာ။ (အနက်ပေး)

ဤ သဗ္ဗထာ ဟူသော အဗျယတဒ္ဓိတ်၌ သဗ္ဗ ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား သကလဘောဂုဏ် ရ၏။ ထို သကလဘောဂုဏ်၏ ပကာရသော ဂုဏ်နှင့် ဂုဏ်, ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန္ဓဘောသည် ဌာနူပစာ အားဖြင့်ရ၏။ ထာ–ပစ္စည်း၏အရကား “ တဒ္ဓိတ်ပစ္စယ။လ။” ဟူသည်နှင့် အညီ– ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော ပကာရသော ဂုဏ် ရ၏။

ဂေါတ္တံ– ဟူသော ဘာဝတဒ္ဓိတ်၌–

ဂေါသ ဂေါတ္တံ။ (အနက်ပေး)

ဤဂေါတ္တံ– ဟူသော ဘာဝတဒ္ဓိတ်၌ ဂေါ–ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား နွားဒြဗ်ရ၏၊ ထိုနွားဒြဗ်၏ နွားဇာတ်နှင့် နိဿယ, နိဿိတ အဖြစ်ဖြင့် စပ်ခြင်းဟု ဆိုအပ်သော သမ္ဗန္ဓဘောသည် ဌာနူပစာအားဖြင့် ရ၏။ တ္တ–ပစ္စည်း၏ အရကား–

“ယေန ယေန နိမိတ္တေန၊
ဗုဒ္ဓိ သဒ္ဒေါစ ဝတ္တတေ။
တံ တံ နိမိတ္တကံ ဘာဝ–
ပစ္စယေန မုဒီရိတံ–”

ဟူသည်နှင့်အညီ– ဘာဝတဒ္ဓိတ်၏ သဘောသည် သဒ္ဒပဝတ္တနိမိတ်၏ အနက်၌သာ ဖြစ်သောကြောင့် ထို မုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော နွားဇာတ် ရ၏။

http://www.dhammadownload.com



ယေန ယေန နိမိတ္တေန၊ အကြင် အကြင် ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်, နာမ်ဟု ဆိုအပ်သော သဒ္ဒပဝတ္တနိမိတ်ကြောင့်။ ဗုဒ္ဓိ စ၊ နွား စသော အသိဉာဏ်သည်၎င်း။ သဒ္ဒေါ စ၊ ဂေါ စသော သဒ္ဒါသည်၎င်း။ ဝတ္တတေ၊ ဖြစ်တတ်၏။ တံ တံ နိမိတ္တကံ၊ ထိုထို ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်, နာမ် ဟုဆိုအပ်သော သဒ္ဒပဝတ္တနိမိတ်ကို။ ဘာဝပစ္စယေန၊ ဏျ, တ္တ, တာ အစရှိသော ဘာဝပစ္စည်းသည်။ ဥဒီရိတံ၊ ဟောအပ်၏။

မာနသံ–ဟူသော သောတ္တတဒ္ဓိတ်၌–

မနော ဧဝ မာနသံ။ (အနက်ပေး။)

**မနော ဧဝ** ကား သောတ္တတဒ္ဓိတ်ဝိဂြိုဟ်၊ **မာနသံ** ကား သောတ္တတဒ္ဓိတ်ပုဒ်။ **မန** ပုဒ်, **ဏ** ပစ္စည်း။ သောတ္တတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် အာရမ္မဏိကဖြစ်သော စိတ်ရ၏။

ဒေဝေါ ယေဝ ဒေဝတာ။ (အနက်ပေး။)

သောတ္တတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရ, ပစ္စည်းအရ အထူး မရှိသောကြောင့် နတ် ရ၏။

ထို့ကြောင့်–

" အရမကွဲ၊ ပုဒ်, ပစ္စဲ၊ ယူမြဲ သောတ္တတဒ္ဓိတ်တည်း" ဟု

မိန့်အပ်၏။

ဤ ဆိုအပ်ခဲ့ပြီးသည်ကား ခပ်သိမ်းသော တဒ္ဓိတ်ပုဒ်တို့၏ အရကောက်ဖြစ်သော မှတ်ကြောင်းလက္ခဏာကို မှတ်အပ်သော လက္ခုဉဒါဟရဏ်နှင့်တကွ ပြဆိုကြောင်း ဖြစ်သော စကားတည်း။

**တဒ္ဓိတ်ကောက် ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၈–အာချာတ်ကောက်

### (၉) အာချာတ်ဝိဘတ်တို့၏ အရကောက်လက္ခဏာ

" ကြိယံ အာချာယတီတိ အာချာတံ " ဟူသော ဝစနတ္ထနှင့်အညီ– ကြိယာကို **ပဓာနအားဖြင့် ဟောကြားတတ်သောကြောင့် အာချာတ် မည်၏။ ထို အာချာတ်ကြိယာ ဟူသည် ပရမတ္ထသဘောတရားသာတည်း။** ထို့ကြောင့် ခပ်သိမ်းကုန်သော အာချာတ်ပုဒ်တို့၏ အရကောက်လက္ခဏာကို သိမြင်လိုကုန်သော အမျိုးသားတို့သည် ရှေးဦးစွာ ပရမတ္ထ သဘောတရား ကို လေ့လာအပ်၏။

ထို အာချာတ်ပုဒ်တို့၏ **ဓာတ်–အရကောက်, ပစ္စည်း–အရကောက် ဝိဘတ်–အရကောက်အားဖြင့် သုံးပါး အပြားရှိ၏။** ထို သုံးပါးတို့တွင် ဓာတ်–အရကောက်ကို ကတ္တားဟော အာချာတ်ဝိဘတ်တို့၌ မုချ, ဥပစာ **နှစ်ဌာနခွဲ၍ ကောက်အပ်၏။** ထိုတွင် ကတ္တုဠ္ဌကြိယာဟု ဆိုအပ်သော ပစ္စုပ္ပန် ကြိယာကို မုချအားဖြင့် ကောက်အပ်၏။ ထို မုချဖြစ်သော ပစ္စုပ္ပန် ကြိယာ၏ ရှေးရှေး၌ဖြစ်သော စိတ္တုပ္ပါဒ်ကို ဖလူပစာအားဖြင့် ကောက်အပ် ၏။ နောက်နောက်၌ဖြစ်သော စိတ္တုပ္ပါဒ်ကို ကာရဏူပစာအားဖြင့် ကောက် အပ်၏။ ခပ်သိမ်းသော အာချာတ်ပုဒ်တို့၌ များသောအားဖြင့် ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌ ဘောဂုဏ်ကို ပစ္စည်းအရ ကောက်အပ်၏။ ကတ္တားကို ဝိဘတ်အရ ကောက် အပ်၏။ ဤသည်လျှင် ကတ္တားဟောဖြစ်သော ပရဿပုဒ် အာချာတ်ဝိဘတ် တို့၏ အရကောက် လက္ခဏာတည်း။

**ကံဟော အာချာတ်ဝိဘတ်တို့၌** ကတ္တုဠ္ဌကြိယာ၏ အရကို မုချ အားဖြင့် ကောက်အပ်၏။ ကမ္မဋ္ဌကြိယာ၏အရကို ဖလူပစာအားဖြင့် ကောက်အပ်၏။ ခပ်သိမ်းသော အာချာတ်ပုဒ်တို့ကို များသောအားဖြင့် **ရူပသိဒ္ဓိ မတ္တ ပဒသိလိဋ္ဌဘောဂုဏ်ကို ပစ္စည်းအရ ကောက်အပ်၏။** ကံကို ဝိဘတ်အရ **ကောက်အပ်၏။** ဤသည်လျှင် ကံဟောဖြစ်သော အတ္တနောပုဒ် အာချာတ်ဝိဘတ်တို့၏ အရကောက် လက္ခဏာတည်း။

http://www.dhammadownload.com



**ဘောဟော အာချာတ်ဝိဘတ်တို့၌** ဘာဂဝါစကဖြစ်သော ပုဒ်တို့၏ သဘောသည် ဓာတ်အရ, ပစ္စည်းအရ အထူးမရှိသောကြောင့် ပရမတ္ထ သဘောဖြစ်သော ကြိယာကို ကောက်အပ်၏။ ဤသည်လျှင် ဘောဟော ဖြစ်သော အာချာတ်ဝိဘတ်တို့၏ အရကောက် လက္ခဏာတည်း။

ဤ ဆိုအပ်ခဲ့ပြီးသည်ကား ခပ်သိမ်းသော အာချာတ်ပုဒ်တို့၏ အရကောက်ဖြစ်သော မှတ်ကြောင်းလက္ခဏာကို ပြဆိုရာဖြစ်သော စကား တည်း။

၁။ မုချ, ဖလူ၊ ကာရဏူ၊ လွယ်ကူ သိစေမင်း။

၂။ ပစ္စုပ္ပန်မူ၊ မုချယူ၊ ရှေး ဖလူ၊
ကာရဏူကို၊ နောက်စိတ်သွင်း။

၃။ ဝိဘတ် အရ၊ ဝစနတ္ထ၊ ကောက်ကြ မှန်မယွင်း။

၄။ ပစ္စယတ္ထ၊ သိလိင်္ဂ၊ ဘာဝ ဘောဂဏ်မင်း။

## (၁၀) မှတ်အပ်သော လင်္ကာဥဒါဟရဏ်

ဤသို့လျှင် ခပ်သိမ်းသော အာချာတ်ပုဒ်တို့၏ အရကောက်ဖြစ် သော မှတ်ကြောင်း လက္ခဏာကို ပြပြီး၍ ယခုအခါ၌ မှတ်အပ်သော လင်္ကာ ဖြစ်သော ဥဒါဟရဏ်တို့ကို အသီးအသီး ထုတ်ပြပေအံ့သတည်း။

"ပရဿပဒမာချာတံ၊
ကတ္တရိ ယေဝ ဝတ္တတိ။
အတ္တနော တီသု ဝိညေယျံ၊
ဘာဝေ ကတ္တရိ ကမ္မနိ။

http://www.dhammadownload.com


ဟူသော ဂါထာနှင့်အညီ- ခပ်သိမ်းသော အာချာတ်ပုဒ်တို့၏ ဖြစ်ရာ ဖြစ်သော **ဘော, က်, ကတ္တား** သုံးပါးတို့တွင် **ဂစ္ဆတိ-ဟူသော ကတ္တား ဟော ပြယုဂ်၌-ဂမုဓာတ်, အ-ပစ္စည်း, တိ ဝိဘတ်**။ ဂမုဓာတ်၏ အရကား ထိုထိုအရပ်သို့ သွားခြင်း၄ာ အလိုရှိသောသူ၏ သတိ, ဝိရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ယောနိသောမန သိကာရ အစရှိသော ရှေးရှေး၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ဖလူပစာ အားဖြင့် ရ၏။ သွားခြင်းကြိယာ ပြီးဆုံးသဖြင့် အဆင့်ဆင့်အကျိုးကို ပြီးစေ တတ်သော နောက်နောက်၌ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာရဏူပစာအားဖြင့် ရ၏။

**အ**-ပစ္စည်း၏အရကား "အပစ္စယော ရူပသိဒ္ဓိမတ္တော၀ ဇာယတိ" ဟူသည်နှင့်အညီ- ဘူ၀ါဒိဂဏ်က ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ဟု ဆိုအပ်သော ဘောဂုဏ် ရ၏။

**တိဝိဘတ်**၏အရကား-" တိဝိဘတ္တိ ပဌမာယ ဇောတိတံ ကတ္တု ကာရကံ ၀ဒေ" ဟူသည်နှင့်အညီ- သွားတတ်သောပုဂ္ဂိုလ် ဟု ဆိုအပ်သော ကတ္တားသည် အပ္ပဓာန အားဖြင့် ရ၏။

ခပ်သိမ်းသောကြိယာတို့၏ သဘောသည် ကြိယာကို ပဓာန အားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ကတ္တုဋ္ဌကြိယာသည် သာလျှင် ပဓာနအားဖြင့် ရ၏။

**ဟညတေ-ဟူသော ကံဟောပြယုဂ်၌- ဟနဓာတ်, ယပစ္စည်း**, တေ ဝိဘတ်။ **ဟန** ဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား-သတ်တတ်သော ပုဂ္ဂိုလ်၏ ၀ဓကစေတနာပြဓာန်းသော ဒေါသမူ စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ကမ္မဋ္ဌကြိယာကား- သတ်အပ်သော ပုဂ္ဂိုလ်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာ အားဖြင့် ရ၏။

ယ ပစ္စည်း၏အရကား- "ယပစ္စယော ရူပသိဒ္ဓိမတ္တော၀ ဇာယတိ" ဟူသည်နှင့်အညီ-ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ဟု ဆိုအပ်သော ဘောဂုဏ် ရ၏။

http://www.dhammadownload.com



**တေ** ဝိဘတ်၏အရကား- "တေဝိဘတ္တိ ပဋ္ဌမာယ ဓာတိတံ ကမ္မကာရကံ ဝဒေ" ဟူသည်နှင့်အညီ- ထိုမုချ ဥပစာတို့ဖြင့် မှတ်အပ်သော သတ်အပ်သောပုဂ္ဂိုလ်ဟု ဆိုအပ်သော အနက်သည် အပ္ပဓာန အားဖြင့် ရ၏။

ခပ်သိမ်းသော ကြိယာတို့၏ သဘောသည် ကြိယာကိုသာ ပဓာန အားဖြင့် ဟောမြဲ ဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထသည်သာလျှင် ပဓာန အားဖြင့်ရ၏။

**ဘူယတေ-ဟူသော** ဘောဟောပြယုဂ်၌ **ဘူ** ဓာတ်, ယပစ္စည်း, **တေ** ဝိဘတ်။ **ဘူ** ဓာတ်, **တေ** ဝိဘတ်၏အရကား- ဘာဝဝါစက ဖြစ်သော ပုဒ်တို့၏ သဘောသည် **ဓာတ်**အရ, **ဝိဘတ်**အရ အထူးမရှိသောကြောင့် ဖြစ်ခြင်းကြိယာ၏ သတိ, ဝီရိယ, ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ အားဖြင့် ရ၏။ **ယ**-ပစ္စည်း၏အရကား-ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ဟု ဆိုအပ်သော ဘောဂုဏ် ရ၏။

ဤ ဆိုအပ်ခဲ့ပြီးသည်ကား ခပ်သိမ်းသော အာချာတ်ပုဒ်တို့၏ အရကောက်ဖြစ်သော မှတ်ကြောင်းလက္ခဏာကို မှတ်အပ်သော လက္ချ ဖြစ်သော ဥဒါဟရဏ်နှင့်တကွ ပြဆိုရာ ဖြစ်သော စကားရပ် အပြီးသတ် တည်း။

**အာချာတ်ကောက် ပြီး၏။**

◆◆◆◆◆◆◆◆◆◆

## ဃ-ကိတ်အရကောက်

### (၁၁) သာဓနနုနစ်ပါး အရကောက်လက္ခဏာ

"အဝိဇ္ဇမာနသဒ္ဒါ၊ ဝိဂြိုဟ် ပြုလတ်ရကား၊ ပရမတ္ထ ဓာတ်အရ၊ ပစ္စည်းအရ ပညတ္တ" ဟူ၍ နိယံ ဆရာကျော်တို့ မိန့်မှာတော်မူအပ်သည်နှင့်

http://www.dhammadownload.com



အညီ– **အဝိဇ္ဇမာနသဒ္ဒါ ဝိဂ္ဂြိုဟ်ပြုလုပ်ရာ၌ ပရမတ္ထသဘောတရားကို ဓာတ် ၏အရ အမြဲကောက်အပ်၏။** ထို့ကြောင့် ခပ်သိမ်းသော ကိတ်ပုဒ်တို့၏ အရကောက်လက္ခဏာကို သိမြင်လိုကုန်သော အမျိုးသား တို့သည် ရှေးဦးစွာ အာရမ္မဏ, သဟဇာတ, ဥပနိဿယ အစရှိသော ပစ္စည်းတို့၏ ကျေးဇူးပြုဟန်ကို သိအောင်လေ့လာအပ်၏။ ထို ကိတ်ပုဒ်တို့၏ **ဖြစ်ရာသာဓနေခုနစ် ပါးတို့တွင် ကတ္တုသာဓနေ၌ ဓာတ်–အရကောက်, ပစ္စည်း–အရကောက် အားဖြင့် နှစ်ပါးအပြားရှိ၏။** ထို နှစ်ပါးတို့တွင် **ဓာတ်အရကောက်သည် လည်း မုချကောက်, ဥပစာကောက်အားဖြင့် နှစ်ပါးအပြားရှိ၏။** ထို နှစ်ပါး တို့တွင်–

၁။ မုချ, ဖလူ၊ ကာရဏူ၊ လွယ်ကူ သိစေမင်း။

၂။ ပစ္စုပ္ပန်မူ၊ မုချယူ၊ ရှေးဖလူ၊ ကာရဏူကို နောက်စိတ်သွင်း။

ဟူသော လင်္ကာနှင့်အညီ– ဓာတွတ္ထကြိယာ ဟု ဆိုအပ်သော ပစ္စုပ္ပန်ကြိယာကို မုချအားဖြင့် ကောက်အပ်၏။ ထို မုချဖြစ်သော ပစ္စုပ္ပန်ကြိယာ၏ ရှေးရှေးအဘို့၌ ဖြစ်သော စိတ္တုပ္ပါဒ်ကို ဖလူပစာ အားဖြင့် ကောက်အပ်၏။ နောက်နောက်အဘို့၌ ဖြစ်သောစိတ္တုပ္ပါဒ်ကို ကာရဏူပစာ အားဖြင့် ကောက်အပ်၏။ "ပစ္စယဿ ဝစ္စတ္ထော တေဟိ မုချဖလူပစာရ ကာရဏူပစာရေဟိ ဥပလက္ခိတော ဒဗ္ဗဝိသေသော လဗ္ဘတိ "ဟူသည်နှင့်အညီ– ထိုမုချ, ဖလူ, ကာရဏူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ဒြဗ်ဝိသေသကို ပစ္စည်းအရကောက်အပ်၏။ ဤသည်လျှင် ကတ္တုသာဓနေ၏ အရကောက် လက္ခဏာတည်း။

**ကမ္မသာဓနအစရှိသော ငါးပါးသော သာဓနတို့၌လည်း ဓာတ်အရကောက်, ပစ္စည်းအရကောက် အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထို နှစ်ပါးတို့တွင် ဓာတ်–အရကောက်သည်လည်း မုချကောက်, ဥပစာကောက် အားဖြင့် နှစ်ပါး အပြားရှိ၏။**

http://www.dhammadownload.com



ထို နှစ်ပါးတို့တွင်–

၁။ ဖလူ, မုချ၊ ဓာတ်အရ၊ မှတ်ကြ မြဲသေချာ။

၂။ ကမ္မာဒိက၊ ပဥ္စက၊ ဖလ မြဲသေချာ။

၃။ မုချယူရ၊ ကတ္တာ့ဋ္ဌ၊ မှတ်ကြ သောတုနာ။

ဟူသော လင်္ကာနှင့်အညီ– ကတ္တာ့ဋ္ဌ ဟု ဆိုအပ်သော ကြိယာကို ဓာတ်–အရမုချအားဖြင့် ကောက်အပ်၏။ ကမ္မဋ္ဌကြိယာ အစရှိသော အတ္ထပဉ္စကကို ဖလူပစာ အားဖြင့် ကောက်အပ်၏။ "ပစ္စယသဿ။ပ။လဗ္ဘတိ" ဟူသည်နှင့် အညီ– ထိုမုချ ,ဖလူပစာတို့ဖြင့် မှတ်အပ်သော ဒြဗ်ဝိသေသကို ပစ္စည်းအရ ကောက်အပ်၏။

ဤသည်လျှင် ကမ္မသာဓန အစရှိသော ငါးပါးသော သာဓနတို့၏ အရကောက် လက္ခဏာတည်း။

"ဘာဝသာဓနေ၊ ဟူတုံက၊
ဓာတ်ရ ပစ္စည်း တူသည်သာ"

ဟူသော လင်္ကာနှင့်အညီ– ဘာဝဝါစက ဖြစ်သော ပုဒ်တို့၏ သဘောသည် ဓာတ်–အရ, ပစ္စည်း–အရ အထူးမရှိသောကြောင့် ပရမတ္ထသဘောတရား ဟုဆိုအပ်သော ကြိယာကို ကောက်အပ်၏။

ဤသည်လျှင် ဘာဝသာဓနေ အရကောက် လက္ခဏာတည်း။

## (၁၂) မှတ်အပ်သော လက္ခဥဒါဟရဏ်

ဤသို့လျှင် သာဓနခုနစ်ပါးတို့၏ အရကောက် မှတ်ကြောင်း လက္ခဏာကို ပြပြီး၍၊ ယခုအခါ၌ မှတ်အပ်သော လက္ခဥဒါဟရဏ်တို့ကို အသီးအသီး ထုတ်၍ ပြပေအံ့သတည်း။

http://www.dhammadownload.com



" သဗ္ဗခမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ (အနက်ပေး။)

**သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ**ကား ကတ္တုသာခနေ ကိတ်ဝိဂြိုဟ်၊ **ဗုဒ္ဓေါ** ကား ကတ္တုသာခနေ ကိတ်ပုဒ်။ **ဗုဓဓာတ်တ–ပစ္စည်း**။ **ဗုဓ–ဓာတ်၏အရကား** သဗ္ဗညုတဉာဏ်တော်သည် မုချအားဖြင့် ရ၏။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဖလူပစာ အားဖြင့် ရ၏။ နောက်နောက်၌ ဖြစ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်, ဒေသနာဉာဏ်အစရှိသည်တို့သည် ကာရဏူပစာ အားဖြင့်ရ၏။ **တ– ပစ္စည်း၏အရကား** ထို မုချ, ဖလူ, ကာရဏူပစာရတ္ထ တို့ဖြင့် မှတ်အပ်သော အနုတ္တရဝိမောက္ခဂုဏ်တို့ဖြင့် ထုံအပ်သော ခန္ဓာပဉ္စက ကို စွဲ၍ ဘုရားဟု ခေါ်ဝေါ်ပညတ် သမှတ်အပ်သော သတ္တသန္တာနပညတ် ဒြဗ်ဝိသေသ ရ၏။

" မာတာပိတူနံ ဟဒယံ ပုရေတီတိ ပုရိသော။"

ယော ပုတ္တော၊ အကြင်သားသည်။ မာတာပိတူနံ၊ တို့၏။ ဟဒယံ၊ နှလုံးကို။ ပုရေတိ၊၏။ ဣတိ တသ္မာ၊ ကြောင့်။ သော ပုတ္တော၊ သည်။ ပုရိ သော၊ ၏။

**မာတာပိတူနံ ဟဒယံ ပုရေတီတိ**ကား ဟေတုကတ္တု သာခနေကိတ် ဝိဂြိုဟ်၊ **ပုရိသော** ကား ဟေတုကတ္တုသာခနေ ကိတ်ပုဒ်။ **ပုရဓာတ်, ဣသ** ပစ္စည်း။ **ပုရ–ဓာတ်၏အရ သုဒ္ဓကတ္တုကြိယာကား** အမိ အဘတို့၏ သပ္ပီတိကတဏှာ ပြဓာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ **ဟေတုကတ္တုကြိယာကား** သားဒြဗ်၏ အာရမ္မဏပစ္စယသတ္တိ, ဥပနိဿယ သတ္တိသည် ဖလူပစာ အားဖြင့် ရ၏။ **ဣသ– ပစ္စည်း၏အရကား** ထို မုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော သားယောကျ်ားဒြဗ် ရ၏။

http://www.dhammadownload.com


"အရိယတိ ဉာယတိတိ အတ္ထော။"

ယော အဘိဓေယျော၊ အကြင်အနက်ကို။ အရိယတိ ဉာယတိ၊ သိအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော အဘိဓေယျော၊ သည်။ အတ္ထော။ မည်၏။

**အရိယတိ ဉာယတိ**ကား ကမ္မသာဓနေ ကိတ်ဝိဂြိုဟ်၊ အတ္ထောကား ကမ္မသာဓနေကိတ်ပုဒ်။ **အရ** ဓာတ်, **တ** ပစ္စည်း။ **အရဓာတ်၏အရကတ္တုရူ ကြိယာကား** အနက်ကို အာရုံပြု၍ သိတတ်သောဉာဏ်သည် မုချ အားဖြင့်ရ၏။ **ကမ္မရူကြိယာကား** အနက်၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာအားဖြင့်ရ၏။ **တ-ပစ္စည်း၏အရကား** ထိုမုချ, ဖလူပစာ တို့ဖြင့် မှတ်အပ်သော အနက်ရ၏။

"နိပ္ဖါဒေတဗ္ဗန္တိ နိပ္ဖါဒိတံ"

ယံ ကမ္မံ၊ ကို။ နိပ္ဖါဒေတဗ္ဗံ၊ ပြီးစေအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ကမ္မံ၊ သည်။ နိပ္ဖါဒိတံ၊ ၏။

**နိပ္ဖါဒေတဗ္ဗန္တိ** ကား ဟေတုကမ္မသာဓနေ ကိတ်ဝိဂြိုဟ်၊ **နိပ္ဖါဒိတံ** ကား ဟေတုကမ္မသာဓနေ ကိတ်ပုဒ်။ **နိ- ရှေးရှိသော ပဒဓာတ်၏အရကတ္တုရူ ကြိယာကား** ထိုထိုအမှုကိုပြုသော သူ၏ သတိ, ဝီရိယ, ဉာဏ် ပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့်ရ၏။ **ဟေတုကမ္မရူကြိယာကား** ထိုထိုအမှု၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ **တ- ပစ္စည်း၏ အရကား** ထို မုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ထိုထိုအမှု ရ၏။

"ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။"

ဧတေန အက္ခရသမူဟေန၊ ထို အက္ခရာအပေါင်းဖြင့်။ အတ္ထော၊ အနက်ကို။ ပဇ္ဇတေ ဉာယတေ၊ သိအပ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သော အက္ခရသမူဟော၊ သည်။ ပဒံ၊ ပုဒ် မည်၏။

http://www.dhammadownload.com



**ပဇ္ဇတေ ဉာယတေ ဇာနာတိကား** ကရဏသာဓန ကိတ်ဝိဂြိုဟ်၊ **ဗဒ်ကား** ကရဏသာဓန ကိတ်ပုဒ်။ **ပဒဓာတ်, အ–ပစ္စည်း။ ပဒ– ဓာတ်၏ အရ ကတ္တုဋ္ဌကြိယာကား** ပုဒ်ကို အာရုံပြု၍သိတတ်သော ဉာဏ်သည် မုချ အားဖြင့် ရ၏။ **ကရဏဋ္ဌကြိယာကား** ထိုပုဒ်၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူပစာအားဖြင့် ရ၏။ **အ–ပစ္စည်း၏ အရကား** ထို မုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ပုဒ်ရ၏။

"ဒါတဗ္ဗော အသာတိ ဒါနိယော။"

အသ ဘိက္ခုနော၊ ထို ရဟန်းအား။ ဒါတဗ္ဗော၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဒါနိယော၊ မည်၏။

ဒါတဗ္ဗောအသာတိကား သမ္ပဒါနသာဓန ကိတ်ဝိဂြိုဟ်၊ **ဒါနိယောကား** သမ္ပဒါနသာဓန ကိတ်ပုဒ်။ ဒါ ဓာတ်, **အနိယ** ပစ္စည်း။ **ဒါဓာတ်၏ အရ ကတ္တုဋ္ဌကြိယာကား** ပေးလှူတတ်သော သဒ္ဓါ, မေတ္တာ ပြဓာန်းသော စေတနာသည် မုချအားဖြင့် ရ၏။ **သမ္ပဒါနဋ္ဌ ကြိယာကား** ပေးလှူရာဖြစ်သော ရဟန်း၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ အားဖြင့် ရ၏။ **အနိယ–ပစ္စည်း၏အရကား** ထို မုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ပေးလှူရာ ဖြစ်သော ရဟန်း ရ၏။

"ဟိနောတိ ပဝတ္တတိ ဖလံ ဧတသ္မာတိ ဟေတု။"

ဧတသ္မာ ကာရဏာ၊ ထို အကြောင်းမှ။ ဖလံ၊ အကျိုးသည်။ ဟိနောတိ ပဝတ္တတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ၊ သည်။ ဟေတု၊ မည်၏။

**ဟိနောတိ ပဝတ္တတိ ဖလံ ဧတသ္မာတိကား** အပါဒါနသာဓန ကိတ် ဝိဂြိုဟ်၊ **ဟေတု ကား** အပါဒါန သာဓန ကိတ်ပုဒ်။ **ဟိဓာတ်, တု** ပစ္စည်း။ **ဟိ–ဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား** အကျိုးဖြစ်သော ပဉ္စယုပ္ပန် ဓမ္မ၏ ဥပါဒ်သည် မုချအားဖြင့်ရ၏။ **အပါဒါနဋ္ဌ ကြိယာကား** လောဘ

http://www.dhammadownload.com



အစရှိသောဟိတ်တရား၏ ဟောတာဒိပစ္စယသတ္တိသည် ဖလူပစာ အားဖြင့် ရ၏။ **တု-ပစ္စည်း၏ အရကား** ထို မုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ဟိတ်ခြောက် ပါးတရား ရ၏။

"သုစ္ဆုတိ ဓတ္တာတိ သုဒ္ဓိ။"

ဓတ္တ နိဗ္ဗာနေ၊ ဤ နိဗ္ဗာန်၌။ သုစ္ဆုတိ၊ ကိလေသာတို့မှ စင်ကြယ် တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ။ ထို နိဗ္ဗာန်သည်။ သုဒ္ဓိ၊ မည်၏။

**သုစ္ဆုတိ ဓတ္တာတိ** ကား အဓိကရဏသာဓန ကိတ်ဝိဂြိုဟ်၊ **သုဒ္ဓိ**ကား အဓိကရဏသာဓန ကိတ်ပုဒ်။ **သုဓ** ဓာတ်, တိ ပစ္စည်း။ **သုဓ- ဓာတ်၏ အရ ကတ္တုသတ္တိကြိယာကား** ဝေနေယျတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် မုချအားဖြင့် ရ၏။ အဓိကရဏသတ္တိကြိယာကား ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံ ဖြစ်သော နိဗ္ဗာန်၏ အာရမ္မဏသတ္တိသည် ဌာနူပစာအားဖြင့် ရ၏။ **တိ-ပစ္စည်း၏ အရကား** ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော နိဗ္ဗာန် ရ၏။

"မုယှနံ မောဟော"

မုယှနံ၊ တွေဝေခြင်း။ မောဟော၊ တွေဝေခြင်း။

**မုယှနံ** ကား ဘာဝသာဓန ကိတ်ဝိဂြိုဟ်။ **မောဟော** ကား ဘာဝ သာဓန ကိတ်ပုဒ်။ **မုဟ** ဓာတ်, **ဏ** ပစ္စည်း။ **မုဟ-ဓာတ်၏ အရကား** ဘာဝ ဝါစကပုဒ်တို့၏ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိ သောကြောင့် တွေဝေခြင်း မောဟ ရ၏။

ဤသည်လျှင် သာဓနခုနစ်ပါးတို့၏ အရကောက်လက္ခဏာနှင့် လက္ခဖြစ်သော ဥဒါဟရဏ်တို့ကို ပြဆိုရာ ပြဆိုကြောင်း ဖြစ်သော စကား ရပ် အပြီးသတ်တည်း။

**ကိတ်အရကောက် ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၁–ဝိဘတ်ကောက်

### (၁၃) မှတ်ကြောင်းလက္ခဏာနှင့် မှတ်အပ်သော လကျာ

“ကမ္မာဒိဝသေန ဧကတ္တာဒိဝသေန စ လိင်္ဂတ္ထံ ဝိဘဇတီတိ ဝိဘတ္တိ” ဟူသော ဝစနတ္ထနှင့်အညီ– ကံ အစရှိသော အစွမ်းအားဖြင့် လည်းကောင်း, ဧကဝုစ်– အစရှိသော အစွမ်းအားဖြင့်လည်းကောင်း၊ ပုရိသ–အစရှိသော လိင်အနက်ကို ဝေဘန်တတ်သောကြောင့် **ဝိဘတ်** မည်၏။ ထို ဝိဘတ်၏ အရကောက် လက္ခဏာကို ဤ ဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏။

**ဗုဒ္ဓံ နတွာ** ဟူသော ပြယုဂ်၌ **ကံအနက်၌ သက်အပ်သော ဒုတိ ယာ ဧကဝုစ် အံ–ဝိဘတ်၏အရကား** “ဝိဘတ္တိ တု သင်္ချာ စ၊ ကမ္မတ္ထာတိ ဒုကေ ဝဒေ” ဟူသည်နှင့်အညီ နတွာ–ဟူသော ပြယုဂ်၌ နမု– တတ်၏အရ ပဏာမ စေတနာအားတပ်သော ဘုရားဂုဏ်ဟု ဆိုအပ်သော အာရမ္မဏ ပစ္စယသတ္တိ တည်း ဟူသော ကမ္မကာရက, တခုတည်းအဖြစ် တည်းဟူသော ဧကဝုစ် သင်္ချာ ရ၏။

**ဂရုနေ့ဒ် ဟတော နာဂေါ** ဟူသော ပြယုဂ်၌ **ကတ္တားအနက်၌ သက်အပ်သော တတိယာ ဧကဝုစ် နာ–ဝိဘတ်၏အရကား**သတ်ခြင်း ကြိယာကို ပြီးစေတတ်သော ဝဓကစေတနာ၏ ကြိယာနိပ္ဖါဒနသတ္တိ တည်း ဟူသော ကတ္တုကာရက, တခုတည်းအဖြစ် တည်းဟူသော ဧကဝုစ်သင်္ချာရ၏။

**ရုက္ခံ တစ္ဆတိ ဝါသိယာ** ဟူသော ပြယုဂ်၌ **ကရိဏအနက်၌ သက်အပ်သော တတိယာ ဧကဝုစ် နာ–ဝိဘတ်၏အရကား** ရွေခြင်းငှာ အလိုရှိသောသူ၏ စိတ္တဇပ္ပါဒ်အားတပ်သော ပဲခွပ်၏ ပကတူပနိဿယသတ္တိ တည်း ဟူသော ကရဏကာရက, တခုတည်းအဖြစ် တည်းဟူသော ဧကဝုစ် သင်္ချာ ရ၏။

http://www.dhammadownload.com



**ဒါနံ ဒဒါတိ သံဃဿ** ဟူသော ပြယုဂ်၌ **သမ္ပဒါန်အနက်၌ သက် အပ်သော စတုတ္ထီ ကေဝုစ် သ-ဝိဘတ်၏ အရကား** ဒါနစေတနာ အား တပ်သော သံဃာတော်၏ အာရမ္မဏပစ္စယသတ္တိတည်း ဟူသော သမ္ပဒါန ကာရက, တခုတည်းအဖြစ် တည်းဟူသော ကေဝုစ် သချာရ၏။

**ဂါမာ အပေန္တိ မုနယော** ဟူသော ပြယုဂ်၌ **အပါဒါန်အနက်၌ သက်အပ်သော ပဉ္စမီ ကေဝုစ် သ္မာ-ဝိဘတ်၏အရကား** ဖဲလိုသော စိတ္တုပ္ပါဒ် အား တပ်သော ရွာဒြပ်၏ ပကတူပနိဿယသတ္တိ တည်းဟူသော အပါဒါန ကာရက, တခုတည်းအဖြစ် တည်းဟူသော ကေဝုစ်သချာ ရ၏။

**ဘိက္ခုနော ပတ္တစီဝရံ** ဟူသော ပြယုဂ်၌ **သမ္ဗန်အနက်၌ သက်အပ် သော ဆဋ္ဌီ ကေဝုစ် သ-ဝိဘတ်၏အရကား** ရဟန်း၏ သပိတ်သင်္ကန်းနှင့် သံ-သာမိ အဖြစ်ဖြင့် စပ်ခြင်း ဟုဆိုအပ်သော အာကာရ အကာရက သမ္ဗန်, တခုတည်းအဖြစ် တည်းဟူသော ကေဝုစ်သချာရ၏။

**ပါဒေသု ပတိတွာ ရောဒိ** ဟူသော ပြယုဂ်၌ **ဩကာသအနက်၌ သက်အပ်သော သတ္တမီဗဟုဝုစ် သု-ဝိဘတ်၏အရကား** ငိုလိုသော စိတ္တုပ္ပါဒ် အား တပ်သော ခြေတို့၏ ပကတူပနိဿယသတ္တိ တည်းဟူသော ဩကာ သကာရက, များသည်၏အဖြစ် တည်းဟူသော ဗဟုဝုစ်သချာ ရ၏။

ဝါစက တပ်သော ဝိဘတ်တို့၏ အရကောက် လက္ခဏာကို ဆိုရာ စကားရပ် အပြီးသတ်တည်း။

ပဌမာဝိဘတ်၏အရကို ဝါစက မတပ်သောကြောင့် မကောက်အပ်။

**ဝိဘတ်ကောက် ပြီး၏။**

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ၈–သဗ္ဗနာမ်ကောက်

### (၁၄) မှတ်ကြောင်း လက္ခဏာ

"သဗ္ဗေသံ ဣတ္ထိပုမနပုံသကာနံ နာမာနိ သဗ္ဗနာမာနိ" ဟူသော ဝစနတ္ထနှင့်အညီ– ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်တို့၏ အမည်ဖြစ်သောကြောင့် **သဗ္ဗနာမ်** မည်ကုန်၏။ ထို သဗ္ဗနာမ်ပုဒ် တို့၏အရကို "သဗ္ဗနာမံ သာမညဝါစကံ" ဟူသည်နှင့်အညီ–ဒြဗ်ကို **အပ္ပဓာန, ဂုဏ်ကို ပဓာန** အားဖြင့် ကောက်အပ်၏။ ဤသည်ကား သဗ္ဗနာမ်ပုဒ်တို့၏ အရကောက် လက္ခဏာတည်း။

ဤ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သဗ္ဗနာမ်ပုဒ်တို့၏ အရကောက် လက္ခဏာကို ကောက်ယူလိုကုန်သော အမျိုးကောင်းသားတို့သည်–

၁။ အပ္ပဓာန၊ ဒြဗ်ရ၊ ဂုဏ ပဓာနာ။

၂။ သဗ္ဗနာမ်ပုဒ်၊ အရထုတ်၊ မယုတ် မှတ်လေပါ။

ဟူသော နိယံလင်္ကာနှင့်အညီ– သဗ္ဗနာမ်ပုဒ်တို့၏အရ ဒြဗ်ကို **အပ္ပဓာန, ဂုဏ်ကို ပဓာန** အားဖြင့် ကောက်အပ်၏။

### (၁၅) မှတ်အပ်သော လက်ျာဥဒါဟရုဏ်

ထို့ကြောင့် **ယော ဘဂဝါ** ဟူသော ပြယုဂ်၌ ယ–ဟူသော သဗ္ဗနာမ်ပုဒ်၏ အရကား ဘုရားဒြဗ်သည် အပ္ပဓာန အားဖြင့် ရ၏။ ဘုရားဒြဗ်၏ အနိယမ သာမညဂုဏ်သည် ပဓာန အားဖြင့် ရ၏။

**သော ဘဂဝါ** ဟူသော ပြယုဂ်၌ တ–ဟူသော သဗ္ဗနာမ်ပုဒ်၏ အရကား– ဘုရားဒြဗ်သည် အပ္ပဓာန အားဖြင့် ရ၏။ ဘုရားဒြဗ်၏ နိယမ သာမညဂုဏ်သည်သာလျှင် ပဓာန အားဖြင့်ရ၏။

http://www.dhammadownload.com



**တဿ ဘဂဝတော** ဟူသော ပြယုဂ်၌ တ။ လ။ ကား အလွန်ဝေး စွာသော အရပ်၌ တည်သော ဘုရားဒြဗ်သည် အပွဓာန အားဖြင့် ရ၏။ ဘုရားဒြဗ်၏ ပရံမုခ သာမညာကာရဂုဏ်သည် ပဓာန အားဖြင့် ရ၏။

**ဧတဿ ဘဂဝတော** ဟူသော ပြယုဂ်၌ ဧတဿ။ လ။ ကား မနီးမဝေးသော အရပ်၌တည်သော ဘုရားဒြဗ်သည် အပွဓာနအားဖြင့် ရ၏။ ဘုရားဒြဗ်၏ နာတိဒူရ နာတိသမီပ သာမညာကာရဂုဏ်သည် သာလျှင် ပဓာန အားဖြင့် ရ၏။

**ဣမဿ ပုရိသဿ** ဟူသော ပြယုဂ်၌ ဣမဿ။လ။ ကား အလွန် နီးသောအရပ်၌ တည်သော ယောကျ်ားဒြဗ်သည် အပွဓာန အားဖြင့် ရ၏။ ယောကျ်ားဒြဗ်၏ အစ္စန္တသမီပါကာရ ဂုဏ်သည်သာလျှင် ပဓာန အားဖြင့် ရ၏။

**အဟံ နတွာ** ဟူသော ပြယုဂ်၌ အမှ။လ။ ကား ရှိခိုးလိုသော သူဒြဗ်သည် အပွဓာန အားဖြင့် ရ၏။ သာမညကာရ ဂုဏ်သည် ပဓာန အားဖြင့် ရ၏။

ဤသည်လျှင် သဗ္ဗနာမ်ပုဒ်တို့၏ အရကောက် လက္ခဏာကို ဆိုရာ စကားရပ် အပြီးသတ်တည်း။

**သဗ္ဗနာမ်ကောက် ပြီး၏။**

◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## ဆ-ဥပသာရကောက်

### (၁၆) မှတ်ကြောင်းလက္ခဏာနှင့် မှတ်အပ်သော လက္ခ

**ဝိသုဒ္ဓိ** ဟူသော ပြယုဂ်၌ ဝိ-သဒ္ဒါသည်-

" ရုဠ္ဟီချာတံ နိပါတဥ္စ-
ပသဂ္ဂါလပနံ တထာ။
သဗ္ဗနာမင္တိ မေတေသု၊
န ကတော ဝိဂ္ဂဟော ဆသု "

ဟူသော ဂါထာပါဠ်နှင့်အညီ-ဝိသောသတ္ထဇောတက ဥပသာရပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂြုဟ် မပြုစကောင်း။ ဝိ- သဒ္ဒါ၏အရကား တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘန ပဟာန်တို့ထက် အထူးသဖြင့် စင်ကြယ်သော ပဟာနပဟာန် ဟု ဆိုအပ် သော ဘောဂုဏ် ရ၏။

**သမ္မာပက်** ဟူသော ပြယုဂ်၌ သံ-သဒ္ဒါသည် သမ္မာအတ္ထဇောတက ဥပသာရပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂြုဟ် မပြုစကောင်း။ သံ-သဒ္ဒါ၏အရကား ကောင်းသည်၏ အဖြစ် တည်းဟူသော ဘောဂုဏ် ရ၏။

**သုဝုတ္တံ** ဟူသော ပြယုဂ်၌ သု-သဒ္ဒါသည် သုန္ဒရတ္ထဇောတက ဥပသာရပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂြုဟ် မပြုစကောင်း။ သု-သဒ္ဒါ၏ အရကား ကောင်းသည်၏ အဖြစ်တည်းဟူသော ဘောဂုဏ်ရ၏။

ဤသည်လျှင် ဥပသာရပုဒ်တို့၏ အရကောက် လက္ခဏာကို ဆိုရာ စကားရပ် အပြီးသတ်တည်း။

ဥပသာရကောက် ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com



## (၁၇) မှတ်ကြောင်းလက္ခဏာနှင့် မှတ်အပ်သော လက္ခ

**အသုဒ္ဓံ** ဟူသော ပြယုဂ်၌ အ–သဒ္ဒါသည် ဝိရုဒ္ဓဇောတကနိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုစကောင်း။ အ–ဟူသော နိပါတ်ပုဒ်၏ အရကား ပုထုဇ္ဇန်, သောတာပန်, သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည် အပ္ပဓာန အားဖြင့် ရ၏။ ကိလေသာ ဆယ်ပါး တည်းဟူသော ဝိရုဒ္ဓဘောဂဏ်သည်သာလျှင် ပဓာန အားဖြင့်ရ၏။

**ကစ္စာယနဥ္စ** ဟူသော ပြယုဂ်၌ စ–သဒ္ဒါသည် သမုစ္စယတ္ထဇောတက နိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုစကောင်း။ စ– ဟူသော နိပါတ်ပုဒ်၏ အရကား အရှင်မဟာကစ္စည်း တည်းဟူသော သမုစ္စေတဗ္ဗသည် ပဓာန အားဖြင့် ရ၏။ ဘုရား, တရား, သံဃာ တည်းဟူသော ပဋိယောဂီဖြစ်သော သမုစ္စေတဗ္ဗသည် အပ္ပဓာနအားဖြင့် ရ၏။

**ဝုတ္တံ ဟောတံ** ဟူသော ပြယုဂ်၌ ဟိ–သဒ္ဒါသည် ဒဠှီယဇောတကနိပါတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုစကောင်း။ ဟိ–ဟူသော နိပါတ်ပုဒ်၏ အရကား– ဒဠှီယဖြစ်သော ရှေးဝါကျသည် ပဓာနအားဖြင့် ရ၏။ ဒဠှီကရဏဖြစ်သော နောက်ဝါကျ သည် အပ္ပဓာန အားဖြင့် ရ၏။

ဤသို့ စသည်ဖြင့် နိပါတ်ပုဒ်တို့၏ အရကို အနက်အားလျော်စွာ ကောက်အပ်ကုန်၏။

ဤသည်ကား နိပါတ်ပုဒ်တို့၏ အရကောက်လက္ခဏာကို ဆိုရာ စကားရပ် အပြီးသတ်တည်း။

နိပါတ်ကောက် ပြီး၏။

◆◆◆◆◆◆◆◆◆◆◆